www.burmeseclassic.com

# ရင်မိုး (ဆေးတက္ကသိုလ်)

# စိမ်းလန်းခြင်း၏နေ့သစ်များ



Design L လင်း

www.burmeseclassic.com

www.burmeseclassic.com


# ရှင်မိုး(ဆေးတက္ကသိုလ်)

## စိမ်းလန်းခြင်း၏ နွေသစ်များ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၆၅၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၃၃၀၂၀၉

၂၀၀၉ ခုနှစ်၊ မေလ၊
ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

ရှင်မိုး(ဆေးတက္ကသိုလ်) ၈၉၁.၈၃
စိမ်းလန်းခြင်း၏နွေသစ်များ(၂)ကြိမ်/ရှင်မိုး(ဆေးတက္ကသိုလ်)-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈-စာ၊ ၁၂×၁၈ စင်တီ။


BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မား[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ငဝ ရှင်မိုး

(ဆေးတက္ကသိုလ်)

## စိမ်းလန်းခြင်း၏ နေ့သစ်များ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com






အမ

(၁၉၉၉-ခုနှစ်၊ ဇန်နဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com







# ၁

ဇန်နဝါရီလ တစ်ရက်နေ့၏ ဆောင်းနှင်းပွင့်ကလေးများသည် မ၏ မျက်နှာပြင်သို့ ထိခတ်လျက် နှုတ်ဆက်ကြလေသည်။ နံဘေးမှ အမျိုးသမီးကြီးအား ခွင့်တောင်းလျက် ပြတင်းပေါက်ကို ဖွင့်လိုက်ခြင်းဖြင့် ထိုသို့လာရောက်ထိခတ်သော နှင်းပွင့်ကလေးများအား တွေ့ဆုံရခဲ့သလို မ၏ အဓိကကျခဲ့ပြီးသော နှလုံးသားထဲသို့ ထပ်မံဝင်ရောက်လာတော့မည့် လူတစ်ယောက်ကိုလည်း တွေ့ဆုံရတော့မည် ဖြစ်ကြောင်း ထိုနေ့တွင်ပင် သိခွင့်ရခဲ့သည်။

သို့သော် မသည် ထိုစဉ်တုန်းကတော့ သတိမထားခဲ့ချေ။ မသည် ထိုသူအား စတွေ့စဉ်က မ၏ အစ်ကို မကြာခဏ ပြောပြလေ့ရှိသော လူတစ်ယောက်အဖြစ်သာ အသိအမှတ် ပြုမိခဲ့၍ပင်။



www.burmeseclassic.com

www.burmeseclassic.com

တလှုပ်လှုပ်နှင့် သွားနေသော ရထားကြီးသည် ရန်ကုန်နယ်နိမိတ်သို့ ဝင်လာလျှင် နှင်းထုကြားက မှိန်ပျပျ မြင်ရသော ရွှေတိဂုံစေတီတော်ကြီးအား မသည် စိတ်မှန်းဖြင့် လက်အုပ်ချီ၍ ရှိခိုးလိုက်သည်။

"ဘယ်အချိန်ပဲဖြစ်ဖြစ်၊ ဘယ်နေရာကပဲ ဖြစ်ဖြစ်၊ ခရီးသွားလို့ ပြန်လာတိုင်း ရန်ကုန်ကို စဝင်ပြီဆိုတာနဲ့ ရွှေတိဂုံဘုရားကြီးကို စပြီး ဖူးလိုက်ရတာ ကိုယ့်မှာရှိသမျှ ဒုက္ခတွေ ငြိမ်းသွားတော့သလိုပဲကွယ်"

"ဟုတ်တယ်နော် အဒေါ်"

မသည် နံဘေးမှ ခရီးဖော် အဒေါ်ကြီး၏ ပြောပြချက်ကို အပြည့်အဝ ထောက်ခံလိုက်သည်။ ဘူတာငယ်ကလေးတွေ တစ်ခုပြီးတစ်ခု ဖြတ်သန်းပြီးသောအခါ ရန်ကုန်ဘူတာကြီးသို့ ရောက်ခါနီးပြီဟု မသည် အဒေါ်ကြီးအား ဝမ်းသာအားရ လှည့်ပြောမိပြန်သည်။

ကိုကြီး မရဲ့ တစ်ဦးတည်းသော ကိုကြီးသည် မကို ဘယ်အချိန်လောက်ကတည်းများ ကြိုတင်စောင့်နေမှာပါလိမ့်။ အချစ်ဆုံး ညီမလေးဟု မကြာခဏ ပြောတတ်လေ့ရှိသော ကိုကြီးသည် ညီမဖြစ်သူကို ခွဲမထားချင်ရက်၊ နှစ်နှစ်တိတိ ခွဲထားခဲ့ခြင်းမှာ မ၏ အမှားတစ်ခုကြောင့်ဟု ဆွေမျိုးအားလုံးက အပြစ်မတင်ဘဲ နားလည်ပေးခဲ့သူလည်း ဖြစ်၏။ မထက် အသက်ဆယ့်ရှစ်နှစ်





ကြီးသော ကိုကြီးသည် မ၏အသက် ဆယ်နှစ်အရွယ်၊ သူ့အသက် နှစ်ဆယ်အရွယ်တွင် ရင်သားကင်ဆာဖြင့် ဆုံးပါးခဲ့သော မေမေ နေရာတွင် အစားဝင်ကာ မအတွက် အားကိုးရသော မိခင်တစ်ယောက်ပမာ၊ တစ်ဖန် မ အသက် ဆယ့်ရှစ်နှစ်အရွယ်တွင် နောက်အိမ်ထောင်ပြုသွားသော ဖေဖေ နေရာတွင် ထပ်မံ အစားဝင်ရကာ မအတွက် မှီခိုလေးစားရသော ဖခင်တစ်ယောက်ပမာ။ ယခု မ အသက် နှစ်ဆယ့်သုံးနှစ်အရွယ်အထိ အိမ်ထောင်မပြုသေးဘဲ ညီမဖြစ်သူရဲ့ ရှေ့မှာ မားမားရပ်နေသူလည်း ဖြစ်သည်။

ဘူတာကြီး ပရဝဏ်ထဲသို့ မ စီးလာသော ရထားသည် တရိပ်ရိပ် ပြေးဝင်လာလျှင် မသည် ကိုကြီး ဘယ်မှာများ ရှိနေမှာပါလိမ့်ဟု ခေါင်းပြူကြည့်လျက် မျက်စိမှုလောက်အောင် ရှာဖွေမိပြန်သည်။ ကိုကြီးသည် မကို ဘယ်လောက်ပဲ အနိုင်ယူချုပ်ကိုင်ခဲ့ပါစေ၊ မ၏ ကျေးဇူးရှင်အဖြစ် မသည် ဘယ်တော့မှ မမုန်းခဲ့ပါ။ ဘယ်တော့မှလဲ အပြစ်မမြင်ခဲ့ပါ။

"သွားတော့မယ် အဒေါ်၊ နောက်ကြုံရင် မတို့အိမ်ဘက်ကို ဝင်လည်ပါဦး"

မသည် ခရီးဖော် အဒေါ်ကြီးအား မက လိပ်စာပေး၍ နှုတ်ဆက်လိုက်သည်။ အဒေါ်တွေ၊ ဦးလေးတွေ၊ အဘွားတွေ ထည့်ပေးလိုက်သော လက်ဆောင်ပစ္စည်း တစ်ပုံတစ်ပင်ပါသည့် ကြိမ်ခြင်းကြီးအား မနိုင်မနင်းဆွဲ၍ ခရီးဆောင်အိတ်ကို ပခုံးမှာ


www.burmeseclassic.com

www.burmeseclassic.com



လွှယ်လိုက်သည်။ ရထားအစီပါက်ဝ၏ အောက်ဆုံးလှေကားထစ်ကိုနင်းပြီး ဘူတာရုံ သမံတလင်းပေါ် ခြေချစဉ်မှာ မအတွက် ...

"ညီမလေးရေ ... ငါ ဒီမှာဟေ့၊ ငါ ဒီမှာ"

ဟူသော စတင်ကြိုဆိုသည့် အသံသည် ထွက်ပေါ်လာတော့သည်။ မသည် ဝမ်းသာအားရ ခေါင်းလှည့်၍ ရှာဖွေစဉ် မ၏ ကိုကြီးသည် ဖြူလွှသော ရှပ်လက်ရှည်၊ ပိုးတွဲပုဆိုး ခရမ်းရင့်ရောင်တို့ဖြင့် အားလုံးထဲမှာ မြင့်မားသော အရပ်၊ ဖြူစင်သော အသားအရေတို့ကြောင့် ခံ့ညားနေခဲ့လေသည်။

တစ်ခုတော့ ပြောရဦးမည်။ အဲဒါကတော့ ကိုကြီးနံဘေးမှ ကိုကြီးနည်းတူ မြင့်မားသောအရပ်၊ သို့သော် ယောကျ်ားပီသစွာ ညိုသော အသားအရေတို့ဖြင့် အင်မတန်မှ ဆွဲဆောင်အားပြင်းသော မျက်နှာပြင်တစ်ခု ပိုင်ဆိုင်သော လူတစ်ယောက်ထံ မသည် အမှတ်မထင် မျက်လုံးရောက်မိစဉ်တွင် သူ့အကြည့်အားအတော်လေး တုန်လှုပ်သွားမိသတဲ့။ အံ့သြစရာပဲ ကောင်းသေးတော့။ မအတွက် နောက်ထပ်တစ်ဖန် ရင်ခုန်အောင် လုပ်ပေးနိုင်သော လူတစ်ယောက်အဖြစ် မသည် မှတ်မှတ်ထင်ထင်ကလေး ဖြစ်သွားသည်။

ကိုကြီးသည် မနံဘေးသို့ သုတ်ခနဲ ရောက်လာတော့ ထိုသူသည် ကိုကြီးနည်းတူ ခြေလှမ်းများဖြင့် ကိုကြီးနောက်မှ ခပ်အေးအေး ပါလာခဲ့ပြန်သတဲ့။ အေချာပါတယ်၊ သည်လူဟာ



ကိုကြီးရဲ့စာထဲမှာ ကိုကြီး ပြောလေ့ရှိသော အကြောင်းအရာအတော်များများထဲမှာ ပါဝင်နေကျ 'စွာဆိုသွင်' ဟူသော ယောကျ်ားတစ်ယောက်ပင် ဖြစ်လိမ့်မည်။

"ညီမလေး ကြည့်စမ်း၊ အိတ်အလေးကြီး သယ်လာတယ် ဟုတ်လား၊ အဝတ်အစားတွေ ထားခဲ့တာ မဟုတ်ဘူးဟာ၊ ကျန်ခဲ့လည်း ဘာဖြစ်လဲ၊ ငါ ဒီမှာ ညည်းအတွက် သဘောကျတာတွေ့ရင် ဝယ်စုပေးထားတာတွေ အများကြီးပဲဟာ၊ နောက်ပြီး ကြီးကြီးတို့က ဘာလို့ ဒီလောက်တောင် မုန့်တွေ အများကြီးကို ခြင်းအပြည့် ဝယ်ပေးလိုက်ရတာလဲ၊ ဒီမှာ ဝယ်စားရင် ရရဲ့သားနဲ့"

"ကိုကြီးကလည်းလေ စေတနာနဲ့ဝယ်ပေးလိုက်တာပဲ ဒီလို ပြောလို့ ဘယ်ကောင်းမလဲကွယ်၊ မန္တလေးက မုန့်မျိုးစုံကို ရန်ကုန်မှာ ဝယ်စားရင် ရတယ်ဆိုတာ သူတို့လည်း သိပါတယ်၊ သူတို့က သားအကြီးအတွက် သားကြီးအတွက်နဲ့ မပြန်ခင် တစ်ပတ်လောက်ကတည်းက ဝယ်ပေးလွှန်းလို့ မနည်းတားထားရတာ၊ ကဲပါ ... မ အရမ်း ပင်ပန်းနေပြီ၊ အိမ်ပြန်ချင်လှပြီ ကိုကြီးရဲ့"

"အော် ... အေး အေး၊ ဆောရီး ညီမလေး၊ ငါက ညီမလေးကို တွေ့လိုက်ရတော့ အားလုံးကို မေ့သွားတယ်၊ ဟား ... ဟား၊ ဟော့ကောင် ယောက်ဖကြီး စိုင်းသယ်ပါဦးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင်"

အမယ်လေး ... သူကပဲ ရှက်သတဲ့။ ကိုကြီးကိုယ်တိုင် သတိမထားမိဘဲ ရေါ်လိုက်သော အခေါ်အဝေါ်အား အင်မတန်မှ အရှက်သည်းခဲ့လေစွ။ အရင်က စိတ်မျိုးနဲ့သာဆို နေရာမှာတင် အော်ရယ်ပစ်လိုက်မိမည် ထင်သည်။

သူသည် ရှေ့ကနေ မ၏ ကြိမ်ခြင်းကြီးအားဆွဲလျက် ခပ်သွက်သွက် လျှောက်သွားနှင့်သည်။ ဖောရှိန်း ရှပ်လက်တိုမွမွကြီးနှင့် တက်ထရက်စ်သား ဘောင်းဘီတို့က သူနှင့် အတော်လေး လိုက်ဖက်လှကြောင်း မသည် တိတ်တဆိတ် ဝန်ခံမိလေသည်။ သူ့ဆံပင်တို့က နဖူးပေါ် တချို့ ဝဲကျလျက် နားရွက်တစ်ဖက်တွင် ရွှေရောင်နားကွင်း ခပ်သေးသေးကလေးကတော့ ထူးဆန်းလေစွ။ ကိုကြီးနဲ့မှ အသက် မတိမ်းမယိမ်းရှိမည့်သူဟာ ဘာဖြစ်လို့များ လူငယ်လေးတွေလို ဝတ်စားထားတတ်ပါလိမ့်။

"အဲဒါ စာဆိုသွင်လေ၊ ညီမလေးကို ငါ ခဏခဏ ပြောပြဖူးတယ် ထင်တယ်"

"ပြောပါ့ ပြောပါ့၊ သူက စာဆိုသွင်၊ ဘီအီးဘွဲ့ရတစ်ယောက်၊ ကိုယ်တိုင်လဲ ကန်ထရိုက်တာတစ်ယောက်၊ မိန်းမ မရှိ၊ ကိုကြီးနဲ့ ခင်မင်ကြတာ တစ်နှစ်ခွဲရှိပြီ၊ အင်း ... ဘာကျန်သေးလဲ၊ ဪ ... ဪ မ သူ့ရုပ်ရည်ကို မတွေ့ဖူးတာဘဲ ရှိတယ်၊ ဟုတ်ပြီလား"





"ကြည့်စမ်း ... ငါ့ကို နောက်တာပေါ့လေ၊ ညည်းတော့လား နောက်မှ ခေါင်းခေါက်ရမယ်၊ အခုတော့ လူတွေအများကြီးရှေ့မှာ ခေါင်းခေါက်ရင် အကြီးက အငယ်ကို အနိုင်ယူတယ် ဖြစ်ဦးမယ်"

စာဆိုသွင်သည် မတို့အား တစ်ချက်ကလေးမျှ လှည့်မကြည့်ရဲအောင် အရှက်သည်းကာ ကားသော့ကို ဖွင့်နေတာ မ လှမ်းမြင်ရတော့ ...

"ဟင် ... ကိုကြီးရဲ့ကားက လဲလိုက်ပြီလား၊ မ ကိုတောင် ဒီအကြောင်း စာထဲထည့်မရေးဘူး"

ဟု တအံ့တသြ ပြောလိုက်သည်။ ကိုကြီးသည် ခေါင်းခါ၍ ...

"ငါ့ကား မဟုတ်ဘူး ညီမဇေးရဲ့၊ စာဆို့ ကား၊ စာဆိုက ဘာစိတ်ကူးပေါက်တယ် မသိပါဘူး၊ သူ လိုက်ပို့ပါရစေဆိုတာနဲ့ ငါလည်း ညီမလေးနဲ့ ရင်းနှီးရအောင်ဆိုပြီး ခေါ်လာတာ ဟဲ ... ဟဲ"

ဆိုသော အပြောတွင် ရယ်သံထည့်သောအခါ မသည် အနည်းငယ်ကလေး သဘောပေါက်ချင်သလို ရှိခဲ့သည်။ မနော် ကိုကြီးသည် ဘာကြောင့်များ သည်လို ပြောင်းလဲသွားပါလိမ့်။ အရင်ကဆို အင်မတန်မှ သဝန်တိုသော အစ်ကိုပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



စာဆိုသွင်၏ Pajero ကားထဲသို့ မနှင့် ကိုကြီး ဝင်ထိုင်လိုက်ပြီးသောအခါ စာဆိုသွင်က ကားစက်ကို နှိုးရင်း ခပ်တိုးတိုး သီချင်းသံကလေးကပါ ပေါ်ထွက်လာခဲ့သည်။ သို့သော် စကားပြောသံတွေကိုတော့ အနှောင့်အယှက် မဖြစ်စေပါ။ စာဆိုသွင် ဖွင့်သော သီချင်းသည် 'It must have been love' ဟူသော စာသားကလေးပါပြီး သူ့အတွက် အတော်လေး အဓိပ္ပာယ်ရှိခဲ့သတဲ့ဆိုတာ မ မသိချေ။

"စာဆို ဒါ ငါ့ညီမလေး ရတနာပုံတဲ့၊ မင်း သိပြီးသားပါ၊ အခုမှ လူချင်းဆုံဖြစ်ကြလို့ မိတ်ဆက်ပေးရတာ"

"ဟုတ်ကဲ့ ကျွန်တော့်ကို ကိုသတ်ပုံလိုပဲ အစ်ကိုတစ်ယောက် အဖြစ် သဘောထားပါ၊ ကျွန်တော်က တစ်ဦးတည်းသော သားမို့ ညီမတွေ၊ အစ်ကိုတွေ သိပ်လိုချင်တာ၊ ဒါကြောင့် ကိုသတ်ပုံကိုလည်း အစ်ကိုတစ်ယောက်လို ခင်နေရတာ၊ အခုတော့ မရတနာပုံကိုလည်း ညီမလေးတစ်ယောက်လို ခင်ပါရစေ"

❁ ✻ ❁



သူမကလေး၏ တောက်ပသော မျက်ဝန်းကလေးအား ထပ်မံ ကြည့်ရှုရန် မဝံ့ရဲစွာ ခပ်လွှဲလွှဲ၊ ခပ်စောင်းစောင်း အနေအထားဖြင့် စတင် မိတ်ဆက်မိသည်။ တကယ်ပါ မျက်နှာတစ်ခြမ်း အုပ်လုလု ဖြစ်နေသော ဆံပင်ဘေးခွဲ တစောင်းကလေး ပန်းတောက်နှင့် ပြုံးလွှလွှတီရှပ်နှင့် ဖြောင့်စုံးချည် အနီကလေးနှင့် ကောင်မလေးသည် သူ့ကို သည်လောက်ထိ တုန်လှုပ်မှုများ ပေးလိမ့်မည် မထင်ခဲ့ချေ။ ကိုသတ်ပုံဆီက ဓာတ်ပုံတွေ မကြာခဏ ကြည့်ရတုန်းကလည်း သာမန်လောက်သာ အသိအမှတ်ပြုခဲ့သော သူဟာ ဘာ့လို့များ သည်ဓာတ်ပုံထဲမှ ရုပ်ရည်ကလေးကို အပြင်မှာ မြင်ရတာနဲ့ သည်လောက်တောင် ရင်ခုန် လှုပ်ရှားနေခြင်းအား အံ့ဩပါရဲ့။

သူ့ထက် ရှစ်နှစ်တိတိ ငယ်ရွယ်သူကလေး၏ အကြောင်းကို အစုလို မဆုံရခင်ကတည်းက ကိုသတ်ပုံ ပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



လွန်း၍ ရင်းနှီးနေခဲ့ပြီးသားပင်။ သို့သော် အခုလို စတင်ဆုံစည်းရချိန်မှာ ဘာဖြစ်လို့များ အသစ်အဆန်းသဖွယ် စိတ်လှုပ်ရှားရင်ခုန်ခဲ့ရသလဲ မသိချေ။

“ကိုစာဆိုသွင်အတွက်လည်း မန္တလေး လက်ဆောင်မုန့်တွေ ပေးလိုက်ပါဦး ကိုကြီး”

“ကဲ … စာဆို တွေ့ပြီ မဟုတ်လား၊ ငါ့ညီမက သူ ခင်မင်မိတဲ့လူဆို အင်မတန်မှ ကျွေးချင်မွေးချင်စိတ် ရှိတယ်၊ မင်းတော့ ညာစားလို့ ရပြီ”

“ဟာ … ကိုသတ်ပုံကလည်း ကလေးဆီက ညာစားရတယ်လို့၊ ကျွန်တော်ကတောင် ပြန်ကျွေးရမှာ၊ ကိုယ်သတ်ပုံပြောတာ အလကား သိလား ရတနာပုံ၊ ကျွန်တော့်ကိုပဲ ယုံ”

“အောင်မယ် … ဟော့ကောင်၊ ဒါ ငါ့ညီမပါကွ၊ ငါ့ညီမက ငါ့ဘက်ပဲ လိုက်မှာပေါ့”

“ကဲပါ … ကိုကြီးနှစ်ယောက်က အလကား စကားနိုင်လုနေရတယ်လို့”

တစ်ခဏချင်းတွင် သူနှင့် တရင်းတနှီး ဖြစ်သွားအောင် သူမကလေးက အစွမ်းအစ ရှိပြန်သည်။ ပုံစံကလေးကြည့်ရင် မာနခပ်ကြီးကြီးဟု ထင်ရသော်လည်း ဖော်ရွေသော အပြုံးကလေးက သူမ၏ နှုတ်ဖျားမှာ အစဉ်မိုးငြိလျက် စကားဆိုတတ်သည်။



မလွယ်တော့ဘူး ကိုသတ်ပုံရေ။ ကျွန်တော့်ကို အမြဲ နောက်ပြောင်ခေါ်တတ်တဲ့ ‘ယောက်ဖကြီး’ ဟူသော အခေါ်အဝေါ်ကို အရင်ကတော့ ရင်းနှီး၍ ခေါ်ဝေါ်သည်ဟု ယူဆလျက် ရင်မခုန်မိခဲ့သလောက် အခုအချိန်သာ ခေါ်မည်ဆိုလျှင် ရင်ခုန်ရလွန်း၊ သူမကလေးကို အားနာရလွန်းတာနှင့် အနေရခက်လေစွ။ သူ့ဘဝမှာ ရည်းစားတွေရော၊ ရည်းစားမဖြစ်တဖြစ်တွေရော များပြားခဲ့သလောက် သူမကလေးလောက်တော့ ဘယ်သူ့ကိုမှ ရင်မခုန်ခဲ့ဖူးပါ။

ဒါပေမဲ့ ခုချက်ချင်းတွေ့၊ ခုချက်ချင်း ကြိုက်လို့တော့ အထင်မခံစေချင်သေးချေ။

“မန္တလေး သင်္ကြန်ကတော့ နာမည်ကြီးပဲ ညီမလေးရဲ့၊ ငါတော့ ငယ်ငယ်တုန်းကပဲ ကြုံဖူးပြီး အခုထိ တစ်ခေါက်မှ မရောက်သေးဘူး၊ ဘယ်လိုလဲ ညည်း ပျော်တယ်မဟုတ်လား ညီမလေး”

“မပျော်ပါဘူး၊ မက ရန်ကုန်မှာပဲ အနေများလို့ ရန်ကုန်သင်္ကြန်ပဲ ပျော်တယ်၊ ဒါကြောင့် ဒီနှစ်ကို သင်္ကြန်ပြီးမှ ပြန်ပါဆိုတာတောင် မနေနိုင်လို့ အတင်းပြန်လာရတယ်၊ မ ရန်ကုန်သင်္ကြန်နဲ့ ဝေးခဲ့တာ နှစ်နှစ်ရှိပြီ ကိုကြီးရဲ့”

ဘယ်လိုပါလိမ့်။ ရတနာပုံဆိုသော နာမည်ရှိသည့် သူမကလေးဟာ ဘာကြောင့်များ သူမကိုယ်သူမ ‘မ’ ဟု နာမည်စား

www.burmeseclassic.com

www.burmeseclassic.com



သုံးတတ်ပါလိမ့်။ မန္တလေးကို ဘာဖြစ်လို့ နှစ်နှစ်လောက် သွားနေ ရတာပါလိမ့်။ သူ့ကို သည်အကြောင်းတွေ ကိုသက်ပုံ တစ်ခါမှ မပြောပြဖူးခဲ့ချေ။ ကိုသက်ပုံဟာ သူ့မှာ သိပ်ချစ်ရတဲ့ ညီမ တစ်ယောက်ရှိကြောင်း၊ ထိုညီမက မန္တလေးမှာနေကြောင်း၊ နောက် ဆုံးနှစ် ဖြေပြီးရင် ရန်ကုန်လာမည်ဖြစ်ကြောင်း မကြာခဏ ပြောပြ တတ်တာပဲ ရှိသည်။ ရတနာပုံဟာ အရင်ကတည်းက ရန်ကုန်မှာ နေခဲ့တာ မပြောဖူးခဲ့ချေ။

နေစမ်းပါ။ ဒါတွေ ထားတော့။ သူ့အကြောင်းနဲ့သူ ဖြစ်လို့ နေမှာပေါ့ဟု ကိုယ့်ကိုယ်ကိုယ် အဖြေတွေပေးလျက် မောင်နှမနှစ်ယောက်ကြားမှာဝင်ပြီး စကားမပြောမိချေ။ သို့သော် သူမကလေးသည် သူ့ကို သူမတို့၏ စကားဝိုင်းထဲ ထပ်မံခေါ်သွင်း ပြန်သည်။

"ကိုစာဆိုသွင်ရော မန္တလေး ရောက်ဖူးလား"

"တစ်ခေါက်လောက်ပဲ ရောက်ဖူးပါတယ်၊ သိပ်မမှတ် တော့ဘူး ရတနာပုံ၊ ခြော် ... မေးရဦးမယ်၊ ရတနာ ဆိုတဲ့ နာမည်က မန္တလေးသူမို့ မှည့်ထားတာလား"

"မဟုတ်ပါဘူးကွ၊ ညီမလေးကို ကိုယ်ဝန်ကြီးနဲ့တုန်း မေမေက ရန်ကုန်မှာနေရင်း အမျိုးတွေရှိတဲ့ မန္တလေး သွားလည်ချင်လှချည်ရဲ့ဆိုပြီး ဖေဖေလည်းတားမရ၊ မိဘတွေလည်းတားမရနဲ့နောက်ဆုံး တဂိုင်ဂိုဖြစ်နေလို့





ခမျာ မန္တလေးကို လိုက်ပို့ရတယ်လေ၊ အဲဒီမှာပဲ ရောက်ပြီးပြီး ချင်း တစ်ပတ်အကြာမှာ ညီမလေးကို မွေးတော့တာပဲ၊ ဟိုက မေမေ့အမျိုးတွေက မန္တလေးမှာ တမင်ကြီး လာမွေး ရတယ်ဆိုပြီး ရှေးတော်တုန်းက မန္တလေးမြို့ရဲ့ အမှတ်တရ အနေနဲ့ ရတနာပုံဆိုတဲ့နာမည် မှည့်ပေးလိုက်တာပဲ၊ ငါတို့ မိသားစုတွေ အကုန်လုံးက ရန်ကုန်မှာပဲ နေကြတာ"

"ခြော် ... ခြော် ရတနာပုံ မန်းနေပြည်တော်ကြီးပေါ့၊ ဒါမှမဟုတ် ရှမ်းရှင်ကားကြီးတစ်ကား ရှိဖူးတယ်၊ ရတနာပုံ ဆိုတာလေ"

"အံမယ် ... ကိုစာဆိုသွင်က နောက်တတ်သားပဲ"

သေချာသွားခဲ့ပြီ။ သူမကလေးသာ ရန်ကုန်သူ အလေးဖြစ်ပြီး ရန်ကုန်မှာသာ ငယ်စဉ်ကစ၍ ကြီးပြင်းလာတဲ့ အထိ နေထိုင်ခဲ့သူလေး။ ကိုသက်ပုံ သိပ်ချစ်လှချည်ရဲ့ မိဘတွေ ရှိလို့ တစ်ယောက်တည်းရှိသည့် ညီမလေးကို မြတ်နိုးလှချည် ရဲ့ဆိုပြီး တစ်သက်လုံးလည်း ရန်ကုန်မှာ နေခဲ့ပြီးမှ လွန်ခဲ့တဲ့ နှစ်နှစ်က ဘာဖြစ်လို့ မန္တလေးကို ပို့ထားခဲ့ပါလိမ့်။ ဒါဟာ တစ်စုံ တစ်ခုကြောင့် ဖြစ်မည်။ အဲသည် တစ်စုံတစ်ခုသည် ကိုသက်ပုံ ကြောင့်လား၊ ရတနာပုံကြောင့်လား။ သူများကိစ္စကို စပ်စပ်စုစု သိပါတတ်သူ မဟုတ်သော်လည်း သည်တစ်ခါတော့ သူက စိတ်ဝင်တစား ဖြစ်ခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တခဏ်အတွင်းမှာ သူ့ဘဝထဲသို့ ဖြည်းဖြည်းချင်း ဝင်ရောက်လာပြီဟူသော အသိဖြင့် ရတနာပုံဆိုသော မိန်းမ တစ်ယောက်၏ ဘဝတစ်စိတ်တစ်ပိုင်းကို သိချင်သည်။ ဒါဟာ သူ့ဘက်က စတင် ယိမ်းယိုင်မှု ဖြစ်သည်။ ဟန်ဆောင်မှုကင်းသော ဖော်ရွေသော၊ ကလေးဆန်သော သူမထံမှာ သူ့အတွက် ပြန်လည် တုံ့ပြန်ပေးအပ်မည့် 'အချစ်'ဟူသော အရာကတော့ ရှိမှရှိပါမလား။

သူ့အနေနှင့်ကတော့ အချစ်ဟာ အခုမှ ပေါက်ဖွား လာပါတယ်ဟု ဝန်ခံလျှင် အားလုံးက လှောင်ပြောင်ကြမည် ထင်ရဲ့။ ကိုသက်ပုံဟာ သည်တစ်ခါ သူ့ကို ယောက်ဖကြီးလို့ ထမ်မံခေါ်ဝေါ်ခဲ့လျှင် သူသည် အရင်ကနဲ့ မတူဘဲ ကြည်နူးနေရမည် အဖြစ်ကို သိခဲ့ရင် အိမ်ထောင်ပြုစေချင်လှပြီဖြစ်သော မိဘတွေကို သည်တစ်ခါ ဘယ်တော့ အိမ်ထောင်ပြုမလဲမေးရင် သတို့သမီး လောင်း တွေ့ပြီးလားမေးရင် စာဆိုသွင်သည် သူ၏ ရူးသွပ်မှုကို ရင်ဆိုင်ရတော့သည်။

❋ ✻ ❋



၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ၏
ဒုတိယမြောက် ရက်သတ္တပတ်

## ၂

မသည် ခရေရေးကို စိတ်မဝါစွာထိုးရင်း သည်နေ့ ...သာက် ဂျင်းဇရာကောင်းတာ မရှိဘူး၊ ငယ်ငယ်တုန်းကလို ...ငယ်ချင်းတွေနဲ့ လျှောက်လည်ရရင် ကောင်းမယ်၊ ...မဟုတ် ...လျှောက်ပတ်ရင် ကောင်းမယ်တွေ တွေးနေခဲ့သည်။ သို့သော် ...တက်ယ်သွားချင်သလားမေးရင် အခုချိန်မှာ ဘယ်ကိုမှ လျှောက် ...ည်ချင်စိတ် မရှိပါ။ လျှောက်လည်တယ်ဆိုတာ အပျော်ပါမှ၊ ...ရာ အပေါင်းအသင်းပါမှဟု ဆင်ခြင်တွေ ပေးခဲ့သော်လည်း ...နှစ်စင်စစ် မ နံဘေးမှာ အမြဲပါနေကျ အဖော်ကလေးတစ်ယောက် ... မေ့ထားချင်လျက် မေ့မရသော အတွေးများကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



မ၏ ပျင်ရိငြီးငွေ့ခြင်းကို ပုံဖော်လို့မဆုံးခင် ခြောက်သွေ့သော နေ့လယ်ခင်းတစ်ခုတွင် မအတွက် ဧည့်သည်တစ်ယောက်ကို လက်ခံတွေ့ဆုံခဲ့ရလေသည်။

ထိုနေ့က စာဆိုသွင်သည် Arrow ရှပ်လက်တိုပွပွနှင့် ပုံကျသပ်ရပ်သော ဘောင်းဘီရှည်တို့နှင့်အတူ လည်သာရှူးအနက်ကို ဝတ်ဆင်ထားခဲ့သည်။ မသည် သူ ရောက်လာချိန်က အတန်ငယ်ကလေး ငိုက်မျဉ်းသွားချိန်လည်းဖြစ်၍ သူ့ကားရပ်သံကိုတောင် မကြားခဲ့ချေ။

"အိမ်ရှင်တို့ခင်ဗျား၊ အိမ်ရှေ့မှာ ဧည့်သည် ရောက်နေပါတယ်ဗျို့"

ဟူသော ရယ်ဟာဟာအသံတို့ဖြင့် မ၏ ငိုက်မျဉ်းခြင်းကို နှောင့်ယှက်လိုက်သံ ပြုသူမှာ စာဆိုသွင် ဖြစ်သည်။ မသည် အလန့်တကြားဖြစ်ကာ လက်ထဲမှ သိုးမွေးချည်ခင်းများနှင့်အတူ တစ်ချောင်းထိုးအပ်ကို စားပွဲပေါ် ပစ်တင်လိုက်၍ ဖရိုဖရဲပြေးဖြစ်ကာ တြမ်းပြင်ပေါ် ပြုတ်ကျကုန်လေသည်။

"ဟာ ... ဆောရီး ... ဆောရီး၊ ရတနာပုံ အိမ်ရှေ့မှာ ထိုင်နေမှန်း ကျွန်တော် မမြင်မိဘူးခင်ဗျ၊ ခါတိုင်းလည်း ကိုသတ်ပုံကို ဒီလို နောက်ပြောင်ပြီး အော်ခေါ်နေကျမို့လို့ပါ၊ ပစ္စည်းတွေ အရင်ကောက်ပြီးမှ ကျွန်တော့်ကို တံခါးလာဖွင့်ပေး။ ရပါတယ်၊ အေးအေးဆေးဆေးနော်"



"ဟင်အင်း ရပါတယ်၊ မ သော့လာဖွင့်ပါ့မယ်"

"ဟာ ... ရတယ်၊ ရတနာပုံရဲ့ ပစ္စည်းတွေ အရင်ကောက်"

"ရတယ် သော့အရင် ဖွင့်မယ်"

မတို့နှစ်ယောက်သည် 'ရတယ်' ဆိုသော စကားတွေနှင့် ရှုပ်ထွေးနေပြီဖြစ်ကြောင်း သတိထားမိသွားကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်၍ အသံထွက်အောင် ရယ်မောမိကြသည်။

မသည် ဘာဂျာတံခါးသော့ကိုဖွင့်စဉ် စာဆိုသွင်သည် လေကားတစ်ဆစ်ကို ပြန်ဆင်းလျက် မျက်နှာကို တစောင်းလွှဲကာ ကြော့မကြည့်နေပါဘူးဟူသော ပုံစံမျိုးပြသတာတော့ ဘယ်ကောင်းလေနော်။ မသည် သည်လိုအခါမျိုးကြုံရတိုင်း ငယ်ငယ်ကလို လွတ်လွှတ်လပ်လပ် လျောင်ရယ် ရယ်ရဲသော သတ္တိကိုတော့ ဆိုချင်သားပင်။

"လာ ... ကိုစာဆိုသွင်"

"ကိုသတ်ပုံရှိလား"

စာဆိုသွင်သည် မ ဖွင့်ပေးသော တံခါးကလေးမှ ဝင်ဝင်ချင်း မ အားမေးသည်။ အင်း ... သဘောကတော့ မဆိုလာတာ ဟုတ်ပါဘူး။ ကိုကြီးဆီလာတာဟု သူ့ဂုဏ်ကို တင်ပုံရသည်။ အသာပဲ တွေရာကာလီတွေ တွေးပေတော့ရှင်။ မက ရှင်ဟာကို ချစ်မိလိမ့်မယ်ဆိုတာ သံသယ မဝင်မိပါဘူးဟု၍ တုံပြန်နေသေးသည်။ •



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မရှိဘူး၊ မနက်ကတည်းက ထွက်သွားတယ်၊ မနက်ဖြန် သူ့ကုမ္ပဏီကထုတ်မဲ့ ရုပ်ရှင်ကား ပရက်ရှိုးပြဖို့ စီစဉ်ဖို့ဆိုလားမတော့ သိပ် စိတ်မဝင်စားလို့ မမေးမိဘူး"

"ဟာကွာ ကိုသတ်ပုံကလည်း ကျွန်တော့် လာမယ်လို့ မနက် အစောကြီးတုန်းက ဖုန်းဆက်ပြောပြီးသား၊ ဒီအချိန်လာမယ်လို့လည်း ချိန်းထားပြီးသား၊ ဘာဖြစ်လို့ အိမ်မှာ မရှိဘူးဆိုတာ ပြန်မပြောတာလည်း မသိဘူး"

"မေ့သွားတာလား ကိုစာဆိုသွင်"

"မမေ့တာတော့ပါဘူး ရတနာပုံ၊ ကိုသတ်ပုံဟာ ကျွန်တော်နဲ့ လွဲလာတာဖြင့် ကြာပြီ၊ တစ်ခါမှ မေ့တယ်ဆိုတာ မရှိပါဘူး"

"ဏဲ ... ဒါဆိုလည်း ကိုစာဆိုသွင် ခဏထိုင်ဦးနော်၊ မ ဒီမှာ ခရုရေးတွေ သိမ်းလိုက်ဦးမယ်"

"ဪ ... ဟုတ်သားပဲ၊ ကျွန်တော်လည်း ဝိုင်းကောက်ပေးပါ့မယ်၊ ကျွန်တော် အော်လိုက်လို့ ရတနာပုံ လန့်ပြီး လွှတ်ကျသွားတယ်လေ"

မသည် 'ရပါတယ်'ဟု မငြင်းခင် စာဆိုသွင်သည် ဒူးတစ်ဖက်ထောက် ထိုင်ချကာ မ၏ သိုးမွေးချည်လုံးတွေကို လိုက်ကောက်ပေး၏။ မသည် ခေါင်းတစ်ချက် မသိမသာ ခါမိသော်လည်း မတားမြစ်တော့ချေ။ ပြီးတော့ ကြိမ်ခြင်းကလေးထဲ ထည့်ပေးကာ မအား လှမ်းပေးသည်။ မက 'ကျေးဇူး'ဟူ၍ ခပ်တိုးတိုးပြောပြီး မ၏ ဗီရိုကလေးထဲ သွားသိမ်းတော့ စာဆိုသွင်သည် ဆက်တီတစ်ခုတွင် ဝင်ထိုင်၍ ကျန်ရစ်သည်။





အင်း ... ကိုကြီးဟာ တစ်စုံတစ်ခုတော့ ကြံစည်ချင်ပုံရသည်။ စာဆိုသွင် အပြောအရဆိုလျှင် ကိုကြီးသည် အလုပ်ကိစ္စတိုင်းကို မေ့လျော့တတ်သူ မဟုတ်ပါဆိုပဲ။ နေ့ခင်းဘက်ဆိုရင် အိမ်မှာ မရှိဘူး၊ အိမ်ဖော်မလေး နှစ်ယောက်ရယ်၊ ခြံစောင့်ရယ်၊ အိမ်ထိန်း အဒေါ်ကြီးရယ်ပဲ ကျန်မှာကိုလည်း သိရဲ့သားနဲ့။ ကဲ ... စာဆိုသွင်က လာလည်ပါပြီတဲ့။ အိမ်ရှင်ဆိုလို့ မပဲ ရှိမှတော့ မ,သာလျှင် ဧည့်ခံရတော့မည်ဆိုတာလည်း သိရဲ့သားနဲ့။ ကိုကြီးဟာ မဟုတ်တော့ပါဘူး။ မကို စာဆိုသွင်နဲ့များ နီးစပ်စေချင်ပြီလား။ ဟင်အင်း ... မ အဲသည်လောက်ထိ မတွေးတတ်သေးပါ။ ကိုကြီးသည် ညီမကို အင်မတန် ချစ်မြတ်နိုးကာ အင်မတန်မှလည်း သဝန်တိုတတ်သူ ဖြစ်ခဲ့ဖူးသည်။ ဟိုးအရင်အချိန်တွေတုန်းကပေါ့။ လွန်ခဲ့တဲ့ နှစ်နှစ်အထိကပေါ့။

အိမ်ဖော်မကလေးများအား ဧည့်သည်အတွက် စီစဉ်ရန် မှာကြားလျက် မ ဧည့်ခန်းထဲ ပြန်ဝင်တော့ ကိုကြီး၏ ရုပ်ရှင်နှင့် ဗီဒီယိုကုမ္ပဏီမှ နောက်ထပ် ရိုက်ကူးထုတ်လုပ်ရန် ဝယ်ယူထားသော ဝတ္ထုများအား လှန်လှောဖတ်ရှုနေသော စာဆိုသွင်က ခေါင်းမော့၍ ပြုံးပြနှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစာဆိုသွင်တောင် မတွေ့တာကြာပြီ၊ အင်း ... မတွေ့တာကြာ ဆိုရအောင် မတို့ တစ်ခါပဲ တွေ့ဖူးသေးတယ်နော်၊ မကို ဘူတာရုံမှာ လာကြိုတုန်းက တစ်ခါပဲ ဆုံဖူးတယ်၊ အရင်က အိမ်မှာ အမြဲလာနေတယ်လို့တော့ ကိုကြီးက ပြောဖူးတယ်၊ အခု သိပ်မလာလို့တောင် ကိုကြီးက ဘာဖြစ်လို့လဲဆိုပြီး စိတ်ပူနေသေးရဲ့"

"အလုပ်တွေ မပြီးသေးလို့ လက်စသတ်ပေးနေရတာနဲ့ မလာဖြစ်တာပါ၊ နောက်ဆို လာလွန်းလို့ ရတနာပုံက ရိုက်မှာတောင် စိုးရိမ်ရတယ်"

"ဟင်အင်း ... မရိုက်ထုတ်ပါဘူး၊ သော့ပဲ အသေပိတ်ထားလိုက်မှာလေ"

"ဟာ ... အင်မတန် ဖော်ရွေတဲ့ အိမ်ရှင်ပါလား"

မသည် ပွင့်လင်းသော စာဆိုသွင်နှင့် စကားအနည်းငယ် ပြောကြည့်ပြီးသောအခါ ပျော်သလိုလို ဖြစ်လာခဲ့သည်။ ကျေးဇူးပါပဲ ကိုစာဆိုသွင်။ မရဲ့ ပျင်းရိငြီးငွေ့ဖွယ် နေ့လယ်ကလေးကို သာယာအောင် ဖန်တီးပေးတဲ့အတွက်ပေါ့။ မသည် အဲသည်တုန်းက သည်လိုမျိုး ခြောက်သွေ့၍ ပျင်းရိဖွယ် အတိပြီးသော မ၏ နေ့ခင်းကလေးကိုသာမက မ၏ အက်ကွဲသော နှလုံးသားဖြင့် ရပ်တည်နေခဲ့သော ဘဝကိုလည်း သာယာစိုပြည်အောင် ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း မသိခဲ့သေးချေ။ ဟုတ်သည်။ မသည်





အချစ်ဆိုသော အရာတစ်ခုကို ကြောက်လန့်၍ ဘဝကို မြေမြှုပ်ထားပြီးသူ ဖြစ်နေခဲ့၍ပင်။

အိမ်ဖော်မကလေးက နက်(စ်)ကော်ဖီဝန်းကန်နှင့် ဆင်းဒစ်ရှ် ပန်းကန်အပါအဝင် လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့အား ဗန်းကလေးဖြင့် လာချပေးသည်။ မသည် စာဆိုသွင်ဘက် ထိုးပေးလျက် ...

"ကော်ဖီလည်းသောက်၊ မုန့်လည်းစားပါ ကိုစာဆိုသွင်၊ ဒါကတော့ အရိုးတောင်း လက်ဖက်သုပ်ပေါ့၊ ကိုကြီးကို ထိုင်စောင့်ရင်း စားလို့ရအောင် စီစဉ်ပေးတာ"

"ကျွန်တော် ထိုင်စောင့်မယ် ထင်လို့လား"

"ရှင် ကိုစာဆိုက မစောင့်ဘူးလား"

မသည် ယောင်နနဖြင့် သူ့နာမည်အား 'သွင်' တစ်လုံး ဖြုတ်ကာ 'ကိုစာဆို' ဟု ခေါ်မိခြင်းကို မကိုယ်တိုင် သတိပြုမိသော်လည်း သူက သတိပြုမိပုံ မရချေ။ မလည်း မထူးတော့ဘူးဟု ယူဆလျက် သည်နာမည်ကလေးကိုပဲ မသိမသာ ပြောင်းခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။

စာဆိုသွင်သည် မ၏ အထိတ်တလန့် အမေးအား သဘောကျလျက် ...

"စောင့်ရမှာပါဗျား ရတနာပုံက ကြိုသိနေတယ်ဆိုတာ အံ့ဩလို့ မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်သံစွက်၍ ပြောသည်။

မသည် ခပ်ရှက်ရှက်ကလေး ခေါင်းငုံ့နေမိသည်။ တကယ် မအထင်နဲ့ ရမ်းသန်းပြီး ပြောခဲ့တာဟာ စာဆိုသွင့်အတွက် အမှန်ဖြစ်သွား၍ မသည် ရှက်စရာမဟုတ်ပါဘဲ ဆယ်ကျော်သက်ကလေးတစ်ယောက်ကဲ့သို့ ရှက်နေချင်သတဲ့။ ရယ်ချင်စရာပဲ ကောင်းသေးတော့။ မ,တော့ တစ်ခုတစ်ရာ ချွတ်ယွင်းချင်ပြီထင်ပါရဲ့။

ခပ်စိုက်စိုက် ခိုးကြည့်တတ်သော မျက်ဝန်းများ၏ ပိုင်ရှင်ကို မသည် မုန်းတာ ဝန်ခံရလျှင် အတော်လေး ခင်မင်မိသည်။ တွေ့တာကဖြင့် နှစ်ခါတောင် မပြည့်သေးဘဲ အလွယ်တကူ ခင်မင်မိတယ် ဆိုတာတော့ မကောင်းဘူးပေါ့နော်။ ဒါကြောင့် မသည် ခင်မင်မှုကို အနည်းငယ် သိုဝှက်ထားမိသည်။

သူ့မျက်တောင် တိုတိုစိပ်စိပ်များက မည်းနက်လှသည်။ သူ့မျက်နှာပြင်သည် တစ်ခါကြည့်မိသူ မိန်းမတစ်ယောက်အနေဖြင့် နောက်တစ်ခေါက်လောက်ဖြစ်ဖြစ် ခိုးကြည့်ချင်အောင် ဆွဲဆောင်မှုရှိသည်။ အချိန်အကြာကြီး ခင်လာခဲ့ရင်တော့ နားရွက်များတစ်ဖက်က နားကွင်းကလေးအကြောင်း စပ်စုရဦးမည်။ မ,တောင် မိန်းမတန်မဲ့ နားပေါက်မရှိချေ။

"ရတနာပုံ တစ်ခုလောက် ကျွန်တော် မေးချင်တယ်၊ စပ်စုတယ်လို့တော့ မထင်နဲ့နော်"





ဘုရားရေ ... ဘာများပါလိမ့်။ သေတော့မှာပဲ။ စာဆိုသွင်ဟာ မနဲ့ပတ်သက်ပြီး ဘာများ စပ်စုမှာပါလိမ့်။ မရဲ့လွန်ခဲ့သော နှစ်နှစ်မတိုင်ခင်က ဘဝတစ်စိတ်တစ်ပိုင်းကိုများ စပ်စုတော့လေမလား။ မ ဘယ်လို ပြောပြရပါ့။ မသည် အကြောင်းတွေကို တည်ငြိမ်စွာ ပြောပြနိုင်ဖို့ အင်အား အတော့်ကို လိုသေးသည်ကွယ်။

❀ ✱ ❀



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားဟာ အမှန်ပဲ ဟုတ်ပါတယ်ဟု ပျက်ယွင်းလုလု မျက်နှာပြင်နှင့် ညှိုးလျှသွားသော အသွင်ကလေးအား သတိလက်လွတ် ငေးမိသည်။ ဘာများပါလိမ့်၊ မင်းမှာ ဘာများ လျှို့ဝှက်စရာ ရှိနေလို့လဲ ချစ်သူလေးရယ်ဟု သုံးနှုန်းမိသောအခါ ရင်၌ အေးမြမှုက စိမ့်ဝင်သွားတော့သည်။

ရတနာပုံ မင်းရဲ့ ဘဝတစ်ခုလုံးကိုတင်မက မင်းရဲ့ အချစ်ကိုပါ ပိုင်ဆိုင်ခွင့်ရချင်တယ်ဆိုတာ မင်း မသိသေးပါဘူးဟု၍လည်း တိတ်တဆိတ် ညည်းတွားမိတော့သည်။ သို့သော် စိတ်ကူးထဲမှာသာဖြစ်ပြီး သူ့နှုတ်များက သူမကလေးအတွက် စိတ်အနှောင့်အယှက်ဖြစ်စေရာ ဘာတစ်ခုမှ မဖွင့်ဟာမိစေရပါ။

"ရတနာပုံက ကိုယ့်ကိုယ်ကိုယ် နာမ်စားသုံးတဲ့အခါ ဘာဖြစ်လို့ 'မ'လို့ ထည့်သုံးတာလဲဟင်၊ ကျွန်တော် သိခွင့်ရမလား"

"ဩော် ... ဒါလား"



သူမ၏ ဟန်ပန်က တော်ပါသေးရဲ့ဟူသော ဟန်ပန်မျိုး ဖြစ်နေခဲ့သည်။ ဘာတွေလဲ ဘာတွေလဲ၊ ခင်း ဘာဖြစ်ခဲ့ဖူးသလဲ၊ ဘယ်လိုအတိတ်ဆိုးများ ရှိခဲ့ဖူးသလဲ၊ ဒါတွေ ကိုယ် ဂရုမစိုက်ပါဘူး ကလေးရယ်ဆိုကာ သူမအား ဖြေသိမ့်ချင်သည်။

"အဲဒါ မ မသိဘူး၊ မ ငယ်ငယ်တည်းက ကိုယ့်ကိုယ်ကိုယ် အဲဒီ မ,သုံးတတ်လာတာပါပဲ၊ ဘာဖြစ်လို့လဲဆိုတာ မ ကိုယ်တိုင်တောင် မသိဘူး ကိုစာဆို၊ မက ရွယ်တူချင်း စကားပြောရင်၊ ကိုယ့်ထက်ကြီးတဲ့လူနဲ့ စကားပြောရင် တင်စီးရာ ရောက်မယ်လို့ သိပါတယ်၊ ဒါပေမဲ့ မ ပြင်ပြောလို့မရဘူးရှင်၊ ကိုစာဆိုလည်း ခွင့်လွှတ်ပါနော်၊ မထက်အသက်ကြီးတဲ့လူကို ဒီလို သုံးနှုန်းနေမိတယ်"

"ဟာ ... ရပါတယ်၊ ဒါက အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော်က မိတ်ဖြစ်ချေဖြစ် မပ်စုတာပါ၊ ကျွန်တော့် အကြောင်းရော စပ်စုစရာ ရှိသလား"

သူမသည် အတန်ငယ် စဉ်းစားလိုက်သေးသည်။ နှုတ်ခမ်းတွင် လက်ညှိုးထောက်၍ စဉ်းစားဟန်က အပြစ်ကင်းစင်လှသည်။ မထင်ရက်ပါဘူး။ မင်းဟာ ဘာအပြစ်မျိုးတွေ ကျူးလွန်ခဲ့သလဲဆိုတာ သံသယ မဝင်ပါရစေနဲ့။

"အင်း ... မ မေးစော့ မေးချင်သား၊ ကောင်းပါ့မလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ သိပ်အမေးခံချင်လို့ပါ ခင်ဗျာ"

သူမကလေးသည် နှုတ်ခမ်းအား လက်ဖဝါးဖြင့် ကွယ်၍ ရယ်လျက် သူ့နားရွက်များဆီ လက်ညှိုးညွှန်ကာ မေးသည်။

"နားကွင်းကလေးရှိတဲ့ အကြောင်းပေါ့"

"ဪ ... ဒါလား၊ အင်း၊ ဒါလည်း ရှာနာပုံ ပြောသလို ကျွန်တော် ဘာဖြစ်လို့မှန်း မသိအောင် သဘောကျလို့ တက္ကသိုလ်ကျောင်းသား ဘဝမှာကတည်းကစပြီး နားပေါက် ဖောက်ပြီး နားကွင်းတစ်ဖက် ပန်ခဲ့တာ၊ ဘယ်လိုနေလဲ"

"လှတယ်"

သူမ၏ ပွင့်လင်းသော ပြန်ဟန်ကလေးသည် ပကတိ ဖြူစင်ရိုးသားသည်။ ဖြားယောင်းခြင်း မပါ။ မာယာများနှင့် ညို့ငင်ခြင်းလည်း မပါ။ လှည့်ဖြားခြင်းလည်း မပါ။ တကယ်ပင် ဖြူစင်လှသည်။ သူသည် ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။ အဲဒါကတော့ သည်တစ်ခါ ကိုသတ်ပုံဟာ သူ့ကို 'ယောက်ဖကြီး' ဟု ခေါ်လျှင် 'တကယ် ယောက်ဖ တော်မလား' ဆိုသော အမေးကို မေးလိုက်ဖို့ပင်တည်း။

သူမနဲ့ သူတို့၏ စကားသံကလေးသည် အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ရပ်တန့်သွားရသည်။ သူမသည် သူ့ရှေ့မှာ ထိုင်နေရာမှ ထရပ်လျက် 'ကိုကြီးထင်တယ်' ဟုလည်း ပြောလျက် တံခါးဝသို့ လျှောက်သွားလေသည်။



"ဟော ... ကိုကြီး၊ ဒီမှာ ကိုစာဆိုကို ချိန်းထားတယ်လည်း ဆိုသေးတယ်၊ ဘယ်ထွက်သွားတာလဲ"

"ခဏလေးဆိုပြီး ထွက်သွားတာပါပဲ၊ မထင်မှတ်ဘဲ ကြာ သွားတာ၊ စာဆိုများကွာ ကိစ္စမရှိပါဘူး၊ ညှော်မစံရင်တောင် အိမ်နောက်ဖေးဝင်ပြီး ထမင်းဝင်စားမဲ့ကောင်၊ ဟား ... ဟား"

ကိုသတ်ပုံသည် ညီမ၏ပခုံးအား သိုင်းဖက်၍ တဟားဟား ရယ်ကာ သူ့ဆီ လျှောက်လာကာ သူ့နံဘေးတွင် ဝင်ထိုင် တော့ သူမသည် ကိုသတ်ပုံ၏ အတက်ချိုကျေစ်အား သိမ်းရန် သွားသည်။ ကိုသတ်ပုံသည် သူ့ပခုံးအား တစ်ချက်ပုတ် ...

"ဘယ်လိုလဲ ယောက်ဖကြီး၊ ညီမလေးနဲ့ တော်တော်ကြာ ကြာမှ စကားပြောလိုက်ရရဲ့လား"

ဟု အင်မတန်မှ သဘောကျဟန်ဖြင့် မေးသည်။ ...နိုင်တာ မဖြစ်နိုင်တာ ထားတော့၊ ကိုသတ်ပုံဟာ သည်လိုမျိုး ...ညီမနဲ့ သူတို့ ဆုံစည်းရအောင်များ တမင်ဖန်တီးပေးခဲ့သလား။ ...ည်အမေးစကား တစ်ခွန်းက အတော်ကို အဓိပ္ပာယ်များစွာ ...ဝင်နေခဲ့၍ သူ့အတွက် ပဟေဠိများ ဖြစ်ပေါ်ခဲ့လေသည်။ ...လို လူတစ်ယောက်ဟာ သူ့ညီမအတွက် အသင့်တော်ဆုံးအဖြ... ...တ်မှတ်လက်ခံချင်သည့် သဘောလား။ ထိုနေ့က စာဆိုသွင်

www.burmeseclassic.com



သည် အတော်လေး အနှောင့်အသွား မလွတ်ချင်သည့် စကားတို့ ကို မကြာခဏ ပြောတတ်သော ကိုသတ်ပုံနှင့် အစ်ကိုဖြစ်သူ၏ စကားတို့ကြောင့် အစ်ကိုဖြစ်သူအား စူးစမ်းချင်ဟန်ရှိသည့် ရတနာ တို့ကြောင့် သံသယတချို့ စတင် ဖြစ်ပေါ်ခဲ့တော့သည်။

❋ ✻ ❋



# အခန်း ၃

"ကိုကြီးကို မ မေးချင်နေတာ ရှိတယ်၊ ကိုစာဆို ပြန်သွား အောင် မနည်းသည်းခံ စောင့်နေရတယ် သိလား"

"ကဲ ... ကဲ မေးတော့၊ ဘာမေးမှာလဲ"

"ကိုကြီးက ကိုစာဆိုကို ဘာဖြစ်လို့ ယောက်ဖကြီး ယောက်ဖကြီးနဲ့ ခဏခဏ ခေါ်ရတာလဲ၊ မ ကွယ်ရာမှာ ခေါ်တာ အကြောင်းမဟုတ်ဘူး၊ မ ရှေ့မှာခေါ်တော့ မျက်နှာ ပူစရာကြီး၊ နောက်ပြီး တာမင် ဖန်တီးပေးသလို ဖြစ်တယ် ဆိုတာလည်း ကိုကြီး သတိထားဦး၊ မတို့ မောင်နှမက သူ့ကို အတင်းအပိုင်ဖမ်းတယ်လို့ ထင်သွားရင် ရှက်စရာ ကြီး"

www.burmeseclassic.com



"ညည်း မသိပါဘူး၊ ငါနဲ့သူ စတွေ့ကတည်းက စကား
တော်တော်များများ ပြောပြီးချိန်မှာ ငါ့စိတ်ထဲမှာ သူဟာ
ညည်းနဲ့ အသင့်တော်ဆုံး ဖြစ်မယ်လို့ တွက်မိတယ်၊ သိ
ပြီး အရည်အချင်းရှိတဲ့ လူတစ်ယောက်လို့လည်း ယူဆ
တယ်၊ ကြာကြာ အလုပ်တွဲလုပ်တော့ ခင်မင်ရင်းနှီးလာရင်
ငါ့ရဲ့ ထင်မြင်ချက်တွေ မှန်ကန်ကြောင်း တဖြည်းဖြည်
မြင်လာတယ် ညီမလေး၊ ဒါကြောင့် သူ့ကို ခင်တဲ့ မင်တဲ
အနေနဲ့ ယောက်ဖကြီးလို့ ခဏခဏ ခေါ်ဖြစ်တာ အရ
တည်းကပဲ၊ တကယ်လည်းငါ စိတ်ပါလို့ ယောက်
လို့ ခေါ်တာပေါ့ဟ၊ ညည်း အတွေးမမှားနဲ့၊ စာဆိုသွ
ဟာ မိန်းမတစ်ယောက်အတွက် အားကိုးယုံကြည်ထိုက်
ယောက်ျားတစ်ယောက်လည်း ဖြစ်တယ်"

"မ သူ့ကိုမှ စိတ်မဝင်စားတာ၊ သူကလည်း မကို စိတ်
စားပုံ မရပါဘူး၊ သူနဲ့ ကိုကြီးနဲ့ ပတ်သက်တဲ့ အလုပ်ကိ
ကလွဲရင် မကို သိပ်မှအရေးမဝင်တာ"

"ဒါက ငါတို့ယောက်ျားချင်း သိနိုင်တဲ့ ပုံစံတစ်မျိုးပါ
တကယ်တော့ စာဆိုသွင်ဟာ ညီမလေးကို ဘူတာရုံ
လာကြိုတဲ့နေ့ကတည်းက စိတ်ဝင်စားနေခဲ့တယ်"

ဘုရားရေ ... စာဆိုသွင်က မကို စိတ်ဝင်စားသ
အင်း၊ မဖြစ်နိုင်သေးတာပဲ။ ကိုကြီးဟာ သူဖြစ်ချင်တာတွေ





ူးစဉ်နေပုံရသည်။ ကဲ ... ထားပါ။ ကိုယ့်အစ်ကို စိတ်ချမ်းသာ
အလို တွေးပါစေတော့။ သို့သော် စာဆိုသွင်အား မရှေ့မှာ
ယောက်ဖကြီးလို့" မခေါ်ဖို့ အတော်လေး တားမြစ်ရဦးမည်။
ာဖြစ်လို့လဲဆိုရင် ကိုကြီးဟာ မနဲ့ မောင်နှမရင်းချာ ပီသစွာ
င်မတန်မှ ခေါင်းမာသူ၊ အဖြေရကျပ်သူ၊ ဖြစ်ချင်တာကို မဖြစ်
နေ လုပ်တတ်သူလည်း ဖြစ်သည်။

အကယ်၍ စာဆိုသွင်က မကို ချစ်နေပါပြီတဲ့။
ကထပ်ဖို့ မျှော်လင့်ပါပြီတဲ့။ မရဲ့ တစ်ခါတုန်းက အတိတ်လမ်း
လေးအကြောင်းကို သံသယကင်းကင်းနဲ့ ရှိနိုင်ပါ့မလား။
တွေကို ကြိုတင်မျှော်လင့်ပြီးသားဖြစ်သော မသည် စာဆိုသွင်လို
ာက်ဘက်က ပြည့်စုံသော ယောက်ျားတစ်ယောက်အား မကို
နေလိမ့်မယ်လို့ တစ်ခါလေးမျှ စိတ်ကူးမယဉ်မိပါ။

"အဲဒီနေ့က သူရော ငါရော ညီမလေး ရထားပေါ်က
ဆင်းလာတာကို တစ်ပြိုင်တည်း မြင်ခဲ့တယ်၊ ငါက ညီမ
လေးကို ငါတို့ ဒီမှာလို့ အော်ပြောပြီး အဲဒီကောင်ကို
လှည့်ကြည့်တော့ သူ့မျက်လုံးတွေက ညည်းဆီကို တန်းတန်း
မတ်မတ် စိုက်ကြည့်နေတာ သာမန်ထက် ပိုလိမ့်မယ်လို့
ငါ ယူဆတယ်၊ နောက်တစ်ခု ရှိသေးတယ်၊ စာဆိုသွင်ဟာ
အခုနောက်ပိုင်းမှာ ညည်း ရောက်ပြီးမှ အိမ်ကို ကမင်
အလာကျဲသွားတာလည်း မရှိးသားတာပဲ၊ ရိုးရိုးသားသား

www.burmeseclassic.com

www.burmeseclassic.com



ခင်တဲ့လူဆို အရင်ကအတိုင်း ဝင်ထွက်မှာပေါ့၊ သူ့ဘက်က မရိုးသားလို့ ခပ်ရှောင်ရှောင် လုပ်ကြည့်နေတာ ဖြစ်မယ်၊ ဒါပေမဲ့ သူဟာ အရင်ကလောက် အိမ်ကိုမလာတောင် အရ နောက်ပိုင်း လာကို လာနေဦးမှာပဲ၊ ငါပြောရင် လွဲခဲ့တယ်"

စိတ်အားထက်သန်လှချည်လား ကိုကြီးဟု မ အနည်း ငယ် ခနဲ့ချင်သေးသည်။ သည်တစ်ခါ သဝန်တိုဖို့ မေ့နေပြီလားဟု မ အနည်းငယ် ရန်တွေ့ချင်သေးသည်။ သို့သော် မသည် အရ တော့ ကိုကြီးက ဒါကောင်းတယ်၊ ဒါပဲဖြစ်သင့်တယ်၊ ဒါပဲလုပ် ဆိုလျှင်လည်း ကိုကြီး၏ ဆန္ဒဟူသမျှ ဖြည့်ဆည်းပေးချင်သားပင်။ မမှာ ခံစားတတ်ဖို့ နှလုံးသားက အကောင်းပကတိမှ ဖြစ်မနေ တော့တာ။ အက်ကွဲခဲ့ပြီ၊ မွမွကြေခဲ့ပြီ၊ ကျိုးပဲ့နေခဲ့ပြီ။

ထို့ကြောင့် မသည် အတိတ်တချို့ကို မေ့ထားပြီး ကိုကြီး ဖန်ဆင်းပေးမည့် ဘဝသစ်တစ်ခုမှာ မပျော်ဘဲတောင် တည်ဆောက်နိုင်ဖို့ ခွန်အားတွေ မွေးသည်မှာလည်း မ၏ အ များတည်း။

"မ သူ့ကို မချစ်နိုင်ဘူး ထင်တယ်"

"လာပြန်ပြီ ဒီအချစ်၊ အဲဒီ အချစ်ကြောင့် နင့်အ ပျက်စီးတော့မတတ် ဖြစ်ခဲ့တာကို မမေ့နဲ့ဦး"

မသည် ထိုစကားကို ပြောလျက် မ၏ အတိတ်ဆို ကို အစဖော်ချင်သော ကိုကြီးအား ပြန်လည် စိုက်ကြည့်ရင်



ရှက်ရည်တို့ သွန်ကျလာတော့သည်။ ကိုကြီးလည်း ဘာထူးလဲ။ သည်လောကကြီးမှာ မရဲ့အဖြစ်မှန်ကို နားလည်ပေးတဲ့ လူ တစ်ယောက်မှ မ ဟာ အင်မတန် ကံဆိုးတဲ့ မိန်းမပါ။ ကိုကြီး တောင် မ ဟာ အချစ်ကြောင့် လမ်းမှားရောက်ခဲ့ပြီလို့ အထင်သေး နေခဲ့တာပဲ။ တကယ်တော့ မ လိမ်ညာမပြောခဲ့ပါဘူး၊ မ အားလုံး ကို အမှန်ဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်တွေနှင့် မသည် ကိုကြီး အား ဘာတစ်ခွန်းမှ မချေပရဲတော့ချေ။

မ၏ အစ်ကိုသည် ခုထိ မအား လုပ်ရက်လေခြင်း ဟူသော အစွဲ၊ မိုက်လှချည်လားဟူသော အပြစ်တင်မှုတို့ဖြင့် အတော်အတန် စိတ်ကွက်နေသေးကြောင်း မ ရိပ်မိခဲ့ပြီ။ ကိုစာဆိုရေ ရှင်လည်း တစ်နေ့ကျ သိခဲ့ရင် မကို မှန်တယ်လို့ ရပ်တည်ပေး နိုင်ပါ့မလားဟင်။

"တစ်ခု မှာထားရဦးမယ်၊ စာဆို့ကို ငါ နင့်အဖြစ်တွေ ဘာတစ်ခုမှ အသိမပေးထားဘူး၊ နင်လည်း စကားစပြီး ပြောပြဖို့၊ ဒီကောင် စိတ်ညစ်ပြီး နောက်ဆုတ်သွားစေဖို့၊ နင့်အကြောင်းတွေ အသိပေးဖို့ လုံးဝမကြံစည်နဲ့၊ ယောကျ်ား ဆိုတာ သူသာ အပြစ်ရှိခဲ့ဖူးရင် ရှိမယ်၊ သူတို့ယူမဲ့ မိန်းမ ကျရင် ရည်စားထားခဲ့ဖူးတာလေးကအစ အပြစ်မြင်ချင်တာ၊ အေး ... နင့်မှာ ရှိခဲ့တဲ့ ရည်းစားဟာ ဘာကောင် ဆိုတာဟ သိကြည့် ပိုပြီးတောင် အပြစ်မြင်ဦးမယ်၊ အယ်ဒါမှ သိပ်

www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့ အဖြစ်တစ်ခုကို သူရဲကောင်းလုပ်ပြီး ပြောပြဖို့ မကြိုးစားနဲ့"

မသည် ကိုကြီးသာ သည်ထက် နှစ်နှစ်နှာနှ စကားတွေ ထပ်ပြောရင် ချက်ချင်း မန္တလေးကို ဖုန်းဆက်ပြီး ကြီးတော်တွေ၊ အဘွားတွေကို တိုင်ပစ်မည်ဟု စိတ်ကူးမိသေးသည်။ အမှန်တော့ မ, ပြန်လာချင်လို့ လာခဲ့တာ မဟုတ်သော သည်နယ်မြေကို အတင်း ပြန်လာရအောင် ကိုကြီးပဲ တဖွဖွ ခေါ်ခဲ့ပြီးတော့။ ညီမလေးတစ်ယောက်တည်းရှိတာ အဝေးမှာ မထားနိုင်ပါဘူးဆိုတာမျိုး၊ ငါက ငယ်ငယ်ကတည်းက ညီမလေးကို ထိန်းခဲ့ရတာပါဆိုတဲ့ စကားတွေနဲ့ မကို ချည်နှောင်ပြန်နှင့် နောက်ဆုံးတော့ မ,ဟာ အစ်ကိုဖြစ်သူကို ချစ်ခင်လေးစားရသော ညီမပီပီ ခဏလေးဖြစ်ဖြစ် ပြန်လာကြည့်တာပဲ ဖြစ်သည်။

သည်ရောက်တော့ ကိုကြီးပဲ 'မပြန်ပါနဲ့တော့ ညီမလေးရယ်'ဟု မ,အား တားမြစ်ခဲ့ပြီးတော့၊ အခုလို ဆူပူချုပ်ချယ်တာတော့ ဘယ်ကောင်းမလဲနော်။ ယောက်ျားတစ်ယောက်ကို လိမ်လည်ဖြားယောင်းပြီး အရယူသော မိန်းမတွေထဲမှာ မ မပါချင်ဘူး ကိုကြီးရယ်။ အကယ်၍ ကိုကြီး ပြောသလို ဇာဆိုသွင်ဟာ မကို ချစ်နေခဲ့ပြီဆိုရင် မသည် ကိုကြီးက မပြောနဲ့ဟု တားမြစ်ထားသော မ,၏ အမှန်တရားကိုတစ်ခုကို ပြောပြမှဖြစ်မည်။





"ညီမလေး ဆောရီးဟာ၊ ငါ့ကို စိတ်မဆိုးပါနဲ့၊ ငါမှားသွားတယ်၊ တကယ်တော့ ငါတို့ မောင်နှမကြားမှာ ဘယ်သူမှ မရှိတာ အကောင်းဆုံးပေါ့ကွာ"

မ,သည် မ,၏ ဦးခေါင်းကလေးအား ငယ်ထိပ်မှ အုပ်ကိုင်လျက် တတွတ်တွတ် ပြန်တောင်းပန်သော ကိုကြီးအား စိတ်မဆိုးရက်ခဲ့ပါ။ တကယ်တော့ ကိုကြီးသည် မ,ကို အချစ်လွန်ကဲကာ အတ္တကြီးနေမခဲ့တာပဲ ဖြစ်သည်။ တစ်ခါတစ်ရံ မ သိချင်တာတစ်ခုကို ကိုကြီးအား မေးချင်သည်။ ထိုအရာကတော့ မေမေက မတို့ မောင်နှမကို ဘာဖြစ်လို့ မွေးနေခဲ့တာလဲဆိုသော စကားပင် ဖြစ်သည်။ ထိုစကားမျိုး တစ်ခါမှ မမေးဖူးသော်လည်း မေးလိုက်ရင် ကိုကြီး ထိခိုက်ပေါက်ကွဲသွားမည်ကို မ သိသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၁၉၅၅-ခုနှစ်၊ ဇန်နဝါရီလ၏ နောက်ဆုံးရက်သတ္တပတ်

## ၄

ဇန်နဝါရီလ၏ နောက်ဆုံးရက် တစ်ရက်သည် ကိုကြီး၏ သုံးဆယ့်သုံးနှစ်မြောက် မွေးနေ့ ဖြစ်လေသည်။ အရင်နှစ်တွေကတော့ အမေ့မေ့ အလျော့လျော့ ဖြစ်ခဲ့ပြီး ဘာအထိမ်းအမှတ်မှ မလုပ်ဘဲ ကျော်ဖြတ်နေကျ မွေးနေ့အား ကိုကြီးသည် သည်နှစ်မှာတော့ မွေးနေ့ပွဲကို ကျင်းပချင်သတဲ့။ အစကတော့ မ,သည် ကိုကြီးဟာ သည်ပွဲကို ကျင်းပခြင်းမှာ ရိုးရိုးသားသားဟု ထင်ခဲ့သေးသည်။ သို့သော် အမှန်စင်စစ် မ,နှင့် စာဆိုသွင်တို့ ပိုမိုရင်းနှီးမှုရစေရန် ဖန်တီးပေးခြင်း ဖြစ်ကြောင်း ထိုနေ့၏ မွေးနေ့ပွဲ ညမှာပင် တဖြည်းဖြည်း သိလာခဲ့လေသည်။





မွေးနေ့မရောက်ခင်နေ့မှာ ခြံထဲကို ဖြင်ဆင်ရှင်းလင်းဖို့ အလုပ်သမားခေါ်ရ၊ ထိုအလုပ်သမားတွေကို မ ကပင် ညွှန်ကြားရနှင့် အတော်လေး ပင်ပန်းခဲ့သည်။ မ,သည် ထိုနေ့က မီးသီးတွေ သစ်ပင်မှာ ချိတ်နေသော အလုပ်သမားတွေကို ညွှန်ကြားနေစဉ် ...

"ငါ့ညီမလေး ပင်ပန်းနေပြီ"

ဟူသော အသံဖြင့် ကိုကြီးသည် မ နံဘေးလာရပ်တုန်းက ကိုကြီးနဲ့အတူ စာဆိုသွင် ပါလာခဲ့လိမ့်မည်ဟု မထင်ခဲ့ချေ။ ဘာဖြစ်လို့လဲဆိုရင် ကိုကြီးပြောသလို အခုနောက်ပိုင်း (မ ရောက်ပြီး နောက်ပိုင်း)မှာ စာဆိုသွင်က အိမ်ကို သိပ်မလာတော့တာပဲ ဖြစ်သည်။ မ ထင်သည်က မနက်ဖြန်ည မွေးနေ့ပွဲမှာမှ လာမည်ဟု ထည်ခဲ့၍ပင်။

သို့သော် မ၏အထင် မှားယွင်းကြောင်း ကိုကြီး၏ နောက်မှ လိုက်လာခဲ့သော စာဆိုသွင်ကို တွေ့လိုက်စဉ်တွင် သိခွင့်ရခဲ့သည်။

"ကိုသတ်ပုံက အစ်ကိုအကြီးပီပီ အနိုင်ကျင့်ပြီး အငယ်ကို နိုင်းတယ်၊ ပြီးတော့ လေသံပျော့ပျော့လေးနဲ့ ချော့တယ်၊ တယ်မှတ်ပါလားဟော၊ ညာခိုင်းစရာ ညီမတစ်ယောက် မရှိတာ နာတာပဲ၊ အငယ်ဆုံးဖြစ်နေတော့ အစ်မတွေ၊ အစ်ကိုတွေက ကျွန်တော့်ကိုချည်း ခိုင်းသွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းက ကိုယ်ချင်းစာတယ် ဆိုပါတော့"

"ဟဲ ... ဟဲ ဆိုပါတော့၊ ဆိုပါတော့"

မ,သည် နားထောင်နေရင်း အဓိပ္ပာယ်တွေ စွက်နေသော ကိုကြီးနှင့် စာဆိုသွင်တို့၏ စကားများကို ဆက်လက်ရင်မဆိုင်ချင်လှစွာ ...

"ကိုကြီး ထမင်းစားတော့မလား"

ဟု စကားစ ဖြတ်ပစ်လိုက်သည်။ ဟင်း ... ဘယ်လို အစ်ကိုမှန်းလည်း မသိ။ ညီမကို ဖြန့်အောင်သွယ်ချင်ရတယ်လို့။ စိတ်ညစ်စရာပင် ကောင်းသေးတော့။

"ကျွန်တော့်ရော မပါဘူးလား ရတနာပုံ"

"ရှင် ... ကိုစာဆိုလည်း ပါပါတယ်၊ မက မကျွေးချင်လို့ မမေးတာ မဟုတ်ဘူးနော်၊ မတော်တဆ စကားနည်းနည်း ကျန်သွားတာပါ"

"ကဲ ... ထမင်းစားမယ်ဟေ့"

ကိုကြီးသည် တမင် ရှေ့က ထွက်သွားပေးသလိုပင်။ မ အား စာဆိုသွင်နှင့် ချန်ရစ်ခဲ့သည်မှာ ထိုစကားအား ထုတ်ပြောပြီး လှည့်ထွက်ပြီးသား ဖြစ်နေသည်။ ကိုကြီးလောက် မျက်နှာမြောင်တဲ့ အစ်ကို မရှိဘူး။ ကိုကြီးဟာ မကို အရုပ်တစ်ရုပ်လို သဘောထားချင်တယ်။ ယောကျ်ားတစ်ယောက်ကို ဘယ်လိုနည်းနဲ့ နီးစပ်အောင် လုပ်ပေးတာတော့ ဘယ်ကောင်းမလဲ။ သို့နှင့် မ,သည် အနည်းငယ် ငြိမ်သက် စုပုပ်သွားသေးသည်။





သို့သော် စာဆိုသွင်၏ မင်ပန်းနေပြီလား၊ ကျွန်တော်လည်း ဝိုင်းကူပေးမှာပါ၊ မနက်ဖြန်လည်း အစောကြီး လာခဲ့မယ် ဟူသော စကားတချို့အား ပြန်လည် တုံ့ပြန်ရသောအခါ မ၏ ကိုကြီးအား စိတ်ကောက်ချင်မှုကလေး ပျက်ပြယ်သွားရပြန်သည်။ မသည် နံဘေးတွင် ယှဉ်တွဲ၍လျှောက်သော စာဆိုသွင်အားလည်း အနည်းငယ် မကျေမနပ် ဖြစ်ချင်နေသည်။ ကြည့်စမ်းပါဦး၊ အစ်ကိုဖြစ်သူက သဘောတူ နောက်ပြောင်တာကို သူကပါ သဘောတကျ ထောက်ခံချင်ဟန်နဲ့။ ပြီးတော့ ကိုကြီး လှည့်ကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်ပုံပြရအောင် မ နံဘေးမှာရော ဘာလို့ အတူတွဲလျှောက်လာရသလဲ။ တကယ်ဆို ကိုကြီးကို မီလျက်သားနဲ့ သည်လို တမင်ကြီး မသိဟန်ဆောင်တာတော့ တစ်ခုခု များယွင်းမှုဝဲပေါ့နော်။ အင်း ... အတွေးရခက်လေစွ။

မ ကိုများ စိတ်ဝင်စားနေပြီလားဟု မ,သည် တစ်ဖက်သတ် မတွေးချင်သေးပါ။ မ,သည် သူ့ကို ချစ်မိပြီလား၊ မချစ်သေးဘူးလား ကိုယ့်ကိုယ်ကိုယ်လည်း မရေရာသေးပါ။ အကယ်၍ ချစ်ခဲ့မည်ဆိုလျှင် မရဲ့ အတိတ်အကြောင်း တစ်ခုကို ပြောပြခဲ့တဲ့အခါ စာဆိုသွင်ထံမှ တုံ့ပြန်မှု တစ်စုံတစ်ရာကို ရင်ဆိုင်ရခဲ့ပါ။ ဒါကြောင့် မချစ်မိတာ အကောင်းဆုံး ဖြစ်လိမ့်မည်။

"စားကွ စာဆိုကြီး၊ ညီမလေး ချက်တာ မဟုတ်ပေမဲ့ ညီမလေး ညွှန်ခဲ့တဲ့ ထမင်းစားပွဲပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



မ,သည် ကိုကြီးနားတွင် ရပ်နေချိန်ဖြစ်၍ သည်စကားကို ပြောသော ကိုကြီးအား မသိမသာ လက်သည်းဖြင့် ကျောကို ဆိတ်လိုက်တော့ ကိုကြီးသည် တွန့်ခနဲ ဖြစ်သွားသည်။ ပြီးတော့ မ တမင်လုပ်မှန်းသိ၍ ပြုံးစိစိဖြင့် ဟန်ဆောင်လိုက်ကာ စာဆိုသွင့် ပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပေးလိုက်သည်။

ဟင်း ... တတ်လည်း တတ်နိုင်ပါ့။

ဘယ်လို အစ်ကိုမှန်း မသိပါဘူး။ ကြီးကြီးတို့ ဘွားဘွားတို့လာရင် တိုင်ပြောမှပါဟု မ,သည် တီတီတဆိတ် ကြိစည်လိုက်သေးသည်။

"ရတနာပုံရော တစ်ခါတည်း ဝင်စားပါလား"

"မ စားပြီးပါပြီ ကိုစာဆို၊ အိမ်မှာက ဆွေမျိုးရင်းချာဆိုလို့ မောင်နှမ နှစ်ယောက်တည်း ရှိပေမဲ့ မတို့က ထမင်းလက်ဆုံ စားခဲ့ပါတယ်၊ ကိုကြီးက အပြင်မှာ စားလာတတ်တာ များတယ်လေ"

"ဟုတ်လား၊ ကျွန်တော်က ထမင်းစားရင် အဖော်ရှိမှ စားတတ်တယ်"

"ဒါဆိုလဲ အဖော် မြန်မြန်ရှာပေါ့ကွာ"

"ကိုသတ်ပုံ ပြောတဲ့လူ မှားနေပြီ၊ ကိုယ့်ကိုယ်ကိုယ် ပြောရမှာဗျ၊ အသက်သုံးဆယ်သုံးဆိုတာ မငယ်တော့ဘူးလို့ ပြောရင် ရတယ်၊ အင်း ... မြှောက်သာ မြှောက်ပေးရတယ်၊ ရတနာပုံက ကြိုက်မှါမလား မသိဘူး"





မ,သည် တစ်ခါမှ မတွေ့ဖူးသော အဖြစ်တစ်ခုမို့ ဘာပြန်ပြောရမှန်း မသိချေ။ ကိုကြီးဟာ သူ့ အိမ်ထောင်ပြုဖို့ အကြောင်း ဘယ်တော့မှ မပြောတတ်သလို မလည်း မေ့လျော့နေတတ်သည်။ ဆွေမျိုးရင်းချာတွေကလည်း အဝေးမှာ နေကြသူတွေချည်းဖြစ်၍ ကိုကြီးအား တစ်ခါမှ အိမ်ထောင်ပြုဖို့ အရေးတယူ မတိုက်တွန်းကြချေ။

မအတွက် သည်စကားကြောင့်ပင် ကိုကြီးအတွက် အနည်းငယ် တွေးစရာတွေ ဖြစ်စေတော့သည်။ ကိုကြီးဟာ ဘာဖြစ်လို့ သည်လို တစ်ယောက်တည်း နေခဲ့တာလဲ။ ရည်စားလည်း ရှိပုံမရဘူး။ သူလုပ်နေတဲ့ အလုပ်ကလည်း ရုပ်ရှင်၊ ဗီဒီယို ထုတ်လုပ်မှုကုမ္ပဏီမို့ အချောအလှကလေးတွေ တွေ့နိုင်လျက်သားနဲ့ ဆိုတာတွေ တစ်မျိုးပြီးတစ်မျိုး တွေးစေတော့သည်။ ကိုစာဆိုရှင်ကတော့ တော်ပါပေရဲ့။ မကို တစ်ဖက်တစ်လမ်းကနေ တွေးစရာတွေ ပေးတတ်သေးသည်နော်။

"ယော ... စကားပြန်တောင် မရတော့ဘူး၊ ငြိမ်သွားလိုက်တာ၊ စိတ်ချပါ ညီမလေးရဲ့၊ ငါက ငါ့ညီမကို စိတ်ချရမှ ဒီကိစ္စကို စဉ်းစားမှာပါ"

❋ ✻ ❋



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားသော သူမကလေးကို ပျော်စေ ပြက်စေ နောက်ပြောင်ပြီးမှ သူ နောက်ပြောင်လိုက်သော စကားတွေကြောင့် များလားဟု အတော်လေး နောင်တရသွားသည်။ သည်နေ့မှ သူမကလေးကို မျှော်လင့်ထားသည့်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံရသလို သူမကလေး၏ မျက်နှာကို အချိန်ပြည့်မြင်နေရတဲ့ သည်ထမင်းစားချိန်ကလေးကို မြတ်နိုးသည်။ အပြုံးရောင်ကလေးတွေသာ ဝတ်ရှေ့ရှိသော သူမကလေးကို သူ့အနားမှာ ထာဝရ ရှိစေချင်သည်။

"ကဲ ... ကဲ စိတ်မကောင်း ဖြစ်မနေပါနဲ့ ရတနာပုံ၊ ကျွန်တော် နောက်တာပါ၊ ကိုသတ်ပုံရဲ့ မွေးနေ့ပွဲအတွက် ပျော်စရာလေးတွေနဲ့ ဖန်တီးကြရအောင်နော်၊ စိတ်ညစ်စရာတွေ၏ မေ့ပစ်လိုက်ကြတာပေါ့"

"မဟုတ်ဘူး ကိုစာဆို၊ မ စိတ်မကောင်းဖြစ်သွားတာ မဟုတ်ဘူး၊ မကိုယ်တိုင် မေ့နေတဲ့ ကိုကြီးရဲ့ အိမ်ထောင်





ရေးအကြောင်းကို အခုမှ သတိရပြီး ဟုတ်သားပဲဆိုပြီး တွေးမိသွားလို့ပါ၊ ကိုစာဆို့စကားကြောင့် မလည်း ကိုကြီးမှာ လစ်ဟာနေတဲ့ နေရာတစ်ခုကို အခုမှ သတိရမိတယ်"

"ဟုတ်ပြီ၊ ကိုသတ်ပုံရဲ့ အဲဒီနေရာတစ်ခုအတွက် ကျွန်တော်တို့ ဝိုင်းရှာပေးကြမလား"

"ကောင်းသားပဲ"

သူမ၏ အစ်ကိုဖြစ်သူအား ချစ်စနိုး နောက်ပြောင် ...န်ကလေးအား သတိလက်လွတ် ငေးမိသလိုဖြစ်ပြီးမှ ချက်ချင်း ...န်ဆောင်လိုက်ရသည်။ အင်း ... မလွယ်ပါလား၊ ကြာရင် ...းလုံးက ရိပ်မိကုန်မယ်။ သူမကလေးလည်း ရိပ်မိကုန်မယ်။ ...ခမ်းပါဦး၊ ရိပ်မိတော့ရော ဘာဖြစ်သလဲ။ ကိုသတ်ပုံ ကိုယ်တိုင် ...သူ့ညီမနဲ့ အသင့်တော်ဆုံးအဖြစ် သတ်မှတ်နောက်ပြောင်နေခဲ့ ...ပဲ။ ချစ်မိပြီဆိုတာ သေချာနေမှ ဘယ်လို အတိတ်မျိုး ရှိခဲ့ပါ ...။ ခွင့်လွှတ်နိုင်ရမှာပေါ့ ဟူ၍ အတွေးများဖြင့် ရှုပ်ထွေးနေပြန် ...သည်။

"ကိုစာဆို ခဏ"

ထမင်းစားပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားသော ...သတ်ပုံနောက် လိုက်မလို့ပြင်စဉ် သူမကလေးသည် သူ့နောက် ...မှာမှ ရပ်လျက် ခပ်တိုးတိုး ခေါ်လေသည်။ တစ်ခါမှ သည်လို ...ခေါ်မှု၍ သူက တအံ့တဩဖြစ်ကာ သူမဘက် လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်လွှာကလေးချလျက် ခေါင်းကလေး ခပ်ငုံ့ငုံ့ဖြ

သူမ၏ ဘေးတစောင်းဆံပင်တို့က မျက်နှာတစ်ခြမ်းကို ကွယ်

ခဲ့သည်။

"ကိုကြီးမှာ အခုရော ရည်းစား မရှိဘူးလား"

"ဪ ... ဟော် ... ဒါလား၊ မရှိပါဘူး ရတနာပုံ

ကျွန်တော်နဲ့ တွဲနေတာဖြင့် ကြာပြီ၊ ဘယ်မိန်းမနဲ့မှ

ရှုပ်တာ မတွေ့ဖူးပါဘူး"

"မ သိချင်လို့ မေးကြည့်တာပါ၊ တကယ်တော့ ကိုကြီး

မကို ငဲ့နေတာများလားလို့ စဉ်းစားစရာပဲ၊ ကျေး

ကိုစာဆို၊ မကို ဒီလို စိတ်ရှည်လက်ရှည် ဖြေပေးတဲ့ အတွ

ရယ်၊ မ တည်ခင်းတဲ့ ထမင်းစားပွဲကလေးကို တက်ရော

လို့ရယ်ပေါ့"

"ကျေးဇူးတင်ရမဲ့ လူတွေမှ မဟုတ်တာ ရတနာပုံရ

မိတ်ဆွေ အရင်းကြီးတွေပဲ၊ ကဲ ... ကျွန်တော် သွားလို

ဦးမယ်"

တစ်ဆိတ် ကျေးဇူးပြုပြီး ကိုယ့်ကို သည်လို ရ

မပြပါနဲ့လား ရတနာပုံ။ သည်အပြုံးကလေးနဲ့ မင်းဟာ ကိုယ့်

အင်မတန် လွှမ်းမိုးထိန်းချုပ်ထားသလိုပဲဟု ပြောချင်စိတ်အ

ယခုတော့ မျိုသိပ်ထားရဦးမည်။ ပြီးတော့ သူမ၏ ငယ်ထိပ်ကလေ

အား လက်ဖဝါးဖြင့် အုပ်ကိုင်ပြေသိမ့်ချင်စိတ်ကိုလည်း ထိန်း



ထားရဦးမည်။ သူမ၏ လှုပ်ရှားမှုကလေးများကို အမြဲ ထိုင်ကြည့်

ချင်စိတ်ကို သိုဝှက်ထားရဦးမည်။

မနက်ဖြန်ကျင်းပမဲ့ မွေးနေ့ပွဲအတွက် ဝိုင်းဝန်းကူညီ

ပြင်ဆင်ပေးရင်း အရင်ကထက် ရင်းနှီးမှုပိုလာသော သူနဲ့ သူမ

တို့၏ ဆက်ဆံရေးအတွက် ကိုသတ်ပုံနှင့်ဆုံတိုင်း 'ကြိုးစားထား

ယောက်ဖကြီး'ဟု ကျီစယ်သံက နားဝင်ချိုပြန်သည်။

သူကလည်း အရင်ကနဲ့ မတူစွာ ...

"စိတ်ချ ယောက်ဖကြီးရေ၊ မမလေး ထဘီပိုးကို ကြိုးစား

ရှာပါ့မယ်"

ဟူ၍ ခပ်တိုးတိုးပြန်ပြောရင်း သူမ၏ စကားသံ

ကနုလေးများကို နားခံရင်း ရင်ခုန်မှုများ အတိပြီးသော နေ့တစ်နေ့

တို့ ဖြတ်သန်းရလေသည်။ ကိုသတ်ပုံနဲ့ မျက်လုံးချင်းဆုံရင်

ဖြစ်ဖြစ်၊ အတူ ပစ္စည်းတစ်ခုကို ဝိုင်းသယ်မိတဲ့အခါပဲ ဖြစ်ဖြစ်

သူတို့နှစ်ယောက်ဟာ နားလည်သောအပြုံးကို ဆင်မြန်းကြရင်း

သည်နေ့တစ်နေ့ကို ပိုင်ဆိုင်ခွင့်ရခဲ့ရ၍ အရာရာကို ကျေးဇူးတင်ခဲ့

သူမှာ စာဆိုသွင်ပဲ ဖြစ်သတဲ့။ 'ကိုစာဆို မောနေပြီလား'ဟူသော

စကားသံလေးဖြင့် အမောပြေသော နေ့တစ်နေ့ ဖြစ်ခဲ့သတဲ့။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၅

မ,သည် မီးရောင်တို့လွှတ်ရာ ချောင်ကျကျ စားပွဲတစ်ခုမှာထိုင်ရင်း ငြိမ့်ညောင်းသော တေးသွားနှင့်အတူ ကနေသူတချို့ကို စိတ်ပျက်လက်ပျက် ငေးမိသည်။ ကိုကြီး ဘာဖြစ်လို့ သည်လို ပါတီပွဲမျိုးကို ကျင်းပဖို့ စိတ်ကူးရခဲ့သလဲ။ အရင်က သည်လိုမျိုးတွေ စိတ်မဝင်စားပါဘူး။ ဘယ်လို အကြောင်းကြောင့် ပါလိမ့်ဆိုသော အတွေးများဖြင့် ငြိမ်သက်နေခဲ့သည်။ အမှန်စင်စစ် မ အနည်းငယ် ညှိုးဖျင်းခဲ့တာပဲ ဖြစ်သည်။ ကိုကြီးဟာ မနဲ့ စာဆိုပို့မိုးနီးစပ်အောင် ဖန်တီးပေးခဲ့ကြောင်း မ သိပ်ပြီး မရိပ်မိသေး၍လည်း ဖြစ်သည်။

သို့သော် မ မကြာခင်မှာပဲရိပ်မိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် မ တမင်ရွေးချယ်၍ ပုန်းအောင်းနေထိုင်ခဲ့သော





မှောင်တချို့၊ လင်းတချို့ စားပွဲကလေးသို့ စာဆို ရောက်လာခဲ့ချိန်တုန်းကတော့ မဟုတ်ချေ။ မ ထင်ခဲ့တာက သူသည် ခဏလောက်ပဲ မ အနားမှာ ထိုင်စကားပြောပြီး ပျင်းရင် ထသွားလိမ့်မည်၊ မရဲ့ တိတ်ဆိတ်ခြောက်သွေ့မှုကို ပျင်းရိသွားမည်၊ မကို အပျော်တွေ ဆိတ်သုဉ်းနေသည့် မိန်းမသားဟု တိတ်တိတ်ကျိတ်ကြီးတောင် နာမည်ပေးသွားနိုင်မည်လောက်သာ တွေးမိခဲ့သေးသည်။

ဒါပေမဲ့ မ၏ အထင်များ မှားယွင်းခဲ့လေသည်။

"ကိုသတ်ပုံက ညီမလေး ဘယ်ရောက်သွားလဲ၊ လိုက်ရှာပါဦးဆိုလို့ ကျွန်တော် အရင်ဆုံး တွေးလိုက်တဲ့ နေရာက ဒီနေရာပဲ၊ တကယ်လည်း ကျွန်တော့်အတွေးတွေ မှန်နေခဲ့တယ်၊ ရတနာပုံက ဒီလို အေးအေးဆေးဆေး နေရာကလေးမျိုးကို နှစ်သက်လိမ့်မယ်လို့ ကျွန်တော် ယူဆတာ အင်မတန်မှန်နေခဲ့တာပဲ၊ ကိုသတ်ပုံတော့ ကျွန်တော့်ကို ရှာခိုင်းတာ မှန်သွားပြီ၊ တခြားလူသာ ရှာခိုင်းရင် ဒီနေရာကို ဘယ်တွေးမိလိမ့်မလဲ"

"ရှင် ကိုကြီးက ကိုစာဆိုကို ရှာခိုင်းတာလား"

"ဟုတ်တယ်"

ဘုရားသခင် ကိုကြီးကတော့ ထင်ရာတွေ စွတ်ဖန်တီးလိုက်ပြန်ပြီ။ စာဆိုသွင်ကလည်း ကျေကျေနပ်နပ် လက်ခံလိုက်ပြန်ပြီ။ သေချာတယ်၊ သေချာတယ်။ ကိုကြီးဟာ သူ့မွေးနေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပတာ သူ့အတွက်မဟုတ်၊ မ အတွက်သာဖြစ်ပြီး မ,သည် ကိုကြီး နောက်ထပ် ဖန်တီးသမျှ ဓာတ်လှမ်းတွေကို သတိကြီးစွာ စောင့်ကြည့် ရှောင်ရှားသင့်သည်လား၊ ဒါမှမဟုတ် သဘောရှေ့ လိုက်လျောသင့်သည်လား။ ဟင်အင်း ... မ တကယ် မသိသေးချေ။ မသည် တစ်ခုတော့ ပြောချင်သည်။ အဲဒါကတော့ မသည် ယောကျ်ားတစ်ယောက်ကို မာယာများဖြင့် ဖြားယောင်းအပိုင်ချိုင် မည့်သူ မဟုတ်ချေ။

ဘာပဲဖြစ်ဖြစ်ပေါ့။ မသည် ကိုကြီး စားမြစ်ထား သော မ၏ အကြောင်းကို ပြောကို ပြောပြဖြစ်အောင် ကြိုးစားမှ၊ ကြိုးစားမှ။ စာဆိုသွင်ဘက်က ခြေလှမ်းတွေ သိသိသာသာ ဖြစ် လာပြီဆိုလျှင် မ ပြောပြဖို့ သတ္တိတွေမွေးမှ။ ကိုကြီး ခင်းသော လမ်းကို မ မလျှောက်ချင်လို့ မဟုတ်ဘူး။ အမှန်တရားကိုသာ ရင်ဆိုင်ချင်သူ ဖြစ်သည်။

စာဆိုသွင်သည် မ၏ ဖော်ရွေခြင်းကင်းသော တိတ်ဆိတ်မှုကို စိတ်ပျက်ဖို့သင့်သည်။ မကိုထား၍ ထွက်သွား သင့်သည်။ မ ဘယ်နေရာမှာ ထိုင်နေပါတယ်လို့ ကိုကြီးကို သွား ပြောဖို့သင့်သည်။ ဒါပေမဲ့ စာဆိုသွင်သည် မအား ထားမပစ်ခဲ့ သည့်အပြင် မ၏ တိတ်ဆိတ်မှုကိုတောင် ဖျက်ဆီးခဲ့သည်။

"ရတနာပုံက ဘာမေဂျာနဲ့ ကျောင်းပြီးတာလဲ"

"သချာနဲ့"





"သိပ်ကောင်းတဲ့ ဘာသာရပ်ပဲ၊ ကျွန်တော်က စာကျက်ရ တာ သိပ်မုန်းတယ်၊ တွက်တာပဲ ဝါသနာပါတယ်လေ၊ ဒါကြောင့် ကျွန်တော် ဗိုင်အမ်တီကို တမင် လျှောက်ခဲ့တာ ပေါ့"

"ကိုစာဆိုက တမင်လျှောက်တယ်ဆိုတော့"

"ဟုတ်တယ် ကျွန်တော် တမင် လျှောက်ခဲ့တာ၊ အမှန်က ကျွန်တော့်အမှတ်နဲ့ဆိုရင် ဆေးဝင်တယ်၊ စာကျက်ရတာ မုန်းလို့ မလျှောက်ခဲ့ဘူး"

"ဟုတ်လား မက ဆရာဝန် သိပ်ဖြစ်ချင်ခဲ့တာ"

ထိုစကားကို ပြောအပြီးတွင် မသည် မ၏ ဆယ်တန်း ...င်းသူဘဝကလေးကို သတိရခဲ့၍ အတင်း မေ့ပျောက်ပစ် ...၏။ အပြစ်မတင်ရက်ပါဘူးကွယ်။ ဘယ်သူ့ ဘယ်သူ့ကြောင့် ...ယ်တန်းမှာ အမှတ်ကောင်းကောင်းရအောင် မဖြေနိုင်ခဲ့ပါဘူး ...တဲ့ အပြစ်တင်စကားကို မပြောရက်သေးပါ။ မသည် အချစ်ကို ...ကွယ်လေသော ခပ်ညံ့ညံ့ မိန်းမ ဖြစ်နေသေးသည်ကို ကိုစာသွင် ...သိသေးချေ။

မ၏ ဘဝတစ်စိတ်တစ်ပိုင်းလို့ ပြော၍ရသော သူ ...ယောက်ဟာ ခုတော့ ဘယ်နေရာကိုများ ရောက်နေခဲ့ပါလိမ့်။ ...ကတ်တစ်ခုလို့ သဘောထားသင့်ပေမဲ့ မသည် မေ့မရ၊ ပျောက် ...ပ်မရခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ရတနာပုံ ကျွန်တော် တစ်ခု ခွင့်တောင်းပါရစေ"

မသည် စာဆိုသွင်အား ခေါင်းညိတ်ပြမိသည် ထ... သည်။ ဘာဖြစ်လို့လဲ ဆိုရရင် မက လွှင့်မျောချင်နေသော စိတ်... တို့ကို မနည်းစုစည်းနေရ၍တည်း။

"ကျွန်တော် ရတနာပုံဆိုတဲ့ နာမည်ကြီးကို ခေါ်ရတာ... တစ်မျိုးကြီး ဖြစ်နေတယ်"

"အဲဒီတော့ ကိုစာဆိုက ဘယ်လို ခေါ်ချင်သလဲ"

"ရတနာပုံသုံးတဲ့ နာမ်စားကလေးကို ခေါ်ချင်တယ်"

"ဘယ်ဖြစ်မလဲ၊ မက ကိုစာဆိုထက် အသက်ကြီးတာ... မဟုတ်တာ၊ တော်ကြာ မ ရှေ့ကြီးနေပါ့မယ်"

"ဘာဖြစ်လဲ ဒါလည်း နာမည်တစ်ခုပေါ့လို့ သတ်မှတ်... ရသားပဲဟာ၊ ဘယ်လိုလဲ မလို့ ခေါ်ခွင့်ပြုမလား"

"ကိုစာဆို့ သဘောပါပဲရှင်"

မသည် ထိုသို့ အခေါ်အဝေါ် ကိစ္စကို အရေးတ... ဆွေးနွေးချင်သော စာဆိုသွင့်လို သတိကြီးစွာ စကားပြောဖို့ သ... ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်သည်။ ခြေလှ... တွေ၊ ခြေလှမ်းတွေ၊ ကိုကြီးက ဆွဲခေါ်လို့ မါလာတဲ့ ခြေလှမ်း... လား၊ ကိုယ်တိုင် လိုလိုလားလား လျှောက်လာခဲ့တဲ့ ခြေလှမ်း... လား၊ ဒါမှမဟုတ် ရိုးရိုး ခင်မင်မှု ခြေလှမ်းတွေလား၊ မ သို... ရချင်သည်။ မသည် မနှင့် စားပွဲတစ်ဝိုင်းတည်း အချိန်ကြာမြင့်...





ထိုင်၍ စကားပြောချင်နေသော စာဆိုသွင်နှင့် ညီမဖြစ်သူကို တမင် စာဆိုသွင့်ကို ရှာခိုင်းသော ကိုကြီးတို့ကြောင့် ကိုကြီးဟာ သည်မွေးနေ့ပွဲကို ဘာကြောင့် လုပ်သလဲဆိုတာ တဖြည်းဖြည်း သိလာရပြီ။

စာဆိုသွင်သည် သည်ညတော့ ဥရောပဝတ်စုံ အနက်ရောင်ကို သေသေသပ်သပ် ဝတ်ဆင်ထားခဲ့သည်။ ဖျတ်ခနဲ လက်သွားတတ်သော နားရွက်ဖျား တစ်ဖက်မှ နားကွင်းကလေးနှင့် အတော်လေး လိုက်ဖက်သည်။ သည်နားကွင်းမျိုးလေးပေါ့၊ မရဲ့ ဇာတ်ခါတုန်းက တစ်စုံတစ်ယောက်ဆီမှာ ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ စာဆိုသွင်က ညာဘက်ဖြစ်ပြီး သူက ဘယ်ဘက်မှာရှိတယ်။ ပြီးတော့ သူ့ရဲ့ နားကွင်းကလေးဟာ မ ဘာကြောင့်ပဲ ထားဖြစ်ခဲ့တယ်ဆိုတာ မ အခုထိ သတိရဆဲ။ မက နားကွင်းထားတဲ့ ပုံစံလေးနဲ့ဆို ပိုလှလိမ့်မယ်လို့ ပြောခဲ့၍ သူ တမင်ထားခဲ့တာ။ 'မ' ဟု စာဆိုသွင် ခေါ်သောအခါ သည်လိုမျိုး တစ်ခါမှ အခေါ်မခံရဖူး၍ စခေါ်စဉ်တွင် အတော်လေး စိမ်းသက်သက်ကြီး ဖြစ်နေခဲ့သည်။ စာဆိုသွင်သည် နောက်ထပ်တစ်ခါ 'မ' ဟု ခေါ်သောအခါမှ မသည် သတိရလျက် 'ဟုတ်ကဲ့' ဟူ၍ ခပ်ကြောင်ကြောင် ပြန်ထူးမိသည်။

"အစတော့ စိမ်းနေတော့ မ နားမယဉ်သေးဘူးပေါ့၊ နောက်ကြာတော့ သိသွားမှာပါ၊ နောက်ပြီး ရတနာပုံဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



ရတနာဖြစ်ဖြစ် ခေါ်ဝေါ်ကြတဲ့ လူတွေကြားမှာ 'မ'လို့ ခေါ်တဲ့ ကျွန်တော့်ကို ကွဲကွဲပြားပြား မှတ်မိသွားတာပေါ့"

"ကိုစာဆိုက အဆန်းထွင်တတ်သားပဲ"

"အမှန်ပြောရရင် အဆန်းထွင်တာ မဟုတ်ဘူးဗျ၊ တကယ့်ကို ကွဲကွဲပြားပြား ဖြစ်ချင်လို့"

ဒါဟာ တစ်ခုခုရဲ့ ခြေလှမ်းအစတွေဟု မသည် ယုံကြည်လက်ခံလျက် မ၏ တိတ်ဆိတ်မှုကို နှောင့်ယှက်နေသော စာဆိုသွင်အား မသည် အရင်တုန်းကသာဆိုရင် အပေါက်အလမ်း မတည့်သော စကားကို ပြောမိမည် ထင်ပါရဲ့။ ယခုတော့ မဟာ တည်ငြိမ်စ ဘဝတစ်ခုမှာ နေသားတကျ။ ပြီးတော့ ဖြစ်သင့်သည့် အခြေအနေတစ်ခုကို လက်ခံတွေးတောနေပြီမို့ စာဆိုသွင့်ကို သည်လောက်ထိ လိုက်လျောခဲ့တာပဲ ဖြစ်သည်။

သို့သော် သူကသာ မကို 'ချစ်တယ်'ဆိုသော စကားကိုသာ ဖွင့်ပြောကြည့်၊ အဲသည့်နေ့မှာပဲ မ ပြောပြမည့် မ၏ နောက်ကြောင်းကလေးကို သိခွင့်ရမည်မှာ စာဆိုသွင်ပင် ဖြစ်သည်။ သေချာတာတစ်ခုကတော့ မသည် စာဆိုသွင်ထံမှ 'ချစ်တယ်'ဆိုစကားကို မကြာခင် ကြားရတော့မည်ဆိုတာပဲ ဖြစ်သည်။

"ဟော ... ဟိုမှာတွေ့လား မ၊ ကိုသက်ပုံနားမှာ ရပ်နေတဲ့ အမျိုးသမီးလေ၊ သူ့နာမည် တင်ဇာတဲ့၊ ကိုသက်ပုံကို စိတ်ဝင်စားတဲ့ မိန်းမတွေထဲမှာ သူကတော့ ကိုသက်ပုံနဲ့





အသင့်တော်ဆုံးလို့ ကျွန်တော် မြင်ထားတယ်၊ မကော သဘောကျရဲ့လား၊ ဒါပေမဲ့ ကိုသက်ပုံက စိတ်ဝင်စားပုံတော့ မရဘူး၊ တင်ဇာက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားတယ်"

"ဟင် ... ကိုစာဆိုက သိလှချည်လား၊ ကိုကြီးအကြောင်းကို ဒီလောက် သိပုံထောက်ရင် ကိုစာဆိုနဲ့ ကိုကြီးတို့က အမြဲတွဲနေခဲ့လို့ပေါ့၊ ဘယ်လိုဖြစ်ပြီး တွဲဖြစ်သွားကြတာလဲ"

"ကိုသက်ပုံ ဝယ်ထားတဲ့ မြေကွက်မှာ ကျွန်တော်က ဟိုတယ် ဆောက်ပေးဖို့ ကိုသက်ပုံ ကျွန်တော့်ဆီ အလုပ်လာအပ် ကတည်းက စပြီး ခင်ကြတာပဲ၊ ကျွန်တော်ကလည်း စိတ်ကြိုက်ပုံစံ ထွင်ပြီးဆောက်၊ ကိုသက်ပုံကလည်း ငွေတွေ သောက်သောက်လဲကုန်နဲ့ အခုထိ ဒီဟိုတယ်က မပြီးသေးဘူး၊ ကျွန်တော် အင်မတန်ဆိုးတဲ့ ဗိသုကာ တစ်ယောက် ပဲဗျ၊ ပိုင်ရှင့်အကြိုက်ထက် ကိုယ့်အကြိုက်တွေပဲ ဆောက် ပေးတတ်တယ်"

"မကို အဲဒီ တင်ဇာဆီ သွားခွင့်ပြုမလား ကိုစာဆို၊ ဟိုလေ မ သိပ်မသိချင်ဘူး၊ မ သွားပြီး စကားပြောကြည့် ရင် ကောင်းမလားလို့ တိုင်ပင်တာ"

စာဆိုသွင်သည် 'ကောင်းသားပဲ'ဟု ထောက်ခံလျှော် ဆရာ်နှင့်သည်။ အမှန်စင်စစ် မသည် တင်ဇာကို အထူးတလည် စိတ်ဝင်စားခြင်း မရှိပါ။'ကိုကြီး၊ မကြာခဏ မတို့ နဲ့ယောက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာနေတာကို ရိပ်မိ၍ တမင်ပဲ စကားစ ဖြတ်ပစ်လိုက်တာပဲ ဖြစ်သည်။ စာဆိုသွင်ကတော့ မကို ဘယ်လိုပါလိမ့်ဟု စူးစမ်းချင်လိမ့်မည်။ တကယ်တော့ မသည် အရာရာကို မယုံကြည်သေး၍လည်း ဖြစ်သည်။ မတို့ သည်ထက်မက ရင်းနှီးပြီးရင် သူ့ဆီက 'ချစ်တယ်'ဆိုသည့်စကားကို မကြားရတော့မည်ကိုသိလျက် ထို 'ချစ်တယ်'ဆိုသည့် စကားကို သူ တကယ်ပဲ နှလုံးသားထဲကပါလို့ ပြောတာလားဆိုတာ မ မယုံကြည်ရဲပါ။ မကို ယခုလို အရေးတယူ ဆက်ဆံခြင်းဟာ မရဲ့ အတိတ်ဟောင်းကို မသိသေးလို့ပဲဟု တွေးမိတိုင်း စာဆိုသွင်၏ အရေးပေးမှုကို မယုံကြည်ရဲပါ။ ပြီးတော့ ကိုကြီးနဲ့ စာဆိုသွင်ရဲ့ အတိုင်းမသိ ခင်မင်ရင်းနှီးမှုဟာ တစ်စုံတစ်ခုသော မျှော်လင့်ချက်ကြောင့်ဟု သိပြန်လျှင်လည်း ဘာကို မယုံကြည့်မှန်း မသိပေမဲ့ မ ယုံကြည့်မှု ဖြစ်နေတာကတော့ အမှန်ပင်။

"ကျွန်တော်က ကျွန်တော့် စကားတွေကို မ စိတ်ဝင်စားနေတယ် ထင်တာ၊ အမှန်တော့ မရဲ့စိတ်တွေက တခြားဆီ ရောက်နေခဲ့တယ်နော်၊ ဒီလိုမှန်းသိရင် မကို ကျွန်တော် စကားတွေ လျှောက်ပြောမနေပါဘူး၊ အခုတော့ အားနာပါးနာနဲ့ မမှာ စိတ်ပင်ပန်းပြီး နားထောင်နေရတယ် ဆောရီး"

❄ ✻ ❄



"အို ... ဒီလိုလည်း မဟုတ်ပါဘူး၊ မ ကိုစာဆို့ စကားတွေကို စိတ်ဝင်စားပါတယ်၊ ထိုင်နေရတာကြာတော့ ပျင်းလာလို့ပါ"

သူသည် ဘာရယ်မဟုတ် ပြောလိုက်မိသော စကားတစ်ခွန်းက သူမအား အတော်လေး အနေရခက်အောင် ဖြစ်သွား၍ ကိုယ့်ပါးစပ်ကိုတောင် ဖြတ်ရိုက်ပစ်ချင်လာသည်။ မရည်ရွယ်ပါဘူး မရယ်။ မ သည်လို ကိုယ့်ကို အားနာပြီး စိတ်ကျဉ်းကျပ်သွားရအောင် မရည်ရွယ်ခဲ့ပါဘူး။ ကိုယ်က စကားအပြောမတတ်သို့ပါ။

နံဘေးတွင် ခေါင်းကလေးငုံ့ကာ သူနှင့် ယှဉ်လျှောက်လာသော သူမသည် ထပ်မံ တိတ်ဆိတ်သွားပြန်တော့သည်။ သူက သည်လိုမျိုး တိတ်ဆိတ်ခြင်းကို မလိုလား၍ စကားစရှာတာခဲ့ ဖြစ်သည်။ သို့သော် သူ့စကား အပေါက်အလမ်း မတည့်မှုက သူမကို ဒုက္ခပေးသလို ဖြစ်ခဲ့ပြီ။ ကိုသတ်ပုံ မရှာနိုင်းပါဘဲ သူ့ဘာသာ သူမအား လိုက်ရှာပြီး တမင် ရင်းနှီးမှုကို ထပ်မံရယူ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းက သူမအား အနှောင့်အယှက်ပေးသလို ဖြစ်ခဲ့ပြီ။ အဖြူရောင်ကလေးတွေသာ အဝတ်များသော သူမထံမှ ဖြူစင်မှုကလေးကိုလည်း ရိုဝ်မိခဲ့ပြီ။ မရယ် မင်းမှာ ဘယ်လို အတိတ်များ ရှိခဲ့လို့ သည်လောက် ငြိမ်သက် တိတ်ဆိတ်ပြီး အရာရာကို ဥပေက္ခာပြုနေခဲ့တာလဲ။

ပျော်ရွှင်နေကြသော အပျော်မျက်နှာများနှင့် ဆန့်ကျင်ဖွာ အပြုံးကို တွေ့ရခဲ့သော သူမထံမှ သူ့အတွက် တစ်ခါတစ်ရံဝတ်ကျေတမ်းကျေ ပြုံးပြမှုကလေးကို သူက တမ်းတခဲ့ရသည်။ ပြီးတော့ ထိုအပြုံးကလေးကို ထာဝရ တည်တံ့ချင်သည်။ တွေ့စကအပြုံးတွေ ဝေသလောက် ခုတော့ ပျောက်ကွယ်ခဲ့ပြီ။

"ယောက်ဖကြီး ဘယ်ပျောက်သွားတာလဲကွ၊ ဒီမှာ တင်ဇာက မေးနေတယ်၊ ဪ ... နောက်ပြီး ညီမလေးကိုလည်း မတွေ့ဖူးလို့ တွေ့ချင်သတဲ့၊ မင်း ခေါ်လာတော့ အဆင်ပြေသွားတယ်"

သူက သူမအား အနည်းငယ် အားနာသွား၍ သူ့ဘက် လှည့်မကြည့်မိအောင် မျက်လုံးတို့ကို အဝေးသို့ ပို့ထားခဲ့သည်။ ဟူး ... ရင်မောလေစွ။ တင်ဇာက သူနဲ့ သူမအား ကိုသတ်ကိုယ်တိုင် ယှဉ်တွဲနောက်ပြောင်မှုကို တအံ့တဩ ဖြစ်လို့နေပြီသည်။ တင်ဇာ၏ ခင်မင်ရင်းနှီးဟန် စကားပြောခြင်းအား တွေ့တော့ချင့်ချိန် ကြိဆလျက် ပြန်ဖြေနေသော သူမ၏ အသံကလေးကို ကြားရတာကိုက အလိုလို ကြည်နူးနေမိပြန်သည်။



လျှို့ဝှက်တစ်စုံတရာ ပါဝင်နေသည်ဟု သူ ယူဆထားသော စကားသံကလေးတွေကအစ ချစ်မိမှတော့။ သည်တစ်ခါကိုသတ်ပုံနဲ့ နှစ်ယောက်တည်းတွေ့ရင် သူ့မှာ ပြောပြစရာတွေ တစ်ပုံတစ်ပင် ရှိနေခဲ့ပြီ။

"မောင်ရင့်မှာ ဒီလောက် ချစ်စရာကောင်းတဲ့ ညီမ တစ်ယောက်ရှိတာ ကိုယ်တို့ကို မပြောပြခဲ့ပါလား၊ သတ်ပုံက သဝန်တိုတတ်တယ် ထင်တယ်"

"ဟုတ်တယ်ဗျို့၊ အခုတော့ မရတော့ဘူး၊ ကိုယ်တို့ တွေ့သွားပြီ၊ ကြုံရင် ဖလင်သုံးလိပ်လောက် အကုန်ခံပြီး မဂ္ဂဇင်းမျက်နှာဖုံးအတွက် ဓာတ်ပုံရိုက်ဖို့ အကူအညီ တောင်းရမယ်"

"ညီမလေးက ဝါသနာ မပါဘူးဗျ"

ကိုသတ်ပုံနှင့် အပေါင်းအသင်းတချို့၏ စကားသံကြောင့် သူမသည် သူ့ပခုံးတစ်ဖက်နောက်သို့ ခေါင်းကလေး ငုံ့ကွယ်သည်။

တစ်ခု ဝမ်းသာစရာကောင်းတာက သူမဟာ သူ့လောက် ဘယ်ယောက်ျားကိုမှ ဖော်ဖော်ရွေရွေ စကားမပြောတာဘဲ ဖြစ်သည်။ တစ်ဖန် သူ့လောက် ဘယ်သူ့ကိုမှလဲ ရင်းရင်းနှီးနှီး မနေ။ နောက်ဆုံး တင်ဇာလို မိန်းမတစ်ယောက်ကအစ စကားကို ဟတ်ဟက်ပက်ပက် မတုံ့ပြန်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ညည့်ခံပွဲလာသူ့အခေါ်များများက သူ့နားမှာသာ ရှိနေတတ်သော သူမကို သူနဲ့တွဲ၍ ထင်မြင်ချက်တွေ ပေးကြသည်။ ကိုသတ်ပုံကိုယ်တိုင်က ညီမဖြစ်သူနဲ့ တွဲမနေဘဲ သူ့အနားမှာ ထားသွား၍လည်း ဖြစ်မည်။

"မ အိမ်ထဲ ဝင်ချင်တယ် ကောင်းပါ့မလား ကိုစာဆို"

ဟု သူမကလေးသည် အားကိုးတကြီး တိုင်ပင်ပြန်လျှင် သူက အဆုံးအဖြတ်ပေးရခြင်းကို ကျေနပ်ပြန်သတဲ့။

"မ ခေါင်းမူးလို့လား"

"ဟုတ်ကဲ့ ... ကိုကြီးကိုလည်း ရှာမတွေ့လို့ ကိုစာဆိုကို တိုင်ပင်ရတာပေါ့"

"ဒါဆိုလည်း အိမ်ထဲဝင်ပေါ့၊ လာ ... ကျွန်တော် လိုက်ပို့ပေးမယ်၊ လိုက်ပို့ပေးရမလား"

ကြည့်စမ်း ဘယ်လောက်တောင် သိမ်းကျုံးညို့ငင်တဲ့ အမူအရာလေးလဲဆိုတာ။ 'ပို့ပေး' ဟူသော ခပ်တိုးတိုး အသံဖြင့် သာမန် အမူအရာကလေးပါပဲ။ သို့သော် နဂို ချစ်စိတ်အခံရှိသူ သူ့အဖို့တော့ သေလုမြောပါး စွဲလမ်းခြင်းကို ဖြစ်စေသတဲ့။ ခြော် ... ရူးသွပ်လေစွ။

❄ ❄ ❄



၁၉၉၅-ခုနှစ် ဖေဖော်ဝါရီလ၏
ဒုတိယမြောက် ရက်သတ္တပတ်

၆

ထိုနေ့က ချစ်သူများနေ့ Valentine Day ဖြစ်သည်။ ...အတွက် သိပ်ပြီး ထူးထူးခြားခြား မပတ်သက်ခဲ့သော နေ့တစ်နေ့ ...၍ ဖေဖော်ဝါရီလ ဆယ့်လေးရက်ဟုသာ အမှတ်ရခဲ့ဖူးသည်။ ...သော် စာဆိုသွင်က ထိုနေ့ကို အမှတ်တရ ဖြစ်စေခဲ့ရသော ...ကြောင့် ဓဟာ နောက် ဘယ်တော့မှ မေ့တော့မည် မထင်ပါ။

ထိုနေ့မတိုင်ခင် ဖေဖော်ဝါရီ ဆယ့်သုံးကိုတော့ ...မှတ်မှတ်ရရ ရှိတတ်သည်။ အမှတ်တရ ရှိခဲ့ဖူးသည် ဆိုတာ ...တော့ မ သိနေပြီး နောက်တစ်ရက်ဟာ ချစ်သူများနေ့ ...တာ တစ်ခါမှ ဘယ်သူကမှ စကားစပ်ပြီး မပြောဖူးချေ။ ဝတ္ထု

www.burmeseclassic.com



ဖတ်ရင်း၊ ရုပ်ရှင်ကြည့်ရင်း သိခဲ့ရသောနေ့၊ သို့သော် မနဲ့ တစ်
ဖူးမျှ အမှတ်တရ မဖြစ်ခဲ့ဖူးသောနေ့ ဖြစ်သည်။

မသည် ထိုနေ့နံနက်စောစောက ထူးထူးဆန်းဆ
ပင် နှင်းဆီရောင်စုံနှင့် သစ်ခွရောင်စုံတို့ပါသော ပန်းစည်းတစ်
ကို မ နာမည်တပ်ပြီး လက်ဆောင်လာပို့တာကို လက်ခံရလေသည်
ခြံစောင့်က ဘယ်သူမှန်းမသိဘဲ 'ရတနာပုံကို ပေးလိုက်ပါ'ဆိုသေ
စကားစုကို အပာတ်မှတ်ပြီး ယူလာပေး၍ မသည် ဆူဆူ
လက်ခံလိုက်ရသည်။ ဘယ်သူလဲ မေးတော့လည်း ရေရေရာ
မမှတ်မိချေ။ ချက်ချင်းကြီး သူ့လက်ထဲထိုးထည့်ကာ ပြိုင်စက်ဘီး
အရမ်းနင်းပြီး ထွက်သွားကြောင်း၊ ဦးထုပ်ခပ်ငိုက်ငိုက်ကို ဆော
ထားကြောင်းတွေသာ စိတ်ညစ်စဖွယ် စီကာပတ်ကုံး ပြောခဲ့သည်

"ညီမလေးကလည်း ကိုယ့်ကို သဘောကျလို့ ပေးတာ
ယူထားလိုက်ပေါ့ ဘာဖြစ်လဲ၊ ငါ့ညီမ ပန်းမပန်တာ
မသိဘူး ထင်ပါရဲ့၊ သူ့ပန်းစည်းထဲက ဘယ်ပန်း တစ်
ကိုမှ မပန်တာကိုများသိရင် အတော့်ကို စိတ်မကော
ဖြစ်မှာ"

မသည် ထိုပန်းများကို စားပွဲတင် ပန်းအိုးတစ်
ပုံဖော်ထိုးခြင်းအား ကိုကြီးက ထိုင်ကြည့်ရင်း ပျောင်းပျခဲ့သ
ကိုကြီးတောင်မှ ဘယ်သူပေးမှန်း မသိတာတောင် ကြည့်ဖြူ
တော့ မလည်း အနေသာကြီးပါ။ မသိချင်ယောင်ဆောင်ပြီး လ





ဆိုက်ရုံပေါ့ဟု မက စိတ်လျှော့လိုက်၏။ အမှန်တ ကိုကြီးသည်
ား ပန်းစည်းပေးသည့်လူကို သိနှင့်ခဲ့ကြောင်း နောက်များမှ
သိခွင့်ရသည်။

ထိုနေ့၏ ကော်ဖီဝိုင်းတွင် ကိုကြီးသည် မ၏
ဆိုအကဲကို လေ့လာနေခဲ့ကြောင်းလည်း မ မသိခဲ့။ မကို
ား ရှာကြံဖို့ ကြိုးစားနေကြောင်းလည်း မ မသိခဲ့။ မအတွက်
စ်ရုံတစ်ခု ပြောင်းလဲလာတော့မည့်အကြောင်း အဆင်သင့်
ဖြစ်ပြီဆိုတာလည်း မ မသိခဲ့။ မသည် အရာရာကို ညှိဖျင်းနေ
သည်။

"ညီမလေး ဒီနေ့ ထမင်းစားမဲ့ ဧည့်သည် သုံးယောက်ရှိ
တယ်၊ ကိုကြီး ထမင်းစားဖိတ်ခဲ့တယ်၊ အဲဒါ ညီမလေး
ကြည့်ပြီး စီစဉ်လိုက်ပါဦး"

"မက ဟင်းလျာအတွဲကို စီစဉ်ရတာပဲ၊ မပင်ပန်းပါဘူး၊
ချက်တာက အိမ်ကလူတွေ ချက်ကြတာဆိုတော့ ကိုကြီး
ပြောတဲ့ ညီမလေး စီစဉ်လိုက်ပါဦးလို့ ပြောရမှာ"

"ကဲပါ ... ကဲပါ၊ ညည်း ဘယ်လို စကားပဲ သုံးသုံးပါ၊
အရေးကြီးတာက ဧည့်သည်တွေ ဆယ်နာရီလောက် ရောက်
မယ်၊ ထမင်းကို ဆယ့်တစ်နာရီမှာ ကျွေးမယ်၊ အဲဒါ အားလုံး
အဆင်သင့်ဖြစ်ဖို့ပဲ၊ ဟုတ်ပြီလား မနှ လေးသူကလေးရဲ့"

"ဟုတ်ကဲ့ပါ ရှင်ကုန်သားရယ်"

www.burmeseclassic.com

www.burmeseclassic.com



မနဲ့ ကိုကြီးတို့သည် ကိုယ်မွေးရာ နေရာအသ ကလေးကို အစွဲပြု၍ တစ်ခါတစ်ရံ ဤသို့လည်း နောက်ပြောင်တတ်သေးသည်။ အဲသည်လို နောက်ပြောင်နေတုန်းက ကိုကြီးမှာ မအတွက် စီရင်ချက်တစ်ခု အဆင်သင့် ရှိနေပြီဖြစ်ကြောင်း မ မသိခဲ့တာသာ ကြည့်တော့၊ ကိုကြီးဟာ ဘယ်လောက် မျိုသိပ်နိုင်သလဲဆိုတာ။ မသည်လည်း ကိုကြီးရဲ့ ထမင်းစားဧည့်သည် ဘယ်သူလဲဆိုပြီး မစပ်စုတတ်ခဲ့သလဲဆိုတာ။ တကယ်ဆို စာဆိုသွင် ကလွဲရင် မတို့အိမ်မှာ ဘယ်သူမှ ထမင်းစားဧည့်သည် မဖြစ်ဖူးရ လောက်အောင် ကိုကြီးသည် မကို တခြားလူတွေ့မှာ အင်မတန် စိုးရိမ်တတ်သူ ဖြစ်သည်။ ယခုမှ ထူးထူးဆန်းဆန်း ထမင်းစား ဖိတ်ပါသည်ဆိုသော ဧည့်သည်ကို မသည် အမှန်ဆို စိတ်ဝင်စားသင့်သည်။

"ညည်းလည်း နည်းနည်းပါးပါး ပြင်ဆင်ထားဦး၊ ဧည့် ဧည့်သည်တွေကို ထမင်းကျွေးဖို့ ညည်းပဲ ညွှန်ကြားရမှာ အိမ်ကလူတွေက ချက်တတ် ပြုတ်တတ်ရုံကလွဲရင် ဘယ်လို ဧည့်ခံရမှန်း မသိနဲ့"

သည်စကားကို ပြောပြန်တော့ မသည် နည်းနည်းလေးတော့ မေးကြည့်ချင်ခဲ့သေးသည်။ ကိုကြီးက ချက်ချင်း စကားစဖြတ်ပြီး ကော်ဖီဝိုင်းမှ ထသွားတော့ မမေးဖြစ်ခဲ့ပြန်။ မ ကိုယ်တိုင်ကလည်း မနဲ့ မဆိုင်ဘူး ထင်ခဲ့၍ပင်။



တကယ်တော့ မ၏ ဘဝတစ်ခုလုံးနှင့် ဆိုင်ခဲ့ကြောင်း မ သိခွင့်ရခဲ့သည်။ ဧည့်သည်ကို ထွက်ကြိုနေသော ကိုကြီး၏ အလိုကျ မသည် ခါတိုင်းထက် ကိုယ့်ကိုယ်ကိုယ် ပိုပြီး ဂရုတစိုက် ပြင်ဆင်ထားခဲ့သေးသည်။ ဧည့်ခန်းထဲမှာ စကားသံတချို့ကို ကြားဖို့ဝေးသော အိမ်နောက်ဖေး မီးဖိုချောင်တွင် မသည် ကိုကြီး၏ ဧည့်သည်များအတွက် ထမင်းပွဲကို ကြိုတင် စီစဉ်နေခဲ့သေးသည်။

"ညီမလေးရေ ခဏ ... ခဏ"

ကိုကြီး ခေါ်သံကြောင့် မဟာ ဘာများ ခိုင်းစရာ ရှိသလဲဟူသော အတွေးကလေး ဖြစ်ခဲ့ရုံအပြင် သည်ထက်ပိုပြီး စိတ်မဝင်စားခဲ့ပါ။

အိမ်ရှေ့ခန်းထဲ အရောက်မှာ ကိုကြီးရဲ့ ဧည့်သည် သုံးယောက်ဟာ ဘယ်သူဆိုတာ မ သိခဲ့ရသည်။ မ သိသည်က စာဆိုသွင် တစ်ယောက်တည်းကိုသာ။ စာဆိုသွင်နှင့် အတူ ပါလာသောသူနှစ်ယောက်ဟာ စာဆိုသွင်၏ မိဘနှစ်ပါးဟု မ ဆက်စပ် တွေးကြည့်၍ သိခဲ့ရုံအပြင် မနဲ့ သိပ်မဆိုင်ဘူးဆိုတာ အဲသည် အထိ ထင်နေခဲ့သေးသည်။

"အဲဒါ ကျွန်တော့် ညီမလေး ရတနာပုံပေါ့ အန်ဒေါ်၊ ညီမလေး လာ၊ ဒီမှာ စာဆိုမိဘတွေက တွေ့ချင်လို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



မသည် ထိုစကားကို အကြားတွင် အနည်းငယ်
တော့ ရိုပ်မိသလိုလို ရှိလာခဲ့သည်။ ပြီးတော့ မ့အား ပြုံးမြ
မျက်နှာဖြင့် စိုက်ကြည့်နေခဲ့သော စာဆိုသွင်၏ ဟန်ပန်တချို့
လည်း မ အဖြေထုတ်နိုင်ခဲ့သည်။ မသည် ထင်ထားတာထ
ရှေ့ကို ခြေလှမ်းများစွာ တိုးလာပြီဖြစ်သော စာဆိုသွင်ကို အတေ
လေး စိတ်ပျက်မိပြန်သည်။ မ ထင်ခဲ့တာက မထံ တိုက်ရိုက်
ချစ်ခွင့်တောင်းစကားဖြစ်ပြီး သည်လို အဆင့်ကျော်လိမ့်မည်ဟု
တစ်ခါမှ စိတ်မကူးခဲ့ထာ မ၏ ဟာကွက်ဖြစ်သည်။

"အန်ကယ်နဲ့ အန်တီ၊ ဒါက စာဆို့ သတို့သမီးလော
ကျွန်တော့် ညီမလေးပဲ၊ ညီမလေးနဲ့ စာဆိုကတော့ ရင်း
နေပါပြီ၊ ညီမလေးက မန္တလေးတက္ကသိုလ်မှာ ကျောင်းပြီး
ခဲ့တာလေ၊ အမေ့ဘက်က အဒေါ်တွေ၊ အသွားတွေ
သွားနေခဲ့တော့ ဟိုမှာပဲ တက္ကသိုလ် ဆက်တက်ခဲ့ရတာ
မွေးတုန်းကလည်း မန္တလေးမှာ မွေးတယ်လေ"

"အော် ... ဒါကြောင့် ရတနာပုံဆိုတဲ့ နာမည် ပေးတာ
ဟုတ်လား၊ သားက ပြောတော့ ပြောသား၊ သမီးလေး
ချစ်စရာလေး၊ စာဆို့ထက် ရှစ်နှစ်ငယ်တယ်ဆို၊ ဒါ
မင်းနဲ့က ဆယ်နှစ်ကွာတာပေါ့"

"ဟုတ်တယ် အန်တီ၊ ညီမလေးနဲ့ ကျွန်တော့်ကြား
တစ်ယောက်တော့ ရှိတယ်၊ ဒါပေမဲ့ မွေးပြီး တစ်ပတ်အကြာ



မှာ ဆုံးသွားတာလေ၊ မွေးရာပါ အသားဝါရောဂါနဲ့ ဆုံး
ခဲ့တာ"

နေစမ်းပါဦး၊ နေစမ်းပါဦး။ ကိုကြီးဟာ ဘာတွေ
သိမ်ညာနေတာပါလိမ့်။ မ့ဟာ မန္တလေးတက္ကသိုလ်မှာ နှစ်နှစ်
လောက်ပဲ တက်ခဲ့ရတာ။ ပြီးတော့ မ အရင်ကတည်းက မန္တလေး
မှာ မနေခဲ့ပါဘူး၊ ရန်ကုန်မှာပဲ ကျောင်းနေခဲ့တာ။ ဖေဖေနဲ့
မေမေတို့ရဲ့ ရင်ခွင်ထဲမှာပဲ ကြီးပြင်းခဲ့ရတာ။ ကိုကြီးနဲ့ ကျောင်း
အတူတူ သွားခဲ့ရတာ။ ကိုကြီး ဘာတွေ ဖြစ်နေပြီလဲ။ ကိုကြီး
ဘာလို့ မှန်တာကို ဖုံးကွယ်ခဲ့တာလဲ။ ရှင်းရှင်းပြောရရင် ယောကျ်ား
တစ်ယောက်ကို သည်လို လိမ်ညာလှည့်စားပြီး အပိုင်ချိုင်ရမဲ့ဘဝ
မျိုးကို မ မလိုလားဘူး။ ကိုကြီးလည်း သည်လို မဖန်တီးသင့်
ဘူး။ မတော့ နေရာက ချက်ချင်း ထပြီး ထွက်ပြေးချင်တော့တာ
ပါပဲ။

"သမီးလေး စကားပြောပါဦးကွယ့်၊ စာဆို့ မိဘတွေပေမဲ့
သမီးရဲ့ မိဘတွေ ဖြစ်ရမဲ့ လူတွေပဲ၊ ပြောစရာရှိတာ ပွင့်ပွင့်
လင်းလင်းပြောပေါ့၊ တိုင်ပင်စရာရှိလည်း တိုင်ပင်ပေါ့"

အင်း ... ပွင့်ပွင့်လင်းလင်းပြောပါ၊ တိုင်ပင်ပါတဲ့။
မပြောခဲ့မိရင် ကိုကြီးရဲ့ ဟန့်တားချင်ဟန် မျက်နှာရိပ်ကို မသည်
နားလည်လျက် မ၏ တဖြည်းဖြည်းချင်း ဒီဂရီ မြင့်မားလာသော
ဒေါသတို့ကို မအား မလွတ်တမ်း စိုက်ကြည့်နေသည့် စာဆိုသွင့်ထံ

www.burmeseclassic.com



ပုံချက်ာ မသိမသာ အကြိတ် မျက်စောင်းထိုးခြင်းဖြင့်သာ တုံ့ပြန်နိုင်
ခဲ့သည်။ မသိပါဘူး ကိုစာဆို၊ မဟာ ကိုကြီးကို ကျူးလွန်မိတဲ့အပြစ်
တစ်ခုကြောင့် ကြောက်ရွံ့နေရတဲ့ လူဆိုတာ ရှင် မသိသေးပါဘူး

"လူကြီးချင်းတော့ ဆွေးနွေးပြီးပြီ၊ စေ့စပ်ပွဲကို ဘယ်တော့
လောက်လုပ်ရင် ကောင်းမလဲ၊ အန်တီကတော့ စေ့စပ်တာ
ကို လုပ်မနေစေချင်တော့ဘူး၊ တစ်ခါတည်း လက်ထပ်
စေချင်တာ၊ သားကော ဘယ်လို သဘောရလဲ"

"ရတနာမုံရဲ့ သဘောကိုလည်း မေးကြည့်ပါဦးလေ"

ဘုရား ... ဘုရား၊ မရဲ့ သဘောတဲ့။ မ ဘာတွေ
ပြောရမှာပါလိမ့်။ အခုအချိန်မှာ မ ဖွင့်ပြောချင်နေတဲ့ ကိစ္စတစ်ခု
ကို စာဆိုသွင့်မိဘတွေ သိဖို့တော့ မကောင်းဘူး ထင်ပါရဲ့။
အရေးကြီးတာက စာဆိုသွင် သိဖို့ပဲ။ သူသိပြီး သူ့ဘက်က
အရင်နောက်ဆုတ်သွားရင် ပိုကောင်းလိမ့်မည် ထင်သည်။ အကယ်
၍ နောက်မဆုတ်ခဲ့ဘူးဆိုရင်ကော မ သူ့ကို လက်ခံသင့်ရဲ့လား
မသည် စိတ်နှင့်လူက တခြားစီ ဖြစ်နေလွန်း၍ အတော်
စုစည်းထိန်းချုပ်နေရလေသည်။

"သမီး ဘယ်လိုစိစဉ်ချင်လဲ၊ ပြောပါဦး"

"ရှင် သမီး မသိပါဘူးရှင်၊ သမီး ဘာမှလဲ မစိစဉ်တတ်ပါ
ဘူး၊ ကိုကြီးနဲ့ တိုင်ပင်ပါရစေဦးရှင်၊ သမီးကို နည်းနည်း
အချိန်ပေးပါနော်"





"ရပါတယ် သမီးရဲ့၊ အရေးကြီးတာက သမီးရဲ့ ဆုံးဖြတ်
ချက် မဟုတ်လား၊ သား စာဆိုကတော့ ပြောပါတယ်၊
သမီးကို ဘာတစ်ခုမှ ဖွင့်မပြောရသေးဘူးတဲ့၊ သူ မေတ္တာ
ရှိလို့ အန်တီတို့ကို တောင်းပေးပါဆိုလို့"

"အေးလေ ... ငါ့သားက အဲဒါ လိုတာပဲ၊ တကယ်ဆို
သမီးလေးရဲ့ သဘောကို အရင်မေးထားဖို့ ကောင်းတယ်၊
ငါ့အတိုင်းပဲ၊ ကိုယ်လုပ်ချင်ရာ ဖွတ်လုပ်တဲ့ ကောင်ပဲကွာ၊
သမီးကို အားနာစရာကြီး"

"ဟာ ... ရပါတယ် အန်ကယ်၊ ညီမလေးက ကျွန်တော်နဲ့
တိုင်ပင်မယ်ပဲ ပြောတာပါ၊ အန်ကယ်တို့ရဲ့ ကမ်းလှမ်းချက်
ကို ငြင်းတာမှ မဟုတ်တာ၊ အားနာစရာ မဟုတ်ပါဘူး၊
ကဲ ... ထမင်းပွဲ အဆင်သင့်ပဲ ထင်တယ်၊ သုံးဆောင်လိုက်
ကြရအောင်၊ အိမ်ထဲကို ကြွပါ အန်ကယ်နဲ့ အန်တီ"

မသည် စိတ်ကျဉ်းကျပ်စွာ ဖြတ်သန်းရသော သည်
ထမင်းစားပွဲအား မြန်မြန်ပြီးဆုံးချင်လှသည်။ မ အကြောင်းများနဲ့
ပတ်သက်ရင် သိသိဝှက်ဝှက် စကားပြောတတ်သော ကိုကြီးကို
လည်း စိတ်ပျက်လှသည်။ မကို နားလည်ဟန် မျက်လုံးတွေနှင့်
စိုက်ကြည့်နေတတ်သော စာဆိုသွင်ကိုလည်း အင်မတန် ရှန်တွေ့
လိုလှသည်။ ရှင် မ အကြောင်းတွေ ဘယ်လောက်များ သိထား
လို့လဲဟု အော်ဟစ်မေးမြန်းချင်လှသည်။ တကယ်တော့ မကို



www.burmeseclassic.com

www.burmeseclassic.com



'ချစ်တယ်'ဆိုတဲ့စကား ဖွင့်မပြောဘဲ မိဘတွေနဲ့ တိုက်ရိုက်ချဉ်းကပ်တာတော့ ဘယ်ကောင်းမလဲနော်။ မကို လျစ်လျူရှုရာ ကျသည်ဟုလည်း ထင်နေဆဲ။

"မနက်က ကျွန်တော်ပို့လိုက်တဲ့ ပန်းစည်းကို ရတယ် မဟုတ်လား၊ ညနေ့ခန်းက စားပွဲမှာ မ ထိုးထားတဲ့ပန်းတွေ တွေ့တယ်၊ မ,က ပန်းလည်း ထိုးတတ်သားပဲ၊ ပန်းတော့ မပန်တတ်ဘူးနော်"

ကြည့်စမ်း မ အလဲထိုးခံလိုက်ရပြန်ပြီ။ သည်ကိစ္စကို ကိုကြီးလည်း သိနှင့်နေလိမ့်မည်။ မ,ဟာ ကိုကြီးနဲ့ စာဆိုသွင်တို့ရဲ့ မအပေါ် လျှို့ဝှက်ထားမှုတွေ နောက်ထပ် ဘာများရှိသေးသလဲဟု သံသယဝင်ခဲ့ပြန်ပြီ။

မသည် စာဆိုသွင့်ကို ပြောပြဖို့ အခွင့်အရေးတို့ သည်းခံ၍ စောင့်ရဦးမည်။ အို ... ရင်မောလေစွ။

စာဆိုသွင်ဟာ မကို ချစ်ရော ချစ်ခဲ့လို့လား။ ကိုကြီး လောက် မကြွယ်ဝသော မိသားစုကို ကိုကြီးရဲ့ ကြွယ်ဝမှုတွေကို မက်မောပြီးတော့များ မကို လက်ထပ်သင့်သည့် မိန်းမအဖြစ် ရွေးချယ်ခဲ့လေသလား။ မကို အမှန်တကယ်မချစ်ဘဲ ဦးနှောက်ထဲက ဆုံးဖြတ်ခဲ့လေသလား။ မ,ဟာ စာဆိုသွင့်ကို မ ကိုယ်တိုင်ချစ်သည်၊ မချစ်သည် မဆုံးဖြတ်နိုင်သေးသော်လည်း သူ့ထံမှ အချစ်ကို ကြားခွင့်ရချင်သည်ကတော့ ထူးဆန်းနေခဲ့သားပင်။






တကယ်တော့ မသည် အချစ်ကြောင့် ဒုက္ခရောက်ခဲ့ရဖူးပေမဲ့ အမှတ်သညာမရှိစွာ ထိုအချစ်အား တောင့်တရမိသော ခပ်ညံ့ညံ့ မိန်းမတည်း။

❋ ✻ ❋

www.burmeseclassic.com

www.burmeseclassic.com





"မ ကျွန်တော့်ကို ဘယ်လို သဘောထားလဲ"

"မသိဘူး"

"ဘယ်ဟုတ်မလဲ၊ မ တစ်ခုခုတော့ ပြောပြရမှာပေါ့၊ ကျွန်တော်က မရဲ့ သဘောထားကို ပိုသိချင်တယ်"

အားလုံးက ထမင်းစားခန်းထဲမှ ထသွားကြစေမဲ့ သူကတော့ ချန်ရစ်ခဲ့ခြင်းကို အလိုက်တသိ မမေးကြချေ။ ဆန်းကစ်ဘူးတွေကို ရေခဲသေတ္တာထဲက ထုတ်ယူနေသော သူမသည် သူ့စကားကို စိတ်ဝင်စားဟန် မပြခဲ့သော်လည်း သူက စိတ်မဆိုးပါ။ သူ့ကို တစ်စုံတစ်ရာတော့ စိတ်ကွက်နေလိမ့်မည်ဟု နားလည်ပေးနိုင်သော စာဆိုသွင်ပဲ ဖြစ်လေသည်။

ထမင်းစားပွဲပေါ် လက်ထောက်ထိုင်လျက် သူမ၏ ဆန်းကစ်ဘူးဖောက်ဟန်၊ ဖန်ခွက်ထဲ ထည့်ဟန်ကို လိုက်ကြည့်နေသော်လည်း သူမက သူ့ကို ရှိတယ်လို့တောင် မထင်ဟန်ဖြင့် အေးအေးဆေးဆေး လုပ်ကိုင်နေခဲ့သေးသည်။ ဘယ်လို မိန်းကလေး





ပါလိမ့် မရယ်။ အသည်းနှလုံး မရှိတော့ဘူးလား။ တကယ်ဆို 'ချစ်တယ်'ဆိုသော စကားတစ်ခွန်း အရင်ပြောပြီးမှ သည်လို 'လက်ထပ်'ဖို့အထိ အဆင့်တက်သင့်မှန်း သိပေမဲ့ သူက သူမ အလေးထံမှ 'မချစ်နိုင်ပါဘူး'ဟူသော အဖြေကို ရခဲ့မှာ စိုးရိမ်၍ ဒီဘာတွေကို အရင် အပူကတ်ရတာပဲ ဖြစ်သည်။ အရေးကြီးတာက သူမကလေး သူ့ကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ သူ့ဘက်က ချစ်နေရရင် ကျေနပ်သည်။

အခုလို လူကြီးတွေအသိပေးပြီးမှ သူ့ကို သူမ ငြင်းသည်း ဘာများ ပြင်နိုင်တော့မှာမို့လဲဟူသော အတွေးဖြင့် သူမ၏ သဘောထား တစ်ခုခုကိုဖြစ်ဖြစ် တောင်းခံကြည့်မိတာပဲဖြစ်သည်။

"မ ခဏထိုင်ပါဦးလား၊ ဘယ်ကို အရေးတကြီး သွားစရာ ရှိလို့လဲ၊ ဒီအအေးခွက်တွေ သွားပို့ဖို့ဆိုရင် ကောင်မလေးတွေကို ခိုင်းလိုက်ပေါ့၊ ဖေဖေနဲ့ မေမေက မ ခြေဝတ်မကျေလည်း မကို ချစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ အင်မတန်မှ အိမ်ထောင်ပြုစေချင်တဲ့ သူတို့သားကို အိမ်ထောင်ပြုဖြစ်သွားအောင် မက စွမ်းဆောင်နိုင်ခဲ့လို့ပဲ"

"အစီပွားယ် မရှိတာ၊ ဒီမှာ ကိုစာဆို တစ်ဆိတ်လောက် ကျေးဇူးပြုပြီး မကို ဒီအိမ်ထောင်ပြုတယ်၊ လက်ထပ်တယ် ဆိုတဲ့စကား မပြောစမ်းပါနဲ့၊ မ ဘယ်သူ့ကိုမှ လက်ထပ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ မ ဘာတွေ ပြောနေတာလဲ။ အရာရာဟာ ပြီးဆုံးသွားပြီလေ။ ပြင်မရတော့ဘူး မရဲ့။ မ ချက်ချင်း မေ့ပစ်တာလား။ အခုလေးတင် သည်ထမင်းဝိုင်းမှာ မရဲ့အစ်ကိုနဲ့ ကိုယ့်မိဘတွေ သည်မင်္ဂလာပွဲ အကြောင်းကို ဆွေးနွေးတိုင်ပင်ခဲ့ကြသေးတယ်လေ မရဲ့ဟု မ၏ ပခုံးကို ဆွဲလှုပ်ပြီး တရစပ် ပြောပစ်ချင်ရဲ့။ သို့သော် အချိန်မီ ထိန်းချုပ်ခဲ့ရသည်။

သူသည် အတန်ကြာအောင် ငြိမ်သက်သွားသောအခါ သူမထံမှ ဘယ့်နှယ်ရှိစ ဟူသော မျက်နှာပေးဖြင့်။ တစ်ဖန်တွေ့စက အပြုံးတွေဝေသလောက် နောက်ပိုင်းမှာ နည်းပါးကျဲပါးခဲ့သော သူမ၏ မြင်ရခဲသော အပြုံးတလေးဖြင့်။ သို့သော် ထိုအပြုံးက ဝမ်းနည်းစရာပင်။ ခနဲ့ပြုံးဖြစ်နေခဲ့သည်။ မရယ် ကိုယ့်မှာ ဘာချွတ်ယွင်းချက် ရှိလို့လဲ။ မအတွက် အရာရာကို ရင်ဆိုင်ရဲပါတယ်၊ မရဲ့ အတိတ်တစ်ခုကို မသိသေးဘဲနဲ့တောင် ကြိုတင်ခွင့်လွှတ်နိုင်ပါတယ်။

"ဒါပေမဲ့ မကို ကိုယ်က မဖြစ်ဖြစ်တဲ့နည်းနဲ့ ပိုင်ဆိုင်ရအောင် ကြိုးစားရမှာပဲ၊ မကို ကိုယ် လက်ထပ်မယ်"

"ဟုတ်ရဲ့လား၊ သေသေချာချာ စဉ်းစားပြီးမှ ဒီစကားကို ပြောသင့်တယ် ထင်တယ်နော်၊ အချိန်မီသေးတယ် ကိုဇာဆို၊ ပြန်ရုပ်သိမ်းလိုက်ပါလား၊ အဲဒါဆို ကိုဇာဆိုအတွက်





အကောင်းဆုံး ဖြစ်လိမ့်မယ်၊ မက ခင်မင်တဲ့လူ တစ်ယောက်အနေနဲ့ ရေတနာနဲ့ ပြောတာ"

"မ ဘာဖြစ်ခဲ့လို့လဲ၊ အိမ်ထောင်ကျဖူးလို့လား၊ ကလေးမွေးခဲ့ဖူးလို့လား၊ ရည်းစားများခဲ့ဖူးလို့လား၊ ဒါတွေ ကိုယ်အကုန်တွေးကြည့်ပြီးပြီ၊ မရဲ့ လျှို့လျှို့ဝှက်ဝှက်နိုင်တဲ့အမှုအရာတွေကို လေ့လာပြီးကတည်းက ကိုယ် ဒီလိုတွေးကြည့်ခဲ့တယ်၊ ဒါပေမဲ့ ကိုယ် မနဲ့ ပတ်သက်ခဲ့တဲ့အရာရာကို ခွင့်လွှတ်နေချင်ခဲ့တယ်၊ ဒါကြောင့် ကိုယ့်ကို စဉ်းစားပါဦးလို့ ထပ်မပြောပါနဲ့တော့ မ"

"အို ... အံ့သြစရာပဲ၊ လောကကြီးမှာ ရူးသွပ်နေတဲ့ လူတစ်ယောက်လည်း ရှိသေးတတာပဲနော်၊ အခုတော့ မ တွေ့ရပြီပေါ့၊ ဒါပေမဲ့ အဲဒီလူ ရူးတာဟာ စည်းစိမ်ဥစ္စာကို မက်မောလို့ မိန်းမတစ်ယောက်ရဲ့ နောက်ကြောင်းဖြစ်စဉ်ကို ဂရုမစိုက်ဘဲ အပိုင်သိမ်းဖို့ ကြံစည်ရင်း ရူးခဲ့တာနော်၊ ကျွတ် ... ကျွတ် မတော့ မယုံနိုင်လောက်အောင်ပါပဲ"

"ဘာပြောတယ် မ"

ပြောရက်တယ် မရယ်၊ ပြောရက်တယ်။ ထင်လည်း ထင်ရက်တယ်။ ကိုယ် တစ်ခါမှ သည်စည်းစိမ်ဥစ္စာအကြောင်း မတွေးခဲ့ဖူးပါဘူး။ စိတ်လည်း မဝင်စားခဲ့ဖူးပါဘူး။ ကိုသဇော်ပုံရဲ့ ချမ်းသာကြွယ်ဝမှုကို အားမကျခဲ့ဖူးပါဘူး။ ကိုသဇော်ပုံရဲ့ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ရသင့်ရထိုက်တဲ့ အမွေအနှစ်တွေကို တိုးပွားအောင် ကြိုးစားနိုင်ခဲ့တဲ့ ကိုသတ်ပုံကို လေးစားခဲ့ရုံကလေးတင်ပါ။ သည်လို ကောက်ကျစ်တဲ့၊ အောက်တန်းကျတဲ့၊ ယုတ်ညံ့တဲ့ အတွေးမျိုးနဲ့ သည်စည်းစိမ်ကို သက်ဆိုင်ချင်လို့ သည်စည်းစိမ်ရဲ့ တစ်ဝက်ကို ရထားပြီးဖြစ်တဲ့ မကို အပိုင်ချိုင်တာ မဟုတ်ပါဘူး။ ကိုယ့်ရင်ထဲက အချစ်ဆိုတာကို မ မသိဘူးထင်ပါရဲ့။

"ဆောရီး မ၊ ကိုယ် နည်းနည်း သတိလက်လွတ် သွားမိတယ်၊ ကိုယ် မှားသွားပြီ"

သူ့အော်သံ အနည်းငယ်ကျယ်သွား၍ အိမ်ဖော်တချို့ ထမင်းစားခန်းဘက် ခေါင်းပြူကြည့်ကြသည်။ သူ အော်ပြီး မ၏ ပခုံးနှစ်ဖက်ကို ယောင်၍ ဆုပ်ကိုင်မိပြီးမှ အထိတ်တလန့်ဖြစ်ကာ တုန်လှုပ်သွားသော သူ့မကြောင့် သူသည် အရာရာကို ချက်ချင်း ထိန်းလိုက်သည်။ မှားပြီဟူသော အသိက ဝင်ရောက်လာချင်သော်လည်း နောက်ဆုတ်ချင်သည်မှာလည်း စာဆိုသွင်၏ အတ္တပင် ဖြစ်တော့သည်။

သူမသည် ခေါင်းကိုင့်ချကာ လုံးဝ ခေါင်းမဖော်တော့ချေ။ ကျောပြင်ကလေး တသိမ့်သိမ့် ဖြစ်လာသောအခါ သူသည် ဆက်လက်တင်းထားဖို့ ခွန်အား မရှိတော့ချေ။ သူမ ထိုင်နေသော ကုလားထိုင်၏ နံဘေးယှဉ်သည့် ကုလားထိုင်မှာ သူမဘက်လှည့်၍ထိုင်ကာ သူမအား 'မ'ဟု ခပ်တိုးတိုး ခေါ်သံပြု



လိုက်သည်။ ဆံပင်တစ်ခြမ်းကွယ်၍ ငုံ့နေသော မျက်နှာကလေးတွင် မျက်ရည်တချို့တော့ စွန်းထင်နေတော့မည်ဟု အတပ်သိလိုက်လျှင် သူ့ကြောင့် မျက်ရည်ကျရခြင်းအတွက် ယူကျုံးမရ ဖြစ်ချင်ခဲ့သည်။

"ကိုယ်တဲ့ အပြင်ထွက်မှဖြစ်မယ်၊ ဒီမှာ ချန်နေရစ်ခဲ့တာ ကြာပြီ မ၊ မ မျက်ရည်တွေ သုတ်လိုက်ပါဦး၊ ဪ ... ရော့၊ ကိုယ့်လက်ကိုင်ပဝါနဲ့ သုတ်လိုက်"

သူ့စကားအား နာခံလျက် လက်ကိုင်ပဝါဖြင့် မျက်ရည်တို့ကို သုတ်သည်။ ထိုအခါ ဘာမဟုတ်တာလေးကို ကြည့်နူးချင်ပြန်သည်။ အင်း ... အချစ်ဟာ ဘယ်လိုအရာမျိုးပါလိမ့်။ သူ့စိတ်တွေ အခုတော့ အင်မတန်ကို နူးညံ့ခဲ့ပြန်တယ်။ မ သိချင်သည့် သူ့အချစ်ကို မ ယုံအောင် ပြောပြရဦးမည်။

"ကိုယ် မကို လက်ထပ်မယ်၊ မ ဘယ်လိုပဲ စွပ်စွဲပါစေ ကိုယ်ကတော့ မကို ပိုင်ဆိုင်ရမှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲ သိလား၊ မကို ချစ်လို့၊ မကို စတွေ့ကတည်းက ချစ်တယ်၊ ဒုတိယအကြိမ် တွေ့ရတဲ့ နေ့တုန်းကလည်း ချစ်တယ်၊ ဒီနေ့ကို တမင် ရွေးချယ်လိုက်တာရော ဘာကြောင့်လဲဆိုတာ မ သိလား၊ အင်း ... သိမှာ မဟုတ်ဘူး ထင်ပါရဲ့၊ ဒီနေ့က ချစ်သူများနေ့ပေါ့၊ ဒါကြောင့် မကို ဒီနေ့မှာ ဖေဖေ မေမေ တို့နဲ့အတူ လာတောင်းရမ်းတာ၊ ချစ်သူများနေ့ အမှတ်တရ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမ ယုံသည်၊ မယုံသည်ကို သူ ဂရုမစိုက်ချေ။ ပြောချင်တာကို ပြောပြီးသည့်အဆုံးမှာ သူမ၏ နားထင်အစပ် မျက်လုံးထောင့်ကလေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်မိသည်။ မထင်မှတ်ထား၍ သူမ မရှောင်နိုင်ခဲ့သော်လည်း ခပ်မြန်မြန် ထရပ်ကာ ထွက်သွားဖို့ ပြင်ဆင်သည်။

သူက အလျှင်အမြန် ထလိုက်သွားကာ ...

"စိတ်မဆိုးပါနဲ့ မရယ်၊ မကို ချစ်လို့ပါ"

ဟု တောင်းပန်မိသေး၏။ သို့သော် သူမသည် အင်မတန်မှ မာကျောသော မိန်းမဖြစ်ကြောင်း သိခွင့်ရခဲ့လေသည်။ လုံးဝအရိပ်ကင်းစင်သော မျက်နှာဖြင့် ပြန်လည်မော့ကြည့်လျက် တုံ့ပြန်နိုင်ခဲ့သည်။

"အဲဒီ 'ချစ်တယ်'ဆိုတဲ့ ရှင့်စကားကို မှတ်ထားပါ၊ မရဲ့ အကြောင်းတွေ ပြောပြပြီးတဲ့အခါ ရှင် အဲဒီစကားကို ထပ်ပြောနိုင်သေးတယ် ဆိုရင်တော့ စစ်မှန်တဲ့စကားလို့ အဲဒီကျမှ ယုံကြည်ပါ့မယ်၊ ခုလောလောဆယ်တော့ ကျွန်မဟာ ရှင့်ရဲ့ ဖြားယောင်းမှုကို မကျေမနပ် လက်ခံနေရဦးမှာပဲ"

သူ မျှော်လင့်ခဲ့တာက ရှက်ရိပ်သမ်းသော မျက်နှာကလေးကိုဖြစ်ဖြစ်၊ ဒေါသထွက် ရန်တွေ့လိုသော မျက်နှာကလေးကိုဖြစ်ဖြစ်၊ မကျေမနပ်ဖြစ် သူ့ကို ဆုရိုက်မှာကိုပဲ ဖြစ်ဖြစ်ပေါ့





သို့သော် သူမသည် ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ စကားချက်များ လေသလား။ ခုနက မျက်ရည်ကျခဲ့တယ်ဆိုတာရော တကယ်များ ဟုတ်ပါ့မလား။ ခုနက သူ့ကို ရွပ်ချွံခဲ့တာရော သူ တကယ်ပဲ ကြားခဲ့ရလို့လားဟု မေးယူရအောင် တည်ငြိမ်တင်းမာလွန်းနေခဲ့တော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၇

သူဟာ မရဲ့ ဘဝထဲကို မရဲ့ အက်ကွဲပြီး တစ်
ဖြစ်နေသော နှလုံးသားထဲကို ဝင်ရောက်နိုင်ခဲ့သောသူ ဖြစ်
သည်။ မ၏ တည်ငြိမ်စ နှလုံးသားကို ဒုတိယမြောက် လှုပ်
ရှအောင် အစွမ်းအစရှိသူလည်း ဖြစ်သည်။ မသည် သူ့ကို ချ
ပြီဟု သေချာသွားခဲ့ချိန်က ဘယ်အချိန်လဲ မသိခဲ့ပါ။ ဘယ်တု
ကတည်းက မ၏ ရင်ထဲမှာ တည်ခဲ့တဲ့ အချစ်ပါလိမ့် ဟူ၍လည
မခန့်မှန်းတတ်ပါ။ သို့သော် မသည် ထိုသို့ သူ့အား ချစ်မိပြီ
သေချာသွားခဲ့သောအခါ သူ့အား တစ်နေ့ ဖွင့်ပြောမည်ဟု
မ၏ အတိတ်များကို ဖွင့်ဟရမှာ မဝံ့မရဲ ဖြစ်ခဲ့လေသည်။

အဘယ့်ကြောင့်ဆိုသော် မ၏ အတိတ်ကြောင့်
တော်တော်များများ၏ ထင်မြင်ယူဆချက်အတိုင်း သူလည်း ယူ



မှာကို စိုးရိမ်သည်။ သူက မကို ချန်ရစ်ခဲ့မှာကို မလိုလားပါ။
မကို မချစ်နိုင်တော့မှာကို အစိုးရိမ်ဆုံးတည်း။ မ သူ့ကို ပိုင်ဆိုင်
မရရင်နေပါ၊ သူ့အချစ်ကိုတော့ မ ရှိနေချင်ခဲ့သည်။ အဲဒါ
ရှုးသွပ်မှုကလေးတည်း။

သူ နာကြည်းအောင်၊ သူ နောက်ဆုတ်သွားအောင်၊
လက်လျှော့သွားအောင်၊ သူ ရှက်သွားအောင် မက ဖြစ်နိုင်
ရန်တွေ့မိသေးသည်။ ယောကျ်ားကောင်းတစ်ယောက်
သော သူက မရဲ့ ပိုင်ဆိုင်မှုဖြစ်သော ကိုကြီးရဲ့ စည်းစိမ်
တစ်ဝက်ကို မမက်မောမှာကို မ သိနေခဲ့သည်။ သို့သော် မသည်
ပြောပစ်ပြီး သူ့ကို နှိမ့်ချခဲ့သည်။ သူက အုံ့ဩစရာကောင်း
မကို စိတ်မဆိုးခဲ့ချေ။ မ၏ စကားကို မနာကျင်ခဲ့ချေ။

မသည် ဝန်မခံရခင်ကတော့ သူ့ကို ဖွင့်ပြောပြီး
ခံပစ်မည်ဟု ကြုံးဝါးခဲ့သော်လည်း အမှန်စင်စစ် ရင်ဆိုင်ရတော့
ချင်း ထုတ်ပြောဝန်ခံရမှာ သတ္တိနည်းနေခဲ့သေးသည်။ ထိုသတ္တိ
ရခြင်းအား မ၏ သူ့အပေါ် တွယ်တာချစ်ခင်ခြင်းတည်းဟု
သံယောဇဉ်ကြီး ခိုင်ခိုင်တို့ကြောင့် ဖြစ်မည်။ ဒါပေမဲ့ မ
ကို ဖွင့်ပြောရပါမည်။ သူ့ထံမှ သံသယ ကင်းရှင်းသော ချစ်ခြင်း
ရရှင်ပါသည်။

မသည် သူ့ကို ချစ်မိ၍ ဝမ်းနည်းကာ မျက်ရည်ကျမိ
သည်။ သူ့ကို မဖွင့်ပြောလိုက်ရင်များ သူ မကို ထားသွားခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



မလားဟုသော အတွေးက စတင် ခြောက်လှန့်၍ ဖြစ်သည်။ တစ်
သူက မကို အမှတ်တရဖြစ်ကာ တသသဖြစ်အောင် လက်ဆော
ပေးခဲ့ပြန်သည်။ နားတင်စပ်ကလေးသည် ယခုထိ နုးညွှံ့သော
အထိအတွေ့တစ်ခုကို သတိတရဖြင့် နွေးထွေးဆဲ ဖြစ်သည်။

မရဲ့ ဗာလင်တိုင်းနေ့ (Valentine Day) ချစ်သူမျ
နေ့ကို တစ်သက်လုံး ဘယ်တော့မှ မမေ့တော့ချေ။ မအတွ
ချစ်သူပေးသော ပန်းတစ်စည်း၊ ချစ်ခြင်းတစ်ခု၊ မျက်ရည်တ
နှင့် အနမ်းတစ်ခုတို့ကို ပိုင်ဆိုင်လိုက်ရ၍တည်း။

သူ ပြန်သွားပြီးသောအခါ မသည် အချိန်တော်တော
အကြာကြီး ငြိမ်သက်နေမိခဲ့သည်။ ကိုကြီးသည် မရဲ့ အရိပ်အ
ကို လှလာနေတာတောင် သတိမပြုမိချေ။ သိပ်ကြာလာတော
ကိုကြီးသည် သည်းမခံနိုင်တော့ဟန်ဖြင့် မအား စတင် စကား
၍ မ၏စိတ်တို့ သူ့ဆီ တစ်ပိုင်းတစ်စ ပါဝင်သွားခြင်းအား ဖြ
လည်ခေါ်ယူ ရစည်းရလေသည်။

"ညည်း စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ၊ မပြောတတ်
ဆိုရင်တောင် ကိုကြီး သဘောပါလို့ ပြောလိုက်ရင် ပြီး
ကိစ္စကို တိုင်ပင်ပါမယ်၊ ဆွေးနွေးပါမယ် ပြောနေရ
တယ်၊ စာဆိုက ခွင့်လွှတ်စိတ်နဲ့ လက်ခံနိုင်ပေမဲ့ သူ့မိ
တွေက ညီမလေးကို အပြစ်မြင်ရင် မကောင်းဘူး
တကယ်တော့ ညီမလေး ကံကောင်းပါတယ်၊ စာဆို





အတွဲသာ များတယ်၊ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး၊ သူ့မိဘ
တွေကိုလည်း အသိတောင် မပေးဘူး၊ သိရင် သား
ကို လက်ထပ်ဖို့ အရွယ်ရောက်နေပြီဆိုပြီး အတင်းလက်ထပ်
နိုင်မှာစိုးလို့တဲ့၊ ငါ့ကို အရင်ကတည်းက အကုန်ပြောပြခဲ့
တယ်၊ သူက ရည်းစားသာများတယ်၊ အပျော်သာ တွဲတယ်၊
အင်မတန်သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက်ပေါ့၊ သူ့ကြောင့်
ဘယ်မိန်းကလေးမှ နာမည်မပျက်စေခဲ့ရဘူး၊ ငါ အဲဒီက
တည်းက သဘောကျနေခဲ့တယ်၊ ညီမလေးအတွက် သူဟာ
အသင့်တော်ဆုံး ယောကျ်ားတစ်ယောက် အဖြစ် စိတ်ကူးယဉ်
ခဲ့တယ်၊ ဒါပေမဲ့ ညီမလေးကို သဘောကျပါစေရယ်လို့တော့
တစ်ခါမှ ဆုမတောင်းပေးခဲ့ပါဘူး၊ အခုတော့ သူ့သဘောနဲ့
သူ ညီမလေးကိုမှ သဘောတကျ ရွေးချယ်ခဲ့တာ၊ ဖူးစာမှန်
လို့ ဆုံစည်းရတာပဲပေါ့"

"မ,မှာ အရင်တုန်းက သူများတွေ အထင်မှားခဲ့တဲ့ အဖြစ်
အပျက်တစ်ခု ရှိခဲ့တာ ကိုကြီး ပြောပြဖို့ သင့်တယ်၊ ဒီလို
ဖုံးကွယ်တာတော့ မကောင်းဘူး"

"ဘယ်သူတွေ ဘယ်လောက်များ သိလို့လဲ၊ ညီမလေးရဲ့
သူငယ်ချင်း အသိုင်းအဝိုင်းလောက်သာ မလိုတမာ ပြောကြ
တာပဲ၊ အဲဒါ ညီမလေးကို မနာလိုလို့ ပြောကြတာ ကိုယ်
ကိစ္စမဟုတ်ဘဲ ဒီလောက်ထိ စိတ်ဝင်တစား သတိရကြမဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေလည်း မဟုတ်ပါဘူး၊ ဒါကြောင့် ဓာတ်လမ်းရှပ်မှာ စိုးလို့ ငါဖုံးကွယ်ပစ်လိုက်တာ၊ ဓာဆိုနဲ့ ညီမလေး သူငယ်ချင်း အသိုင်းအဝိုင်းက ဆက်စပ်မိဖို့ အဝေးကြီးပါ၊ အလကား ဘာမဟုတ်တဲ့ အမည်းစက်သေးသေးကလေးနဲ့ အမှုအထစ် မဖြစ်စေချင်ဘူး၊ အရေးကြီးတာက ဒီအကြောင်းတွေမပြောဖို့ နှင် ပါးစပ်လုံဖို့ပဲ"

"သူက တကယ်တော့ မကိုချစ်တာ ဟုတ်လို့လား၊ မရဲ့ ပိုင်ဆိုင်မှုကို လိုချင်လို့ရော မဖြစ်နိုင်ဘူးလား၊ ကြည့်လည်း လုပ်ပါ ကိုကြီးရယ်၊ တွေ့တာကဖြင့် တစ်လကျော်ကျော်က လေးမှာ၊ အဖြစ်အပျက်တွေက သိပ်မြန်ဆန်လွန်းနေတယ်"

မ ကိုယ်တိုင်ကရော သူ့ကို တွေ့တာဖြင့် သိပ်မကြာ သေးခင်ကလေးမှာ ချစ်မိခဲ့တာပဲ၊ ဒါလည်း လွန်တာပဲပေါ့။ သိပ် မြန်နေတာပဲပေါ့နော်။ သူကတော့ မကို အရင်ကတည်းက ဓာတ်ပုံ ကြည့်ပြီး မြင်ဖူးနေခဲ့၊ ကိုကြီးပြောသော မ အကြောင်းတွေ ကြား ဖူးနေခဲ့ပေမဲ့ မသည် သူ့ကို အခုမှသာ စတင်မြင်ဖူးခဲ့တာပဲ ဖြစ် သည်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကမှ သူ့အကြောင်းတွေ ကိုကြီးဆီက စပြီး ကြားဖူးတာ ဖြစ်သည်။

"ဓာဆိုမှာ ဒီလိုစိတ်ဓာတ် မရှိဘူးဆိုတာ ငါ သိတယ်၊ ငါက လူကဲခတ် မညံ့ပါဘူးဆိုတာ ညီမလေး အရင်ကတည်းက သိပြီးသားပဲ၊ ညီမလေးကသာ မယုံခဲ့တာ"





မတော်ရသေးခင်ကတည်းက သူ့စိတ်ကူးနဲ့ ယောက်ျား ကြီးချင်းထပ်အောင် ခေါ်နေနှင့်သော ကိုကြီးသည် ဓာဆိုသွင့် ဘက်မှ အပြည့်အဝ ရပ်တည်ထောက်ခံနေပြန်သည်။ မသည် အရောရောကို ပျော်ရွှင်သင့်ပါလျက် မပျော်ရဲသေးပါ။ မ၏ စိတ်ကူးကို အကောင်အထည် ဖော်ပြီးမှသာ ဖြစ်ပေါ်လာမည့် အဆိုးအကောင်း တို့လိုက်၍ ခံနိုင်ရည်ရှိခဲ့ရုံမင် ဖြစ်သည်။

"တစ်ခုတော့ မှာထားမယ်၊ ညည်းတို့ လက်ထပ်ပြီးရင်လည်း ငါ့ခြံထဲမှာပဲနေဖို့ ငါ စီစဉ်ထားပြီးသား၊ ဒါကြောင့် ဟိုဘက် ခြမ်းက မြေကို အစောကြီးကတည်းက တိုက်ဆောက်ခဲ့ တာပေါ့၊ လောလောဆယ်တော့ ရိုက်ကွင်းသုံး အိမ်ကလေး ပေါ့၊ အမှန်က ညည်းအတွက် ရည်ရွယ်ပြီး ဆောက်ထား ခဲ့တာ"

"မဟုတ်သေးဘူး ကိုကြီးရယ်၊ မ တစ်ခုခုကို ကြောက်နေ သေးတယ်၊ မ သူ့ကို ဒီအတိုင်းကြီး လက်မထပ်ရဲဘူး၊ မ ပြောပြချင်တာတွေ ပြောပြမှ ဖြစ်မယ်၊ နို့မို့ မ တစ်သက် လုံး လိပ်ပြာမသန့်ဘဲ ဖြစ်နေရလိမ့်မယ်"

"ညီမလေးရယ် ငါ မပြောနဲ့ဆိုရင် မပြောဘဲ နေလိုက်ရင် အကောင်းဆုံးပဲ"

ကိုကြီးသည် မအား ချော့မော့ချင်ဟန်ဖြင့် မ၏ ယ်ထိပ်အား လက်ဖဝါးဖြင့် အုပ်ကိုင်ထားခဲ့ပြန်သည်။ မသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး မကြားလိုက်လှသော နာမည်တစ်ခုအား ခပ်တိုးတိုး ရွတ်လိုက်မိသည်။

"မင်းဝတ်နဲ့ ပတ်သက်တဲ့"

ထိုစကားစကလေး၏ အဆုံးတွင် ဝုန်းခနဲထကာ 'တော်စမ်း'ဟု ခပ်ကျယ်ကျယ် ဘားမြစ်လိုက်သည်။ မသည် 'မင်းဝေ'ဟူသော နာမည်ကလေးသည် ကိုကြီးအား အလဲထိုးခဲ့လေတော့သည်။

ခုနက တက်ကြွမှုများလည်း ပျောက်ကွယ်ဖို့ အစွမ်းအစ ရှိခဲ့ပြန်တော့သည်။

"နင် မင်းဝေအကြောင်း၊ မင်းဝတ်ဆိုတဲ့ နာမည် ရေရွတ်သံတွေ ထပ်ပြောဖို့ ရှိသေးတယ်ဆိုရင် ငါ့ကို တစ်သက်လုံး အစ်ကိုတော်စရာ မလိုဘူး၊ အဲဒါ မြဲမြဲမှတ်ထားလိုက်စမ်း"

မင်းဝတ်တဲ့ မင်းဝတ်က ကောင်းပါတယ် ကိုကြီးရဲ့။ မ အပေါ် ကောင်းခဲ့ပါတယ်။ သူ ပေါင်းသင်းခဲ့တဲ့ မိတ်ဆွေတွေကသာ မကောင်းခဲ့တာပါ။ ဒါကြောင့် မင်းဝတ်လည်း မကောင်းခဲ့ဘူး။ ဒါပေမဲ့ မ အပေါ်မှာ မတို့ နောက်ဆုံးတွေ့ကြတဲ့အချိန်ထိ ကောင်းခဲ့တယ်ဆိုတာ ဘယ်သူ့ကိုပြောပြော ယုံကြမှာမှ မဟုတ်တာ။ သူတို့ မယုံရအောင် မ ကိုယ်တိုင်က အဲသည်အချိန်အခါနဲ့ တိုက်ဆိုင်သွားရအောင် မင်းဝတ် အရွဲ့တိုက်နေမိလို့ပါ။





မင်းဝတ်ကြောင့် မ ဆယ်တန်းကို မနည်းအောင်အောင် ဖြေခဲ့ရတယ်။ မ ဖြစ်ချင်တဲ့ ဆရာဝန် မဖြစ်ခဲ့ရဘူး။ နောက်ပြီး မ ချစ်သော ကိုကြီးနဲ့ နှစ်နှစ်လောက်ခွဲပြီး နေခဲ့ရတယ်။ ပြီးတော့ မ,ဟာ အရာရာကို ရင်ဆိုင်ရမှာ မဝံ့မရဲဖြစ်ခဲ့ရတယ်ဟူသော ဆုလာဘ်တွေ ရခဲ့ပေမဲ့ မင်းဝတ်ကြောင့်လို့ တစ်ခါမှ အပြစ်မတင်ခဲ့ဘဲ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ခဲ့သော မိန်းမ ဖြစ်သည်။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com








အလယ် ...

(၁၉၈၅-ခုနှစ်၊ ဇွန်လ)

www.burmeseclassic.com

www.burmeseclassic.com







၁၉၈၅-ခုနှစ် နွေလ၏
ပထမဆုံး ရက်သတ္တပတ်

# ဋု ၀ ကြော်

မဆည် ဒေလီယာ အင်္ကျီတလေးကို စပ်စုနေရဲ့ ဆလောက် နှောက သည်နေ့မှ စတက်ရသော ဝိုင်းကျူးရှင်ကလေးမှာ လူစုံစုံလင်လင် မရှိသေးဘဲ အချိန်တွေပဲ ကုန်နေတာကို မြေမြာတသချင်နေသည်။ အဖြူရောင် အင်္ကျီကလေးတွေသာ ကြိုက်တတ်သော မအတွက် ဒေလီယာမာမီ ဝယ်ပေးသော အင်္ကျီအဖြူကလေးကို ဒေလီယာ ဝတ်ဆင်လာခြင်းအား သဘောကျဟပ် ဈေးနှုန်းကို စုံစမ်းလျက် ကိုကြီးနဲ့ နောက်နေ့မှာ ဈေးထဲသွားမည်ဟု စိတ်ကူးလျက်။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်စကတည်းက သေသေချာချာ လုပ်ဖို့ကောင်းမှန်း သိရဲ့နဲ့ တခြားလူတွေက စုံကို မစုံနိုင်အောင် ဘယ်အလေ လိုက်နေတာလဲ မသိဘူး၊ ဆရာကလည်း အတော်ဖြစ်နေပြီ သင်ချိန် နှစ်နာရီထဲက ခိုးလို့ရသမျှ ခိုးနေတာပေါ့၊ တစ်ပတ်၊ နှစ်ပတ် တက်ကြည့်လို့မှ မဟာန်ရင် ဝိုင်းပြောင်း မယ်၊ နင်တို့နှစ်ယောက်ကိုလည်း မထားခဲ့ဘူး၊ ငါနဲ့ တစ်ခါတည်း ပြောင်းတက်ကြ၊ ဒီတွေ အများကြီးနဲ့အောင်မှ နောင်နှစ်မှာ အေတန်းကို အတူတူ တက်ရမှာ"

စန္ဒာသည် ကျွတ်ကျွတ်ညံအောင် အကျိုးရှေးနှုန်းတွေ ဆွေးနွေးနေသော မတို့နှစ်ယောက်အား သူ၏ အစီအစဉ်များကို အတင်းဝင်ဆွေးနွေးလေသည်။

မသည် ဆရာဝန်ဖြစ်ချင်တယ်သာ ကြွေးကြော်တတ် ပြီး တကယ့် တကယ်ကျတော့ စာကို စန္ဒာလောက် စိတ်မဝင် စားတတ်သူဖြစ်၍ အကျင့်တူသော ဒေလီယာနဲ့အတူ စန္ဒာ ညည်း ညူမှုကို ကျိတ်ဟားရသည်မှာ အမြဲပင်။ စနေ တနင်္ဂနွေ ကျောင်း ပိတ်ရက် နံနက်ခုနစ်နာရီမှာ စတင်သော ဝိုင်းကျူရှင်ကလေးသည် ဒေလီယာ့အိမ်မှာ လုပ်ဖြစ်ကြသည်။ အနည်းဆုံး လူရှစ်ယောက် ဆယ်ယောက်ထက် မပိုစေရဆိုသော စန္ဒာ့ စည်းကမ်းအတိုင်း သည်ဝိုင်းကျူရှင်ကလေးမှာ လူဆယ်ယောက်သာရှိပြီး မိန်းကလေး ခုနစ်ယောက်၊ ယောကျ်ားလေး သုံးယောက်သာ ရှိသည်ဟု



အကြမ်းဖျင်း သိထားသည်။ သို့သော် အဲသည် ယောကျ်ားသုံး ယောက်ထဲမှာ မအတွက် ပြောင်းလဲခြင်းတွေကို သယ်ဆောင်ပေး နိုင်မည့် မင်းဝဏ် ပါလာလိမ့်မည်လို့ မ သိမထားခဲ့ချေ။ မသည် အဲသည်အချိန်က အချစ်ဆိုတာ တစ်ခါမှ တောင် မတွေးဖူးသော ကောင်မလေး ကလေးလေးပဲ ဖြစ်လေသည်။

"လူစုံရင် စမယ်ဟေ့"

ဆရာက နာရီကြည့်ရင်း အော်သည်။ လူရေကြည့် တော့ ကိုးယောက်သာ ရှိသေး၍ ...

"နောက်တစ်ယောက် မလာဘူးလား"

ဟု မေးသည်။ ရောက်နှင့်နေသော ယောကျ်ားလေး နှစ်ယောက်ထဲမှ တစ်ယောက်က ပြောသည်။

"မင်းဝဏ် မလာသေးတာပါ ဆရာ၊ လာပါလိမ့်မယ်"

ဆရာက ခေါင်းညိတ်ရင်း သင်္ချာစာအုပ်ကို စကိုင် သလျှင် အားလုံးက အဆင်သင့် ဖြစ်နေခဲ့ပြီ။ ဒေလီယာကသာ 'အသည်းလည်းကြီးတဲ့ မင်းဝဏ်' ဟု အနည်းငယ် ရေရွတ်လိုက်တာပဲ ဖြစ်သည်။ မသည် ဒေလီယာ့ အကျိုးဖြူလေးလောက် မင်းဝဏ် ဆိုသော နာမည်ကို စိတ်မဝင်စားခဲ့ချေ။ ပြီးတော့ စန္ဒာ၏ 'ခုနစ် နာရီခွဲမှ စတယ်' ဆိုသော ညည်းညူမှုကိုလည်း နားကြားရသေး သည်။ ရှစ်နာရီ တဒင်္ဂ မြည်သံအကြားမှာ တာသင်ခြင်းက ကောင်လေး ခရီးရောက်နေချိန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာ့ အိပ်စ်ကျူးမီး၊ အိပ်စ်ကျူးမီး၊ ဟဲ ... ဟဲ ... ဟဲ"

စာသင်ရာ အခန်းကလေး၏ ဓေ့ထားသော တံခါးကို ဝုန်းဝုန်းဒိုင်းဒိုင်း တွန်းဖွင့်လျက် ရယ်ကျဲကျဲဖြင့် အော်ပြောလိုက်ခြင်းမှာ စာသင်ခြင်းကို စိတ်ဝင်စားနေပြီဖြစ်သော အားလုံး၏ အာရုံသည် နောက်ကျစွာ ဝင်ရောက်လာသူထံသို့ အလိုအလျောက် ရောက်သွားကြတော့သည်။

မသည် ထိုင်နေရာမှ လည်ပင်းကလေးလိမ်၍ အနောက်ဘက် တံခါးပေါက်သို့ လှည့်ကြည့်လိုက်လျှင် နောက်ကျသော ကောင်ကလေးကို တွေ့ရသည်။ ထိုကောင်ကလေးသည် အသားဖြူသည်။ မျက်လုံးကလေးတွေက မမှေးသော်လည်း ဆရာကို ပြုံးရယ်ပြနေ၍ မှေးမှေးကလေးဖြစ်ကာ သူ့မျက်အိမ်တွေက ရှည်ရှည်ကလေးဖြစ်ကြောင်း သတိထားမိသည်။ သူ့ဆံပင်က အလယ်တည့်တည့်ခွဲပြီး သွားတွေက အရှေ့နဲ့ တစ်ညီတည်းဖြစ်ပြီး ကုပ်ထောက်ချင်နေသည်။ ကျောင်းက ဆရာတွေ မဆူဘူးလားမသိပါ။ အထက်တန်း၊ အလယ်တန်း၊ ကျောင်းသားကလေးတွေမှာ ဆံပင်ကို အဲသည်လောက်ထိ အရှည်ထားခွင့် မရှိကြောင်း ... သိသည်။

"နောက်နေ့တွေမှာ နောက်မကျနဲ့ပေါ့ကွာ၊ ဒီနေ့ဆိုရင် မင်း နောက်ကျတာ တစ်နာရီတိတိ ရှိတယ်"





"ဟုတ်ကဲ့ ဆရာ"

စန္ဒာကတော့ ဆရာ့နောက်ကျမှုကို မကြည့်မလင် ...နေ၍ 'ဆရာကတော့ နာရီဝက်နောက်ကျတာ ပြောဦး'ဟု ...ိုးတိုး ရွဲ့လိုက်သေးသည်။ မသည် စန္ဒာ့ စကားကို ကျိတ်ရယ် ...ာ ထိုကောင်ကလေးသည် သူ့ကို ရယ်သည်ထင်ကာ မအား ...ောင်းတိုးသည်။ အို ... အို ယောကျ်ားလေးဖြစ်ပြီး မျက်စောင်း ...တ်တယ်တော်ဟု မ အနည်းငယ် သတိပြုမိသွားရသည်။

ထိုကောင်ကလေးသည် အထဲက စပို့ရှပ်တစ်ထည် ...င်ထားပြီး အပြင်က ရှပ်လက်ရှည်တစ်ထည်ကို ရင်ဘယ် ...သီးတွေဖွင့်ပြီး ဝတ်ဆင်ထားသည်။ ပိုပြီးဆိုတာက ထိုကောင် ... ဝတ်ဆင်ထားသော စကောစကေ ဘောင်းဘီကြီးပါပဲ၊ ခူးဆစ် ...ာရှည်ပြီး ထိုဘောင်းဘီဟာ ပုံမကျ ပန်းမကျနဲ့။ ပွရောင်း ...ိုလို၊ တရုတ်ဘောင်းဘီ ပုံစံလည်း မဟုတ်ချေ။ ပြီးတော့ ...ျောက်ဟန်ကလည်း ပြေပြေချင်စရာပင်။ တစ်ကိုယ်လုံး ...လျက်။ ခေါင်းကို ခါယမ်းသဖွဲ့သို့ဖြစ်လျက် ဆံပင်တွေက ...ဖွင့်ကာ လက်တွေကလည်း စည်းချက်ညီညီ လှုပ်ရှားလို့။ ...သား နှစ်ဖက်ကလည်း လက်တွေအတိုင်း လှုပ်ရှားယိမ်းက ...ည့်လိုက်ရဝ် သူ့ပုံစံက လမ်းလျှောက် နေပုံနဲ့မတူဘဲ သီချင်း ...ခွင့်ပေးလို့ ကရင်း လမ်းလျှောက်နေသလိုမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အင်မတန် ကြည့်ကောင်းတာတော့ ဝန်

ချင်သည်။ တစ်ခုတော့ အံ့သြစရာကောင်းသည်။ အဲဒါကတော

ထိုကောင်ကလေးကို မ ထပ်ခါထပ်ခါ ခိုးကြည့်ချင်တာပဲ ဖြစ်သည

"ကျုပ်ရှင် အစောကြီး တက်ရတာ အိပ်ရေးပျက်တယ

ဒေလီယာဆိုတာ ဘယ်သူလဲ၊ အဲဒီမိန်းကလေးက ကျ

အချိန်ကို အစောကြီး သူ့အိမ်မှာ စနိုင်အောင် အစော

နီးတယ်ထင်တယ်၊ သူနီးတာ အရေးမကြီးဘူး၊ ငါ

အိပ်ပုပ်ကြီးတဲ့ကောင်က မာမီနဲ့ အိပ်ရာနိုးမှုကြောင့်

အမြဲဖြစ်ပြီး ကျုပ်ရှင် လာတက်ရလိမ့်မယ်၊ မင်းတို့က

အကျိုန်ပြန်ညီဖို့ မစဉ်းစားဘူးလား။ ဘယ်စဉ်းစား

မင်းက ဒေလီယာ့ကို ကြိုက်နေတာဆိုတော့ ဒေလီ

အကြိုက်ပေါ့၊ ဟော့ ... နေစမ်းပါဦး ဝါ ဒေလီယ

မတွေ့ဖူးသေးဘူး၊ ငါ့ကို ပြစမ်းပါ၊ အား ... ဗိုက်

ဆာတယ်ကွ၊ မာမီနဲ့ ရန်ဖြစ်နေရတာနဲ့ ဘာမှ

ရဘူး၊ ရန်လေး မင်းမှာ ပီကေ ပါလား၊ ငါ့မှာ ကုန်

ခဏချေးကွာ၊ ပီကေဝါးရရင် နည်းနည်း အဆာပြေ

မယ် ထင်တယ်"

စောစောက ငြိမ်နေခဲ့သော ကောင်လေးနှစ်

သည် မင်းဝဏ်၏ ဦးဆောင်စကားပြောမှုကြောင့် တိုးတိုး

နှင့် လှုပ်လှုပ်ရှရှ ဖြစ်လာကြသည်။ အတော်စကားပြေ



ကောင်ကလေးပဲ ဖြစ်သည်။ တစ်ယောက်တည်း ဦးဆောင်ပြီး

ကားပြောတာက များသည်။ စာရေး လိုက်နားထောင်ရုံ့လား

သိ။ စန္ဒာက စကားများသော ကောင်ကလေးကို မျက်စောင်း

ည့်ထိုးသည်။ ဒေလီယာက သူ့အကြောင်း စကားဝိုင်းထဲပါနေ

နားစွင့်နေပုံရသည်။

မ ထိုင်သော နေရာမှဆိုလျှင် ထိုကောင်ကလေးကို

သေသေချာချာ မြင်ရသည်။ ထိုင်ခုံတွေနှင့် စားပွဲတွေကို လခြမ်း

ပုံ စီထားပြီး ဆရာက ရှေ့တည့်တည့် ကျောက်သင်ပုန်း

မှာရပ်၍ စာသင်ရုံမို့ ကျောင်းသားတွေ အကုန်လုံးကို ဆရာ

တွေ့နိုင်အောင် နေရာချထားခြင်း ဖြစ်သည်။ အခုတော့ မ

ထိုင်ရာ ဘယ်ဘက်ထိပ် ထောင့်စွန်းနဲ့ ထိုကောင်ကလေးထိုင်ရာ

ညာဘက်ထိပ် ထောင့်စွန်းတို့က မ အနေနဲ့ ထိုကောင်ကလေးကို

အမြဲ မြင်နေရစေတော့သည်။

"စကားမများနဲ့ဟေ့ စကားများရင် စာသင်တာကို အနှောင့်

အယှက်ပေးမှန်း သိကြရဲ့သားနဲ့၊ နောက်တစ်ခါ စကားများ

တာတွေ့ရင် စကားစပြောတဲ့ သူကို ဒဏ်ငွေကောက်မယ်"

"အဲဒီ ဒဏ်ငွေတွေ ဘာလုပ်မှာလဲ ဆရာ"

မင်းဝဏ်သည် သူ့ကို တိုက်ရိုက်ဆူမှန်းသိလျက်

ဆရာ့ကို ပြောင်ချော်ချော် မေးလေသည်။ ဆရာသည် စိတ်မဆိုး



www.burmeseclassic.com

www.burmeseclassic.com

"စဘူးထဲထည့်ပြီး စုထားမယ်၊ နှစ်ကုန်ရင် မဲဖောက်
ပေါက်တဲ့လူကို အဲဒီ စုဘူးနဲ့အတူ အထဲက ပိုက်ဆံ
အကုန်ပေးမှာပေါ့"

ဟု ပြန်ဖြေသည်။ မင်းဝဏ်သည် 'ဟော့ ... 
စရာကြီး' ဟူ၍ ထအော်လိုက်သေးသည်။ စန္ဒာက အင်မတ
စိတ်ပျက်လှဟန်ဖြင့် မျက်ခုံးတွေ တွန့်ချိုးနေတော့သည်။ သည်
က လူမသန့်ဘူးလေး ဘာလေးနှင့် ညည်းညူသေးသည်။ အင်
မဟုတ်သေးပါဘူးကွယ်။ စန္ဒာ့စကားက မဟုတ်သေးပါဘူ
လူသန့်ချင်ရင် အစောကြီးကတည်းက ဝိုင်းကို စစ်ဆေးပြီး
တက်ပါလား။ စန္ဒာတို့လို အတော်တွေ စုတက်ကြတဲ့ ဝိုင်း
ပေါ့။ အခုတော့ မနဲ့ ဒေလီယာကို မခွဲနိုင်ပါဘူးဆိုပြီး သူ့သဘော
သူ လိုက်စက်ပြီးတော့များ အံ့ပါ ... အံ့ပါ့။

မသည် ထိုကောင်ကလေးဆီ ထပ်မံ မျက်လုံးရော
မိလျှင် ထိုကောင်ကလေး၏ ရုပ်ပုံကလေးကို မ မြင်ဖူးသလို
ရှိလိုက်တာဟု ထင်မိသည်။ ဟုတ်ပြီ သေချာပါတယ်။ သူ့
မျိုးနဲ့ ကောင်ကလေးပေါ့။ မတို့အိမ်မှာ အမေရိကားက 
ညီမတွေ ပို့လိုက်တဲ့ ဝေါလ်ရှီထ်ထဲမှာ တွေ့ဖူးတယ်။ အဲသ
မင်းသားလေးက အခုမှ တက်သစ်စ မင်းသားလေးတဲ့။ အသ
နှစ်ဆယ်လောက်ပဲ ရှိသေးတယ်တဲ့။ ဖေဖေ့ ညီမတွေရဲ့ သမီး
အသည်းစွဲမို့ မအတွက် လက်ဆောင် ဝေါလ်ရှီထ် ပေးလိုက်





တဲ့။ နေဦးပါဦး ... သူ့နာမည်ကလေးက အဲသည် ညီမဝမ်းကွဲ ဆွေတောင် စာထဲမှာ ထည့်ပြောပြလိုက်သေးတယ်။ တောင်တန်းများပေါ်မှ လေပြည် လေညင်းဆိုလား အဓိပ္ပာယ်ရသတဲ့။ သိပြီ။ သိပြီ၊ Keanu Reaves (ကီးနူးရိဗ်)ဆိုလား။

အင်း၊ မင်းဝဏ်နဲ့ လုံးဝကြီးကို တူနေတော့တာပဲ၊ ကေနွ သူလည်း အဲသည်မင်းသားပုံ မြင်ဖူးတယ်ဆင်တယ်။ သူ့ ပုံစံ၊ သူ့လမ်းလျှောက်ဟန်၊ သူ့ဆံပင် လှုပ်ဟန်တွေကို မသည် သဘောတကျ ဖြစ်သွားခဲ့သည်။ တကယ့်ကို ရိုးရိုးသားသားကလေး သဘောကျမိတာ ဖြစ်သည်။

ဖျတ်လတ်တက်ကြွ၍ အကြောက်အရွံ့ကင်းသော ဟန်ပန်ကလေးမို့ပါ။ မမြင်ဖူးသော အထူးအဆန်း စတိုင်လ်ကလေး မို့ပေါ့။

"ဝေလ ငါ့ကို ဟိုဘက်ထိပ်က ကောင်မလေးက ခဏ ခဏ လှမ်းကြည့်တယ်ကွ၊ အဲဒါ ဘယ်သူလဲ၊ ဒေလီယာ လား၊ ပုံစံကလေး ချစ်စရာလေး"

"မဟုတ်ဘူး၊ သူ့ဘေးက ဒေလီယာ၊ သူက ဒေလီယာ့ သူငယ်ချင်း ရတနာပုံတဲ့၊ နောက်တစ်ယောက်က စန္ဒာ၊ နောက်တစ်ယောက်က ခင်မြမေ၊ ချိုချိုဦး၊ လှလွန်းသော ညီကလေးတဲ့၊ ကဲ ... ဘယ်သူ့နာမည် သိချင်သေးလဲ မင်း အတော်စကားများတဲ့ကောင်၊ ဆရာဆူတာလည်း မမှတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးနှစ်ယောက်၏ စကားပြောသံ တိုးတိုးကို မသည် တမင် နားစွင့်ထား၍ ကြားနေခဲ့သည်။ ဆရာလည်းကြားသည်။ ကျန်တဲ့လူတွေ အားလုံးလည်း ကြားကြသည်။ သို့သော် ဆရာသည် သည်နေ့မှ စတက်ရသော အတန်းသစ်မို့ ထပ်မံ မဆူတော့ချေ။ မဆူဖြစ်အောင်လည်း မင်းဝဏ်၊ ဝေလအောင်နှင့် ရန်လေးတို့က စကားဆက်မများတော့၍ ဖြစ်၏။

မသည် ထိုနေ့က မင်းဝဏ်၏ မထံမှ လေ့လာမှုအား ရိပ်မိနေကြောင်း စကားသံကြားရ၍ ထပ်မံမကြည့်တော့ဘဲ ဆုံးဖြတ်ကာ စာထဲကို စိတ်ဝင်စားရန် ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ရသည်။ တကယ်တော့ မသည် မင်းဝဏ်အား မြင်ကတည်းစပြီး စိတ်ဝင်စားခဲ့မိခြင်းက မ၏ မင်းဝဏ်အပေါ် ကျန်နေသော ဝင့်ကြွေးဖြစ်လိမ့်မည် ထင်ရဲ့။

❄ ✳ ❄





## [illegible] ၂ [illegible]

မနှင့် မင်းဝဏ် စတင် သိကျွမ်းမှုက ထိုတစ်ပတ်၏ တနင်္ဂနွေနေ့တွင် ဖြစ်သည်။ ထုံးစံအတိုင်း နံနက်ရှစ်နာရီမှသာ ရောက်လာသော မင်းဝဏ်ကို ဆရာသည် ထပ်မံဆူပူပြီး စာဆက်သင်ခဲ့သည်။ တကယ်တော့ သည်သိကျွမ်းမှုကို မ,ပင် မထင်မိခဲ့လေသလား မသိပါ။ မသည် အဲသည်အချိန်တုန်းကတော့ ရိုးရိုးသားသားစိတ်နဲ့ မင်းဝဏ်၏ ဝတ်စားဆင်ယင်မှု၊ ဟန်ပန်နှင့် ရုပ်ကလေးကို စိတ်ဝင်စားခဲ့တာ ဖြစ်သည်။ သည်နေ့ရောမင်းဝဏ် ဘာဝတ်လာမှာပါလိမ့်ဟူသော စူးစမ်းကြည့်မိခြင်းကမ၏ ဖြားယောင်းခြင်းများ ဖြစ်ခဲ့လေသလား။

လည်ပင်းပိတ် စပို့ရှပ်အနီရောင်ကလေးကို အထဲကတော်လျက် ရှပ်အကျီအစင်းကျား လက်ရှည်ကလေးကို အပြင်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဝတ်၍ ကြယ်သီးမတ္တပ်ဘဲ လမ်းလျှောက်တိုင်း တဖားဖား လွင့်စေလျက် ဒူးဆစ်အထိသာ ရှည်သော ဘောင်းဘီပွပွကို ကြည့်ကောင်းစွာ ဝတ်ဆင်လျက်၊ ဝေါ့လ်ကင်းရှူးကိုလည်း အဆင်ပြေစွာ ဝတ်ဆင်လျက်။ မသည် မင်းဝဏ်၏ လမ်းလျှောက်ဟန် မြူးမြူးကြွကြွကလေးကို မေးကလေးထောက်ကာ လိုက်ကြည့်စဉ် မထင်မှတ်စွာပင် မင်းဝဏ်သည် မထံ ဖျတ်ခနဲ လှည့်ကြည့်တော့ မ၏ ငေးမောမှုကို မြင်သွားရသည်။

မ ထင်ပါသည်။ သူ့အပြုံးက သူ့ခိုးဖမ်းဟန် အပြုံးဖြစ်လိမ့်မည်။

ပြီးတော့ နှုတ်ခမ်းကလေးလှုပ်ကာ အသံမထွက်ဘဲ 'လူမိသွားပြီ' ဟု မအား နောက်ပြောင်လိုက်ပြန်သေးသည်။ မသည် ရှက်ရှိုး ဒေါသဖြစ်ကာ အံကလေးကြိတ်၍ ဆတ်ခနဲနေအောင် ခေါင်းကိုခါ၍ လှည့်ပစ်လိုက်တော့ ဒေလီယာက ရှုးစမ်းလေသည်။

"ဘာဖြစ်ရတာလဲ"

"ဟိုအကောင်ပေါ့၊ မကို လာနောက်နေတယ်၊ သွားကြည့်မိတာ မှားပါတယ်"

"ဆရာ စာစသင်နေပြီ၊ စကားမများနဲ့လေ၊ နင်တို့နှစ်ယောက်ဟာ ပိုက်ဆံပေးပြီး သင်ရတဲ့ စာတွေကို အကျိုးရှိအောင် သေသေချာချာ လေ့လာမှပေါ့၊ စာဆိုတာ"





www.burmeseclassic.com

"ဟိုး ... ဟိုး တော်ပြီ ... တော်ပြီ၊ နားလည်တယ်၊ ကိုယ်တို့အားလုံး နားလည်တယ် ဆရာမကြီးရဲ့"

"ဒေလီယာစုတ်"

စန္ဒာသည် ဒေလီယာ့စကားကို စိတ်ကောက်သွားပြန်သည်။ ဟိုဘက်ခြမ်းမှ မင်းဝဏ်တို့အုပ်စုလည်း မတို့ကို တစေ့တစောင်း လှေ့လာကာ ခေါင်းချင်း ဆိုင်နေကြသည်။ မသည် မကြည့်ပါဘူးဟု စိတ်တင်းလျက် ဆရာ့ဆီပဲ အာရုံပို့ထားလိုက်နိုင်သည်။ မက စတင်ရှောင်ဖယ်ခဲ့သော်လည်း မင်းဝဏ်၏ မအပေါ် စိတ်ဝင်စားမှုက စတင်လာခဲ့ကြောင်း မ နောက်တော့ သိခွင့်ရခဲ့သည်။ ထိုသို့သိခွင့်ရခဲ့ချိန်သည် မတို့ ကျူရှင်ဆင်းချိန်မှာဖြစ်သည်။

ဒေလီယာတို့၏အိမ်၏ ဘေးဘက်အပေါ်ထပ်တွင်သည့်အခန်းကလေးကို တမင်ခွဲထုတ် ဆောက်ထားကာ လှေကားဖြင့်တက်ဖို့ သတ်သတ်စီစဉ်ထားခြင်းဖြစ်၍ ကျူရှင်ချိန်ပြီးလျှင် မတို့ မိန်းကလေးတွေက မပြန်သေးဘဲ အိမ်ခန်းကလေးဆီမှ အိမ်ကလာကြိုသူတွေ ရှိမရှိ ကြည့်ကြမြဲ။ မင်းဝဏ်တို့လို ယောကျ်ားလေးတွေကတော့ ပြိုင်စက်ဘီးကလေး ကိုယ်စီဖြင့် နင်းထွက်သွားကြပြီး အိမ်ကို အလျင်အမြန် ပြန်ကြမြဲ။ ခြံဝင်းထဲတွင် ထောင်ထားသော ပြိုင်စက်ဘီးကလေး သုံးစီးတွင် မင်းဝဏ်၏ စက်ဘီးကလေးသည် အဖြူရောင်ဖြစ်ကြောင်း မ သိနေခဲ့ပြန်တာ လွန်သလားကွယ်။

www.burmeseclassic.com

သည်နေ့လည်း ထုံးစံအတိုင်း မနဲ့ ဒေလီယာ အပါအဝင် စန္ဒာတို့က တစ်ဖက်ပြတင်းပေါက်၊ ညီကလေးတို့ လေးယောက်က တစ်ဖက်ပြတင်းပေါက် အသီးသီး နေရာယူကာ အောက်မှာ ဘယ်သူ့ကား ရောက်ပြီလဲဟု ကြည့်ကြစဉ် ...

"ရတနာပုံ"

ဆိုသော ခေါ်သံတစ်ခုက မတို့သုံးယောက်၏ နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။ သုံးယောက်သား ကိုယ်ကလေးတွေလှည့်လျက် မ၏ နာမည်ခေါ်သူကို လှည့်ကြည့်တော့ 'မင်းဝဏ်'ဖြစ်ကြောင်း အံ့ဩစွာ သိခွင့်ရခဲ့သည်။

"ငါ့နာမည် မင်းဝဏ်ပါ၊ လသာ (၁) ကျောင်းကပေါ့၊ ရတနာပုံ၊ စန္ဒာနဲ့ ဒေလီယာတို့က ဘယ်ကျောင်းကလဲ၊ ဟိုကောင်တွေပြောတော့ မိန်းကလေး ကျောင်းကတဲ့၊ အဲဒါ ဟုတ်လား"

"နင်နဲ့ ဘာဆိုင်လို့ သိချင်ရတာလဲ၊ နင် မနေ့ကတော့ ဆရာ မပြန်ခင်တောင် အရင်ဆုံးပြန်တဲ့ လူကများ ဒီနေ့ကျမှ ထူးထူးဆန်းဆန်း"

ဒေလီယာသည် ခပ်စွာစွာကလေး မေးလိုက်လျှင် မင်းဝဏ်က သူ့နောက်တွင်ရပ်နေသော ဝေလအောင်နှင့် ရန်လေး တို့ကို အဖော်ညှိသလို လှည့်ရယ်ပြလေသည်။ မသည် သူ့အား ခိုးကြည့်ခြင်းကြောင့် မကိုများ လာရန်လုပ်သလားဟု ခပ်ကြောင် ကြောင် တွေးနေမိခဲ့သေးသည်။





"တစ်ဝိုင်းတည်းချင်းတွေ ခင်ကြရအောင် မိတ်ဖွဲ့တာပါ၊ ဟို ... လေးယောက်နဲ့တောင် မိတ်ဖွဲ့ပြီးပြီ၊ ဘာလဲ မခင် ချင်လို့လား"

"နင့်လို စာမကြိုးစားတဲ့ကောင်ကို မခင်ချင်ပါဘူး"

"ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန်ထူထူ တပ်ထားကတည်း ကိုက စန္ဒာ စာကြမ်းပိုးမှန်း ငါတို့ ရိပ်မိပါတယ်၊ စိတ်ချ ပါ၊ ငါတို့နဲ့ ခင်မင်ရလို့ စန္ဒာ ကြိုးစားတာ မလျော့သွား စေရပါဘူး၊ ကြိုးခွေတွေ ပိုပြီးတောင် များလာဦးမယ်"

"ဘာပြောတယ်"

စန္ဒာသည် သူ့ကို ကြိုးခွေတွေ စားသည်ဟု အဓိပ္ပာယ် ရသော စကားကို ချက်ချင်း သဘောပေါက်ကာ အကျယ်ကြီး အော်ချုပစ်လိုက်သည်။ အောက်ဘက်မှ ကိုကြီး၏ ကားဟွန်းသံ ကျယ်ကျယ်ကြောင့် မသည် ပြတင်းပေါက်ကလေးဘက် ပြန် လှည့်ပြီး 'လာပြီ ကိုကြီးရေ'ဟု ငုံ့အော်တော့ ...

"ရတနာပုံ ပြန်တော့မလား"

ဟူ၍ မင်းဝဏ်က ထပ်မံ ရပ်စုပြန်သည်။ ကြည့် ရတာ ဟိုနှစ်ယောက်ဟာ သူ့ကို ဆရာတင်ထားပုံ ရသည်။ အင်မတန်ကို အေးအေးဆေးဆေးဖြင့် မင်းဝဏ်ကို စိတ်ရှည် လက်ရှည် ရပ်စောင့်နေလေရဲ့။

"ရတနာပုံ ငါ့ကို ခင်နိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ဟ ... ဘာဖြစ်လို့လဲ"

"ကိုကြီးက မကို မှာထားတယ်၊ ယောကျ်ားလေးတွေနဲ့ အပေါင်းအသင်း မလုပ်ရဘူးတဲ့"

"ဟင် ... ဘာမှ မဆိုင်တာ၊ သူကျတော့ ယောကျ်ားလေး မဟုတ်တဲ့အတိုင်း၊ ဘာဖြစ်လဲဟာ သူ့ကွယ်ရာမှာ ခင်တာပဲ သူမှ မသိတာ၊ ငါ့ကို သူငယ်ချင်းအဖြစ် အသိအမှတ်ပြုပါ၊ ပြီးတော့ ငါတို့သုံးယောက်နဲ့ နင်တို့သုံးယောက် အရင်းနှီးဆုံး သူငယ်ချင်းတွေအဖြစ် သတ်မှတ်ကြရအောင်၊ သဘောတူ တယ် မဟုတ်လား"

"တူပါတယ်"

ဝေလအောင်နဲ့ ရန်လေးတို့သည် မင်းဝဏ်နှင့် အတိုင်အဖောက်ညီစွာ ပြန်အော်ကြသည်။ မသည် စန္ဒာ့လက်ကိုဆွဲလျက် လှေကားမှ ဆင်းလာတော့ မင်းဝဏ်သို့သုံးယောက်သည် လိုက်ဆင်းလာခဲ့သည်။ မသည် ကိုကြီးသိရင် ဆူခံရမှာကိုသိလျက် စန္ဒာ မကြိုက်မှန်းသိလျက် မင်းဝဏ်ကို ခင်ချင်တာကတော့ ဆန်းသားနော်။ မသည် မသိမသာ မျက်စိကလေးဝှေ့ကြည့်တော့ မအား စိုက်ကြည့်နေခဲ့သော မင်းဝဏ်ကို ထပ်မံ လှမိခံရပြန်ပြီ။ မင်းဝဏ်သည်လည်း 'လှမိသွားပြန်ပြီ'ဟု ခပ်တိုးတိုး နောက်ပြောင်တော့ မသည် ရိပ်စနဲ ပြုံးမိသွားသည်။





စန္ဒာ့ကို လက်ဆွဲ၍ ကိုကြီး အဆင်သင့် ဖွင့်ထား
သော ကားထဲသို့ ဝင်ထိုင်စဉ်တွင် ကိုကြီး၏ ဘာလို့ ကြာနေရ
သလဲဆိုသော အမေးကို ရင်ဆိုင်ရသည်။ မတို့ကားနှင့် အမြဲ
ပြန်လျှင် ကားကြုံလိုက်နေသော စန္ဒာသည်လည်း ကိုကြီး၏
အပေါ် သဝန်တိုမှုကို ရိပ်မိပြီးဖြစ်၍ နှုတ်ဆိတ်ကာ နံဘေးမှ
ကိုလည်း အမှန်မပြောဖို့ ပေါင်ကုတ် သတိပေးဖော် ရသားပင်။
ကြောင့် စန္ဒာ ဘယ်လောက်ပဲ ဩဝါဒခြွေခြွေ၊ ဆုံးမမှုတွေ
များ မနဲ့ ဒေလီယာက သည်းခံ ခင်မင်ကြရတာပဲ ဖြစ်သည်။
သော သူငယ်ချင်းအပေါ်တော့ သိတတ်နားလည်သူလည်း ဖြစ်
သည်။

"ဒေလီယာ့ ဖဲကြိုးကလေးလှလို့ တစ်ယောက်တစ်လှည့်စီ တပ်ကြည့်နေကြတာနဲ့ ကြာသွားတာ"

"ဟိုကောင်တွေက ဘာလို့ ညည်းတို့နောက်က လိုက်ဆင်းလာရတာလဲ၊ ပုံစံကလေးတွေက ထောင့်မကျိုးဘူး၊ ဟိုကောင့် ပုံစံဆို မျက်စိရှုပ်စရာကောင်းလိုက်တာ၊ ဆောင်းဘီကလည်း စကောစကနဲ့၊ တစ်ကိုယ်လုံး ဆံပင်ဝါမကျန်အောင် ယိမ်းခါနေသေးတယ်၊ ဒေလီယာက လှကြည့်ပြီး ဝိုင်းကို လှစု ဖို့သင့်တယ်"

မသည် ရှည်ရှည်ဝေးဝေးတွေ မြည်တွန်နေသော
ကြီး၏ အမေးတွေကိုရော၊ မင်းဝဏ်အပေါ် ထင်မြင်ချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုရော မကြားချင်ဟန် ဆောင်လိုက်သည်။ အဲသည်ကတည်းက မင်းဝဏ်အပေါ် ကိုကြီး အလိုလိုနေရင်း ကြည့်မရဖြစ်ခြင်းကို မ ရိပ်မိဖို့ ကောင်းသည်။ ပြီးတော့ မသည် တင်းတင်းမာမာ တုံ့ ပြန်လျက် မခင်ကြဘဲ နေလိုက်ဖို့ကောင်းသည်။ သည်လိုသာဆို မရော၊ မင်းဝဏ်ပါ ကြေကွဲစရာအဖြစ် တွေ့ကြုံခဲ့ရမည် မထင်ပါ။ မင်းဝဏ်ကလည်း သူ့လမ်းသူလျှောက်၊ မကလည်း ကိုယ့်လမ်း ကိုယ် လျှောက်ရုံတင်ကလေးပါပဲ။

ကိုယ့်အစ်ကိုက သဝန်တိုတတ်မှန်းသိလျက် ညီမ ကို ရှယ်တူရော၊ ရှယ်မတူရော ယောကျ်ားလေးတွေ စေ့စေ့ကြည့် တာတောင် မနှစ်မြို့မှန်း သိလျက် စွတ်မိုက်ချင်ခဲ့သော မ၏ အပြစ်များသာ။ မိန်းကလေးတွေချည်းရှိသော ကျောင်းမှာ ပေါင်း သင်းရသည့် မိန်းကလေးသူငယ်ချင်းထက် ယောကျ်ားလေး သူငယ်ချင်း ထားကြည့်ချင်သော ဆယ်ကျော်သက် စိတ်ဓာတ် ကလေးရှိသော မ၏ အပြစ်များသာ။

အကယ်၍ မသည် မင်းဝဏ်ကို ခင်မင်ဖို့ လာ မခဲ့ဘူးဆိုလျှင် မသည် မင်းဝဏ် ဘာဖြစ်သွားမလဲ၊ မင်းဝဏ် ဘာလုပ်နေတာသလဲတွေ သိခဲ့လိမ့်မည် မထင်ပါ။ မလည်း ဝင်ရောက်ပူပန်ပေးခဲ့ရလိမ့်မည် မထင်ပါ။ ပြီးတော့ မရဲ့ဘဝမှာ ရင်းနှီးသော မိတ်ဆွေတချို့ သတ်မှတ်ခဲ့သော အမည်းစက်ကြီး ရှိခဲ့ရလိမ့်မည် မထင်ပါ။ မသည် စိတ်ကူးယဉ်ခဲ့မိတာပဲ ဖြစ်သည်။





ပုံစံ ခပ်ဆန်းဆန်း ကောင်းကလေးနဲ့ အပေါင်းအသင်း ဖြစ်ကြည့် ချင်တာပဲ ဖြစ်သည်။ တကယ်တော့ မသည် ကိုယ့်ဘက်က ရိုးရိုး သားသားပဲ ခင်ခဲ့လိမ့်မည်ဟု ထင်မိခဲ့၍ပင်။

အမှန်ပြောရလျှင် မသည် မင်းဝဏ်အား တိတ်တခိုး ချယ်တာနေခဲ့ခြင်း ဖြစ်ကြောင်း၊ မင်းဝဏ်ကလည်း အားလုံးသော မိန်းကလေးတွေကြားထဲမှ မကိုသာ အရင်ဆုံး သတိထားမိပြီး တော့ အဲသည်တည်းက ချစ်ခဲ့ကြောင်း နောက်များမှ သိခွင့်ရကြ တော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၇၅-ခုနှစ်၏ကျန်ရှိသော ရက်သတ္တပတ်ပေါင်းများစွာ

## အခန်း ၃

ဒေလီယာတို့အိမ်တွင် ထပ်မံလုပ်ဖြစ်သော အင်္ဂလိ
စာ ဝိုင်းကျူရှင်ကလေးသည် နေ့လယ်တစ်နာရီ အချိန်ပြေ
သွားရုံကလွဲလျှင် သည်လူ ဆယ်ယောက်စလုံး တက်ကြလေသ
သည်လို ထပ်မံ၍ ဝိုင်းတစ်ခုတက်ဖြစ်ခြင်းက မင်းဝဏ်နှင့်
ပိုမို တွေ့ရချိန်များကာ ခင်မင်ရခြင်းတွေ ပိုမိုတိုးပွားလာစေသ
ခပ်ဖျော့ဖျော့ ခပ်နောက်နောက် နေတတ်သော မင်းဝဏ်
တစ်ဝိုင်းလုံးမှာ ရှိသမျှ သူငယ်ချင်းများ၏ ခင်မင်မှု အပြည့်
ကို ပိုင်ဆိုင်ခွင့်ရသူလည်း ဖြစ်သည်။ နောက်တစ်ဖန် အင်္ဂလိ
သင်သော ဆရာမကလည်း မင်းဝဏ်၏ အဒေါ်ဝမ်းကွဲဖြစ်နေ





အင်္ဂလိပ်စာ သင်ချိန်ဆိုလျှင် အဒေါ်က စကားများသော
ဝဏ်ကို ဆူလိုက်၊ မာန်လိုက်၊ ခေါင်းခေါက်လိုက်။ မင်းဝဏ်
ည့် အဒေါ်ကို မကြောက်ဘဲ စကားပြောမြဲ။ တစ်ဝိုင်းလုံးက
တွေကို တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် နောက်ပြောင်မြဲပင်
သည်။

ကဲ ... စဉ်းစားသာကြည့်၊ စိတ်ကူးယဉ်တတ်သော
ကျော်သက်အရွယ် မိန်းကလေးတစ်ယောက် ဘဝတွင်
းက ဂရုစိုက်ခံရသော၊ ငဆိုး၊ ငတေဘွဲ့ မပေးသော်လည်း
ဆိုးဆိုးကလေးဖြစ်သော၊ အသစ်အဆန်း ဖက်ရှင်ထွင်တတ်
ကိုယ့်ကိုလည်း အရေးပေးသော ယောကျ်ားလေးတစ်ယောက်
တီးရိုးအဖြစ် အထင်ကြီးမိကြမှာပဲ။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်
ချင်ကြမှာပဲ။ မလည်း သည်အတိုင်းပင်တည်း။

"တစ်ယောက်ဆိုတစ်ယောက် မျိုမလောက် ချစ်တယ်"

ဟု တစ်ခါတစ်ရံ မကြားတကြား ဆိုတတ်သေး
ည်။ ထိုအခါမျိုးမှာ မ သွားမကြည့်မိစေနှင့်၊ သွားကြည့်မိလျှင်
တမင်စိုက်ကြည့်နေသော မင်းဝဏ်ကို ဆုံရမှာမလွဲ။
မသည် အမြဲတမ်း မျက်စိနှီးချင်း ဆုံနေချင်သားပင်။

မတို့သုံးယောက်နှင့် သူတို့သုံးယောက်၏ ခင်မင်မှု
အပေါ်ယံခင်မင်မှု လွှမ်းနေခြင်းသာ ဖြစ်သည်။ စကတည်း
လေအောင်သည် ဒေလီယာကို စိတ်ဝင်စားနေကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မတို့ သိနှင့်ပြီး ဖြစ်ပေမဲ့ မတို့က သူ့ရဲ့ ခင်မင်မှုကို သိသိ
နဲ့ လက်ခံခဲ့ကြလေသည်။ အဲဒါလည်း မ မိုက်မဲမိတာပဲ
သည်။

ပိုပြီးဆိုးတာက မသည် မင်းဝဏ်က အရေးဆိုလျှ
မဖြစ်မနေ ဆောင်ရွက်ပေးချင်နေခြင်းတည်း။ မင်းဝဏ်၏ အ
ဆိုမှုတွေကတော့ အင်္ဂလိပ်စာကျူရှင်ကို စောစောလာရန်၊ သူတို့
စကားတွေ ပြောကြရန်၊ နေကြာစေ့တွေ ထိုင်စားကြရန်၊ မသ
သူ့ရှာပေးသော နေကြာစေ့ကိုသာ စားကြရန်၊ မသည် သူ့
နေ့တိုင်း ပီကေတစ်ခုကျွေးရန်၊ သူ့ဘာသာ ပျင်းပြီး ကျောင်းမတ
လျှင် မသည် သူ့ကျောင်းစာတွေ ကူးပေးရန်၊ ကိုကြီးကို မလ
တတ်သော မသည့် သူ့ကြောင့် တဖြည်းဖြည်း လိမ်တတ်လာ
သည်။ နေ့ခင်းဘက် အင်္ဂလိပ်စာ ကျူရှင်ဆိုလျှင် စောစောသွ
ရဖို့ မသည် ဒေလီယာတို့၊ စန္ဒာတို့ကို လိမ်ညာရန် ကြိုတင်
ထားရသည်။ တစ်ဖန် ကိုကြီး စားခွင့်မပေးဖူးသော၊ မလ
မကြိုက်သော ပီကေကို မင်းဝဏ်အတွက် ကျောင်းမှာ ကြို
ထားပြီး ကိုကြီး မမြင်အောင် ဖွက်ထားရလေသည်။ စာကြ
စားပွဲမှာထိုင်ပြီး စာကျက်ချင်ဟန်ဆောင်လျက် မင်းဝဏ်၏ ကျော
စာတွေကို ကူးပေးရလေသည်။

"မင်းဝဏ်နဲ့ နင်နဲ့ ခင်မင်ပုံကလည်း တစ်မျိုးကြီးပဲ၊ နည်းနည်
ပါးပါး ဆင်ခြင်ပါဦး၊ ရတနာပုံရယ်၊ ငါတို့က ယေပါ





တယ်၊ ပြီးတော့ နင့် ကိုကြီး သိသွားရင် နင် ဒုက္ခရောက်
လိမ့်မယ်"

စန္ဒာကတော့ တစ်ခါတစ်ရံ သတိပေးတတ်သေး
သည်။ အမှန်က မနဲ့ မင်းဝဏ်သည် တစ်ယောက်ကိုတစ်ယောက်
ကလီကလေးတွေ စကားပြောကြတာ များပါသည်။ တကယ့်
တကယ်တော့ သူငယ်ချင်းများပင် ဖြစ်နေသေးသည်။

"မတို့က မှန်မှန်ကန်ကန် ခင်ကြတာပါ၊ အထင်မလွဲပါနဲ့
စန္ဒာ၊ မဘက်က ပြောင်းလဲလာရင်တော့ ပြောပြမှာပေါ့"

မသည် ပေါ့ပေါ့ဆဆ ပြန်ဖြေခဲ့မိသည်။ အမှန်တော့
သည် မင်းဝဏ်ကို လျှောက်တွက်မိခဲ့ခြင်း ဖြစ်သည်။ ထိုသို့
လျှောက်တွက်မိကြောင်း သိခွင့်ရသည့်နေ့ကမှ မတို့ သုံးယောက်
တစ်ခါမှ မလုပ်ဖူးသော အလုပ်တစ်ခုကို ပူးပေါင်းလုပ်မိသောနေ့
ဖြစ်လေသည်။ သည်လို လုပ်ဖြစ်ခြင်းကလည်း မင်းဝဏ်၏ ရှေ့
ဆောင်မှုကြောင့် ဖြစ်သည်။'

ထိုနေ့က ကျူရှင်ရက် တစ်ရက်ဖြစ်ပြီး စနေ့နေ့
လယ် အင်္ဂလိပ်စာ အချိန်ကလေးဖြစ်သည်။ မသည် ဆယ့်နှစ်
ရှိခဲ့ အရောက်လာသော်လည်း စာသင်ရာ အိမ်ကလေးထဲ ဝင်
ကိုက်လျှင် မင်းဝဏ်တို့သုံးယောက် အပါအဝင် ဒေလီယာနှင့်
ကပါ ရောက်နှင့်နေခဲ့သည်။ ကျန်တဲ့ ခင်မြမေတို့ အုပ်စုတော့
ရောက်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"အဝေတ်ဝဲ ရတနာပုံ ဒီနေ့ စောတယ်"

ဝေလအောင်က ဝမ်းသာအားရ ပြော၏။ မသည်

ဘာမှ မသိရသေး၍ မင်းဝဏ်ကို စူးစမ်းကြည့်မိတော့ ...

"ဒီနေ့ ငါ့အဝေါ် နေမှကောင်းလို့ မလာဘူး ဆိုတာ

ကို မှာလိုက်တယ်၊ ဒါကြောင့် ဒီနေ့ ကျူရှင် မရှိဘူ

ရတနာ၊ ဟိုလေးယောက်ကိုလည်း ဖုန်းဆက်ပြောပြီးပြ

ဟု အလိုအလျောက် အဖြေပေးသည်။

ပြောရဦးမယ် မင်းဝဏ်သည် မကို ရတနာ

အဖော်ကောက်ခေါ်ခြင်း ဖြစ်သည်။ ဒါလည်း ရိုးရိုးသားသား

လိမ့်မည်ဟု မ ထင်မြင်ယူဆသည်။

"ဒါဆို ပြန်ရမှာပေါ့၊ ကိုကြီး ရှိသေးလား မသိဘူး၊

သွားကြည့်လိုက်ဦးမယ်၊ မရှိရင်တော့ ဒေလီယာ့အိမ်

ဖုန်းပြန်ဆက်လိုက်မယ်၊ မ အိမ်မပြန်တတ်ဘူး"

မသည် ဖြတ်တင်းကလေးဘက်လှည့်စဉ် 'ဟဲ့ ...

ဟူသော ကျန်သည့် ငါးယောက်ခေါ်သံ တစ်ပြိုင်တည်း ထွက်

လာခဲ့သည်။ ဘာလဲဟု မက မေးဆက်လိုက်တော့ မင်းဝဏ်

ဖြေသည်။

"ဒေလီယာရော၊ စန္ဒာရော ငါတို့နဲ့ တိုင်ပင်ပြီးပြီ၊ ဒါ

အိမ်မပြန်နဲ့ဦး ရတနာ၊ ငါတို့မှာ အစီအစဉ်တစ်ခု ရှိ

"ဟယ် ... ဘယ်ဖြစ်မလဲ ကိုကြီးသိရင်"





"အမယ်လေး ... မသိပါဘူး၊ စိတ်ချ ကျူရှင်ပြီးချိန် လာ

ကြိုရင် နင် ဒီအိမ်ခန်းကနေ အချိန်အတိအကျအတိုင်း

ဆင်းသွားပြီး နင့်အစ်ကိုကားပေါ် ရောက်စေရမယ်"

မသည် ကိုကြီး ရှိမရှိ သွားကြည့်ဖို့ မစဉ်းစားတော့

ချေ။ မိုက်ဖို့ကို နှစ်ခါမဆွယ်ရသော မ ဖြစ်ခဲ့သည်။ ဒေလီယာက

တားတော့၊ စန္ဒာလို စာကြမ်းပိုးတောင် မင်းဝဏ်ကို အထင်ကြီး

ပြီး သည်အစီအစဉ်ကို လက်ခံနေချင်မှတော့ မရော ဘာသားနဲ့

ထုထားလို့လဲ။ အလွယ်တကူ လက်ခံချင်သွားသည်။ အသစ်အဆန်း

ဖြစ်သော၊ မလိုပ်ဖူးသော အလုပ်တစ်ခုကို လုပ်ကြည့်ချင်သွား

သည်။

ဒေလီယာတို့အိမ်သည် စနေ၊ တနင်္ဂနွေဆိုလျှင်

မိဘတွေ အမြဲ အပြင်ထွက်နေတတ်ပြီး ဒေလီယာ့ မောင်လေး

တွေက ငယ်ငယ်ကလေးတွေဖြစ်၍ ဒေလီယာ့ကို ဘာလုပ်နေသလဲ

စပ်စုကြချေ။ အိမ်မှာခိုင်းဖို့ ခေါ်ထားတဲ့ ကောင်မလေး နှစ်ယောက်

သည် နေ့ခင်းဘက်အိပ်လျှင် ဆင်အော်လို့မှ မနိုးတတ်။ ဒါကြောင့်

ဆင် ကျူရှင်ချိန်မရှိမှန်း သိကြမည် မဟုတ်ချေ။

ခြောက်ယောက်သား ဒေလီယာ့ အိမ်ခြံဝင်းထဲမှ

အလွယ်တကူ ဘယ်သူမှ မသိအောင် ထွက်လို့ရခဲ့သည်။ ဒေလီယာ့

အိမ်နဲ့ အနီးဆုံးမှာ ဗိုလ်ချုပ်ဈေးရှိသည်။ ထိုဈေးသို့ ဈေးဝယ်ရာ

ရောက်ဘဲ အပျော်လျှောက်သွားကြဖို့ ကျိတ်ကြံစည်ကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်နေပြီလား ရတနာ"

ဗိုလ်ချုပ်ဈေး အနောက်ဘက်တွင်ရှိသော သစ်သားလှေကားပေါ် အတက်တွင် မင်းဝဏ်သည် မ၏ နံဘေးတွင် ယှဉ်လျှောက်လျက် မေးလေသည်။

"ကြောက်လည်း ကြောက်တယ်၊ ဒါပေမဲ့ အရမ်းလည်း ပျော်တာပဲ မင်းဝဏ်ရယ်၊ မ ဒီလို တစ်ခါမှ မသွားဖူးဘူး"

"ယုံပါတယ် ... ယုံပါတယ် တစ်ပင်တိုင် မင်းသမီးရယ်၊ သုံးယောက်စလုံး ပုံစံတူကလေးတွေ၊ ဒါကြောင့် ငါတို့က စေတနာနဲ့ သွားဖူးပါစေဆိုပြီး တိုင်ပင်ကြရတာ၊ ဒေါ်လေးသိရင် မလွယ်ဘူး၊ ငါ့ကို မာမီနဲ့ တိုင်မှာကွ"

"မတို့ ဒေလီယာ့အိမ် အချိန်မီ ပြန်ရောက်မှာပါနော်၊ အခု တစ်နာရီ ထိုးခါနီးပြီ၊ နှစ်နာရီဆယ့်ငါးလောက် ပြန်ရောက်မှ သုံးနာရီအတိမှာ လာကြို့မဲ့ ကိုကြီးနဲ့ မ ဆုံဖြစ်မှာ"

"စိတ်ချ ... စိတ်ချ"

မလည်း ရင်ထဲမှာ ကြောက်စိတ်ရှိရမည့်အစား မင်းဝဏ်နံဘေးမှ ပါလာခြင်းကို အင်အားတွေရှိလာကာ ပျော်ရွှင်ရင်ခုန်ရခြင်းကို ဖြစ်ထွန်းလာရတော့သည်။ ဈေးထဲမှာ မတို့လို အရွယ်ကလေးတွေ လှပသော အဝတ်အစားများနှင့် သွားလာနေတာ တွေ့ရတော့ မတို့ သုံးယောက်သည် အိမ်တွင်အောင်းရသူ





ကလေးတွေပီပီ၊ လူကြီးပါမှသာ အပြင်ထွက်ရသူကလေးတွေပီပီ အားကျစိတ်နဲ့ ငေးမောအံ့ဩရပြန်သည်။ ဧရာအောင်နဲ့ ချိုလေးသည် စန္ဒာနှင့် ဒေလီယာ့ကို မနဲ့ကွဲအောင် မသိမသာ ခေါ်ထုတ်ကြောင်း မ မရိပ်မိခဲ့တာသာ ကြည့်တော့။

"ရတနာ ဘာဝယ်ချင်လဲ ဝယ်လေ၊ ငါ့မှာ ပိုက်ဆံပါတယ်၊ ရတနာ့ကို လက်ဆောင်ဝယ်ပေးချင်နေတာ ကြာပြီ"

"ဘာလို့ ဝယ်ပေးချင်တာလဲ၊ မ တစ်ခါမှ လက်ဆောင် မတောင်းဖူးပါလား မင်းဝဏ်၊ နင် မှားနေပြီ"

"မမှားပါဘူး ငါ့ဘာသာ ပေးချင်စိတ် ဖြစ်လာလို့ပါ ရတနာ၊ ယူစမ်းပါ တစ်ခုခု ယူလိုက်ပါဟာ၊ ဝယ်ပေးချင်တဲ့လူ စိတ်အလိုဆန္ဒ ပြည့်ရအောင်ပေါ့"

"အံမယ် ... စကားကြီး ဆင်ကျောင်လောက်နဲ့"

မသည် မင်းဝဏ်၏ ဆန္ဒကို ဖြည့်ချင်ပြန်သတဲ့။ ကိုးဆိုင်ရှေ့ ရပ်ငေးနေတော့ ဟိုဟာယူပါလား၊ သည်ဟာယူပါလားနှင့် စကားလမ်းကြောင်းနေသော မင်းဝဏ်ကို မအပေါ်ရှုတစိုက် ရှိခြင်းအတွက် ကျေနပ်နေချင်ပြန်သတဲ့။

မ ဝန်ခံပါသည်။ မသည် မင်းဝဏ်ကို အမှန်တကယ်ချစ်မိခဲ့ပါသည်။ မင်းဝဏ်သည်လည်း မကို တကယ် ချစ်ခဲ့ပါသည် ဆိုခြင်းကိုလည်း မ ယုံကြည်ပါသည်။ မင်းဝဏ်သည် ပိစပ်၊ သည်စပ်စပ်နဲ့ လူဆိုးကလေး သဏ္ဌာန်၊ လူရှုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန် ပုံဖမ်းထားသေးလို့လည်း အဲသည်အချိန်က မင်းဝဏ်လည်း ကလေးမဟုတ် လူကြီးမကျ စိတ်ကလေးနဲ့ပါ။ မကို စိတ်ကစားပြီး ချစ်ခဲ့တာတော့ မဟုတ်ချေ။ မင်းဝဏ်နဲ့ မတို့ရဲ့ နောက်ထပ် ဆက်စပ် ပတ်သက်မှုများက သက်သေပြခဲ့၍ မသည် ယခုထိ မင်းဝဏ်၏အချစ်ကို ယုံကြည်ဆဲ ဖြစ်သည်။

"ဒါလေးယူ ရတနာ၊ အသည်းပုံ မှန်ကလေး၊ တွေ့လား ထောင်လို့လည်းရတယ်၊ လက်ကိုင်ကလေးလည်း ပါတယ်၊ မှန်ထဲမှာ ရတနာရဲ့ ပုံကလေးကိုလည်း သေသေချာချာ ကြည့်နိုင်တယ်၊ ယူလိုက်ပါလား"

"အသည်းပုံကြီး"

"အဖြူရောင် အသည်းလေးပါ ရတနာရဲ့၊ ကောင်းပါတယ် ကဲ ... ကဲ ငြင်းမနေနဲ့၊ ငါ ပိုက်ဆံပေးလိုက်ပြီးပြီ"

"ကြိုက်တာယူလည်း ဆိုသေးတယ်၊ နင် ဝယ်ပေးချင်တာ ကြီး အတင်းဝယ်ပေးပြီးတော့များ"

မအား မင်းဝဏ်သည် တခြား အဓိပ္ပာယ်တစ်ခုနဲ့ သည်အသည်းပုံ မှန်ကလေးကို ပေးခဲ့ခြင်းဖြစ်ကြောင်း နောက် တစ်နေ့မှာ သိခဲ့ရသည်။ ထိုနေ့ကတော့ နာရီကလေး တကြည့် ကြည့်၊ ရင်ကလေး တခုန်ခုန်ဖြင့် ဈေးထဲလျှောက် ငေးမောနေ ခြင်းမှာ အပျော်တွေ နှစ်ဝင်ခဲ့ရသည်။ မင်းဝဏ်သည် မကို ဝီဘော ဝယ်ကျွေးပါဆို၍ မသည် ဝယ်ကျွေးခဲ့ရခြင်းကို ပီတိဖြစ်





ဝေလအောင်နဲ့ ရန်လေးတို့ရဲ့ နောက်ပြောင်မှုကို ကျေနပ်ခဲ့၊ စန္ဒာ စူးစမ်းမှုကို ရှက်ရွံ့ခဲ့၊ ဒေလီယာ့ ဆွဲဆိတ်မှုကို ကျိတ်ခံခဲ့။

မနဲ့ မင်းဝဏ်သည် ဖွင့်မပြောခင်ကတည်းက တစ်ယောက်၏စိတ်ကို တစ်ယောက် နားလည်ခဲ့သူများ ဖြစ်ခဲ့ သည်။

❋ ✻ ❋

www.burmeseclassic.com



## ၄

ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်သည်။ မသည် ကျောင်းကမပေးသော အိမ်စာတွေ လုပ်နေချိန် ညဘက်ပိုင်းကလေး ဖြစ်သည်။ ကိုကြီးထံမှ မအတွက် ဖုန်းလာကြောင်း သိရ၍ ဒေလီယာနဲ့ စန္ဒာ တစ်ယောက်ယောက်ပဲဟု ထင်ကာ မသည် ဖုန်းကို ကိုကြီး ဆီမှတစ်ဆင့် ယူလိုက်သည်။ အမှန်က မင်းဝဏ်၏ လှည့်စားမှုကို ကိုကြီး အမှတ်တမဲ့ ခံလိုက်ရတာပဲဖြစ်ကြောင်း မ သိခွင့်ရခဲ့သည်။

"ရတနာပုံလား၊ ဒါဆို ခဏလေးနော်"

ဟု တစ်ဖက်မှ မိန်းကလေးအသံရှင်ကြောင့် မ အနည်းငယ် ဒေါသဖြစ်မိသွားသေးသည်။ သို့သော် ...

"ရတနာလား၊ ငါပါ မင်းဝဏ်ပါ၊ နင့်ကိုကြီးကို စိတ်မချရလို့ ငါ့ရဲ့ ကာစင် တစ်ယောက်ကို ခေါ်ခိုင်းရတာ"





ဆိုသော မင်းဝဏ်အသံကို ကြားစဉ်တွင် မသည် တစ်စုံတစ်ခုကြောင့် ဖုန်းဆက်တာလို့တော့ မထင်မိပါ။ တစ်ခါမှ ဖုန်းမဆက်စဖူး ဆက်သည့် မင်းဝဏ်ကိုသာ ဘာအဆန်းထွင်ပြန်ပြီလဲဟု သိချင်ရုံကလေးတင်ပါ။ ပြီးတော့ မတော်တဆ ကိုကြီး သိသွားမှာကိုလည်းစိုးရိမ်ရပါသည်။

"ရတနာ မနေ့က ဗိုလ်ချုပ်ဈေးသွားတုန်းက ငါဝယ်ပေးခဲ့တဲ့ အဖြူရောင် အသည်းပုံ မှန်ကလေးကို ကြိုက်ရဲ့လား"

မသည် ကိုကြီး အကဲခတ်နေမှန်းသိ၍ 'အင်း ... အင်း' လောက်သာ တုံ့ပြန်တော့ မင်းဝဏ်သည် တဟဲဟဲရယ်လျက် ...

"နေကွ ကိုကြီး စောင့်ကြည့်နေပြီ ထင်တယ်၊ စကားကို မြိုးမြိုး မြွေတာနေရတယ်၊ စိတ်ချ ... စိတ်ချ၊ ငါပဲ ပြောစရာရှိတာ ပြောမှာပါ၊ ရတနာက နားထောင်ဖို့သာ ပြင်ပေတော့"

မသည် မင်းဝဏ် ဘာများ ပြောမှာပါလိမ့်ဟု ရိုးရိုးသားသား တွေးမိဆဲ ဖြစ်သည်။ ပြီးတော့ ညဘက်ကြီးမှ ထူးထူးဆန်းဆန်း ဖုန်းဆက်ရအောင် ဘာတွေများ အရေးတကြီး ဖြစ်နေသလဲ။ ဒါမှမဟုတ် နေ့ခင်းက အင်္ဂလိပ်စာ ကျူရှင်မှာ တွေ့တုန်းက ပြောလို့ရသားနဲ့ ဘာလို့ အခုမှ ပြောရတာလဲတွေနှင့် တွေးကြည့်နေခဲ့သေးသည်။ သို့သော် မသည် မထင်မှတ်သော မမျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ဖူးသော အံ့ဩစရာကောင်းသော မင်းဝဏ်၏ ချစ်ခွင့်စကားကို ကြားခဲ့ရတော့သည်။

"ရတနာ့ကို အဖြူရောင် အသည်းပုံပါတဲ့ မုန့်ကလေး လက်ဆောင်ပေးတာ ငါ့ရဲ့အချစ်ကို ရှေ့ပြေး ပြောပြလိုက်တာပဲ သိလား ရတနာ၊ ငါ တွေ့တွေ့ချင်း အရင်ဆုံး စိတ်ဝင်စားမိတဲ့ မိန်းကလေးက နင်ပဲ၊ ငါ့ကို လိုက်ပြီး ငေးကြည့်နေတတ်တဲ့ နင့်ရဲ့ မျက်လုံးကလေးတွေ ချစ်တယ်၊ ငါ့ကို စကားတွေပြောတဲ့ နှုတ်ခမ်းကလေးတွေ ချစ်တယ်၊ နင့်ရဲ့ဆံပင်ကလေးတွေကိုလည်း ချစ်တယ်၊ နင့်ရဲ့ အသံကလေးကိုလည်း ချစ်တယ်၊ ငါ လုံးဝ ထိန်းထားလို့ မရတော့ဘူး ရတနာ၊ အစက စာမေးပွဲအောင်မှ ဖွင့်ပြောမလို့ပါပဲ၊ ဒါပေမဲ့ ဟိုးတစ်နေ့က ဗိုလ်ချုပ်ဈေးကို အတူတူသွားရတဲ့ နေ့တုန်းက နင့်နဲ့ ဒီလို အမြဲ တမ်း အတူတူတွဲသွားချင်စိတ်၊ နင့်ကို တခြားကောင်တွေ ကြည့်ရင်တောင် မကြည့်စေချင်တဲ့စိတ်၊ နင့်ဘေးမှာ ငါကလွဲရင် ဘယ်သူမှ မရှိစေချင်တဲ့ စိတ်တွေက အရမ်း များပြားလာရတယ်၊ ဒီနေ့လည်း ကျူရှင်သင်တဲ့ နှစ်ချိန်လုံး နင့်မျက်နှာကို ငါ တစ်ချိန်လုံး ထိုင်ကြည့်နေမိတယ်၊ အဲဒါ နင် မသိဘူး၊ နင့်ကို ငါ ချစ်တယ် ရတနာ၊ အခုကစပြီး တစ်သက်လုံး ချစ်သွားမှာပါ"





ဘုရား ... ဘုရား ဘာတွေ ဖြစ်ကုန်ပြီလဲဟင်။ ဟင်အင်း ... မ မသိသေးပါ။ အခု မ သိတာက မသည် တယ်လီဖုန်းခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိခြင်း၊ မသည် အမြင့်တစ်နေရာမှ ပြုတ်ကျသွားသလို ရင်တွေ တသိမ့်သိမ့် ခုန်နေခြင်း၊ မ၏ ရင်ခုန်သံများ ကျယ်လောင်လွန်းလှ၍ ကိုကြီးနဲ့ မင်းဝဏ်တောင် ကြားသွားမှာ စိုးရိမ်ရခြင်းတွေ ဖြစ်တော့သည်။

သည်စကားကို အပြောခံရလိမ့်မယ်လို့ မသည် တစ်ခါမှ မတွေးဖူးပေမဲ့ တစ်နေ့နေ့တော့ မကို မင်းဝဏ် ပြောချင်ပြောလိမ့်မည်။ သို့သော် ထိုတစ်နေ့သည် အဲသည်လောက်မြန်ဆန်ခဲ့လိမ့်မည်ဟု မထင်ခဲ့ပါ။ ထို့ကြောင့် မသည် ကြိုတင်မပြင်ဆင်ခဲ့သေးပါ။ ပြောရရင် မသည် မင်းဝဏ်နှင့် သူငယ်ချင်းဖြစ်ရုံ၊ မင်းဝဏ်၏ ဂရုစိုက်မှု၊ အရေးပေးမှုကို ကြည်နူးရုံအပြင် သည်ထက်ပိုသော အဆင့်များကို လှမ်းရမှာ မတွေးခဲ့ပါ။ မသည် အမှန်တကယ် ပြောရရင် ရိုးရိုးသားသား ခင်နေရခြင်းကို ပိုမိုကျေနပ်နေချင်သားပင်။ မင်းဝဏ်နဲ့ အီစီကလီကလေးတွေ ပြောနေရခြင်းကိုသာ လိုချင်ခဲ့ခြင်းသားပင်။

"ငါ့ကို စိတ်ဆိုးသွားပြီလား ရတနာ၊ စိတ်တော့ မဆိုးလိုက်ပါနဲ့နော်၊ ငါ တကယ် မနေနိုင်တော့လို့ ဖွင့်ပြောမိတာပါ၊ ငါ့ကို စကားပြောပါဦး ရတနာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်၏အသံသည် စိုးရိမ်တကြီး ဖြစ်နေခဲ့သည်။ မ သူ့ကို စိတ်ဆိုးသွားမှာ အင်မတန်ကို မလိုလားဟန် ဖြစ်နေခဲ့သည်။ မသည် မင်းဝဏ်အား စိတ်ဆိုးမိသလား၊ မဆိုးမိသလား ကိုယ့်ကိုကိုယ် မဝေဖန်တတ်တော့အောင် မြန်ဆန်စွာ ဖြစ်ပျက်လာသော အဖြစ်အပျက်တစ်ခုအတွက် မယုံကြည်နိုင်အောင် ဖြစ်နေခဲ့တော့သည်။

"ရတနာ ... ရတနာ ... ရတနာ"

"ကြားတယ် မအော်နဲ့၊ ဖုန်းချလိုက်တော့မယ်၊ ဒါပဲ မဟုတ်လား၊ စကျက်စရာ ရှိသေးတယ်ဟဲ့"

"နင့်ကို ငါ ချစ်တယ် ရတနာ၊ အဲဒါတော့ မမေ့ပါနဲ့နော်"

ကြည့်စမ်း ... ဘယ်လောက် ရယ်စရာကောင်းတဲ့ ချစ်စကားလေးလဲ။ ကလေးလည်း ဆန်ခဲ့တယ် ဆိုတာ အခု တွေးကြည့်မှ တဖြည်းဖြည်း သိလာရသည်။ ချစ်တဲ့သူကို ချစ်ရကြောင်းသာပြောပြီး ပြန်လည်တုံ့ပြန်ချက်ကိုတောင်မှ မမေးတတ်သေးတဲ့ ကလေးဆန်သော ရည်းစားစကားလေးပေါ့။ ဒါပေမဲ့ အဲသည်အရွယ်၊ အဲသည် ခံစားချက်၊ အဲသည် အချိန်ကတော့ သည်စကားဟာ ရိုန်းမြ ပူနွေးတဲ့ ချစ်ခွင့်စကားကလေး၊ ရင်ခုန်စရာ စကားကလေး၊ ရှက်ရွံ့ကြည်နူးစဖွယ် စကားကလေးအဖြစ် တသသ ဖြစ်ခဲ့ရသတဲ့။





"စိတ်တော့ မဆိုးပါနဲ့ ရတနာ၊ တကယ်လို့ နင်ကသာ စိတ်ဆိုးသွားမယ်ဆိုရင် ငါ ကျောင်းလည်း မတက်ချင်တော့ဘူး၊ စာလည်း မသင်ချင်တော့ဘူး၊ ကျူရှင်လည်း မလာချင်တော့ဘူး အိမ်မှာလည်း မနေချင်တော့ဘူး သိလား၊ ငါ အဲဒီလောက် ခံစားရလိမ့်မယ်၊ ဒါကြောင့် ငါ့စကားကို စိတ်မဆိုးပါနဲ့ဟာ၊ ငါ တကယ် ချစ်မိလို့ ပြောမိတာပါ"

အို ... ခက်ပဲ ခက်ရချည်ရဲ့။ စိတ်ဆိုးတယ် မဆိုးဘူးကို ဘာမှတောင် မပြောရသေးပါလားကွယ်။ မင်းဝဏ် နင်ဟာ တကယ်တော့ ကိုယ်လုပ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်ပြီးမှ အဲသည်လို လုမ်မိတဲ့ အပြစ်ကြောင့် ရမဲ့ရလဒ်တစ်ခုကိုတော့ သိလားဘူးဆိုတာ အဲသည်တည်းက ရိပ်မိခဲ့ဖို့ သင့်တယ်။ အဲဒါ ... ချွတ်ယွင်းချက်ပဲ။ အင်းလေ အဲသည်တုန်းကတော့ ဘယ်နား ... ည်ပါဦးမလဲ။ မနဲ့ မင်းဝဏ်က သက်တူရွယ်တူ ကလေးတွေ။ ... င်မတန်ကို ငယ်ရွယ်နေဆဲ ကာလတွေ။

အခုကာလမှာ အဲသည်အရွယ်က အကြောင်းတွေ ... တွေးကြည့်ရင် အမှားတွေကို သိလာရပြီပေါ့။ အဲသည်အရွယ် ... ရင်ခုန်သမျှတွေကလည်း ရယ်စရာကြီးပေါ့။ အားလုံးက ... ကူးယဉ်တာတွေပဲ ဖြစ်သည်။ စိတ်ကစားကြတာတွေပဲ ဖြစ် ... ည်ဟု ဝေဖန်ကြပေမဲ့ မနဲ့ မင်းဝဏ်တို့ရဲ့ အချစ်ကတော့ ... ပြီး သံယောဇဉ်ကြီးမားတဲ့ အချစ်ဆိုစ်ခုအဖြစ် တည်ဟဲ့နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားပင်။ မသည် ခုထိ မင်းဝဏ်ရဲ့ အပြစ်ဟူသမျှကိုသိလျက် ခွင့်လွှတ်စိတ်နဲ့ ချစ်နေမိချင်သွားပင်။ ထို့ကြောင့် မသည် အင်မတန် ညှံ့ဖျင်းသော မိန်းမအဖြစ် သတ်မှတ်၍ ရနိုင်သည်။

"ဘယ်သူ့ဆီက ဖုန်းလဲ ညီမလေး၊ ဒေလီလို့တော့ ပြော တာပဲ၊ ဘယ်က သူငယ်ချင်းအသစ် တွေ့လာတာလဲ"

"မကို အချစ်တော်ဖွဲ့နေတဲ့ ကောင်မလေးပါ။ မတို့ ကျောင်းကပဲ၊ ကိုကြီးမှန်းသိလို့ သူက ကြောက်သွားရ တယ် ဆိုတာတောင် ပြောပြနေသေးတယ်"

"မိန်းကလေးကျောင်းတွေများ အလုပ်မဟုတ်တာ၊ အချ ချင်း အချစ်တော်ထားရ၊ ဟိုကောင်မလေး ကြိုက်ရ၊ ဒီကော မလေး ကြိုက်ရ၊ ညီမလေးလည်း အဲဒါတွေ သိပ်စိတ် မဝင်စားနဲ့နော်၊ အလကား အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေ"

"စိတ်ချ ... စိတ်ချ၊ စကားနည်းနည်းပါးပါး ပြန်ပြော ပါ ကိုကြီးရဲ့၊ မက အဲဒါမျိုးတွေ စိတ်ရှုပ်လွန်းလို့"

ကဲ ... ဘယ်လောက်တောင် သေသပ်ပိရိလိုက်တဲ့ လိမ်ညာစကားလဲ။

သည်လို အချ...တော် ဖွဲ့ခြင်းတွေ စိတ်ရှုပ်ပေ ယောကျ်ားလေးသူငယ်ချင်း အထားကောင်းလို့ ခုတော့ ရည်းစား စကား ပြောခံရပြီ။ ရင်ခုန်ခြင်းကိုလည်း မွေ့လျော်ခဲ့ပြီ။ အင်း မိုက်မဲခဲ့လေစွ။



"မင်းဝဏ်ရယ် မ ရင်တွေ အရမ်းခုန်နေမိပြီ၊ ပြီးတော့ မင်းဝဏ်နဲ့ မျက်နှာချင်းဆိုင် တွေ့ရမှာကိုလည်း ရှက်နေမိပြီ၊ ဒေလီယာနဲ့ စန္ဒာ သိသွားမှာကိုလည်း ကြောက်နေရပြီ၊ ကိုကြီးကိုလည်း မသိစေချင်ဘူး၊ ဆေလအောင်နဲ့ ရန်လေးတို့ ကို နှင် ပြောပြထားမှာလား၊ ဒါဆိုရင်တော့ အရမ်းရှက်ဖို့ ကောင်းမှာပဲဆော်၊ မ ဘာပြန်ဖြေရမလဲဟင်၊ စိတ်ညစ်စရာ ကောင်းတာက မမှာ အဖြေမရှိသေးတာပဲ သိလား"

မသည် ဒိုင်ယာရီလည်း ရေးတတ်သူ မဟုတ်၍ း်းစာအုပ်ထဲက အလယ်စာရွက် အလွတ်တစ်ရွက်ကိုဖြုတ် သည်စာစုကလေးကို ရေးမိတော့ နည်းနည်းလေး ပေါ့ပါး ရသလိုပင်။ ကျက်နေလက်စ စာတွေကို စာအုပ်ပိတ်သိမ်း အခန်းမီးပိတ်ကာ ခုတင်ပေါ်ပစ်လှဲလျက် အချိန်အကြာကြီး ိမှိလျက် နေမိပြန်သတဲ့။ အံ့ဩစရာပင် ကောင်းသေးတော့ တော့ တစ်စုံတစ်ရာကို တွေးမိပြန်လျှင် ရှက်ရွံ့ကာ ခေါင်းအုံး ျက်နှာကို ဖိကပ်ထားမိပြန်သတဲ့။

❋ ✻ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၁

မသည် မင်းဝဏ်အား အဖြေပေးစရာမလိုအေ
မင်းဝဏ်ကလည်း သူ ချစ်ကြောင်းသာ ပြောခဲ့၍ မကို မင်း
ချစ်စကားပြောခြင်းသည် မနဲ့ မင်းဝဏ်တို့ရဲ့ အကြည့်က
တွေ အနည်းငယ် ပြောင်းလဲရုံကလွဲလျှင် ဘာမှ ပိုပြီး မထူး
ခဲ့ပါ။ အရင်ကလို သူငယ်ချင်းတွေပမာ ခေါ်ပြောဆက်ဆံ
မင်းဝဏ်က မကို နေကြာစေ့တွေ အခွံခွာပေးလျှင် မက ကျေ
နပ်နပ် ယူစားဆဲ။ မသည် မင်းဝဏ်အတွက် မပျက်မ
ပီကေ ဝယ်ကျွေးဆဲ။ တစ်ခါတလေတော့ ...

"ရတနာ့ကို ချစ်တယ်"

ဆိုသော စကားတိုကလေးမျိုး။

"ဦးမင်းဝဏ် – ဒေါ်ရတနာပုံ"



ဆိုတဲ့ စာတိုကလေးမျိုး။

"မင်းဝဏ်သည် ရတနာပုံကို ချစ်ပါသည်၊ ရတနာပုံသည် မင်းဝဏ်ကို"

ဟု အဖြေတောင်းသလိုလို စာကလေးမျိုး။ မကို
ရအောင် ပေးတတ်သည်။ ပေးပုံကလည်း အဆန်းသားပင်။
တိုက်ရိုက်မပေးဘဲ မ၏ လွယ်အိတ်ထဲ သူ့ဘာသာ နိုးထည့်
ဖြစ်သည်။ သည်နေ့ စာထည့်ပြီးပြီဆိုလျှင် နောက်တစ်နေ့
ရသော သူ့မျက်နှာသည် သူစဲ မလုပ်ခဲ့သလိုနှင့်။ စာကိုပြ
'နောက် အဲဒီလို မလုပ်နဲ့' ဟူ၍ နည်းနည်းပါးပါး ဆူရသော်
မ ကိုယ်တိုင်ကတော့ ထိုစာကလေးတွေကို အမြဲဖတ်နေချင်
ပင်။ ပြီးတော့ အမြတ်တနိုးဖြင့် တိတ်တိတ်လေး သိမ်းထား
မြဲတည်း။ တစ်ခုတော့ ပြောရဦးမည်။ တစ်ခါတလေ သူငယ်
တွေ စုထိုင်နေရင်း စကားတွေ ပြောနေရင်းက စိတ်ကူးပေါက်
...

"တစ်ယောက်ကိုတစ်ယောက် မျိုမလောက် ချစ်တယ်"

ဟု ဘယ်ကရသော သီချင်းမှန်း မသိတာကြီးကို
ကြည့်ပြီး ဆိုတတ်သေးသည်။ ဝေလအောင်နှင့် ရန်လေးက
ပြီးဖြစ်၍ ရယ်ကျဲကျဲလုပ်၊ မဘက်က ဘာမှ မပြောပြထား
ဒေလီယာနှင့် စန္ဒာကတော့ မသက်သေ ဖြစ်ကျန်သည်
မတို့ရဲ့ လုပသော ဘဝကလေးတည်း။

www.burmeseclassic.com

www.burmeseclassic.com



မသည် ထိုဘဝကလေးကို ကြည်နူးရင်ခုန်စွာ
သန်းနေဆဲတုန်းက မနှင့် မင်းဝဏ်သည် ရှေ့ဆက်မည့် ဇာတ်
တွေ ရှိဦးမှာ မဟုတ်။ မင်းဝဏ်သည် မကို ဘယ်တော့မှ
ရိုက် အဖြေမတောင်း၍ မလည်း အဖြေပေးစရာမလိုဘဲ သည်
အချိန်တွေ ကုန်ဆုံးခဲ့လိမ့်မည်ဟု ကလေးဆန်ဆန် တွေးခဲ့
မှားခဲ့သည်။ အမှန်က သည်လို ဇာတ်လမ်းဆက်ခဲ့ခြင်း
မလည်း မရည်ရွယ်။ မင်းဝဏ်လည်း မရည်ရွယ်ခဲ့ကြော
ပြောပြရဦးမည်။

ထိုသို့ မတို့ရဲ့ သူငယ်ချင်း မကျတကျ ဘဝ
ဖြတ်သန်းခဲ့တာ အချိန်အားဖြင့် တွက်ဆလျှင် ခြောက်လမကျော်
ခုနစ်လအတွင်း ရောက်ခဲ့ရာတွင် မနဲ့ မင်းဝဏ်တို့ရဲ့ အီလယ်
ဇာတ်လမ်းကြီးက ရှေ့ဆက်တိုးခဲ့ရလေသည်။ အဲသည်နေ့က
တုန်းက ညနေ အင်္ဂလိပ်စာ ကျူရှင်ဆင်းချိန်မှာ လာကြိုလေ့ရှိ
ကိုကြီးသည် ခါတိုင်းရောက်သင့်သည့် အချိန်ထက် ပိုမို
ကျခဲ့သည်။ အမြဲတမ်း မ ပြန်ပြီးမှ ပြန်တတ်သော မင်းဝ
မကို စိတ်ရှည်လက်ရှည် ထိုင်စောင့်ရင်း နေကြာစေ့တွေ
ပေးရင်း ...

"ကျူရှင် ဆင်းတာဖြင့် သုံးနာရီ၊ အခု လေးနာရီ
ထိုးပြီ မင်းဝဏ်၊ ကိုကြီး ဘာလို့ လာမကြိုတာလဲ





ဘူး၊ လမ်းမှာ တစ်ခုခုများ ဖြစ်နေလို့လား၊ ဒါမှမဟုတ်
ခရီးလွန်နေလို့လား၊ ကားပျက်နေလို့လား၊ ဟာ ... ကား
ပျက်ရင် ခရီးလွန်ရင်တော့ ဒေလီယာဆီ ကြုံရာ နေရာကနေ
ဖုန်းဆက်လိုက်မှာပေါ့၊ အခုတော့ ကိုကြီး တစ်ခုခုဖြစ်နေ
ပါပြီ၊ လုပ်ပါဦး မင်းဝဏ်၊ မ ဘယ်လို လုပ်ရမလဲ"

မသည် မင်းဝဏ်ကို တတွတ်တွတ် တိုင်တည်
အားကိုးမိပြန်သည်။ ဝေလအောင်နှင့် ရန်လေးတို့ကတော့ ဒေလီယာ
နှင့် တောက်ခုံကစားနေ၍ မ၏စကားကို နားထောင်ပေးဖော်
မရကြ။ မ၏ ပူပန်မှုကို သတိမထားမိကြ။

"ဒီနေ့မှ စန္ဒာကလည်း ဘာဖြစ်လို့ ကျူရှင်လာမတက်တာလဲ
မသိဘူး၊ နို့မို့ စန္ဒာနဲ့ ပြန်လို့ရတယ်၊ ဒေလီယာ့ အိမ်မှာ
ကလည်း သိတဲ့အတိုင်း ဘယ်သူမှ မရှိသလို ကားလည်း
တစ်စီးမှ မရှိဘူး၊ ဒါဆို မ ဘယ်လို ပြန်ရမလဲဟင် ပြော
ပါဦးဟယ်၊ မ ကိုကြီးကို အရမ်းစိတ်ပူပြီး အိမ်ပြန်ချင်လှပြီ"

"ဖုန်းဆက်မေးကြည့်ပါလား"

"မရဘူး မင်းဝဏ်ရဲ့၊ အိမ်က ဖုန်းက အပြင်ကခေါ်ရင်
မဝင်ဘူး၊ ကိုယ်ခေါ်မှ ရတယ်၊ အဲဒီလိုကြီး ပျက်နေတာ
သိလား၊ ကိုကြီးက ဖုန်းရုံးက ကောင်လေးတွေ ခေါ်ပြင်
ဖို့ စီစဉ်နေတာပဲ၊ အခုထိ မပြင်ဖြစ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးသည် တစ်ခါမှ သည်လို နောက်မကျဖူးသလို အကယ်၍ ကားပျက်ရင်တောင် တက္ကစီနဲ့ဖြစ်ဖြစ် မရောက်ရောက်အောင် လာကြိုတတ်မြဲ။ သုံးနာရီ ကျူရှင်ပြီးလှ ပြတင်းကလေးမှ ငုံ့ကြည့်ပြီဆိုရင် အမြဲ အချိန်တိကျစွာ ရောက်နေတတ်သော ကိုကြီးအား မင်းဝဏ်သည် အမြင်ကတတ်လှဟန်ဖြင့် 'ကိုတိကျကြီး' 'ကိုအချိန်မှန်ကြီး' တွေနှင့် ဝေဖန်တတ်သေးသည်။

"မ အိမ်ကိုပြန်ရင် ဘာကားစီးရမလဲ မင်းဝဏ်၊ မ အခု ပြန်တော့မယ်၊ ဒီလိုကြီး ဘာမှ မသိဘဲ စောင့်မနေချင်ဘူး"

"ရတနာ တစ်ယောက်တည်း ပြန်လို့ ဘယ်ဖြစ်မလဲ"

"သိတယ်၊ ဒေလီယာ့ကို ကားငှားဖို့ အဖော်ခေါ်ရမှာပေါ့"

ဒေလီယာသည် သူမကိုယ်သူမ သိပ်မသေချာလှဟန်ဖြင့် 'ကား ဘယ်လိုငှားရတာလဲ' ဟု မကို ပြန်မေးနေသေးသည်။

"မင်းဝဏ် မင်း လိုက်ပို့လိုက်ပါလား"

ရန်လေးက အကြံရ၍ ဝင်ပြောသည်။ ဝေလအောင် ခေါင်းတညိတ်ညိတ် ထောက်ခံလျက် ...

"ဟုတ်တယ် မင်းဝဏ်ဘီးနဲ့ လိုက်ပို့ပေးလိုက်ပေါ့၊ အဲဒါဆိုရင် ရတနာပုံ သိပ်သိချင်နေတဲ့ သူ့ကိုကြီး အခြေအနေမှန်ကို သိရမှာ၊ နို့မို့ ဒီကနေ စိတ်တွေ ပူပန်ပြီး စောင့်နေရတာ အကျိုးမရှိဘူး၊ ဟိုမှာ ဘာတွေ ဖြစ်နေမှန်းမှ မသိတာ၊ တော်ကြာ ရတနာပုံ ဒီမှာ အိပ်နေရဦးမယ်"





ဟု ဝင်ပြောသည်။ ဒေလီယာလည်း ဟုတ်နိုးနိုးဖြင့် 'အေး ... ကောင်းသားပဲ' တွေနှင့် ရန်လေးတို့ စကားကို သဘောတူပြန်သည်။

"ရတနာ စက်ဘီးစီးရဲလား"

"မစီးရဲဘူး မင်းဝဏ်၊ နောက်ပြီး နင် လိုက်ပို့လို့ ဖြစ်ပါ့မလား၊ ကိုကြီးမြင်ရင် မကို ဆူလိမ့်မယ်"

"နင့် အစ်ကိုကဖြင့် ဘယ်ရောက်နေမှန်း မသိဘဲနဲ့"

ရန်လေးသည် မင်းဝဏ်တို့နည်းတူ ကိုကြီးအား မကို သဝန်တိုမှု၊ ချုပ်ချယ်မှု၊ ယောက်ျားလေး သူငယ်ချင်းမထားရန် ကန့်ကွက်မှုတွေနှင့် မကြည်လင်သူ ဖြစ်သည်။

"ကိုကြီး တစ်ခုခု ဒုက္ခရောက်နေလို့ပါ၊ နို့မို့ မကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လာကြိုပါတယ်"

"ကဲပါ ရတနာ၊ လာ ... သွားရအောင်၊ အခုတောင် ဒီလို ဆွေးနွေးနေတာနဲ့ လေးနာရီခွဲတော့မယ်၊ တော်ကြာ ဒီထက် နောက်ကျပြီး မှောင်သွားရင် မကောင်းဘူး"

ဆောင်းဦးရာသီ အစမို့ နေဝင်စောကာ အပြင်မှာ နေရောင်အနည်းငယ်သာ ကျန်တော့သည်ကို မလည်း သတိထားမိသည်။ နောက်ဆုံးတော့ မသည် မင်းဝဏ် လိုက်ပို့ခြင်းကို လက်ခံလိုက်တော့သည်။ မင်းဝဏ်၏ စက်ဘီးနားလည်း ရောက်ရော မအတွက် ဒုက္ခကို ထပ်မံ ရင်ဆိုင်ရလေသည်။ အဲဒါကတော့


www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်၏ ဘီးက နှော့က်ခံမပါသော ပြိုင်စက်ဘီး ဖြစ်နေခြင်းတည်း။

"ဘားတန်းမှာ တစောင်းထိုင်လိုက်ရင် ရပါတယ် ရတနာရဲ့၊ သူများတွေလဲ ဒီလို သွားတာပဲ"

"ဟင် ... ဘယ်ဖြစ်မလဲ၊ ပြုတ်ကျသွားရင် ဘယ်နှယ့်လုပ်မလဲ၊ နောက်ပြီး နင်လည်း စက်ဘီးကို ထိန်းနိုင်မှာ မဟုတ်ဘူး ထင်တယ်"

မနဲ့ မင်းဝဏ်သည် ကလေးဆန်ဆန် တွေးရှိအဲသည်လောက်သာ ဆွေးနွေးဖြစ်သည်။ အမှန်တော့ သည်လိုမျိုး မင်းဝဏ်၏ ရင်ဘတ်ရှေ့မှာ တစောင်းထိုင်လျက် စီးမိသော စက်ဘီးကလေးမှာ သည်ထက်မက နီးစပ်မှုတွေ ပေးနိုင်ကြောင်း မတို့နှစ်ယောက် မသိခဲ့ကြချေ။ ဟုတ်သည် မတို့ တကယ်မသိချေ။

"ရတယ် တက်ပါ၊ ငါ စက်ဘီး ကျွမ်းပါတယ်ဟ"

မင်းဝဏ် ထိန်းကိုင်ပေးသော စက်ဘီးပေါ်သို့ ကြိုးစားတက်ပြီး ဘားတန်းကလေးမှာ တစောင်းထိုင်ခြင်းအား ဝေဿအောင်နဲ့ ရန်လေးက မ၏ စက်ဘီးပေါ်တက်ပုံကိုတောင် ဟားလိုက်ကြသေးသည်။ တကယ်ပါ မတို့ဟာ အချစ်ကို နည်းနည်းပါးပါး သိနေတာကလွဲရင် တကယ့်ကို ရိုးသား ကလေးဆန်ဆဲပါ။

❋ ❋ ❋





မင်းဝဏ်သည် စက်ဘီးကို စတင်နင်းလိုက်ချိန်တွင် မသည် အမှားတစ်ခုကို စတင် သိမြင်လိုက်တော့သည်။ အဲဒါကတော့ မသည် မင်းဝဏ်နဲ့ တစ်ခါမှ သည်လို နီးနီးကပ်ကပ် နေရခြင်းအား ရှက်ရွံ့ရဝံ့ခုန်လာရခြင်းပင်တည်း။ မသည် သူ့ရင်ဘတ်နဲ့မထိအောင် ခါးကို ကိုင်းချကာ ခေါင်းငုံ့လည်း အချည်းနှီးပင်။ မ၏ ဆံပင်တိုတို လွတ်နေသော လည်ကုပ်သားကို မင်းဝဏ် ရှူထုတ်လိုက်သော ထွက်သက်လေ ခပ်နွေးနွေးက အချိန်တိုင်း လာရောက်ထိခတ်နေတာပဲ ဖြစ်သည်။

"မလွယ်ပါဘူး ရတနာရယ်၊ ရတနာ့ကို ဒီလိုမျိုး နီးနီးကပ်ကပ် နေရတော့ ရင်တွေ အရမ်းခုန်လာတယ်၊ စက်ဘီးကိုတောင် မနည်းထိန်းပြီး နင်းနေရတယ်၊ ဒီလိုမှန်းသိရင် ဒီနည်းနဲ့ အိမ်ပြန်ပို့ဖို့ မစီစဉ်ပါဘူး၊ အခုတော့ စမိမှ မရှုံးတော့ဘူး၊ ဒါပေမဲ့ ငါ ရတနာ့ဆံပင်တွေ လှုပ်လာရင် နီးနမ်းနေမိတယ် ရတနာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် မင်းဝဏ်နော်၊ နင် မဟုတ်တာတွေ ပြောမနေနဲ့၊ မမှာ ကိုကြီးကို စိတ်ပူလို့သာ နင်လိုက်ပို့တာ လက်ခံရတာ၊ ကိုကြီး မြင်သွားရင် ဘယ်လောက် အဆူခံလိုက်ရမလဲ၊ အဲဒါကို တွေးပြီး မ အတွက်တော့ မပူပန်သေးဘူး"

မသည် သူ့ကို လှည့်ကြည့်ရန် မေ့ပြီး ခေါင်းမော့မိသေးသည်။ သို့သော် မင်းဝဏ်၏ မေးစေ့က မ၏ ခေါင်းကို လာထိသဖြင့် အလန့်လန့် အထိတ်ထိတ်ဖြင့် ခေါင်းကို ပြန်လည်ငုံ့ချရတော့သည်။

"ရတနာ နင့်ကို ငါ ချစ်နေတဲ့အကြောင်း ပြောပြီးတာတော့ကြာပြီ၊ နင်ကရော ငါ့ကို ချစ်တယ် မချစ်ဘူးဆိုတာ အဖြေမပေးရသေးဘူးနော်၊ ငါလည်း နင့်ကို အဖြေမတောင်းရဲလို့ တမင် မတောင်းတာ၊ ဒါပေမဲ့ အခုတော့ ငါ သိချင်လာပြီ၊ ငါ့ကို အဖြေပေးပါ ရတနာ"

"ဘာလဲ နင်က နင့်စက်ဘီးနဲ့ လိုက်ပို့ရလို့ ဒီလို ဗိုလ်ကျတာလား မင်းဝဏ်"

"မဟုတ်ပါဘူး ရတနာရယ်၊ မကြာခင် စာမေးပွဲကြီးဖြေရတော့မှာဆိုတော့ ကျောင်းပိတ်ရင် ငါတို့ ခဏဝေးကြရဦးမှာလေကွာ၊ အဲဒီလို မတွေ့ကြရချိန်ကလေးမှာ ရတနာ့ဆီက ရတဲ့အဖြေနဲ့ ရတနာ့ကို လွမ်းနေချင်တယ်





ဟဲ ... ဟဲ၊ စကားလုံးတွေတောင် မိုက်လာပြီ၊ ငါ့ခံစားချက်တွေ ပြင်းထန်လာပြီ ထင်ပါရဲ့"

မသည် အိမ်ကိုလည်း မြန်မြန်ပြန်ရောက်ချင်လှပြီ။ ရှယ်တွဲတချို့ ပြုံးစိစိဖြင့် လှည့်ကြည့် နောက်ပြောင်သွားကြတာကိုလည်း ရှက်လှပြီ။ ကိုကြီး မတော်တဆ တွေ့မှာကိုလည်း စိုးရိမ်လှပြီ။ မင်းဝဏ်၏ စကားတွေကိုလည်း ပြန်လည်တုံ့ပြန်ရမှာ မရဲအောင် နှုတ်ဆွံ့ခဲ့ရပြီ။ မင်းဝဏ် ပြောသလို စာမေးပွဲကြီးပြီးချိန် မတွေ့ကြရမှာကို တွေးမိပြီး အလိုလို ဝမ်းနည်းမိလာခဲ့ပြီ။ ဟုတ်သည်၊ မလည်း မင်းဝဏ်ကို ဘယ်အချိန်ကစပြီး ချစ်မိမှန်းမသိ ချစ်ခဲ့ပါပြီ။ သို့သော် မင်းဝဏ်အား အဖြေပေးရန် မရဲသေးပါ။

"ရတနာ စကားပြောပါဦး"

မသည် ယောင်ယမ်း ခေါင်းခါမိတော့ တရစပ်လွင့်စဉ်သွားသော မ၏ ဆံပင်များကြောင့် ...

"အား ... ဆံပင်နဲ့ ရိုက်တယ်ဗျ၊ မကျေနပ်ရင် လက်နဲ့ရိုက်၊ စက်ဘီးနင်းနေတုန်း မျက်နှာကို ဆံပင်နဲ့ရိုက်တာတော့ မကောင်းပါဘူး၊ တော်ကြာ ကားနဲ့ဝင်တိုးရင် နှစ်လောင်း ပြိုင်သွားလိမ့်မယ်၊ သုံးဆယ့်ခုနစ်မင်းအောနတ်တွေထဲမှာ ထပ်မံ တိုးပွားသွားဦးမယ် ရတနာ၊ သတိထား ... သတိထား"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်သည် တောက်လျှောက် ပြောချခြင်းမှာ ပေါက်ကရစကားတွေလည်း ပါသေးရဲ့တော့။ မသည် အယူသီးလျက် 'ဟယ် ... မပြောနဲ့'ဟု အော်မိသေးသည်။

"ဘာလဲ ငါနဲ့အတူတူ မသေရဲဘူးလား ရတနာ၊ ငါကတော့ သေရဲတယ်၊ အေးလေ ရတနာက ဘယ်သေရဲပါ့မလဲ၊ ငါ့ကို သေစေချင်နေတယ် ဆိုတော့လည်း"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ နင့်စကားက တစ်ခုမှ အကောင်းမပါဘူး၊ သေစကားချည်းပဲ၊ စဉ်းစားကြည့်ဦး၊ နောက်ပြီး အိမ်နားရောက်ခါနီးပြီ မင်းဝဏ်၊ ခပ်လှမ်းလှမ်းမှာပဲ ချပေးနော်၊ ခြံရှေ့ကြီး တည့်တည့်သွားချရင် ကိုကြီးတွေ့သွားမယ်၊ ဒါမှမဟုတ် အိမ်ကလူတွေ တွေ့သွားရင်လည်း ကိုကြီး သိမှာပဲ"

"ခွဲရတော့မယ် ရတနာရယ်၊ ငါ့ကို အဖြေတော့ မပေးဘူး"

မင်းဝဏ်သည် ထူးထူးခြားခြား စကားကို တိုးတိမ်စွာ ရေရွတ်လျှင် မသည် အင်မတန် အံ့သြမိသေးသည်။ ခါတိုင်းဆို တက်ကြွဖျတ်လတ်သော စကား အော်ကျယ်အော်ကျယ် ပြောတတ်သော မင်းဝဏ်ကိုသာ အမြဲ တွေ့ရတတ်၍ပင်။

သည်လိုကျတော့လည်း မသည် ခံနိုင်ရည် မရှိချင်ပြန်။ တင်းမာမနေတတ်ပြန်။ မင်းဝဏ်အား မက ဖြေသိမ့်ချင်သည်။ မင်းဝဏ်၏ အလျော်ဟူသမျှ မက ဖန်တီးပေးချင်သည်။





မင်းဝဏ်သည် မ၏ စကားကို နားခံလျက် မတို့နေထိုင်သော ခြံကျယ်ကြီးနား မရောက်ခင် လေးငါးခြံလောက်အကွာမှာ စက်ဘီးကို ရပ်ပေးသည်။ မင်းဝဏ်က ဆတ်ခနဲခြေကိုလွှဲ၍ မသည် မင်းဝဏ်၏ ပြိုင်ဘီး အမြင့်ကြီးပေါ်မှ ခုန်ချချန် မရဲချေ။ မင်းဝဏ် ထိန်းကိုင်ပေးထားလျက် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေမိသေးသည်။

"ရဲရဲခုန်ဆင်းပါ ရတနာ၊ ဘာမှ မဖြစ်ပါဘူး၊ ငါ့ပခုံးကို ကိုင်ပြီး ဆင်းလေ၊ ဒီတိုင်း ခုန်ဆင်းရင် ရတနာ လိမ့်ကျမှာပေါ့"

မသည် မင်းဝဏ်၏ စကားအတိုင်း သူ့ပခုံးကို ကိုင်၍ ခုန်ဆင်းတော့ ခြေထောက်မျက်သလို ဖြစ်မိသေးသည်။ သို့သော် သည်နားမှာ မင်းဝဏ်နဲ့အတူ အကြာကြီး ရပ်ရမှာ စိုးရိမ်တာနှင့် ဘာမှ မညည်းညူတော့ဘဲ အိမ်ပြန်ဖို့သာ စိတ်စောနေမိသည်။ မင်းဝဏ်အား နှုတ်မဆက်မိဘဲ ကျောခိုင်း၍ လျှောက်လာပြီးမှ ခြေလှမ်းငါးလှမ်း လွန်ပြီးသောအခါမှ မင်းဝဏ်ကို နှုတ်မဆက်ရသေးကြောင်း သတိရ၍ လှည့်ကြည့်မိသည်။

အို ... မင်းဝဏ်ရယ်ဟု မ၏ နှုတ်ဖျားမှ ရေရွတ်မိသွားရခြင်းကတော့ ပြိုင်ဘီးကလေးကို လက်ဖြင့်ထိန်းလျက်အား တိတ်ဆိတ်စွာ ရပ်ကြည့်နေသော မင်းဝဏ်ကြောင့်ပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညကျရင် ဖုန်းဆက်လိုက်မယ် မင်းဝဏ်"

ကြားခါစက မင်းဝဏ်သည် အံ့သြကာ တွေဝေသွားခဲ့သေးသည်။ နောက်တော့ မဘက်က သည်လိုစပြီး ဖုန်းမဆက်ဖူးဘဲ အခုမှ ဖုန်းဆက်မယ်ဆိုခြင်းကို သဘောပေါက်ကာ ဟေးခနဲ တစ်ချက်အော်လိုက်ချိန်တွင် မသည် သူ့ကို ကျောခိုင်းခဲ့ပြီးပြီ။

"ဟော ... သမီးလေး ပြန်လာပါပြီ မောင်သတ်ပုံ၊ စိတ်ပူမနေနဲ့တော့"

မသည် အိမ်ရှေ့မှာ ဖိနပ်ချွတ်စဉ် အိမ်မှုကိစ္စတွေ ထိန်းသိမ်းပေးရသော အဒေါ်ကြီး၏အသံက ဆီးကြိုခဲ့လေသည်။ မသည် ခပ်မြန်မြန် အိမ်ထဲဝင်စဉ် လက်တစ်ဖက်မှာ ကျောက်ပတ်တီး အဖွေးသား၊ ခေါင်းမှာလည်း ပတ်တီးတွေ အဖွေးသားဖြစ်နေပြီး ဒရင်းဘက်ခ်ပေါ်တွင် မှိန်းနေသော ကိုကြီးကို တွေ့လိုက်သောအခါ ...

"အမယ်လေး ... ကိုကြီး ဘာဖြစ်လာတာလဲ"

ဟုတောင် ယောင်ယမ်း အော်မိသည်။ ခုနက ကြည်နူးရင်ခုန်ခဲ့ရတာကလေးတွေပင် ပျောက်ဆုံးသွားရတော့သည်။

"မငိုနဲ့ ညီမလေး မငိုနဲ့၊ ကိုကြီး ညည်းကို လာအကြိုမှာ ကားချင်း ဝင်တိုက်မိလို့ ခုလို ဖြစ်သွားတာပါ၊ လူမသေတာပဲ ကံကောင်းတာပေါ့၊ ဒဏ်ရာကလည်း မများပါဘူး၊ ညာဘက်





လက် ကျိုးတာရယ်၊ ခေါင်းပေါက်လို့ သုံးချက်ချုပ်ရတာရယ်ပဲ ရှိတယ်၊ ကျန်တာက ပွန်းရုံ ပဲ့ရုံလောက်ပါ၊ ကားကတော့ လုံးဝ သုံးမရတော့အောင် ပျက်စီးသွားတယ်၊ ငါက အကြောင်းမဟုတ်ပါဘူး၊ ညီမလေး တမျှော်မျှော်ဖြစ်နေမှာ စိုးရိမ်တာ၊ တော်ကြာ ကိုယ့်ဘာသာ ပြန်လာရင် ဒုက္ခဆိုပြီး "တွေးမှုလိုက်ရတာ၊ ဆေးရုံမှာ တစ်ချိန်လုံး ဆရာဝန်ကို အိမ်ပြန်ပို့ဖို့ အပူကပ်နေလွန်းလို့ ဆရာဝန်ကတောင် ဟောက်လိုက်သေးတယ်၊ အခုလေးတင် ဆေးရုံကားနဲ့ အိမ်ပြန်ပို့တယ်၊ ညီမလေးကို သွားကြိုဖို့ လူလွှတ်နေတုန်း ညည်းရောက်လာတော့တာပဲ၊ ကဲ ... ပြောပါဦး၊ စန္ဒာ လိုက်ပို့တာလား၊ ဒေလီယာ လိုက်ပို့တာလား"

မသည် သည်စကားကို အတော်လေး သတိထားပြီး ပြုံးရသေးသည်။ ခွင့်လွှတ်ပါ ကိုကြီး၊ ကိုယ့်အစ်ကို သေလုမျောပါး ဒဏ်ရာရထားတာတောင် လိမ်တာတော့ မကောင်းဘူးပေါ့နော်။ တွေးသော် မသည် မိုက်မဲနေဆဲ ဖြစ်သည်။

"စန္ဒာ လိုက်ပို့တာ၊ မကို ဝိုင်းစောင့်ပေးကြသေးတယ်၊ နောက်ဆုံး အားလုံးက စန္ဒာနဲ့ပဲ ပြန်လိုက်သွားဆိုလို့ မလဲ ဘာမှ မကြံတက်တော့တာနဲ့ စန္ဒာနဲ့အတူတူ ပြန်လာလိုက်တာ၊ ဖြစ်ရလေ ကိုကြီးရယ်၊ အဲဒါကြောင့် မ ပြောပါတယ်၊ ကိုကြီး အလုပ်တွေ သိပ်များရင် မကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်က ဦးလေးကြီးကို ကားမောင်းပြီး ကြိုခိုင်းလည်း ရပါတယ် ဆိုတာလေ၊ အခုတော့ ကိုကြီးက အရမ်းပင်ပန်းပြီးဖြစ်တာ"

ကိုကြီးသည် 'ဟင် ... ဘာမှ မဆိုင်ပါလား ညီမလေးရယ်'ဟု ရယ်တော့ အားလုံးက မကို ဝိုင်းရယ်ကြလေသည်။ မသည် ကိုကြီးကို ကျောက်ပတ်တီးစည်းထားသော လက်ကို ပွတ်သပ်ကိုင်တွယ်၍ သံဗုဒ္ဓေကို အခေါက်ခေါက် ရွတ်ပေးတော့ ကိုကြီးသည် ကျေနပ် သဘောကျကာ မ၏ ခေါင်းကို အကောင်းကျန်သော လက်ဖဝါးဖြင့် ဖိကိုင်ထားခဲ့လေသည်။ မသည် ကိုကြီးကချစ်သော၊ ကိုကြီးကိုချစ်သော ညီမတစ်ယောက်ဘဝကို တစ်သက်လုံး ရချင်ခဲ့ပါသည်။ သို့သော် သည်လိုမျိုး စာဝမရအောင် မ ကိုယ်တိုင်ပဲ ကိုကြီး စည်းကမ်းတို့ကို ချိုးဖောက်ကျူးလွန်ခဲ့မိခြင်းက မ၏ အပြစ်တည်း။

"ငါ့ညီမလေးက လိမ္မာလိုက်တာ၊ ဘုရားစာတွေလည်း အကုန်ရတယ်၊ ညီမလေး ဘုရားစာရွတ်ပေးလို့ ရောဂါတောင် ပျောက်သွားသလိုပဲ"

"တကယ်လား၊ ဒါဆို မ နေ့တိုင်း ရွတ်ပေးမယ်"

"ရွတ်စေ ... ရွတ်စေ"

ကိုကြီးသည် အင်မတန် ယုံကြည်ခဲ့သည်။ မျှော်လင့်ခဲ့သည်။ တစ်နေ့နေ့မှာ ဆရာဝန်မကြီး ဖြစ်ရမည်ဟု မရဲ့အစား





ကြီးကပဲ ကြွေးကြော်ခဲ့သည်။ ကိုကြီးခများမှာတော့ ဂုဏ်ထူး
န်းကို ဆက်တက်ခွင့်ရခဲ့လျက် မေမေ ဆုံးချိန်နှင့် ကြုံနေ၍
ဘွဲ့ကလေးဖြင့် ကျေနပ်လိုက်ရသူ ဖြစ်သည်။ ဆယ်တန်းတုန်း
သည်း အမှတ်မကောင်းခဲ့ချေ။ မေမေ့ရောဂါက အဲသည်အချိန်
တင်ဆိုးရွားလာ၍ မေမေ့ကို ပြုစုရ၊ မကို ထိန်းကျောင်းရနှင့်
ကြီးသည် အရာရာတွင် သူ့အတွက်ထက် တခြားသူ အတွက်
ွင့် သူ့အခွင့်အရေးတွေကို လက်လွှတ်ခဲ့ရသူ ဖြစ်သည်။
သော် မကတော့ ကိုကြီးအား ပြန်၍ မညှာခဲ့မိပါ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၆-ခုနှစ်

## ၆

၁၉၈၆-ခုနှစ် နေ့ရက်များတွင် မသည် မင်းဝ
ဆိုသော ချစ်သူကလေးကို လွမ်းဆွတ်ရခြင်းဖြင့် မြတ်သန်း
ဆုံးရလေသည်။ အရင်နှစ် နေ့ရက်များတုန်းကတော့ ဒေလီယာ
သွားလည်ရင်လည်၊ စနွာဆီ သွားလည်ရင်လည်၊ ဒါမှမဟု
တစ်ခါတစ်ရံ ကိုကြီးနဲ့အတူ ဈေးဝယ်ထွက်ခြင်းတွေ၊ ရုပ်
သွားကြည့်ခြင်းတွေ၊ သုံးယောက် မရဲ့အိမ်မှာ ဆုံကြခြင်းတွေ
မရိုးနိုင်အောင် လုပ်နေကျ ဖြစ်သော်လည်း သည်နှစ်မှာ
မသည် ဘာကို အလိုမကျမှန်း မသိဖြစ်ကာ နေရင်းထိုင်
ပျင်းရိရခြင်းနဲ့ ရန်ဖြစ်နေတတ်။ တစ်ခါတလေတော့ မင်း



ကို လွမ်းရကြောင်းတွေ လျှောက်ရေးတတ်ဖြင့် သည်နေ့ရာသီဟာ ပျင်းစရာ အကောင်းဆုံးပါပဲဟု ညည်းတွားနေမိတတ်သည်။

သို့သော် မင်းဝဏ်သည် မ၏ ပျင်းရိခြင်းကို ဖြေဖျောက်ပေးတတ်ပြန်သေးသည်။ အဲဒါကတော့ ဒါလီဆိုသော မင်းဝဏ်၏ ညီမဝမ်းကွဲလေးမှတစ်ဆင့် ဖုန်းခေါ်ခိုင်းကာ မအား ဖုန်းဆက်၍ စကားပြောခြင်းကို သုံးလေးရက် တစ်ခါလောက် အော့ သည်တာဝန်ကို ထမ်းဆောင်ပေးခြင်း ဖြစ်သည်။ ထိုအခါ မျိုးမှာ မသည် မသိမသာ အကဲခတ်သော ကိုကြီးကိုလည်း ကြောက်ရွံ့ရ၊ မင်းဝဏ်၏ သိတတ်ခြင်းကိုလည်း ကြည်နူးရင်ခုန် ရှင့် ရှုပ်ထွေးနေရတတ်သည်။

"ရတနာ့ကို တို့က တစ်ယောက်ကိုတစ်ယောက် မျိုထား မလောက် ချစ်မိတယ် ရတနာ"

ဟု အမြဲ နှုတ်ဆက်ကာ ဖုန်းချတတ်သော မင်းဝဏ် ကို မ ချစ်သည်၊ အဖြူရောင် အသည်းပုံမှန်ကလေးကို ပေးတာ တာ အဖြူရောင်အသည်းနဲ့ ချစ်လို့ပါဆိုတဲ့ စကားလေးကို တစ်ခါတစ်ရံ ပြောတတ်သော မင်းဝဏ်ကို ချစ်သည်။ မသည် မင်းဝဏ်အား စိတ်ကစားပြီး ချစ်ခဲ့ခြင်း မဟုတ်ဘဲ အမှန်တကယ် အမှန်သော အချစ်ဖြင့် ချစ်ခဲ့ခြင်း ဖြစ်သည်။

မသည် သည်နှစ် ကျောင်းပိတ်ရက်မှာတော့ မင်းဝဏ် ကို မတွေ့ရဘူးဟု ထင်မှတ်ထားသော်လည်း မမျှော်လင့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတော့ တွေ့ဆုံခဲ့ရသေးသည်။ ထိုနေ့ကလေးသည်လ... မကို အမှတ်တရများစွာ ပေးခဲ့လေသည်။ ထိုနေ့က မတို့ ခိုးကြော... ခိုးဝှက်ဖြင့် စကားတွေ ပြောခဲ့ရသည်ကို ယခုထိုင် ကြည်နူးရ... တမ်းတရဆဲတည်း။

အဲသည်နေ့က မသည် ကိုကြီးနှင့်အတူ ကို... သူငယ်ချင်းတစ်ယောက်၏ စားသောက်ဆိုင်ဖွင့်ပွဲကို လိုက်သွ... ရခြင်း ဖြစ်သည်။ မသည် အဖြူရောင်တွင် အပြာရောင် အ... ကလေးများပါသော ဂါဝန်ရှည်ရှည်ပျော့ပျော့အား ဝတ်ဆင်ထ... ပြီး ကြိုးသိုင်း ဒေါက်မြင့်အဖြူကလေးနှင့် ဖြစ်သည်။ အဲသ... အချိန်တုန်းက မ၏ ဆံပင်များသည် ခပ်တိုတို ဂျပန်ဆံတော... ကလေး ဖြစ်၍ ဆံပင်များသည် နားရွက်ဖုံးရုံသာရှိပြီး ပ... ကလေးသဏ္ဌာန်လေး ဖြစ်သည်။

အင်း ... တစ်ခုပဲ ရှိသည်။ အဲဒါကတော့ မင်းဝ... ဆိုသော ရည်းစားလေးတစ်ယောက် ရှိနေခြင်းတည်း။ မင်းဝ... သည် အဲသည် ဆိုင်ဖွင့်ပွဲကို ရောက်လာရလိမ့်မည်ဟု မ ထ... မမျှော်လင့်ခဲ့ချေ။

"ရတနာ သိပ်လှတာပဲ ရတနာရယ်"

ဟူသော ခေါ်သံတိုးတိုးကလေး ကြားရချိန်... ကိုကြီးသည် သူ့သူငယ်ချင်းတစ်ယောက်နှင့် မ၏ ခပ်လှမ်းလှ... တွင် စကားသွားပြောနေချိန် ဖြစ်သည်။ မသည် ထာဝရ ...





သော အသံကလေးကို ကြားရစဉ်က တအံ့တဩဖြစ်ကာ ဆတ်ခနဲ ကိုယ်ကိုလှည့်လျက် ...

"မင်းဝဏ် ... မင်းဝဏ် ဘာလာလုပ်တာလဲ၊ မ အရမ်း ဝမ်းသာတာပဲဟယ်၊ မတွေ့ကြရတာ တစ်လခွဲတောင် ရှိသွားပြီနော်"

ဟု တရစပ် နားမလည်နိုင်စွာ ပြောချမိတော့သည်။ မင်းဝဏ်သည် မအား မဖြေဘဲ ...

"အဖြူရောင် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ကတည်းက ရတနာလို့ အတပ်သိလိုက်တယ်၊ ဒါကြောင့် ဒယ်ဒီကို ဟိုမှာ သားကောင်မလေး ဒယ်ဒီ၊ သား သွားခေါ်ပြမယ်၊ ကြည့်နေဆိုပြီး ရတနာ့ဆီ ချက်ချင်းရောက်ချလာခဲ့တာ၊ ရတနာ ဟိုမှာ လှမ်းကြည့်လိုက်၊ ဒယ်ဒီ တို့ကို ကြည့်နေတယ်၊ ရတနာ့ကိုလည်း ရယ်ပြနေတယ်"

မသည် ထိုစကားကို အတော်လေး ရှက်ရွံ့ကာ မင်းဝဏ် ပြောသည့်နေရာသို့ မဝံ့မရဲ လှမ်းကြည့်မိသေးသည်။

မအား ကျေနပ်သဘောကျစွာဖြင့် ပြီးတော့ သားဖြစ်သူကို ချစ်ခင်ဟန် မျက်ဝန်းတွေနှင့် ကြည့်နေသော မင်းဝဏ်၏ ဒယ်ဒီအား မတို့မောင်နှမကို ပစ်ထားရက်သော ဖေဖေနှင့်ယှဉ်မိပြီး စိတ်လိုလို ဝမ်းနည်းမိခဲ့သေးသည်။ မသည် တဒင်္ဂအတွင်း ကိုကြီးအား မေ့လျော့သွားမိသလောက် မင်းဝဏ်ကတော့ မမေ့ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး လာနေပြီ ရတနာ၊ တို့ သွားတော့မယ်
ဒယ်ဒီနားမှာ တို့ တစ်ချိန်လုံး ရှိနေလိမ့်မယ်၊ ရတနာ
တို့ကို ခိုးကြည့်နော်၊ တို့တွေ ခိုးပြီး စကားပြောကြရအောင်
ဟဲ ... ဟဲ၊ အသံတိတ်ရုပ်ရှင် ခေတ်ကလေးပေါ့"

မသည် မင်းဝဏ်၏ နောက်ကျောကလေးကို နှမြော
တသစွာ ငေးကြည့်ကျန်ရစ်ခိုက်တွင် ကိုကြီးသည် မ နံဘေးတွင်
ပြန်ရောက်လာခဲ့ပြီ။ လူတွေ အများကြီး ဖိတ်သော စားသောက်
ဆိုင်ဖွင့်ပွဲကလေးဖြစ်၍ ကိုကြီးသည် မနဲ့ မင်းဝဏ်တို့ သူ မမြင်
ခင် တွေ့ဆုံလိုက်ခြင်းကို မသိလိုက်ချေ။ ပြီးတော့ ကျောင်းတုန်း
က သူငယ်ချင်းဟောင်းတွေ တစ်ယောက်ပြီးတစ်ယောက်
နှုတ်ဆက်နေ၍ မနဲ့ မင်းဝဏ်တို့ ကောင်းကောင်းကြီး ခိုးခိုးကြ
ပြီး အမူအရာပြ၊ နှုတ်ခမ်းတွေလှုပ် စကားတွေပြော၊ အိုး ... သိ
ပျော်ဖို့ကောင်းရသော နေ့ကလေး တစ်နေ့အဖြစ် မသည် အမှ
တရ ဖြစ်လို့နေတော့သည်။

ကိုကြီးလစ်လျှင် မင်းဝဏ်သည် မကို သူ့ပါးစပ်
တွင် ဝါးနေသော ပီကေကို လျှာပေါ်တင်ပြီး အပြင် လျှာထုတ်
ပြီးတော့ သူ့လက်ညှိုးဖြင့် ညွှန်ပြကာ မဆီမှာ သူ့အတွက် 'ပီ
ပါသလား'ဟု မေးတတ်သည်။ ထိုအခါ မသည် 'ဘယ်ပါ
လက်ခါလျက် မျက်ခုံးရှုံ့ပြတတ်သည်။ တစ်ခါတစ်ရံမှာ
မအား မျက်စိတစ်ဖက် မှိတ်ပြတတ်၊ နှုတ်ခမ်းကလေး





လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းကပ်၍ ထိုလက်နှစ်ချောင်း
သည် မဘက် ညွှန်လျက် သူ့ပါးစပ်က လေတွေ ဖူးခနဲ မှုတ်ပြ
တတ်၊ မသည် အထိုအခါမျိုးဆိုလျှင် မျက်စောင်းထိုးရုံကလွဲလျှင်
အင်မတန် ရှက်ရွံ့ရပြီး 'တော်ပြီ ဘယ်တော့မှ ထပ်မကြည့်တော့
ဘူး'ဟု စိတ်ဆိုး ဆုံးဖြတ်သော်လည်း မနေနိုင်။ စက္ကန့်အနည်းငယ်
ကြာလျှင် ပြန်ကြည့်မိပြန်။ မင်းဝဏ်သည်လည်း မ၏ သဘောကို
ရိပ်မိလျက် 'ဆောရီး' ဖြစ်ဖြစ်၊ 'ရတနာ့ကို ချစ်တယ်' ဖြစ်ဖြစ်၊
'အရမ်းလှမ်းတာပဲ' ဖြစ်ဖြစ် နှုတ်ခမ်းကလေးလှုပ်ကာ စကား
ပြောဟန်ကို မသည် လိုက်လံ အဓိပ္ပာယ်ဖော်ရပြန်သည်။

ထိုအဖြစ်အပျက်ကလေးသည် မအတွက် နွေရာသီ
အပျင်းပြေကလေး ဖြစ်ခဲ့ရပြီး မင်းဝဏ်ကတော့ သူ့ကို ပိုမို
လှမ်းဆွတ်ရခြင်း ဖြစ်ခဲ့ကြောင်း ကျောင်းဖွင့်ချိန် ဝိုင်းကျူရှင်ကလေး
မှာ ပြန်လည်ဆုံတွေ့ကြခိုက်မှာ အပြန်အလှန် ဖလှယ်ခဲ့ကြလေ
သည်။ သိပ္ပံဘာသာတွဲ ရပ်ချင်းတူသော၊ တစ်ဖန် ကျူရှင်ကိုလည်း
ဒေလီယာတို့အိမ်က ဝိုင်းမှာသာ ပြန်ယူဖြစ်ကြသောကြောင့် မနဲ့
မင်းဝဏ် ထပ်မံ တွေ့ဆုံခွင့်ရခဲ့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နှစ်၏ စာသင်နှစ် တစ်နှစ်လုံးတွင် မနဲ့ မင်းဝဏ်တို့သည် အရင်အတိုင်း ဒေလီယာတို့အိမ်က ဝိုင်းကျူရှင်ကလေးမှာ အမြဲတွေ့ဆုံရခြင်းဖြင့် ချစ်သူဘဝကို ဖြတ်သန်းရလေသည်။ အရင်ကထက် ပိုမိုတွေ့ကြရချိန်ကလည်း များခဲ့သည်။ ထိုအတန်းမှာ သင်္ချာ၊ အင်္ဂလိပ်စာ၊ ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ အကုန် ကျူရှင်ယူကြပြီး ထုံးစံမို့ ငါးဘာသာစလုံးကို ဒေလီယာတို့အိမ်မှာ ဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ပြောင်းကာ တစ်ချိန်ပြီး တစ်ချိန် သင်ကြရခြင်းကြောင့်ပင်။

တစ်ဝိုင်းလုံးရှိ သူငယ်ချင်းတွေသာသိသော ကိုကြီးနဲ့ တခြားလူတွေမသိသော မနဲ့ မင်းဝဏ်၏ ချစ်သူဘဝကလေးကျော်စရာကောင်းခဲ့သည်။ တစ်ခါတစ်ရံ မင်းဝဏ် အဆွယ်ကောင်းလျှင် ကျူရှင်ချိန်တစ်ချိန်လောက်လစ်ပြီး မင်းဝဏ်၏ စက်ဘီးကလေးနှင့် လျှောက်သွားကြရုံအပြင် အနေအထိုင် ပိရိကြသော ဘဝကလေးကို မသည် ပြန်တွေးတိုင်း ကြည်နူးခဲ့ရမြဲ။ အင်မတန်မှ





ဖြူစင်သန့်ရှင်းသော ချစ်ခြင်းကလေးတစ်ခုကို မသည် အမှန်တကယ် ပြောရရင် အမြဲ ပိုင်ဆိုင်ချင်သားပင်။

သို့သော် လောကကြီးမှာ မထင်မှတ်တာတွေ ဖြစ်သွားတတ်ကြောင်း မသည် သိခွင့်ရခဲ့လေသည်။ အဲဒါကတော့ မင်းဝဏ်ဘက်က ပြောင်းလဲမှုများကြောင့် ဖြစ်သည်။ မသည် ထိုသို့ ဖြစ်သွားလိမ့်မည်ဟု တစ်ခါမှ မတွေးဖူးခဲ့ချေ။ မသည် မင်းဝဏ်ဘက်မှ ခြေလှမ်းပျက်မှုများကို ကိုယ်တိုင် မရိပ်မိဘဲ ဝေလအောင်နဲ့ ရန်လေးပြောမှ သိခဲ့ရလေအောင် မင်းဝဏ်ကို ယုံကြည်မြတ်နိုးစွာ ချစ်ခဲ့ရလေအောင် မင်းဝဏ်ကို ယုံကြည်မြတ်နိုးစွာ ချစ်ခဲ့သူ ဖြစ်၍ပင်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၇-ခုနှစ်

# ၇

မသည့် မင်းဝဏ်၏ နောက်မကျစဖူး ခဏ ခဏ နောက်ကျတတ်သော နေ့လယ် ကျူရှင်ချိန်တွင် မင်းဝဏ်ကို စိတ်ကောက်ဖို့ ပြင်ဆင်နေမိသည်။ ဒေလီယာက ဆရာလာရင် ကျွေးဖို့ ကော်ဖီနဲ့မုန့်ကို အိမ်က ကောင်မလေးတွေအား ပြင်ဆင်ခိုင်းနေရ၍ မ အနားမှာ ရှိမနေ၊ စန္ဒာက ညိုကလေးတို့နဲ့ ဆယ်တန်းမှာ စာကို ဘယ်လိုကျက်သင့်ကြောင်းတွေ တိုင်ပင်နေနဲ့ မသည် ခါတိုင်းလည်း သူတို့နဲ့ သိပ်ရောလေ့မရှိဘဲ မင်းဝဏ်နဲ့သာ စကားတွေ ဖောင်ဖွဲ့နေတတ်၍ နောက်ကျနေသော မင်းဝဏ်ကိုပင် အပြစ်တင်ချင်နေခဲ့သည်။





လှေကားက တဒိုင်းဒိုင်း ပြေးတက်လာသံ အကြားမှာ မသည် စိတ်ကောက်မယ်လည်း ဆိုသေးရဲ့၊ ခေါင်းကို ဆတ်ခနဲ ထောင်မိပြီး မင်းဝဏ်ကိုကြည့်ဖို့ ပြင်ဆင်မိပြန်သတဲ့။

"ဟင် ... ဝေလအောင်နဲ့ ရန်လေး နှစ်ယောက်တည်းပဲ လား၊ မင်းဝဏ်ကော"

ဝေလအောင်သည် မအား တစ်စုံတစ်ခုကို ပြောပြချင်ဟန် မျက်နှာလေးဖြင့် ...

"မင်းဝဏ်ကို သွားခေါ်တော့ အိမ်မှာ မရှိဘူး ရတနာပုံ၊ အပြင်ထွက်သွားတယ်တဲ့၊ သူ့မာမီထင်တာက ကျူရှင်လာတယ်ထင်ပြီး ပြောတာ၊ တကယ်တော့ ကျူရှင်လာတာ မဟုတ်ဘူး ရတနာပုံ"

တစ်လုံးချင်း ပြောလေသည်။ ရန်လေးသည် ဝေလအောင်၏ တံတောင်ဆစ်ကို လက်ညှိုးဖြင့်ကုတ်၍ တစ်စုံတစ်ရာကို သတိပေးခြင်းအား မသည် မြင်ဖြစ်အောင် မြင်လိုက်သေး၍ သံသယတော့ ဖြစ်သွားချင်သားပင်။

"ဒီကောင် ကျူရှင်မှာလည်း မရောက်သေးဘူးဆိုရင် ဒါဟာ တစ်ခုခုပဲ ရတနာပုံ၊ အခုတလော ငါတို့ကို မစောင့်ဘဲ သွားနှင့်ပြီး ကျူရှင်ကိုလည်း ငါတို့ ရောက်ပြီးမှ ရောက်တယ်၊ နေ့လယ်ဘက်တွေလည်း အရင်က နောက်မကျဘူး၊ အခု တလော အရမ်းနောက်ကျနေတတ်တယ်နော်၊ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားရင်လည်း ဒီအတိုင်းပဲ၊ ငါတို့နဲ့ ငယ်ငယ်ကလေးတည်းက အတူတူသွားနေကျကို အခုတလော မသွားတော့ဘူး၊ သူ့ဘာသာကြိုသွားနှင့်တယ်၊ တစ်ခါတလေ ကျောင်းတောင် မလာဘူး၊ ကျောင်းပြေးဝါတယ်ဟာ၊ သုံးယောက် တိုင်ပင်ပြီး ပြေးကြ၊ ရုပ်ရှင်ဝင်တိုးကြ၊ လက်ဖက်ရည်ဆိုင် ထိုင်ကြ၊ အင်းလျားဘက် ရေသွားကူးကြနဲ့ စိတ်တူကိုယ်တူတွေပါ၊ အခု ဆယ်တန်းဆိုတာ ငါတို့ ကျောင်းမပြေးတော့ ပေမဲ့ ဒီကောင် ငါတို့ကို မတိုင်ပင်ဘဲ ကျောင်းပြေးနေဖူးပဲဟုတ်တယ်"

"ရဝလဲအောင် ... အဲဒါ ဘာဖြစ်တာလဲဟင်၊ မင်းဝဏ် ဘာဖြစ်နေတာလဲ၊ နင်တို့နဲ့ ရန်ဖြစ်ထားလို့လား၊ မကို ဘာမှလဲ မပြောပါလား၊ သူ ကျောင်းပြေးပြီး ဘယ်တွေ သွားနေလို့လဲ"

ရန်လေးသည် မထူးတော့ပါဘူးဆိုသော ဟန်ပန်ဖြင့် သက်ပြင်းတွေချ၊ ပခုံးတွန့်ကာ မကို ထပ်မံ၍ မင်းဝဏ်အကြောင်းတွေ တိုင်တောပြန်သည်။

ဒီကျူရှင်ကို မှန်မှန်လာနေတာတောင် နင်ရှိလို့၊ နင့်ကို တွေ့ချင်လို့လာမှန်း ငါတို့ ရိပ်မိတယ်၊ ဒီကောင် ဘာတွေ လုပ်နေမှန်းတော့ မသိဘူး ရတနာပုံ၊ ဒါပေမဲ့ ဒီကောင် ငါတို့ အပြင်တခြား အပေါင်းအသင်းသစ်တွေ တွေ့နေတယ်ဆိုတာ ငါသိတယ်"



"နောက်ထပ် ရည်းစားအသစ် ရနေပြီလား မသိဘူး"

"ကျွတ် ... ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဒီကောင် နင့်ကိုတော့ အသည်းအသန် စွဲလမ်းတာ၊ အရမ်းလည်း ချစ်တာ ငါတို့ သိတယ်၊ နောက်ပြီး ဒီကောင့်ပုံက ရှုပ်ရှုပ်ပွေပွေ ပေမဲ့ ဒီလို ရည်းစားတွေ အများကြီးတော့ မထားတတ်ပါဘူး၊ ဒီကောင် အပေါင်းအသင်း မှားနေတာ၊ ဟုတ်တယ် အပေါင်းအသင်း မှားနေတာ"

"အမယ်လေး ... နင်တို့ သူငယ်ချင်းဘက်က ရှေ့နေလိုက်နေ၊ ဟိုက ဘယ်လိုမှန်းမှ မသိတာ၊ အပေါင်းအသင်း မှားနေရင်လည်း ဝိုင်းပြီး ဖျောင်းဖျကြလေဟယ်၊ တော်ကြာ မင်းဝဏ် စာမေးပွဲကျကျွန်ခဲ့ဦးမယ်၊ ဒါတွေ မကို အစောကြီးကတည်းက ပြောပါလား၊ အခုတော့ ဘယ်လောက်တောင် လွန်နေပြီလဲ မသိဘူး"

မသည် မင်းဝဏ် ကျူရှင် အမြဲနောက်ကျနေမှုတွေ ကြောင့် ခုတလောမှာ စကားအကြာကြီး မပြောရတာလည်း ကြာပြီ၊ စာသင်နေရင်း မင်းဝဏ်ဆီ မျက်လုံးရောက်ရင် မကို စိုက်ကြည့်နေတတ်သော မင်းဝဏ်ကိုမြင်လျှင် စိတ်ကောက်မှုအား [illegible]ာင်းထိုးရသည်မှာလည်း ကြာခဲ့ပြီ။ ကျူရှင်ဆင်းချိန်ကလေးမှာ [illegible]ာသာ စကားပြောခွင့်၍ 'ဘယ်သွားနေတာလဲ၊ ကျူရှင် ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျတာလဲ၊ မ အရမ်းစိတ်ဆိုးတယ်' လောက်သာ ဆူပူရပြီး မင်းဝဏ်၏ ရယ်ကျဲကျဲဖြင့် ပေးသော ဆင်ခြေများကို နားထောင်ရသည့်မှာလည်း ကြာလှပြီ။ ဒါကြောင့် မင်းဝဏ်၏ ချွတ်ယွင်းမှုကို မ မရိပ်မိခဲ့ သေးတာပင် ဖြစ်သည်။

"နင်လည်း ဝိုင်းပြော လေဟာ၊ ဒီကောင်က နင့်စကားကို သိပ်နားထောင်တာ၊ မနှစ်တုန်းကသာ ငါတို့ဆွယ်ရင် ကျောင်းပြေး၊ ကျူရှင် ပြေးပေမဲ့ ဒီနှစ်တစ်နှစ်လုံး နင်က ထိန်းထားတော့ ဒီကောင် ညဘက်တောင် လက်ဖက်ရည်ဆိုင် အကြာကြီး မထိုင်ဘူး၊ အံမယ် ... ဘာပြောသလဲဆိုရင် 'ရတနာ့သိမှာ မဟုတ်ပေမဲ့ သူ့ကွယ်ရာမှာ သူ မလုပ်စေချင်တာကို လုပ်မိတဲ့ ငါက လိပ်ပြာမသန့်ဘူး၊ သူ့ကို ချစ်ရာလည်း မရောက်ဘူး' လို့တောင် ပြောတတ်သေးတယ်၊ အဲဒါ ခုမှ ငါပြောပြတာ၊ သူက နင့်ကို ပြန်မပြောနဲ့ ဆိုလို့လေ၊ အင်း ... ငါထင်တာကတော့ ကျောင်းပိတ်ရက်မှာ ကရာတေးသင်တန်း သွားတက်ရင်း ပေါင်းမိသွားတဲ့ကောင်တွေ ထင်တယ်၊ ငါနဲ့ ရန်လေးက မသင်ချင်ဘူးဆိုလို့ ဒီကောင်တစ်ယောက်တည်း သွားသင်တာ"

"ကဲပါ ... ထားပါတော့၊ အဲဒါ မက ဘယ်လိုလုပ် သူ့ကို ဖျောင်းဖျရမလဲ၊ သိတဲ့အတိုင်း ကျူရှင်လည်း နောက်ကျ

ဒီဆရာပြီးရင် နောက်ဆရာက ဆက်တိုက်ဝင်၊ မိနစ်အနည်းငယ်လောက် နားချိန်၊ ဆရာလည်း ရှိချိန်ကြီးမှာ စကားအကြာကြီး ပြောနေရင် ဘယ်ကောင်းမလဲဟယ်၊ နောက်ဆုံးကျူရှင် ဆင်းရင်တောင် မရဲ့ အစ်ကိုက ရောက်နှင့်နေတတ်တဲ့ဟာ၊ ဘယ်လိုမှ စကားအကြာကြီး ပြော်လို့ဖြစ်မှာမဟုတ်ဘူး၊ ဒီလို မေးမြန်း ဖျောင်းဖျတာယ် ဆိုတာ မနဲ့ မင်းဝဏ်တို့ အကြာကြီး စကားပြောချိန်တွေရမှ"

"ဟုတ်တယ် သူ့အိမ်မှာ ငါတို့ သွားမေးတိုင်း အမြဲ အပြင်ထွက်နေလို့ ငါတို့နဲ့တောင် မတွေ့တာ ကြာပြီ၊ မေးလိုက်ရင်လည်း မင်းတို့နဲ့ မဆိုင်ပါဘူးကွာနဲ့ စကားကို ပိတ်ပြောတတ်သေးတယ်"

"နေဦး ဝေလ၊ ဒီလိုလုပ်ကွာ၊ နောက်တစ်နေ့သွားမဲ့ကျူရှင်ချိန်ကျရင် ဒီကောင့်အိမ်ကို အခုလို နာရီဝက်အလိုမှာ သွားမခေါ်ဘဲ ဒီရက် နှစ်နာရီလောက် စောသွားကြည့်ရအောင်၊ အဲဒါဆို သူနဲ့ တွေ့ချင်တွေ့လိမ့်မယ်၊ မတွေ့လည်း ကျူရှင်ဆင်းလို့ အိမ်ပြန်တဲ့အခါ တွေ့မှာပဲ၊ ဒီတော့ ရတနာပုံနဲ့တွေ့ဖို့ ကြိုချိန်းထားပေးရမှာပေါ့၊ ရတနာပုံနင် ကျူရှင် ဆက်တိုက် နှစ်ချိန်လောက် ဖျက်ရင်ဖျက်လိုက်ပေါ့၊ အရေးကြီးတာက နင်တို့နှစ်ယောက် အေးအေး

www.burmeseclassic.com



ဆေးဆေး စကားအကြာကြီးပြော၊ ဒီကောင့်ကို ဘာတွေ လုပ်နေလဲ မေးဖို့က အစီကပဲ"

"ဖြစ်ပါ့မလား မ ကိုကြီးသိမှာ ကြောက်တယ်၊ ကိုကြီးလည်း နည်းနည်းရိပ်မိတယ် ထင်တယ်၊ မကို ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့၊ လုပ်ရဲလုပ်ကြည့် ကျောင်းထုတ်ပစ်မယ်၊ ဆယ်တန်း ကျရှုံးရင်လည်း မထားဘူး၊ ဆယ်တန်းကို အပြင်ကပဲဖြေခိုင်း လိုက်မယ်တွေနဲ့ မသိမသာ ခြိမ်းခြောက်နေတာ ခဏခဏ ပဲဟဲ့၊ အဲဒါ မင်းဝဏ်ကိုလည်း ပြောပြချင်နေတယ်"

ဝေလအောင်နဲ့ ရန်လေးက သည်လောက်တော့ စွန့်စားရမှာပေါ့ဟာဟု မကို အားပေးခဲ့သည်။ အို ... ဖြစ်ချင် ရာဖြစ်၊ မ ချစ်သော မင်းဝဏ်ကို အချိန်မီ လမ်းမှန်ရောက်စေဖို့ မသည် အရာရာကို စွန့်လွှတ်ပြီး ကြိုးစားပါ့မယ်၊ ကိုကြီး ကျောင်း ထုတ်လည်း ထုတ်ပါစေ၊ ကျရှုံး မှထားတော့ရင်လည်း ကိစ္စ မရှိပါ။ ကိုကြီး ဖြစ်စေချင်တဲ့ ဆရာဝန် မဖြစ်ရင်လည်း ထားတော့ အရေးကြီးတာက မင်းဝဏ်သည် လမ်းမှန်မှန် တစ်ခုပေါ်မှာ တည့်တည့်ဖြောင့်ဖြောင့် လျှောက်စေဖို့သာ ဖြစ်သည်။

ဘာလို့ ပြောင်းလဲသွားရတာလဲ မင်းဝဏ်ရဲ့ ဖြူစင်အပြစ်ကင်းတဲ့ ဘဝလေးထဲကို ဘာလို့ အရောင်တွေ နှီး ခဲ့တာလဲ။ လှူဆိုး၊ လူတေလေး မဟုတ်သော်လည်း လူ့ရော

လူပျော်ကလေးအဖြစ် အားလုံးက ချစ်ခင်ခွင့်လွှတ်ခံခဲ့ရတဲ့ မင်းဝဏ်၊ ထို သိပ်ချစ်တတ်တဲ့ မင်းဝဏ်ဟု သူငယ်ချင်း အားလုံးကတောင် ပြောစမှတ် ပြုခဲ့ရပေမဲ့ အခုတော့ မထက် ချစ်ရမဲ့သူ တွေ့နေ ပြီလားကွယ်။

❋ ❋ ❋

www.burmeseclassic.com



ဝေလအောင်နှင့် ရန်လေးတို့၏ စိစဉ်ပေးမှုကြောင့် မသည် မင်းဝဏ်နဲ့ နှစ်ယောက်တည်း ကျူရှင်လစ်ရပြန်သည်။ ထိုနေ့က မိုးဖွဲဖွဲကလေး ရွာနေခဲ့သည်။ မသည် အဲသည်နေ့ကလေးကို ပြန်တွေးတိုင်း ရုပ်ရှင် အနေးပြကွက်တစ်ခုလို တစ်ခုချင်း မြင်ယောင်နေဆဲပင်။ မနဲ့ မင်းဝဏ်တို့ နောက်ဆုံး တွေ့ခဲ့ကြသော နေ့ကလေးတစ်နေ့လည်း ဖြစ်သည်။

ဒေလီယာတို့အိမ်နဲ့ ဗိုလ်ချုပ်ဈေးကို သွားရာလမ်းကလေး၏ ချောင်ကျကျဖြစ်သော လူလည်းနည်းသော လက်ဖက်ရည်ဆိုင်ကလေးမှာ မတို့ တွေ့ဆုံကြရလေသည်။ အဲသည်နေ့ကိုတော့ မနဲ့ မင်းဝဏ်တို့ စက်ဘီးအတူစီးပြီး သည်ဆိုင်ကလေးကို လာခဲ့ခြင်းဖြစ်ပေမဲ့ နှစ်ယောက်သား သူ့စိမ်းတွေပမာ ခပ်တန်းတန်းဖြင့် စကားလည်း မပြောဖြစ်ကြချေ။ မက ထားပါတော့ စိတ်ကောက်ပြီး စကားမပြောဘူး ဆိုပါတော့၊ မင်းဝဏ်ကရော ခါတိုင်းနဲ့မတူ မကို ဘာလို့ စကားတွေ ဖောင်ဖွဲ့မနေခဲ့လဲ။ ဒါတော့ သံသယဝင်ဖို့ ကောင်းလေစွ။





"ကဲ ... ပြောပါဦး မင်းဝဏ်၊ ဘာတွေ လုပ်နေသလဲ"

မင်းဝဏ်သည် သူ့ဆံပင်ကလေးတွေ လွင့်ခနဲသွားအောင် ရယ်လျက် ရုပ်အင်္ကျီလက်ကို အဓိပ္ပာယ်မရှိ ဆွဲချနေသေးသည်။ ဝတ်စားဆင်ယင်ပုံကလေးက အရင်အတိုင်း ပြောင်းလဲသေးတာကလွဲရင် စိတ်ဓာတ်ကလေးတော့ အနည်းငယ် ပြောင်းလဲခဲ့တာလား၊ အများကြီး ပြောင်းသွားတာလား မင်းဝဏ်သည်။

"မ သိပါတယ်၊ မင်းဝဏ် တခြား ကောင်မလေးတစ်ယောက်ကို သွားကြည်နေတာ မဟုတ်လား"

"ကျွတ် ... မဟုတ်တာတွေ၊ ရတနာ့ တစ်ယောက်တည်းကိုပဲ မျိုမလောက် ချစ်ပါတယ်ဆိုမှ၊ တခြား မိန်းကလေးတွေ ရတနာ့ထက် လှချင်လှလိမ့်မယ်၊ ဒါပေမဲ့ တို့က ရတနာ့ကိုပဲ ချစ်တယ်၊ အဲဒါ ယုံ"

ထိုစကားအဆုံးမှာ မ၏ နဖူးကို လက်ညှိုးဖြင့် တောက်လိုက်သေးသည်။ အရင်ကလို အမူအရာတွေက ပြောင်းလဲခဲ့ပေမဲ့ တစ်ခုခုတော့ မှားယွင်းနေပါတယ် မင်းဝဏ် ... မ အလိုလို သိနေခဲ့ပြန်သည်။

"ဒါဖြင့် ဘယ်တွေ လျှောက်သွားနေတာလဲပြော၊ မဆီ ဖုန်းလည်း မဆက်ဘူး၊ မတို့ စကားတွေလည်း အကြာကြီး မပြောရတာ ကြာပြီ၊ မင်းဝဏ် တခြား အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ ပေါင်းနေအာယ်ဆို ရန်လေးနဲ့ ဝေလအောင် မ
ပြောပြပြီးပြီ၊ ဒီနှစ်က အရေးကြီးမှန်း သိရဲ့သားနဲ့ မင်းဝ
ရယ်၊ အပေါင်းအသင်းဖျက်ရင် ကိုယ်ပဲ ဒုက္ခရောက်
ဒီနှစ် ကျကျန်ခဲ့ရင် မနဲ့ ကျောင်းအတူတူ ဘယ်လို
တက်ရတော့မလဲ၊ ပြီးတော့ ပိုပြီး ဝေးသွားကြမှာ
မင်းဝဏ် ဘာဖြစ်နေတာလဲဟင်၊ မကို ပြော၊ မ ကို
မ သိချင်တယ်”

“ကရာဇေး တက်တုန်းက သိတဲ့ကောင်ပါ၊ ရ
မသိပါဘူး”

“ဒါပေမဲ့ သူတို့က ကျောင်းပြေးအောင် ဆွယ်တယ် မဟု
လား၊ ကျူရှင်လစ်ရအောင် ဆွယ်တယ် မဟုတ်လ
အိမ်မကပ်ဘဲ အပြင်ချည်း ထွက်နေအောင် တိုက်တွန်း
တယ် မဟုတ်လား၊ အဲဒါဆို ဒီကောင်တွေဟာ ကောင်း
ကောင်တွေ ဖြစ်နိုင်ပါ့မလား မင်းဝဏ်”

“ကျူရှင် မပြေးပါဘူး၊ တို့ လာတက်သားပဲ၊ ရ
မျက်စောင်းဆိုလည်း နေ့တိုင်းရနေသားပဲ၊ ကဲပါ ရ
ရယ်၊ ရတနာ ဘာတွေ ပြောချင်တာလဲ ပြောလေ၊
အကြောင်း တွေကလွဲရင် တခြားအကြောင်း ဖြစ်ဖြစ်
တို့တွေ ဒီလို အကြာကြီး စကားမပြောရတာ ကြ
နော်”



မသည် မင်းဝဏ်၏ ရှောင်ဖယ်ဖယ် စကားများကို
ကြားနေရ၍ မျက်ရည်ဝဲတတ်လာမိသည်။ တစ်စုံတစ်ရာကို ဖုံး
ကွယ်ချင်ဟန်ရှိသည့် စကားများ၊ အမူအရာများ၊ ဟင်အင်း ...
မရဲ့ချစ်သူကလေးမှာ ဘာအမှားအယွင်းမှ ရှိမနေပါစေနဲ့။ သူက
အင်မတန် ဖြူစင်ခဲ့ပါတယ်၊ မကို သိပ်ချစ်ခဲ့ပါတယ်။ မသည်
အကြာကြီး တိတ်ဆိတ်ကာ ခေါင်းငုံ့မျက်ရည်ဝဲပြန်တော့ မင်းဝဏ်
မနေနိုင်။ မ၏ ဆံပင်တွေဖယ်လျက် မရဲ့ မျက်နှာကို ငုံ့ကြည့်
လျှင် ...

“ဟှင် ... မျက်ရည်ကျတယ် ဟုတ်လား ရတနာ၊ ဟာကွာ
ဘာမဟုတ်တာလေးနဲ့ မျက်ရည်ကျရတယ်လို့ မငိုပါနဲ့
ရတနာရယ်၊ တို့ကြောင့် ငိုရတာကို မလိုလားဘူး သိလား၊
ရတနာ ဘာဖြစ်ချင်လဲ ပြော”

မသည် မင်းဝဏ် သည်လို ချော့မော့ပြန်တော့
ခုနက ရန်တွေ့လိုသော စကားတွေ ပျောက်ကွယ်လုလု ဖြစ်ခဲ့
ပြန်သတဲ့။ သို့သော် ဒါဟာ မင်းဝဏ်ကို နစ်ရာရောက်တယ်ဟု
ယူဆပြီး စိတ်ကို ပြန်လည် တင်းမာခဲ့ရပြန်လေသည်။

“မင်းဝဏ် ဆေးလိပ် သောက်နေတယ် မဟုတ်လား”

မင်းဝဏ်သည် ထိုအချက်ကို မ သိရှိသွားခြင်းအား
ရှက်ကိုးရှက်ကန်း ဖြစ်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာကွာ"

ဟု ငြင်းကြည့်သေးသည်။ မသည် 'မလိမ်နဲ့' ဟူသော ခပ်မာမာလေသံဖြင့် တုံ့ပြန်တော့ မင်းဝဏ်သည် တိတ် ဆိတ်သွားခြင်းဖြင့် ဝန်ခံခဲ့သည်။

"မင်းဝဏ်နားက စီးကရက်နံ့ ရတယ်၊ အရင်က ဒီအနံ့ မရပါဘူး၊ ဘယ်တုန်းက သောက်တတ်တာလဲ၊ ဒ ဟိုကောင်တွေနဲ့ ပေါင်းလို့ တတ်သွားတာ ဖြစ်မယ်၊ ထေ အောင်နဲ့ ရန်လေးတို့လောက်ကောင်းတဲ့ သူငယ်ချင်း မ ပါဘူး မင်းဝဏ်၊ သူတို့နဲ့ပဲ ပြန်ပေါင်းပါနော်၊ မ စကာ ကို နားထောင်ပါနော်၊ စီးကရက်ကိုလည်း ဖြတ်လိုက်ပါ ကျောင်းလည်း မှန်မှန်ပြန်တက်ပါ၊ ဒီတစ်နှစ်တည်း ကြိုး ရမှာပါ မင်းဝဏ်ရယ်၊ ဒီနှစ်အောင်ရင် ဘာပဲဖြစ်ဖြ လေ့ကားတစ်ဝက်ကို ရောက်ပြီးသွားတာနဲ့ အတူတူ မကို ချစ်တယ်ဆို၊ မင်းဝဏ်က အပြောပဲရှိတယ်၊ တကယ် ချစ်ရင် မ စိတ်ညစ်အောင် လုပ်မနေနဲ့တော့ မင်းဝဏ်ရယ်

မသည် မင်းဝဏ်နဲ့ တွေ့ပြီးရင် ဘာတွေ ပြောမယ် ဘယ်လို ပြောမယ်နဲ့ စီစဉ်ခဲ့သလောက် ခုတော့ ကပေါက်ဆ ကပေါက်ချာ ပြောချင်ရာပြော၊ ဆူချင်ရာဆူတွေ ဖြစ်ကုန်တော့ သည်။ ပြီးတော့ မ ချစ်ရသော မင်းဝဏ်တစ်ယောက်ကျ သည်လို ဖြစ်သွားရလေခြင်းဟု ယူကျုံးမရ ဖြစ်ခြင်းက ကြီး





လာရ၍ မင်းဝဏ် ချော့သည့်ကြားက မျက်ရည်တို့က ကျဆဲ ကျမြဲ ဖြစ်နေခဲ့ရပြီ။ ဘာပဲဖြစ်ဖြစ် မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်း မလုပ်တတ်သော မသည် မင်းဝဏ်နဲ့ကျမှ မျက်ရည် ကျတတ်လာခဲ့ပြီကွယ်။

"မင်းဝဏ် အရက်သောက်တာလည်း မ သိတယ်၊ ဘာလို့ သောက်ရတာလဲ၊ အဲဒါလည်း ငါးပါးသီလထဲမှာ တစ်ပါးကို ကျူးလွန်ရာရောက်တယ် မိဘကို လိမ်ညာပြီး အပြင်ထွက်၊ ဆရာ့ကို လိမ်ညာပြီး ကျောင်းပြေး၊ ကျူရှင်ပြေးတာလည်း ငါးပါးသီလထဲက တစ်ပါး ထပ်မံကျူးလွန်တာပဲ၊ ဒါတွေ ဟာ မကောင်းမှုတွေပါ မင်းဝဏ်၊ သိရဲ့သားနဲ့ ဘာလို့ ခံမင်နေရတာလဲဟင်၊ တကယ်လို့ မင်းဝဏ် ဘက်က မလျှော့ဘူး၊ မရပ်ဘူး၊ မရဲ့စကားကို နားမထောင်ဘူးဆိုရင် မ မင်းဝဏ်ရဲ့ မိဘတွေကို လာတိုင်ရလိမ့်မယ်၊ နောက်ပြီး မင်းဝဏ်ကို ပေးပြီးတဲ့ မရဲ့ အချစ်တွေကိုလည်း ပြန်ရုပ် သိမ်းလိုက်မယ်၊ မကို မချစ်လို့ ဒီအလုပ်တွေ ဆက်လုပ်နေ မယ်ဆိုရင် မလည်း မင်းဝဏ်ကို ချစ်ဖို့လိုတော့မှာ မဟုတ် ဘူး"

"ရတနာရယ် တို့ကိုတော့ မမုန်းပါနဲ့၊ တို့ ရတနာကို ချစ် တာကတော့ ယုံပါ၊ တို့ ပြုပြင်ပါ့မယ် ရတနာ၊ ကြိုးစား ကြည့်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြိုးစား ကြည့်မနေနဲ့ ကြိုးစားမယ်ဆိုတဲ့ စကားပဲ လိုချင်တယ်၊ ပြုပြင်မယ်ဆိုတဲ့ စကားရဲ့ရှေ့ဘက်မှာ ပြုပြင်ပြီးပြီဆိုတာကိုပဲ လိုချင်တယ်"

"စိတ်ချပါ ရတနာ၊ တို့ ရတနာ့ကို တကယ်ချစ်တာ သက်သေပြတဲ့အနေနဲ့ လုပ်ပြပါ့မယ်"

❋ ❋ ❋





မင်းဝဏ်သည် လက်ပတ်နာရီကို တစ်ချက်ကြည့်လျက် ထရပ်သည်။ မအား ပြန်ငုံ့ကြည့်ကာ လက်တစ်ဖက်ကမ်းပေးတော့ မသည် ဟင်းခနဲ တစ်ချက် ရှက်ရယ်ရယ်လျက် မင်းဝဏ်၏ လက်ဖဝါးထဲ မ၏ လက်တစ်ဖက် ထည့်လိုက်စဉ်တွင် အရာရာသည် ငြိမ်းချမ်းသွားခဲ့သလိုပဲဟု မ တွေးမိသေးသည်။

"ထလေ သွားရအောင်၊ ကျူရှင်ဆင်းချိန် နီးပြီ၊ ဘာလဲ အိမ်မပြန်တော့ဘူးလား"

"သေလိုက်ပါလား"

"ရတနာပဲ သေစကား မပြောရဘူးဆို၊ အခုတော့ ပြောပြန်ပြီပေါ့၊ မိန်းမတွေများ အဲဒါ မကြိုက်တာ၊ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ဟဲ ... ဟဲ"

မသည် မင်းဝဏ် တမင်စမှန်းသိလျက် မိန်းကလေးပီပီ စုပုပ်စိတ်ကောက်ကာ လက်ကို ပြန်ဆောင့်ရုန်းလိုက်သေးသည်။ မင်းဝဏ်သည် တင်းခနဲ ဆုပ်ကိုင်ထားမှုကြောင့် ရုန်း၍



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့ချေ။ အင် ... ရန်းတဲ့လူကလည်း အားမှမပါတာဟု ပြောလို့ရနိုင်ပါသည်။ မသည် မင်းဝဏ် လက်တွဲခေါ်မှုကို မကျေနပ်လျက်သည်လိုကျတော့လည်း မင်းဝဏ်ဟာ အင်မတန် ချစ်ရှာတယ်၊ မရဲ့ စကားကိုလည်း နားထောင်တယ်တွေနှင့် မင်းဝဏ်ကို ပိုမိုချစ်မိပြန်သတဲ့။

စက်ဘီး ဘားတန်းကလေးမှာ တစောင်းထိုင်၍ မင်းဝဏ်နှင့် စက်ဘီးအတူ စီးခွင့်သည် သည်တစ်ခါ နောက်ဆုံးဖြစ်ကြောင်း၊ ကြည်နူးခွင့်သည် သည်တစ်ခါ နောက်ဆုံးဖြစ်ခဲ့ရကြောင်း မကြာခင်မှာ သိခွင့်ရခဲ့သည်။ အဲသည် မတိုင်ခင်ကတော့ မတို့ဟာ အင်မတန် သာယာလှပသော အချိန်ကလေးတစ်ခုထဲမှာ နှစ်မြှုပ် ပျော်ရွှင်ခဲ့ရလေသည်။

စက်ဘီးဘားတန်းပေါ်တက်ဖို့ မက ထုံးစံအတိုင်း တွန့်ဆုတ် တွန့်ဆုတ်ဖြစ်၊ မင်းဝဏ်က ချော့မော့တိုက်တွန်း၊ နောက်တော့ မတို့နှစ်ယောက် အမိပွာယ်မဲ့ ရယ်လိုက်ကြ။ ပြီးတဲ့အခါကျတော့ မသည် မင်းဝဏ်၏ပခုံးကို အားပြုလျက် စက်ဘီးဘားတန်းကလေးပေါ် ထိုင်ဖြစ်သွားရတာပါပဲ။

"မင်းဝဏ် မ မှာတာတွေ မမေ့နဲ့နော်"

ဟူ၍လည်း မသည် တတွတ်တွတ်မှာခဲ့။ မင်းဝဏ်သည် ...

"ဟုတ်ကဲ့ ခင်ဗျာ ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်"





တွေနှင့် မကို နောက်ပြောင်ခဲ့။ ထိုအခါ မသည် မင်းဝဏ်၏ လက်တစ်ဖက်ကို ဆွဲဆိတ်ရ စိတ်ကောက်ရ ရန်ဖြစ်ရ။ မင်းဝဏ် ခိုးပြီး နမ်းတတ်မှန်းသိသော မ၏ ဆံပင်တိုများကို တမင်ညစ်၍ လက်ဖြင့် စုကိုင်ရှောင်တိမ်းရ။

"ရတနာ တစ်ဆိတ် ကျေးဇူးပြုပြီး ဆံပင်တွေကို သိမ်းမထားပါနဲ့လား၊ ရတနာ့ဆီက လွင့်နေတဲ့ ဆံပင်ကလေးတွေက တို့အတွက် အမောပြေဆေးပဲ သိလား"

"အံမယ် ... လူလည်မကျနဲ့"

ထိုသို့ ကျီတက်ကျီတ်နဲ့ ရန်ဖြစ်ရင်း ညစ်ကျယ်ကျယ်လုပ်ရင်း ဒေလီယာတို့ လမ်းချိုးကလေးထဲသို့ စက်ဘီးချိုးအကွေ့မှာ မအတွက် ကံဆိုးမိုးမှောင် ကျခဲ့ရတော့သည်။ အဲဒါကတော့ လမ်းချိုးကလေးထိပ်မှာ ခါးထောက်ရပ်ကြည့်နေသော ကိုကြီးနဲ့ တည့်တည့်ကြီး ရင်ဆိုင်တိုးရခြင်း ဖြစ်သည်။ မင်းဝဏ်သည် အလန့်လန့် အထိတ်ထိတ်ဖြင့် စက်ဘီးကို တုံ့ခနဲ ရပ်လိုက်စဉ်ခသည် ကယောင်ကတမ်းဖြင့် စက်ဘီးပေါ်မှ ခုန်ဆင်းမိတော့တတ် ဖြစ်ခဲ့သော်လည်း မင်းဝဏ်သည် သတိရှိလှစွာ မကို ဖမ်း၍ ထိန်းထားပေးသောကြောင့် စက်ဘီးပေါ်မှ ရုပ်ပျက်ဆင်းပျော့မှတ်မကျခဲ့ခြင်း ဖြစ်သည်။

"ဖြည်းဖြည်းဆင်း ရတနာ၊ မကြောက်နဲ့နော်၊ ကိုကြီးတွေ့သွားပြီးမှတော့ ဘာမှ လိမ်ညာလို့မှ မရတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်သည် တည်တည်ငြိမ်ငြိမ်ဖြင့် မအား ခပ်တိုးတိုး နှစ်သိမ့်နိုင်သေးသည်။ မသည် မင်းဝဏ်၏ ပခုံးကိုကိုင်လျက် စက်ဘီးပေါ်မှ ဆင်းပြီးချိန်တွင် ကိုကြီးထံမှ ဆူပူကြိမ်းမောင်းသံများကို နားခံဖို့ ခြေစုံရပ်ကာ ခေါင်းငုံ့နေမိတော့သည်။

"ဒီကိုလာစမ်း ညီမလေး၊ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ၊ ဘာလဲ သိပ်အားကိုးနေပြီပေါ့ ဟုတ်လား၊ အရှက်မရှိလိုက်တာ၊ လမ်းမပေါ်မှာ ဒီလို စက်ဘီးလျှောက်စီးပြီး ရည်စားနဲ့ လျှောက်လည်ရဲအောင် ဘယ်က သတ္တိတွေ ရောက်လာတာလဲ၊ နင့်ကို ဘယ်သူ သွေးဆောင်လို့လဲ၊ လာစမ်း မြန်မြန်၊ နင်တော့လား ကျောင်းထုတ်ပစ်မယ်၊ ဒီ အသုံးမကျတဲ့ ကျူရှင်လည်း လာစရာ မလိုဘူး၊ နင့်ထိုက်နဲ့ နင့်ကံ ဖြစ်ချင်ရာဖြစ်"

ကိုကြီးသည် သူ့အား တစ်လှမ်းချင်း လျှောက်လာသော မအား စိတ်မရှည်စွာ မ၏ လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်တော့ ယိုင်ခနဲ လဲတော့မတတ်တောင် ဖြစ်ခဲ့ရသေးသည်။ မင်းဝဏ်ထံမှ 'ဟာ ... ရတနာ' ဟုတောင် စိုးရိမ်တကြီး ရေရွတ်လိုက်သံ ကြားခဲ့ရအောင် မင်းဝဏ်သည် မအား တစ်စုံတစ်ရာ နာကျင်မှုတွေမှ မရစေချင်အောင် ချစ်ခဲ့သူလည်း ဖြစ်သည်။

"ဘာ ရတနာလဲ၊ မင်း ငါ့ညီမကို ဘယ်လိုမှ ခေါ်စရာ မလိုဘူး၊ မင်းနဲ့ မတန်ဘူးကွ နားလည်လား၊ နောက်ထပ် မပတ်သက်မိစေဖို့ သတိပေးမယ်၊ ဒီထက် ရှေ့ဆက်တိုးလာရင် ငါ့အကြောင်း သိသွားစေရမယ် မင်းဝဏ်၊ အလကား ဘယ်လိုကောင်မှန်းမသိ၊ ထောင့်မကျိုးဘူး၊ မင်းလိုကောင် သွေးဆောင်ဖြားယောင်းလို့ ငါ့ညီမ ဒီလို ဖြစ်သွားရတယ်ဆိုတာ ငါ သိတယ်၊ မင်းကို လုံးဝ မကျေနပ်ဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ၊ အလကား ကလေကချေ လမ်းသရဲကောင် ... တောက်"

မင်းဝဏ်သည် ထိမထင်ဟန်ဖြင့် မထီမဲ့မြင် ပြုံး၍ ကိုကြီးအား ပြည်လည် စိုက်ကြည့်လျှင် မသည် မင်းဝဏ်နဲ့ကိုကြီး စွာသနာတက်ကြတော့မည်ကို ရိပ်မိလျက် ကိုကြီး၏ လက်မောင်းတစ်ဖက်အား ဆွဲကိုင် လှုပ်ယမ်းကာ 'ကိုကြီး သွားရအောင်လာလေ' ဟု အတင်းဆွဲခေါ်လိုက်သည်။ သို့သော် များစွာ နောက်ကျခဲ့လေပြီ။

ကိုကြီးသည် မင်းဝဏ်၏အပြုံးကို အဓိပ္ပာယ်ဖော်နိုင်ခဲ့ပြီမို့ မင်းဝဏ်အား ပြန်လည်စိုက်ကြည့်လျက် ...

"ငါ့ကို စိန်ခေါ်တဲ့အပြုံးနဲ့ မပြုံးပြနဲ့ မင်းဝဏ်၊ ငါက ပြောရင် ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တဲ့ ကောင်ဆိုတာ မြဲမြဲမှတ်ထားဖို့တော့ မှာချင်တယ်"

"ကိုကြီးရဲ့ ညီမကို တစ်ပင်တိုင် မြနန်းနဲ့ပဲထားထား ဖူးစာမှန်ရင်တော့ ဘယ်လိုမှ တားလို့မရပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မသည် သည်ထက်မက စကားအရှေ့အတင် ဖြစ်လာလျှင် လူသိကုန်လိမ့်မည်စိုး၍ မင်းဝဏ်ထံ တောင်းပန်သည့်ဟန် မျက်ဝန်းများဖြင့် လှမ်းကြည့်ပြီး ...

"မင်းဝဏ် သွားတော့လေ၊ မ တောင်းပန်ပါတယ်နော်၊ မကို သနားရင် ကိုကြီးရဲ့ စကားတွေကို မေ့ပစ်လိုက်ပါနော်"

ဟု လှမ်းပြောမိတော့ ကိုကြီးသည် မအား ဖျတ်ခနဲ လက်ပြန်ရိုက်ချခဲ့သည်။ သိပ်ပြီး အားမပြင်းခဲ့သော်လည်း တစ်ခါမှ ဒီလို မရိုက်စဖူး အရိုက်ခံရ၍ မသည် အနည်းငယ် နာကျင်သွားသော ပါးပြင်အား အုပ်ကိုင်လျက် မျက်ရည်ကျတော့ ...

"ရတနာ့ကို မရိုက်ပါနဲ့ ကိုကြီး၊ ဒီကိစ္စမှာ နှစ်ယောက်စလုံး အပြစ်ရှိတာချင်းအတူတူ ဒီလို တစ်ယောက်တည်း နိုင်တိုင်း ဗိုလ်ကျတာတော့ မကောင်းဘူးပေါ့၊ သိပ်ရိုက်ချင်ရင် ကျွန်တော့်ကို ရိုက်သွားပါ၊ ကိုကြီးကို ဘာမှ ပြန်မလုပ်ဘဲ အရိုက်ခံဖို့ အဆင်သင့်ပဲ"

မင်းဝဏ်သည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာလျှင် မသည် 'မင်းဝဏ် သွားတော့လေ၊ သွားတော့'ဟု အသံကုန် အော်ဟစ်မိသည်။ မကို ရိုက်ရက်တယ် ကိုကြီးရယ်။ ကိုကြီး ရိုက်တာ သိပ်မနာပေမဲ့ ရိုက်ရက်လေခြင်းဆိုပြီး ရင်ထဲက ဗိုနာ



ရပါတယ်။ ပြီးတော့ ကိုကြီးနဲ့ မင်းဝဏ်တို့ တစ်ယောက်ကို တစ်ယောက် ထိုးကြိတ်ကြမှာကို မမြင်ပါရစေနဲ့ ဆိုသော အတွေးတို့နှင့် ခေါင်းတွေ ချာချာလည်ကာ နောက်ဆုံးတော့ မသည် ဆိုနေရာတွင်ပင် ခွေခနဲ လဲကျသွားရတော့သည်။ 'ရတနာ'ဟု မင်းဝဏ်ထံမှ အလန့်တကြား ခေါ်သံ၊ 'ညီမလေး'ဟု ကိုကြီးထံမှ ခေါ်လိုက်သံကိုကြားခဲ့ပြီး နောက်ဆုံးတွင် မသည် တစ်စုံတစ်ယောက် ပွေ့လိုက်ချိန်မှာ သတိလစ် မေ့မြောခဲ့တော့သည်။

နောက်ထပ် ဘာတွေ ဆက်ဖြစ်ကြသလဲလို့ မ မသိခဲ့သော်လည်း ထိုအဖြစ်အပျက်၏ နောက်ဆက်တွဲသည် မကို ကျောင်းထုတ်ခြင်း၊ ကျူရှင်လာခွင့် မရခြင်း၊ အိမ်မှာပဲ ဆရာမတွေ စာခေါ်သင်စေခြင်း၊ သူငယ်ချင်းအားလုံးနဲ့ အဆက်အသွယ်ဖြတ် ခံရခြင်း၊ ဖုန်းပြောခွင့် တောင်မရခြင်း၊ အိမ်ထဲ အနေ ခြံထဲတောင် လမ်းလျှောက်ခွင့် မရခြင်းတို့ကို ရရှိခဲ့လေသည်။

မသည် နေ့စဉ် နေ့တိုင်း ကိုကြီး၏ ဆူပူကြိမ်းမောင်း အပြစ်တင်မှုကို ခံရလျက် မင်းဝဏ် ဘာတွေများ လျှောက်လုပ်နေတော့မှာပါလိမ့်၊ မ စကားကိုရော နားထောင်ပါ့မလားတွေနှင့် ပူပန်ရလျက် ထိုနှစ်၏ ဆယ်တန်းစာမေးပွဲကို ဘယ်လို ဖြေလိုက်မိမှန်းတောင် မသိခဲ့ပါ။

www.burmeseclassic.com

စာမေးပွဲအောင်တယ်သာ သိခွင့်ရပြီး စာမေးပွဲအောင်စာရင်းတောင် သွားကြည့်ခွင့်မရသော မသည် မင်းဝဏ် အောင်သလား၊ မအောင်သလားလည်း မသိခဲ့။ ဘယ်သူတွေ ဘယ်လိုအောင်သလဲကိုလည်း သိခွင့်မရခဲ့။

ဆယ်တန်းအောင်ပြီးပြီးချင်း ကျောင်းတွေပိတ်တာနှင့်ကြုံရ၍ မနှင့် မင်းဝဏ်တို့ အကြာကြီး ဝေးခဲ့ကြလေသည်။





၁၉၉၂-ခုနှစ်

၈

"ညည်းကို သနားလွန်းလို့ ကျောင်းတက်ခွင့် ပြုတယ်မှတ်ပါ၊ နောက်ထပ် ဟိုကောင်နဲ့ ဆက်သွယ်ဖို့တော့ မစဉ်းစားနဲ့၊ ငါ့အကြောင်းကို ညည်းသိတယ်နော်"

မသည် ကားပေါ်မှ ဆင်းသည်အထိ သူ့သည်စကားကို ထပ်ဖန်တလဲလဲ ပြောကြားနေသော ကိုကြီးအား ကတိအထပ်ထပ် ပေးနေရစဉ်တုန်းကတော့ လေးနှစ်နီးပါး ကွဲကွာသွားကြသော မတို့နှစ်ယောက် ထပ်မံ တွေ့ဆုံရလိမ့်မည်ဟု မထင်မိခဲ့၍ ဖြစ်သည်။ အမှန်တော့ မသည် မင်းဝဏ်၏ အချစ်ကို လျှော့တွက်မိခဲ့တာပဲ ဖြစ်သည်။ သည်လောက်ကြီး ဝေးသွားမှ အဆက်

www.burmeseclassic.com



အသွယ်တွေ လုံးဝ ပြတ်တောက်သွားတော့မှ၊ မကိုလည်း လုံးဝ မတွေ့ရတော့မှတော့ သူလည်း မေ့ပျောက်လောက်ပြီလို့ မ ထင်ခဲ့သည်။ သို့သော် မသည် မင်းဝဏ်ကို မေ့မရခဲ့သလို မင်းဝဏ်သည်လည်း မကို မမေ့ခဲ့ကြောင်းကို ထိုကျောင်းစတက် သော နေ့မှာပင် သိခွင့်ရခဲ့လေသည်။

ကိုကြီးသည် သူငယ်ချင်းတွေနှင့် ဝေးအောင် တမင်ပဲ အဝေးသင် တက်ခိုင်းခဲ့သော်လည်း မသည် စိတ်ကောက်ဆန္ဒပြ ကာ ကျောင်းတက်ခွင့်ကို ရယူခဲ့ခြင်းမှာ တစ်စုံတစ်ရာ ဆန္ဒများ မပါ၊ မင်းဝဏ်ကို ထပ်တွေ့ရမည့် ထင်သော အထင်များမပါ။ တကယ့်ကို ရိုးရိုးသားသားစိတ်နဲ့ ကျောင်းတက်ချင်ခဲ့တာသာ ဖြစ်ကြောင်း ကိုကြီး ဘယ်လိုမှ ယုံမည် မထင်ခဲ့ချေ။ ဟုတ်သည်၊ ကိုကြီးဟာ မကို ဘယ်ယုံခဲ့ပါမလဲ။ မယုံခဲ့အောင်လည်း အဖြစ် အပျက်က ဖြစ်ပေါ်ခဲ့သည်။

အတန်းထဲမှာ ထစ်ယောက်တည်း ခုံငေါင်ငေါင် ထိုင်နေခဲ့သော မှုအတွက် မကြာခင်မှာပဲ ...

"ရတနာပုံ"

ဟူသော ခေါ်သံတစ်ခုက စတင် မိတ်ဆက်လေ သည်။ မသည် ဘယ်သူများ မရှိနာမည်ကို ခေါ်ပါလိမ့်ဟု သိချင် လှစွာ နောက်ဘက်သို့ ဆတ်ခနဲ လှည့်အကြည့်တွင် အိုး ... ။ အတွက် လောကကြီးဟာ မမျှော်လင့်တာတွေ ဖြစ်စေခဲ့ပြန်တာပါ





နော်။ မသည် ဂမ်းသာအားရ ထရပ်လိုက်တော့ မင်းဝဏ်သည် မဆီ ခပ်ဖြည်းဖြည်း လျှောက်လာနေခဲ့သည်။ နောက်ဘက်မှာ ကျစ်ရစ်သော ဝေလအောင်၊ ရန်လေးနှင့် ဒေလီယာတို့က သဘော တကျ ပြုံးကြည့်နေရဲ့။

"မင်းဝဏ်၊ မင်းဝဏ် ဒီကျောင်းမှာပဲ တက်ရတယ် ဟုတ် လားဟင်၊ မ ဒီမှာ တက်ရတာ မင်းဝဏ် သိနေတယ်နော်၊ မကတော့ ကိုယ် ဘာမေဂျာရသလဲတောင် လာကြည့်ခွင့် မရလို့ ဘယ်သူ ဘာရသလဲဆိုတာ မသိခဲ့ရပါဘူး၊ မင်းဝဏ် ကရော ဘာရလဲ"

"ကိုယ် ဘာမှမရဘူး ရတနာ၊ မရဆိုတာ ကိုယ် ဆယ်တန်းမှ မအောင်သေးတာ"

ဟင် ... ဖြစ်ရလေ မင်းဝဏ်ရယ်၊ စကားအပြော အဆိုတွေလည်း ပြောင်းလဲခဲ့။ အရင်က 'တို့'လို့ နာမ်စားသုံးပြီး ပြောတတ်တဲ့ မင်းဝဏ်က 'ကိုယ်'ဆိုတဲ့ လူကြီးဆန်ဆန် အသုံး အနှုန်းတွေ သုံးနှုန်းခဲ့။ ပြီးတော့ မင်းဝဏ်ဟာ ကီနူးရိဗ်နဲ့ ပိုပြီး ဆင်တူလာသေးရဲ့။ အတန်းထဲက ကောင်မလေးတွေတောင် အချင်းချင်း လက်တို့ပြောနေကြပြီ။ မြန်မာပြည်မှာ တီဗွီတွေ၊ ဗွီဒီယို(ခ)တွေ လူတိုင်း သုံးစွဲလာနိုင်ချိန်မို့ ကီနူးရိဗ်ရဲ့ကားတွေ အတော် အတော်အတန် ကြည့်ပြီးခဲ့ပြီဆိုတော့ သူတို့သည်း မင်းဝဏ်ရဲ့ ပုံစံကလေးကို ဘယ်သူ့ပုံဆိုတာ သိနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို Permanent Record ဆိုတဲ့ ရုပ်ရှင်ထဲက ကီးနူးရိဗ်ဟာ မင်းဝဏ် ပါပဲလို့ လူတိုင်း ပြောရတော့မတတ်။ မရဲ့ မင်းဝဏ်ကို အလွမ်း ဖြေခြင်းမှာ ကီနူးရိဗ်ရဲ့ ကားတွေကြည့်ပြီး လွမ်းရခြင်းကို မင်းဝဏ် မသိသေးချေ။

"ငါတို့အားလုံး ဒီကျောင်းမှာ တက်ရတယ် ရတနာပုံ၊ စန္ဒာကတော့ ထုံးစံအတိုင်း ဆေး (၁) မှာပဲပေါ့၊ သူ့မှာ ဆေးမဝင်ရင် သေတော့မဲ့အတိုင်း ညည်းညူနေတာ၊ ဝင် သွားလို့ နားငြီးသက်သာသွားတယ်၊ ငါက ကယ်မစ်ကြီ ရတယ် ရတနာပုံ၊ ဝေလအောင်နဲ့ ရန်လေးက ဘော့တ် ရတယ်၊ ငါတို့ နင် ဘာရလဲဆိုတာ ကြည့်ထားလို့ အစ ကတည်းက သိပြီးပြီ၊ မင်းဝဏ်က သူ နင့်ကို အရမ်းတွေ့ချင် တယ်ဆိုလို့ ငါတို့က ဝိုင်းရှာပေးရတာ သိလား၊ ကဲ _ မင်းဝဏ် ဘာကျွေးမလဲ"

"ဘာမှ မကျွေးဘူးဟေ့၊ ကျွေးဖို့ အချိန်မရဘူး၊ ရတနာ ကို စကားတွေ ပြောရဦးမယ်၊ တော်ကြာ ဦးသတ်ပုံကြီး လာချက်(ခ)နေရင် ရှောင်ရ တိမ်းရဦးမှာတွ၊ ဟား _ ဟား"

မသည် မင်းဝဏ်၏ လက်တွဲခေါ်ခြင်းတွင် ကိုကြီး အား ပေးထားခဲ့ပြီးသော ကတိတို့ကို မေ့လျော့သွားတော့သည်။ ကျောင်းစတက်ရသော နေ့တွင် အတန်းထဲမှာ ကျောင်းလစ်သူမှာ





မ တစ်ယောက်သာ ရှိလိမ့်မည်။ ဝေလအောင်နှင့် ရန်လေးတို့ က မအား ...

"မင်းဝဏ်ကို သိပ်တော့ မယုံနဲ့၊ ငါတို့နဲ့ မတွေ့တာလည်း ကြာပြီ၊ ဒီကောင် ဘာတွေ ဆက်လုပ်နေလဲ မသိဘူး၊ နင် မေးကြည့်ထားဦး"

ဟူ၍တော့ ခပ်တိုးတိုး သတိပေးခဲ့သေးသည်မို့ မသည် မင်းဝဏ် ဘာတွေ ပြောင်းလဲနေပြီလဲဟု လေ့လာရပြန် သည်။

မင်းဝဏ်ရယ် မကို အင်မတန် ချစ်ရှာတယ်နော်။ သည်လောက်ကြီး ဝေးနေခဲ့တာတောင် မေ့မသွားဘူး ဆိုသော အတွေးတို့ကတော့ ကြည်နူးစဖွယ် တွေးနေခဲ့လေ၏။

"မင်းဝဏ် ဆယ်တန်း မဖြေတော့ဘူးလားဟင်၊ အခု ဘာတွေ လုပ်နေလဲ၊ မ အရမ်းသိချင်တယ် ပြောပါဦး"

"ရတနာက ကိုယ့်ကို ဆယ်တန်းအောင်မှ ချစ်မဲ့ သဘော လား"

"အို ... အဲဒီလိုပြောတာ မဟုတ်ပါဘူး၊ မတို့က ကျောင်း သားအရွယ်ပဲ ရှိသေးတာ၊ ကျောင်းခန်းထဲမှာရှိတာ ပိုကောင်း တာပေါ့ မင်းဝဏ်၊ မရဲ့ စေတနာကိုတော့ တစ်မျိုးမထင် ပါနဲ့ကွယ်၊ မ မင်းဝဏ်ကို ဘယ်လောက် ချစ်ခဲ့ရတယ်၊ လွမ်းခဲ့ရတယ်ဆိုတာ မင်းဝဏ် သိမှ မသိဘဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်သည် မ၏ခေါင်းကို သူ့ပခုံးတစ်ဖက်ပေါ် တင်စေလျက် စံရှိ ဆံပင်များကို ပွတ်သပ်၍ ချော့မော့ရင်း ...

"ယုံပါတယ် ရတနာ၊ ရတနာ ကိုယ့်ကို တကယ်ချစ်တယ် ဆိုတာ ကိုယ် ယုံနေဆဲမို့လို့ လာတွေ့တာပေါ့၊ ဆောရီး ကိုယ့် စကားမှားသွားရင် ခွင့်လွှတ်ပါ ရတနာ၊ ကိုယ်လည်း ရတနာ့ကို အမြဲတမ်း လွမ်းနေခဲ့ရတယ်"

ခပ်တိုးတိုး စကားတွေ ပြောပြန်၊ မသည် ဝမ်းနည်း ငိုကြွေး၊ မင်းဝဏ်က ချော့မော့ဖြင့် အချိန်တို့ ကုန်ဆုံးသွားပြန် သည်နော်။

"ကိုယ်တို့ ချစ်ခဲ့ကြတာ သုံးနှစ်၊ ဝေးကြတာ လေးနှစ် ဟား ... နှစ်တွေ အရမ်းအကြာကြီးပဲနော်၊ လွန်ခဲ့တဲ့ ခုနှစ်နှစ်ကဆိုရင် ရတနာပုံဆိုတဲ့ ကောင်မလေးကို ကိုယ် စမြင်တုန်းက ကိုယ့်ကို ဒီလောက်ထိ ချစ်မဲ့ ကောင်မလေး လို့ ဘယ်ထင်ခဲ့ပါ့မလဲ"

"ကျုပ်ကလည်း ရှင့်ကို ငဆိုး၊ ငတေကလေးလို့ ထင်ခဲ့ သေးတယ်"

"အခုရော"

"မကို သိပ်ချစ်တဲ့ လူကလေးလို့တော့ ယုံကြည့်ပါရဲ့၊ ဒါပေမဲ့ မင်းဝဏ်က မကို မင်းဝဏ်အကြောင်းတွေ တစ်ခုမှ မပြောဘူးနော်၊ လျှို့ဝှက်ထားခဲ့သေးတယ်၊ အဲဒီ တစ်ခုကတော့ စိတ်ဆိုးချင်စရာကြီးပဲ"



မင်းဝဏ်သည် ထိုစကားကို ကြားတော့ မသိချင် ဟန်ဆောင်နေပြန်သေးသည်။ အင်း ... အသိရခက်လေစွ။ မကို ချစ်တယ်လည်း ဆိုသေးရဲ့၊ သည်လို ဖုံးကွယ်တာတော့ ဘယ် ကောင်းမလဲနော်။ ပြီးတော့ ဘာမှလဲ မလုပ်ဘဲနဲ့ ကျောင်းဆက် တက်ရအောင် မကြိုးစားတာတော့ ဘဝမကျချင်စရာ။ မဖြစ်ပါ ဘူး၊ ဆယ်တန်း ပြန်ဖြေဖြစ်အောင် တိုက်တွန်းမှပါ။ ရန်လေးနဲ့ ဆေလအောင်တို့ သတိပေးသလို မင်းဝဏ်ရဲ့ အခြေအနေကို လေ့လာကြည့်မှပါ။ ဒေလီယာ ပြောခဲ့သလို ...

"သူ့အိမ်နဲ့ မင်းဝဏ်နဲ့လည်း အဆင်မပြေဘူး ကြားတယ်၊ သူ ဘာတွေ လုပ်နေသလဲမှ မသိတာ၊ ငါတို့က သူငယ် ချင်းမို့ နင့်ကို တွေ့ချင်တာ၊ နင်ကလည်း တွေ့ချင်နေမှာကို ရိပ်မိလို့သာ လိုက်ပို့ရတယ်၊ သိပ်တော့ မယုံသေးဘူး၊ နင်လည်း မယုံနဲ့နော်"

မသည် မယုံကြည်ရဲသေးပါ။ အခုအခါမှာ ဆယ် ကျော်သက် အရွယ်လည်း မဟုတ်တော့၍ အရင်ကထက်စာရင် ရည်ငြိမ်စပြုလာပြီ ဖြစ်ပေမဲ့ မင်းဝဏ်ကိုတော့ ကိုယ့်ချစ်သူမို့ ယုံကြည်ခဲ့ချင်သားပင်။ သို့သော် သူငယ်ချင်းတွေရဲ့ သတိပေး စကားတွေကြောင့် အချစ်ကတစ်ပိုင်း၊ ယုံကြည်မှုက တစ်ပိုင်းအဖြစ် ခွဲခြမ်းခဲ့ပြီးပြီ။ အချိန်မနှောင်းသေးဘူးဆိုရင် မင်းဝဏ်ရဲ့ ဘဝပေ ါ လွင့်နေမှုကို ပြုပြင်နိုင်တန် ကောင်းပါရဲ့။ အဲ့ဒီ့ဆို မတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မခွဲခဲ့ရဘူးဆိုရင် မင်းဝဏ်ကို မသည် လက်တွဲခေါ်ယူနိုင်ခဲ့မည် ထင်သည်။ သို့သော် မတို့ ကွဲကွာခဲ့ရ၍ မရဲ့ ချစ်သူကလေးသည် တောပေလေလွင့်ခဲ့ရသည်ပဲနော်။

"ရတနာ ကိုယ့်ကို ဗိကေ ဝယ်ကျွေးပါဦးလား"

"ကျွေးပါ့မယ် ... ကျွေးပါမယ်၊ မင်းဝဏ်ကရော မကို နေကြာစေ့တွေ အခွံခွာပြီး ကျွေးဦးမှာလား"

"ပါးစပ်ထဲထိတောင် ခွံ့ပေးမယ်"

မသည် ရုက်ရွံ့ ခေါင်းငုံ့ရယ်ပြန်ရင်းက မျက်ရည်ဝဲချင်သားပင်။ ကိုယ့်ချစ်သူကို မယုံမကြည် ဆက်ဆံရခြင်းက ပင်ပန်းခဲ့လေစွ၊ ကျဉ်းကျပ်ခဲ့လေစွ။ ချစ်သူနဲ့ ပြန်ဆုံရလို့ သေသေချာချာ ကြည်နူးခွင့်ကိုမှ မရခဲ့လေစွ။

"ရတနာ့ ဆံပင်ကလေးတွေ ရှည်နေတော့ ပိုလှတာတယ်။ အဖြူရောင်ကလေးတွေ ကြိုက်သေးတယ်နော်၊ ဒါဆို ကိုယ့်ရဲ့ အဖြူရောင် အသည်းလေးရော ရှိသေးရဲ့လား"

မင်းဝဏ်မှာရော ဖြူစင်တဲ့ စိတ်ဓာတ်ကလေး ရှိသေးရဲ့လား။ ဖြူစင် အပြစ်ကင်းသော မင်းဝဏ် မဟုတ်မှာတော့ သေချာပါရဲ့။ မင်းဝဏ်ရဲ့ မျက်လုံးတွေမှာ မရိုးသားခြင်းကို မ ရိပ်မိနေခဲ့ပြီ။

"မင်းဝဏ် အရမ်း ဖြူဖျော့နေသလိုပဲနော်၊ ပိန်လည်း ပိန် သွားတယ်၊ နေမကောင်းဖြစ်နေလို့လားဟင်"



"ဟာ ... ကောင်းပါတယ်၊ Still going strong ပါပဲ ရတနာရဲ့၊ ဟဲ ... ဟဲ"

မင်းဝဏ်သည် မထံမှ ထိုစကားက ပြန်ဖြေရာတွင် သေသပ် ပိရိမှုနည်းသော အမူအရာတွေနှင့် ဖရိုဖရဲ ဆင်ခြေတွေနှင့် ဖြစ်သည်။ ထိုအခါ မ၏ သံသယ ပိုမို စတင်များပြားလာရတော့သည်။ တစ်ခုခုတော့ တစ်ခုခု မှားယွင်းနေတာပါပဲ။ သို့သော် မင်းဝဏ်မှာ ဘာတွေ မှားယွင်းနေခဲ့ပြီလဲဆိုတာ မ မသိသေးပါ။ အခုမှ ပြန်တွေ့ရသော ချစ်သူကို မယုံကြည်စိတ်၊ မသင်္ကာစိတ်၊ သံသယစိတ်တွေနဲ့ ဆီးကြိုဆက်ဆံခဲ့ရခြင်းကို နာကျင်ပွဲကြွေရလျက် မသည် ထပ်မံ ရူးသွပ်ရပြန်သည်။

"ကိုယ်တို့ အမြဲလိုလို တွေ့ဖြစ်ကြအောင် ကိုယ် ကြိုးစားမယ်နော် ရတနာ၊ ကိုယ့်ကို စောင့်နေ[illegible]"

ဟူသော နှုတ်ဆက်စကားဖြင့် မအား ကျောခိုင်းသွားရစ်ခဲ့သော မင်းဝဏ်ကို မသည် ပြောပြနိုင်တာထက်တောင် ပိုချစ်ခဲ့ရသည်။ အရင်ကလည်း ချစ်ခဲ့သည်။ အခုလည်း မင်းဝဏ်မှာ အပြစ်တချို့ စွန်းထင်းနေပြီမှန်း ရိပ်မိနေတာတောင် ချစ်နေခဲ့တည်။ ချစ်ခြင်း သက်သေအဖြစ် မဟာ မင်းဝဏ်ကို လမ်းမှန်ရောက်ဖို့ ထပ်မံ ကြိုးစားရပါဦးမည်။ ဟိုး ... လွန်ခဲ့တဲ့ လေးနှစ်က မ တစ်ခါ ကြိုးပမ်းခဲ့ရပေမဲ့ ထိုနှစ်မှာပဲ မတို့ ဝေးခဲ့ကြရသည် ဆို မသည် မင်းဝဏ်၏ ဘဝကလေးကို ပြုပြင်ဖို့ လက်လွှတ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လက်လွှတ်မခံတော့ပါ။ မင်းဝဏ်သည် အရည်အချင်း ပြည့်ဝသော၊ အားကိုးထိုက်သော၊ လေးစားထိုက်သော ယောကျ်ားတစ်ယောက်အဖြစ် ကိုကြီး လက်ခံလာအောင် အစွမ်းကုန် ကြိုးပမ်းရတော့မည်။

❋ ✻ ❋



# ၉

မင်းဝဏ်သည် တစ်စုံတစ်ခု မှားယွင်းနေမှုကို စတင်သိရှိသောနေ့သည် မနဲ့ မင်းဝဏ်တို့ ပြန်တွေ့ကြပြီးချိန်၏ တစ်လကျော်ကျော် အချိန်ကာလမှာပင် ဖြစ်သည်။ မသည် နေ့စဉ် မြင်တွေ့ရသော မင်းဝဏ်၏ အမူအရာများနှင့်တကွ ကြားဖူးနားဝ ရှိသော ဇာတ်လမ်းသတင်းများစွာ၊ ဝေလအောင်နဲ့ ရနီမလေးတို့၏ ထင်မြင်ချက်၊ ဆေးလိပ်ယာတဲ့မှ သိရှိရသမျှတွေနှင့် မနဲ၏ လေ့လာတွေ့ရှိချက်များကို စုစည်းကာ မင်းဝဏ်အပေါ် ရှိနေသော သံသယကို ထိုနေ့မှာပင် ဖွင့်မေးခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က မင်းဝဏ်သည် အဝတ်နေကျ ပုံစံအတိုင်း လည်ပင်းပိတ် တီရှပ်အပြာရင့်ရောင် ချောင်ကို အောက်ခံဝတ်လျက် ရှပ်အင်္ကျီအကွက်များ လက်ရှည်ကို ကြယ်သီးမတပ်ဘဲ ထပ်ဝတ်ကာ လမ်းလျှောက်လိုင်း တဖား

www.burmeseclassic.com



ဖား လွှင့်စေလျက် အင်မတန်ကို ကြည့်ကောင်းသော ဟန်ပန်ကလေးနှင့် ဖြစ်သည်။

မသည် အစကတော့ ဖွင့်မေးဖို့ အတော်ကြီး ကြိုးစားရသေးသည်။ နောက်ဆုံးတော့ သည်လို ဖွင့်မမေးဘဲနေရင် မင်းဝဏ်ကို လက်လွှတ်သွားရလိမ့်မည်ဆိုသော ရန်လေး၏စကားကို ကြားယောင်လျက် အားတင်း မေးမြန်းရတော့သည်။

"မင်းဝဏ် ... မတို့ မင်းဝဏ် အကြောင်းကို အားလုံးဝိုင်းပြီး တိတ်တဆိတ် စုံစမ်းခဲ့ကြတယ်၊ ဝေလအောင်ရော၊ ရန်လေးရော၊ ဒေလီယာရော၊ မရောပေါ့၊ နောက်ပြီး မတို့နဲ့ ဝေးတဲ့ ကျောင်းမှာရှိနေတဲ့ စန္ဒာကအစ မင်းဝဏ်အတွက် ဝိုင်းပြီး စုံစမ်းခဲ့ကြတယ်၊ နောက်ဆုံးတော့ မတို့ သိခဲ့ရတယ် သိလား မင်းဝဏ်၊ မင်းဝဏ် ဘာလုပ်နေသလဲဆိုတာ မတို့သိခဲ့ပြီးပြီ"

မင်းဝဏ်သည် အလန့်တကြားဖြင့် မ၏လက်ကို တွဲထားရာမှ ပွေ့ရွင့်ယမ်းလွှတ်လိုက်သေးသည်။ ပြီးတော့ ဇာ ဖရဲ အမူအရာများကို ချက်ချင်း ပြောင်းလဲပစ်ကာ ပီရိသေသပ် လှစွာ 'ပြောပါဦး ဘာတွေလဲ' ဟုတောင် ပြန်လည်မေးခဲ့သေးသတဲ့။ အင်း ... ဟန်ဆောင်ကောင်းတယ် ပြောရမလား မင်းဝဏ်၊ တကယ်တော့ ဒါဟာ ဟန်မဆောင်သင့်တဲ့ ကိစ္စ၊ မဖုံးကွယ်သင့်တဲ့ ကိစ္စ၊ မမက်မှောသင့်တဲ့ ကိစ္စဆိုတာ မင်းဝဏ် မသိခဲ့ဘူးကွယ် ဟူ၍ မသည် ယူကျုံးမရ ဖြစ်ရပြန်သည်။



"မင်းဝဏ် ဆေးစွဲနေတယ်၊ ရှင်းရှင်းပြောရရင် ဘိန်းဖြူစွဲနေတယ်မဟုတ်လား၊ ကိုယ်တိုင်လည်း ဘိန်းဖြူ ရောင်းဝယ်နေတဲ့ လူတစ်ယောက်ရဲ့တပည့် ဖြစ်နေပြီ မဟုတ်လား"

"ကျွတ် ... မဟုတ်တာတွေ စိတ်ကူးယဉ်နေပြီ ရတာနာရယ်၊ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ အကြည့်များပြီး စိတ်ကူးယဉ်နေတာပါကွာ၊ ကိုယ် ဒါတွေ မသုံးပါဘူး၊ စီးကရက်သောက်တာ အရက်သောက်တာပဲ လုပ်ဖူးတယ်"

ညာရက်တယ် မင်းဝဏ်။ အခုထိ မင်းဝဏ် သိမ်းချစ်ရပါတယ်၊ သိပ်မြတ်နိုးရပါတယ်ဆိုတဲ့ မကို ညာနေသေးတယ်နော်။ မသည် နာကျင်ကြေကွဲရပြန်သည်။

"ဒါဆို မင်းဝဏ် ဘယ်သူ့အိမ်မှာ ဆေးသုံးတယ်ဆိုတာကို ပြောပြရမလား၊ အဲဒီအိမ်ဟာ ဘယ်လမ်း ဘယ်မှာဆိုတာရော ပြောရဦးမလား၊ အခု မင်းဝဏ်ကတော့ မိဘအိမ်က နှင်ချခံထားရတယ်ဆိုတာကအစ မ သိနှင့်နေတယ်၊ ကဲ ... ဒါဆိုရင် ဘာပြောမလဲ၊ မကို ငြင်းဦးလေ ငြင်းပါဦး၊ ညာရက်တယ် မင်းဝဏ်ရယ်၊ မကို ချစ်ရင် မ မှာခဲ့တာတွေကို မမေ့နဲ့နော်လို့ နောက်ဆုံး တွေ့ခဲ့ရတုန်းက သေသေချာချာ ကတိတောင်းခဲ့သလို မင်းဝဏ်လည်း ကတိတွေပေးခဲ့ပြီးတော့ကွယ်၊ ဒါဟာ မကို မင်းဝဏ် တကယ်

www.burmeseclassic.com

www.burmeseclassic.com



မချစ်လို့ပဲ၊ မထက် ဒိန်ပါတ်ဖိုးကို ပိုချစ်လို့ပဲနော်၊ အဲဒီကတည်းက ဒီဆေးတွေ သုံးနေတာ မဟုတ်လား၊ မင်းဝဏ်မကို ဘာလို့ ဝန်မခံခဲ့တာလဲ၊ ရက်စက်တယ် မင်းဝဏ်ရယ်၊ မ မျှော်လင့်ခဲ့သမျှ အလကား ဖြစ်ပြီ၊ မ ယုံကြည်ခဲ့ရတဲ့ မင်းဝဏ်က မကို တကယ်ပဲ ညာရက်တယ်နော်”

“ရတနာနဲ့ နောက်ဆုံးတွေ့တုန်းက ကိုယ် ဆေးမချသေးပါဘူး၊ ချောင်းဆိုး ပျောက်ဆေး ဖော်မယ်သာဇင်ပဲ သောက်ကြည့်နေသေးတာ၊ စီးကရက်ပဲ သောက်တတ်စရှိနေသေးတာ၊ နောက်တော့ ဖော်မယ်သာဇင်တွေ အလွယ်တကူဝယ်မရတော့မှ ဆေးသုံးကြည့်တာပါ၊ အခု မသုံးတော့ပါဘူး”

“ကဲ ... ကဲ မသုံးဘူးဆိုတာ ငြင်းစမ်းပါဦး ဒီမှာ ဒါတွေက ဘာတွေလဲ၊ အပ်ပေါက်ရာတွေလေ၊ အခုနေတော်မှာ ဒီအပ်ရာတွေကိုမှ မလေ့လာတတ်ရင် မင်းဝဏ် ညာသမျှခံနေရဦးမှာပဲ”

မင်းဝဏ်သည် ရုတ်တရက်မို့ ရှောင်၍ မရခဲ့ချေ။ ရုပ်အင်္ကျီလက်ကို အတင်းပင့်တင်လျက် လက်ဖျံတစ်လျှောက်တွင် ရှိနေခဲ့သည့် အပ်ရာတွေကို မသည် စိတ်လိုက်မာန်ပါ လက်ညှိုးထိုးပြ ရန်တွေ့သောအခါ မင်းဝဏ်သည် မကို အရှုံးပေးကာ ပြန်ရှန်းဖို့ မကြိုးစားတော့ပါ။ အိုး ... အပ်ရာတွေ အပ်ပေါက်



တွေ ဘယ်လောက်တောင်များ မင်းဝဏ် အသုံးချပြီးပြီလဲ။ ...င်အင်း မတွေးပါရစေနဲ့။ မတို့ အချိန်မီပါသေးတယ် မင်းဝဏ်။ ...ပြင်လိုက်ကြရအောင်နော်။ မသည် မင်းဝဏ်၏ လက်ဖျံကို ...ကြည့်ရင်းက ရှိုက်ကြီးတငင် ငိုမိပြန်သတဲ့။

မင်းဝဏ်သည် မ၏ ဆံပင်တို့ကို သပ်၍ ချော့မော့...င် မသည် အရင်ကလို အပြည့်အဝ မကြည်နူးရတော့ချေ။

အို ... ကုန်ကုန်ပြောမယ်၊ လုံးဝကို မကြည်နူးတော့...ပဲ ဖြစ်သည်။

“မငိုပါနဲ့ ရတနာရယ်၊ ဟိုး ... ဆယ်တန်းနှစ်ကလေးတုန်းကလည်း ရတနာ ငိုတဲ့နေ့မှာ ကိုယ်တို့ခွဲခဲ့ရတယ်၊ ဒီတစ်ခါတော့ မခွဲပါရစေနဲ့၊ မငိုနဲ့တော့နော် ရတနာ”

“သွားစမ်းပါ အလကား ချော့မော့တဲ့ စကားတွေ၊ မင်းဝဏ်နင်ဟာ တကယ်တော့ မကို မချစ်ပါဘူး၊ ဘိန်းဖြူကို ပိုချစ်နေတာ၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ပြန်မေးကြည့်ဦး၊ ရတနာပုံကို ချစ်သလား၊ ဒိန်းဖြူကို ချစ်သလားဆိုတာ မေးကြည့်စမ်းပါဦး”

“ရတနာ့ကိုပဲ ချစ်ပါတယ် ရတနာ၊ ကိုယ့်အတွက် ဘာမှ စဉ်းစားစရာမလိုဘဲ ရတဲ့ အဖြေဟာ ဒါပဲ ရတနာ”

“ဝန်းခံလိုက်စမ်းပါ မင်းဝဏ်၊ မ သိပ်ကြားချင်နေတယ်၊ မင်းဝဏ် ဆေးချနေပါသေးတယ်ဆိုတာ ဝန်ခံစမ်းပါ”



www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်သည် အဝေးသို့ အကြာကြီး ငေးနေခဲ့သည်။ ပြီးတော့ လက်ဖျံကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် မကို လှည့်ကြည့်ကာ အချိန်ကြာမြင့်စွာ မျက်လုံးများက မထံမှ ခွာခဲ့ချေ။ သက်ပြင်းတစ်ခုကို လေးကန်စွာ ရှူထုတ်ရင်း မင်းဝဏ်သည် 'ဟုတ်တယ် ရတနာ၊ ကိုယ် ဆေးသုံးနေတယ်'ဟု ခပ်တိုးတိုး ဝန်ခံသံ၏ အဆုံးတွင် မသည် နားထဲ၌ ဗုံးတစ်လုံး ပေါက်ကွဲသကဲ့သို့ ထင်မှတ်လိုက်တော့သည်။

မင်းဝဏ်သည် အင်္ကျီရင်ဘတ်အား စုကိုင် လှုပ်ရမ်းလျက်၊ ကြိမ်ဖန်များစွာ ထုရိုက်လျက်၊ ပြီးတော့ ...

"ဖြတ်လိုက်ပါ၊ အဲဒီဆေးကို အခု ဖြတ်လိုက်တော့ မင်းဝဏ်ရယ်၊ မင်းဝဏ်ကို မ မဆုံးရှုံးချင်ဘူး"

ဆိုတဲ့ စကားတွေလည်း ဗလုံးဗထွေး ပြောခဲ့မိပြန်သည်။ စွန့်စားလိုက်ရတာ။ မမှာတော့ ကိုကြီးကို ကတိတွေ ချိုးဖောက်ပြီး သူ့အတွက် စွန့်စားလိုက်ရတာ။ သူကတော့ မကို တစ်စက်လေးမှ မငဲ့ညှာခဲ့ဘူး။ မင်းဝဏ် ရက်စက်တယ်။ မင်းဝဏ် သိပ်မိုက်တယ်တွေနှင့် ရန်တွေ့မိပြန်သည်။

အချိန်အကြာကြီး မ ငိုနေသောအခါ မင်းဝဏ်သည် မကြည့်ရက်တော့ဟန်ဖြင့် မ ရှောင်တိမ်းသည့်ကြားက မျက်ရည်တွေ အတင်းလိုက်သုတ်ပေးကာ ...



"ရတနာ ... ရတနာ၊ ကိုယ့်ကို ခွင့်လွှတ်ပါ ရတနာ၊ ကိုယ် ရတနာ့ကို စိတ်ဆင်းရဲရအောင် လုပ်မိခဲ့ပြီ၊ ကိုယ် လုံးဝ စိတ်မကောင်းပါဘူးကွာ၊ ကိုယ် ဆေးဖြတ်ပါ့မယ်၊ ရတနာ့ကို သိပ်ချစ်လို့ ရတနာ စိတ်ချမ်းသာရအောင် ဆေးဖြတ်ပါ့မယ်၊ အစကတည်းက ဖြတ်ချင်ပေမဲ့ ဖြတ်မရခဲ့ဘူး ရတနာရယ်၊ အပေါင်းအသင်းတွေဆွယ်လို့ စမ်းပြီး သုံးကြည့်ရင်းက ဖြတ်မရခဲ့လို့ပါ၊ မကောင်းမှန်းလည်း သိပါတယ်၊ ကိုယ် ကြိုးစားပြီး ဖြတ်ပါ့မယ်"

ဟု ကတိတွေ ပေးခဲ့သေးသည်။ မသည် တစ်ခါ သွား၍ ယုံရခက်ခက်ပင်။ သိပ်တော့ မယုံကြည့်ခဲ့သော်လည်း ကိုယ်တိုင် ဝေလအောင်တို့နှဲ့ တိုင်ပင်ပြီး မင်းဝဏ် ဆေးပြတ်သွားအောင်လုပ်မှ ဖြစ်မည်။ ဆေးကို သည်အတိုင်းဖြတ်ရင် မရ သိ၍ ဆေးရုံတက်ပြီး ဖြတ်ဖို့ကအစ မတို့တစ်တွေ ကြိုးစား ...ား မတာတ်တတတ်ဖြင့် ဝိုင်းစီစဉ်ခဲ့ကြတာသာ ကြည့်တော့။ ...ရဲ့ အချစ်၊ သူငယ်ချင်းတွေရဲ့ အချစ်ကို မင်းဝဏ် နားလည်ခဲ့ ...တောင်းပါရဲ့။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ထိုနေ့က မသည် မင်းဝဏ်နဲ့အတူ အင်းလျားဘက်ကို လမ်းလျှောက်ဖို့ သဘောမတူခဲ့ဘူးဆိုလျှင် သည်လိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရလိမ့်မည် မထင်။ အင်း ... ရှင်းရှင်း ပြောရရင် မင်းဝဏ်မှာ ဘာအရှုပ်အရှင်းမှ ရှိမနေခဲ့ဘူးဆိုလျှင် မသည်လည်း မင်းဝဏ်စကားကို နားထောင်ခဲ့မယ်ဆိုလျှင် သည် ပြဿနာမှာ မသည် လုံးဝ ပါဝင်ခဲ့ရလိမ့်မည် မထင်ပါ။

ထိုနေ့က ကျောင်းတက်ရသော ရက်တစ်ရက်ပင် ဖြစ်သည်။ ထုံးစံအတိုင်း မင်းဝဏ်သည် မထံ လာလည်ခဲ့ပြီး မရဲ့ မင်းဝဏ် ဆေးဖြတ်ရန် စီမံကိန်းကြီးကို ပြောပြခြင်းအား နာခံနေခဲ့သေးသည်။ ဘယ်နေ့မှာ ဆေးရုံစတက်ရမယ်၊ ဘယ် ဆရာဝန်ဆီကို ဘယ်နေ့သွားရမယ်ဆိုတာတွေကိုလည်း မှာကြား လျက် ဝေလအောင်နဲ့ ရန်လေးတို့ လိုက်ပို့ပေးမဲ့ အကြောင်းတွေ ကိုလည်း မသည် ဝမ်းသာအားရ ပြောပြလျက်။

"အင်းလျားဘက် လမ်းလျှောက်မလား ရတနာ"



ဟု မင်းဝဏ်က အကြံပြုခြင်းကို မသည် သဘောတူ လက်ခံလိုက်သေးသည်။ အမှန်တော့ သည်လိုဖြစ်ခဲ့လိမ့်မည်ဟူ၍ မင်းဝဏ်လည်း မသိတာ သေချာသည်။ နို့မို့ မကို အင်မတန် ညာတာသော မင်းဝဏ်သည် မရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေရခြင်း တွေ မဖြစ်အောင် သည်နေရာကို ဘယ်ခေါ်ခဲ့ပါမလဲ။

ထိုနေ့က အဖြစ်ကြောင့်ပင် မရဲ့ဘဝမှာ အမည်းစက် လို့ စွန်းထင်းခဲ့ရကြောင်း မင်းဝဏ် သိခဲ့လျှင် သည်နေရာကို လမ်းလျှောက်ဖို့ ခေါ်မဲ့ ရည်ရွယ်ချက်တောင် မရှိခဲ့မှာ သေချာ သည်ဟု မသည် မင်းဝဏ်ကို ယုံကြည်ခဲ့ပါသည်။ ယုံကြည်ရ အောင်လည်း သည်ကိစ္စရဲ့ အမှန်ဆုံး အဖြစ်တွေကို မကိုယ်တိုင် မျက်မြင် ကြုံခဲ့ရလို့ပဲ ဖြစ်သည်။ လူရှင်းသော နေရာကလေးထိ အောင် စကားတပြောပြောဖြင့် လမ်းလျှောက်လာမိသော မနဲ့ မင်းဝဏ်သည် အနောက်ကနေ ရိုးရိုးသားသား လမ်းလျှောက် လာသူတွေဟု ထင်ထားသော လူတချို့သည် မတို့ကို ကျော်တက် လာ ရှေ့မှ ပိတ်ရပ်လိုက်သောအခါ မသည် မင်းဝဏ်၏ လက်မောင်း ကို အလန့်တကြား ဆုပ်ကိုင်လိုက်စဉ် ...

"ဘယ်လိုလဲ မင်းဝဏ်၊ ငါတို့ကို ဆေးရှာပေးမယ်ဆိုပြီး ဒီလို လျှောက်လိမ့်နေတာတော့ ဘယ်ကောင်းမလဲ၊ အခု ချက်ချင်း ငါတို့နဲ့ လိုက်ခဲ့ပြီး ဆေးရှာပေးစမ်းကွာ၊ ငါတို့ သိပ်လိုအပ်နေတယ်၊ မင်းလည်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ့ဓာ စပြောခြင်းတွင် မသည် အရာရာ
နည်းနည်း ရိပ်မိသွားတော့သည်။ မင်းဝဏ်သည် မ၏ လက်ဖဝါး
ကို အားပေးဟန်ဖြင့် ဖျစ်ညှစ်ခဲ့ပြီး ...

"ရတနာ သွားတော့၊ ကိုယ် သူတို့နဲ့ ရှင်းလိုက်ဦးမယ်
ကိုယ့်ကို စောင့်မနေနဲ့၊ ကျောင်းဘက်ကို ပြန်သွားတော့
နော်"

ဟု ခပ်တိုးတိုး မှာကြားသည်။ ဟင်အင်း မင်းဝဏ်
မ မသွားဘူး၊ မင်းဝဏ် သည်အပေါင်းအသင်းတွေနဲ့ လိုက်သွား
ရင် မကောင်းတာတွေ လုပ်မိလိမ့်မယ်ဆိုတာ မ သိနေတယ်
မင်းဝဏ် သူတို့နဲ့ လိုက်မသွားရဘူး၊ မလည်း မင်းဝဏ်ကို ထား
မသွားဘူး ဟူသော စကားတွေ တောက်လျှောက်ပြောပစ်
သော်လည်း မသည် လည်ချောင်းဝ၌ ပိတ်ဆို့နေသည့်အ
ပြောမထွက်ခဲ့ပြန်။ ကိုယ့်ကိုယ်ကိုယ်လည်း အားမရခဲ့ရအော
အလိုလို မျက်ရည်ဝဲချင်လာခြင်းက မရဲ့ အားနည်းချက်တည်း

"ဘာလို့ မျက်ရည်ဝဲလာရတာလဲ၊ ကိုယ် ဘာမှ
ဘူး၊ ဒီကောင်တွေ\လိုက်ရှင်းပေးရုံတင်၊ ရတနာ သွားတော့

"မသွားဘူး"

"မသွားလို့ မဖြစ်ဘူး ရတနာ၊ ဒီကောင်တွေက ကောင်း
ကောင်တွေ မဟုတ်ဘူး၊ ရတနာ ဒုက္ခရောက်လိမ့်မယ်





မသည် ထိုစကားကို အတော်လေး ကြောက်ရွံ့လျက်
ရှေ့တွင် ပိတ်ရပ်နေသော လူသုံးယောက်အား မျက်စိဒွေကြည့်
လျှင် မနဲ့ မင်းဝဏ်အား လှေလာစူးစမ်းနေသည့် ပုံစံများက
မနှစ်မြို့စရာ။ အထူးသဖြင့် မ၏ လက်ဝတ်လက်စားများဆီ
အားရုံစူးစိုက်လွန်းတာကတော့ ကြက်သီးထစရာ ကောင်းလှသည်။

"မင်းဝဏ်ပါ လိုက်ခဲ့လေ၊ မ မင်းဝဏ်ကို ထားရစ်ခဲ့ရမှာ
စိတ်မချဘူး"

"ဟေ့ကောင် မင်းဝဏ်၊ ကြာတယ်ကွာ၊ ငါတို့ အချိန်မရ
ဘူး၊ မင်းကောင်မလေးကို ဒီလောက်ထိ အကဲပိုမနေနဲ့၊
မင်းနဲ့ ပတ်သက်နေလို့ အေးအေးဆေးဆေး ရပ်ကြည့်နေ
တာယ်မှတ်ပါ"

မသည် မ၏ စကားကို ဖြတ်အော်ချသော ထို
တစ်ယောက်၏ အသံကြောင့် မင်းဝဏ်၏ နောက်ကျောဘက်
အလိုလို ပုန်းကွယ်မိကာ မင်းဝဏ်၏ အင်္ကျီစကို ဆုပ်ကိုင်လျက်
'သွားရအောင် မင်းဝဏ် လိုက်ခဲ့' တတွတ်တွတ်ပြောနေမိသည်။

"ရတနာ သွားတော့၊ ကိုယ် သူတို့ကို ရှာပေးမယ်လို့
ပြောပြီးသား၊ ဒီတစ်ခါတည်း သွားရှာပေးမှာပါ၊ နောက်ဆို
ကိုယ် ဒီအလုပ် မလုပ်တော့ဘူးဆိုတာ ရတနာ့ကို ကတိ
ပေးတယ်၊ အခု ကိုယ် သူတို့ဆီက ငွေယူထားပြီးသွားမို့ပါ
ရတနာ၊ တကယ်လို့ ကိုယ်က ပိုက်ဆံပြန်ပေးလည်း ရှာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ ကိုယ့်ကို ရန်မူရုံတင် မကဘူး၊ ရတနာ့ကိုပါ ရန်မူလိမ့်မယ်၊ ဒါကြောင့် ကိုယ့်စကားကို နားထောင်နော်၊ ကိုယ့်ကို ယုံကြည်စမ်းပါ ရတနာ နော်"

မင်းဝဏ်သည် ထိုသုံးယောက်ကို ကျော်ခိုင်းကာ မဘက် လှည့်လျက် ခပ်တိုးတိုးဖြင့် မတို့ နှစ်ယောက်ကြားရုံ အသံဖြင့် ပြောင်းဖျခဲ့သည်။ မသည် နောက်ဆုံးတော့ မင်းဝဏ် စကားကို နားခံပြီး ကျောင်းဘက်ပြန်ဖို့ စိတ်ဆုံးဖြတ်လိုက်သည်။ သို့သော် အရှာရာသည် နောက်ကျသွားခဲ့သည်။ မနဲ့ မင်းဝဏ် တိုင်ပင်သလို ထိုဆေးသမား သုံးယောက်ကလည်း တစ်စုံတစ်ခု ကို တိုင်ပင်ခဲ့ပြီးခဲ့လေသည်။ မင်းဝဏ်အား ထားရစ်ကာ မသည် လှည့်ထွက်ဖို့ ပြင်စဉ် မ၏ ရှေ့၌ လာပိတ်ရပ်ပြီး ...

"လုံးဝ သွားခွင့်မပြုတော့ဘူး မင်းဝဏ်၊ မင်း ကောင်မလေး ဆီက လက်ဝတ်လက်စားတွေ ချွတ်မပေးခဲ့ဘူးဆိုရင် မင်း ကောင်မလေးကို သွားခွင့် မပြုနိုင်ဘူး၊ ကဲ ... ဝတ် ထားသမျှ လက်ဝတ်တန်ဆာတွေ ချွတ်ပေးစမ်း၊ မြန်မြန် ချွတ်စမ်း"

ဟု အော်ဟစ် ကြိမ်းမောင်းသံသည် မ တစ်ကိုယ် လုံးကို ပျော့ခွေသွားတော့မိမတတ် ထိတ်လန့်သွားခဲ့ရတော့သည်။

"အေးဗစ် ဒီလိုတော့ မလုပ်နဲ့ကွာ၊ မင်းတို့ကို ငါ ဆေး ရှာပေးမယ်ဆိုရင် ပြီးတာပဲ၊ သူ့ကို သွားခိုင်းလိုက်ပါ၊





သူနဲ့ ဘာမှ မဆိုင်ဘူး၊ ဒါ ငါ့ကောင်မလေးကွ၊ တခြား လူဆိုရင် ငါ ဘာမှ ဝင်ရှုပ်မှာ မဟုတ်ဘူးဆိုတာ မင်းတို့ သိသားနဲ့"

"ငါတို့ ခုတလော ရေခန်းနေတယ် မင်းဝဏ်၊ နည်းနည်း ပါးပါးတော့ ရိက္ခာစုဆောင်းရမှာပေါ့ကွာ၊ ငါတို့ သတင်း ကြားပါတယ်၊ မင်းကောင်မလေးက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီး ရဲ့ညီမပဲ၊ ဒီလောက်ကလေး ပေးလိုက်ရလို့ မမွဲသွားပါဘူး"

"ဟေ့ကောင် ကြာတယ်ကွာ၊ စကားတွေ ရှည်မနေနဲ့၊ ဟိုဟာ့မလေးကို မြန်မြန်ချွတ်ခိုင်းလိုက်၊ မရရင် ဒီမှာတွေ့ လား၊ တစ်ခါတည်း ထိုးသတ်ပစ်လိုက်မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ တိုးအောင်၊ မင်းတို့ သိပ်ခန်းနေရင် ငါ့နာရီကို ချွတ်ယူချင် ယူလိုက်၊ သူ့ကိုတော့ ဒုက္ခမပေးဖို့ ငါ တောင်းပန်ပါတယ်"

"ဒီလို ထုံးစံရှိတယ်လို့ မင်း ကြားဖူးလို့လား မင်းဝဏ်"

"တိုးအောင်ရာ အချင်းချင်းတွေ ဒီလိုလုပ်ဖို့ မသင့်ပါဘူး၊ တော်ကြာ ပြဿနာတက်ရင် မကောင်းဘူးကွ၊ ငါလည်း ပြဿနာ မတက်ချင်တော့ဘူး"

"ရှုပ်တယ်ကွာ၊ အထာတွေ ကဗျာတွေ လုပ်မနေနဲ့၊ ဟို ကောင်မ ဘာ အူကြောင်ကြောင် လုပ်နေတာလဲ၊ နင့်ပစ္စည်း တွေ ပေးစမ်း"


www.burmeseclassic.com

www.burmeseclassic.com



မင်းဝဏ်သည် မ၏ မျက်နှာရှေ့တွင် ဓားမြှောင်ကို ဆတ်ခနဲ ယမ်းလိုက်သော ထိုတစ်ယောက်၏ မျက်နှာဆီသို့ လက်သီးဖြင့် ပစ်ထိုးလိုက်သောအခါ ထိုလူသည် ချာခနဲ လည်ထွက်သွားတော့သည်။ ကျန်တဲ့နှစ်ယောက်သည် ချက်ချင်း ပြေးဝင်သွားပြီး မင်းဝဏ်နှင့် အပြန်အလှန် ထိုးကြိတ်ကြသောအခါ မသည် ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေနှင့်အတူ တစ်ခါမှ သည်လို ပြင်းပြင်းထန်ထန် တိုက်ခိုက်သော ရန်ပွဲတစ်ပွဲကို ကိုယ်တွေ့ မကြုံခဲ့ဖူးသူမို့ ကြက်သေသေကာ ရပ်နေမိသည်။ မင်းဝဏ်သည် သူတို့သုံးယောက်စလုံး ဝိုင်းထိုးကြိတ်ခြင်းကို ပြန်လည်ခုခံနေသည့်ကြားမှ 'ရတနာ ပြေးတော့လေ၊ ပြေးတော့' ဟု သတိတရ အောင်ပြောပြန်သည်။

အမှန်တော့ မသည် သည်အချိန်မှာ ထွက်ပြေးမှ သင့်သည်ဟူ၍ စိတ်ကူးမိသော်လည်း ကိုယ့်ချစ်သူကို ဝိုင်းထိုးနေကြခြင်းတို့ ထားခဲ့ပြီး မသွားရက်ခဲ့ပြန်။ လွယ်အိတ်ကို တင်းတင်းပိုက်လျက် မျက်လုံးအကြောင်သားနှင့် ရပ်ကြည့်ရင်း သတိဝင်လာကာ အော်ဟစ်အကူအညီတောင်းလိုက်မိခြင်းသည် အော်အမှား ဖြစ်ခဲ့သည်။

"ဟာ ... ဒီကောင်မ ဘာတွေ လျှောက်အော်နေတာလဲ ... ဒီလောက်တောင် ဖြစ်လှတာ"





မင်းဝဏ်ကို ချုပ်ထားသော လူနှစ်ယောက်ထဲမှ တစ်ယောက်သည် မ ရှိရာဆီ ပြေးလာစဉ် သူ့လက်ထဲက ဓားမြှောင်သည် နေရောင်မှာ ဝင်းခနဲ ဖြစ်သွားသည်ကို မသည် သတိပြုမိကာ ရှောင်တိမ်းလိုက်သော်လည်း များစွာ နောက်ကျခဲ့ရသည်။

"ရတနာ ... ရတနာ့ကို မလုပ်နဲ့ ဒေးဗစ်"

ဟု မင်းဝဏ် အော်လိုက်သံသည် မအတွက် နောက်ဆုံး ကြားခဲ့ရသော အသံပင် ဖြစ်သည်။

ချွန်ထက်စူးရှသော ဓားမြှောင်သည် မကို အင်မတန်မှ နာကျင်သော ဝေဒနာကို ဖြစ်ပေါ်စေလျက် 'ထိုနေရာတွင် ပြိုလဲကျသွားခဲ့သည့် အချိန်တွင် မသည် မင်းဝဏ်ကို စိတ်မချစွာ တစ်ချက်တော့ လှမ်းကြည့်မိလိုက်သေးသည်။

မင်းဝဏ် သိပါတယ်၊ မ တကယ်ပဲ မင်းဝဏ်ကို ချစ်ခဲ့တာကို ယုံကြည်ခဲ့လိမ့်မယ်လို့ မ မျှော်လင့်ပါရဲ့စေ။ မင်းဝဏ် စကားကို နားမထောင်ခဲ့တာ မဟုတ်ပါဘူး။ မင်းဝဏ်ကို သွေးရဲရဲ သံရဲရဲနှင့် မထားခဲ့ရက်လို့ပါ။ အပြစ်တွေအားလုံးကို မလည်း မင်းဝဏ်နှင့်အတူ ခံစားပါရစေဟု မသည် ပြောပြချင်နေသေးသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



မသည် ကိုကြီးရှိလျက် ရဲဝံ့စွာဖြင့် ...

"မင်းဝဏ်နဲ့ ကျွန်မတို့ဟာ ချစ်သူဖြစ်ကြတာ ရှစ်နှစ်ရှိပါပြီ၊ ဒီလုယက်မှုမှာ မင်းဝဏ် မပါပါဘူးရှင်၊ ကျွန်မတို့နှစ်ယောက်ကို ဒီလူသုံးယောက်က စတင်ရန်စပြီး ကျွန်မရဲ့ချစ်သူ မင်းဝဏ်ကို ထိုးကြိတ်ကြပါတယ်၊ ကျွန်မကိုလည်း ဓားနဲ့ ထိုးခဲ့ပါတယ်ရှင်"

ဟု ထွက်ဆိုလိုက်လျှင် အားလုံးသည် ဟင်ခနဲ ဖြစ်သွားသံတချို့အား ကြားလိုက်ရသည်။ မ သိပါသည်။ မင်းဝဏ်ကို အိန်းဖြူမှုနဲ့ စွဲချက်တင်ထားကြောင်း၊ မင်းဝဏ်အပါအဝင် လူသုံးယောက်က မအား လုယက်၍ ဓားဖြင့် ထိုးခဲ့ကြောင်း မ သိနှင့်ခဲ့ပြီ။

သို့သော် မသည် အမှန်တရားကိုသာ ဝန်ခံပါမည်။ ဆေးသမားကို ရည်းစားတော်ရ၍ အမှန်တရားကို ဝန်မခံရဲသော မိန်းမ မဖြစ်စေရ။ လူပုံအလယ်မှာ ဖွင့်ပြောရဲပါသည်။



သို့သော် မင်းဝဏ်သည် မ၏ သိက္ခာတရားကို ငဲ့ညှာကာ အမှားတွေကို ဖွင့်ဆိုခဲ့ပြန်သေးသည်။ ထိုသို့ ဖွင့်ဆိုခြင်းအား ကြားရစဉ် မသည် အတော်လေး စိတ်ထိခိုက်ရသေးသည်။

"ရတနာပုံဆိုတဲ့ မိန်းမကို ကျွန်တော် မသိပါဘူး၊ သူက ကျွန်တော့်ချစ်သူလည်း မဟုတ်ပါဘူး၊ ကျွန်တော် ဆေးအရောင်းအဝယ်လုပ်နေတုန်း သူ ရောက်လာပါတယ်၊ အဲဒါကို ကျွန်တော့်ဆီက ဆေးဝယ်တဲ့ သုံးယောက်က ဝိုင်းပြီး လုယက်ရင်းက ဓားနဲ့ ထိုးလိုက်တာကို ကျွန်တော် တွေ့ပါတယ်"

ဟု လိမ်ညာ ထွက်ဆိုခဲ့သည်။ ဒါဟာ မရဲ့ ဂုဏ်သိက္ခာကို မထိခိုက်အောင် သူ့ချစ်သူ မဟုတ်ပါဘူးလို့ လူပုံအလယ်မှာ ပြောခဲ့တာလား မင်းဝဏ်ရယ်။ မရဲ့အချစ်ကို လျှော့တွက်ခဲ့တယ်နော်။ မကို သည်လောက်ထိ ချစ်ခဲ့တယ်နော်။ သည်လိုထွက်ဆိုလိုက်ခြင်းဟာ မင်းဝဏ်လည်း သည်လုယက်မှုမှာ အလိုတူအလိုပါအဖြစ် စွဲချက်တင်ခံရပြီး ပိုမို အပြစ်ကြီးခဲ့မယ်ဆိုတာ သိလျက်နဲ့။

"အခုတော့ ဘယ်လောက် အရှက်ကွဲရပြီလဲ၊ ရတနာပုံ ရုပ်ရှင်ကုမ္ပဏီကြီး တစ်ခုလုံးကို ပိုင်ဆိုင်ထားတဲ့ ငါတို့အကြောင်း လူမသိဘဲ နေမလား၊ မိုက်လှချည်လား ညီမ

www.burmeseclassic.com

www.burmeseclassic.com



လေးရယ်၊ အခုတော့ နင့်ဘဝတစ်ခုလုံး အမည်းစက်တစ်စက် စွန်းထင်သွားရပြီ”

သူငယ်ချင်းများ၏ ထွက်ဆိုချက်ဖြစ်သော ...

“မင်းဝဏ်ဟာ ကျွန်တော်တို့ သူငယ်ချင်းပါ၊ ရတနာပုံကလည်း ကျွန်တော်တို့ သူငယ်ချင်းပါ၊ သူတို့နှစ်ယောက်က လွန်ခဲ့တဲ့ ခုနစ်နှစ်တည်းက ချစ်သူတွေ ဖြစ်ခဲ့ကြပါတယ်၊ ရတနာပုံရဲ့ အစ်ကိုက သဘောမတူလို့ သူတို့ ခဏ ကွဲသွားကြပါတယ်၊ အခု ပြန်တွေ့ကြတာ သိပ်မကြာသေးပေမဲ့ မင်းဝဏ်က ရတနာပုံကို ဒီလိုတော့ မကြံစည်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဝဏ်ဟာ ရတနာပုံကို တကယ် ချစ်မြတ်နိုးတာ ကျွန်တော်တို့ သိနေခဲ့လို့ပါ”

“မင်းဝဏ်ဟာ ဆေးစွဲနေကြောင်း ကျွန်တော်တို့အားလုံး သိနေတာ သိပ်မကြာသေးပါဘူး၊ ဒါကြောင့် သူ့ချစ်သူ ရတနာပုံနဲ့ တိုင်ပင်ပြီး ကျွန်တော်တို့ သူ့ကို ဆေးဖြတ်ဖို့ တိုင်ပင်ပြီး စီစဉ်ထားခဲ့ကြပါတယ်၊ အဲဒီမှုခင်းသာ မဖြစ်ပွားခဲ့ဘူးဆိုရင် မင်းဝဏ်ဟာအခုလောက်ဆို ဆေးရုံ တက်ပြီး ဆေးဖြတ်နေမယ်ဆိုတာ ကျွန်တော် ပြောရဲတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဝဏ်က ရတနာပုံရဲ့ စကားကိုဆို အမြဲနားထောင်တတ်ပါတယ်”



ဟူသည့် ထွက်ဆိုချက်များကြောင့် မင်းဝဏ်သည် ရတနာပုံ၏ ချစ်သူအဖြစ် လက်ခံသွားကြပြီးနောက်တွင် မင်းဝဏ်သည် ဘိန်းဖြူရောင်းဝယ်မှုဖြင့် စွဲချက်တင်ခံရသည်။ ထို့နောက် မင်းဝဏ် ထောင်ကျသွားခဲ့သည်။

မတို့ အကြောင်းကို သိပ်မသိကြသော လူတချို့ကတော့ မသည် မင်းဝဏ်ဆိုသော ဆေးဘဲကလေးဖြင့် တွဲနေခဲ့၍ မ ကိုယ်တိုင်ပဲ ဆေးစွဲနေသလိုလို ကဲ့ရဲ့ပြောဆိုကြသည်။ ကိုကြီးက မင်းဝဏ်သည် မကို လုယက်ရာတွင် အလိုတူအလိုပါအဖြစ် အပြစ်တင်ကာ မင်းဝဏ်ကို မုန်းတီးခဲ့သည်။

“မသေကောင်း မပျောက်ကောင်းကွယ် မားက လက်စွပ်ကို ထိုးမိသွားလို့ပေါ့ နို့မို့ အဆုတ်ကို တည့်တည့်ထိပြီး ချက်ချင်း အဆုတ်ပေါက်ပြီး သေသွားနိုင်တယ်၊ နင့်ကုလည်း မင်းဝဏ် ပြေးခိုင်းကတည်းက ပြေးပါလား အခုတော့ ကိုယ်ပဲ ဒုက္ခရောက်ရတယ် အရှက်ကွဲရတယ်”

စန္ဒာသည် မကို ထိုကဲ့သို့ အပြစ်တင်ခဲ့သေးသည်။ ဘင့်အင်း ဘယ်သူမှ မကို နားမလည်ကြပါ။ မင်းဝဏ် ပြေးခိုင်း သျှက်နဲ့ မပြေးဘဲ ရပ်ကြည့်နေမိခြင်းကြောင့် သည်လိုဒုက္ခတွေ ရင်ဆိုင်ခဲ့ရကြောင်း အပြစ်တင်ကြတယ် မင်းဝဏ်။ တကယ်တော့ ဒါဟာ မရဲ့အမှား မဟုတ်ခဲ့ပါဘူး။ မင်းဝဏ်ကို သည်အတိုင်း အားမသွားချင်တဲ့၊ လမ်းမှားကို ဆက်လျှောက်နေမှာ စိုးလို့လားတဲ့

www.burmeseclassic.com



မရဲ့ သံယောဇဉ်ကြီးမားသော ချစ်ခြင်းကြောင့်လို့ ဘယ်သူမှ နားလည်မပေးနိုင်ကြဘူးနော်။ ဟုတ်တယ်နော် မတို့နှစ်ယောက်တည်းသာ နားလည်ကြတဲ့ ခိုင်မြဲတဲ့ ချစ်ခြင်းတစ်ခုကို ဘယ်သူမှ နားမလည်ခဲ့ကြဘူးကွယ်။

❋ ❋ ❋



ကဲ ... ကိုစာဆို၊ ရှင်လည်း သည်အကြောင်းတွေ သိခဲ့ပြီးပြီ။ ဒါဆို မကို စေ့စပ်ဖို့၊ လက်ထပ်ဖို့၊ ဇနီးတစ်ယောက်အဖြစ် သက်တွဲဖို့ သတ္တိတွေ ရှိသေးရဲ့လား။ လူတွေအားလုံး ထင်ထားခဲ့သလို 'ရာဇဝင်ပုံကလည်း ဆေးစွဲနေတဲ့ မိန်းမပဲ' လို့ ယူဆဦးမှာလား။ ...င်းဝတ်ဆိုတဲ့ ဆေးစွဲနေတဲ့ကောင်လေးနဲ့ ချစ်သူဖြစ်ခဲ့ရတဲ့ မိန်းမ...တစ်ယောက်အဖြစ် အများက သတ်မှတ်ထားတဲ့ အမည်းစက်...န်းထင်းခဲ့ဖူးတဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့ စိတ်ပျက်သွားပြီလား။ ...ါကြောင့် မ အစကတည်းက ရှင့်ကို ရှောင်ခဲ့ပါတယ်။ ရှင့်ကိုလည်း ...မ အကြောင်းတွေ သေသေချာချာ စုံစမ်းပြီးမှဆုံးဖြတ်ဖို့ အတန်တန် ...ပြောခဲ့ပါတယ်။

ရှင်ပဲ စဉ်းစားကြည့်လေ မ ဘယ်ကစပြီး မရဲ့ ...အကြောင်းတွေကို အကြောင်းမရှိ အကြောင်းရှာ ပြောပြဖို့တော့ ...သင့်ဘူးထင်တယ်။ အကယ်၍ ရှင်နဲ့မတို့ဟာ ရိုးရိုးသားသား ...ကြရမဲ့ မိတ်ဆွေတွေဆိုရင် ဒါတွေပြောပြလည်း ရှင်ဟာ မ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိသွားရုံကလွဲရင် ဘာထူးမှာလဲဆိုတဲ့ အတွေးနဲ့ မ အရင်စပြီး မပြောပြခဲ့တာပါ။ မကို အထင်မလွဲပါနဲ့၊ ယောကျ်ား တစ်ယောက်ကို လိမ်ညာပြီး အပိုင်ဖမ်းတတ်တဲ့ မိန်းမမျိုးလည်း မဟုတ်ပါဘူးဆိုတာတော့ ယုံစေချင်တယ် ကိုစာဆို။

သို့သော် မရဲ့ ရင်ထဲမှာတော့ ကိုစာဆိုကို အားကိုး ချစ်ခင်မိခြင်းက ကိန်းအောင်းနေခဲ့ရပါပြီ။

❋ ✻ ❋





# အဆုံး

(၁၉၉၅-ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com







၁၉၉၅-ခုနှစ်၊ မတ်လ၏
ပထမမြောက် ရက်သတ္တပတ်

## ၁

"မင်းဝဏ် ဘယ်ရောက်သွားလဲ ဒါမှမဟုတ် အခု ထောင်ထဲမှာပဲ ရှိနေသေးလား အဲဒီအကြောင်းပြောဖို့ ကျန်သေးတယ်"

"မင်းဝဏ် ... မင်းဝဏ်က အင်မတန် ကံဆိုးခဲ့ပါတယ်၊ သူ ထောင်ထဲရောက်ပြီး ခြောက်လမှာ အသည်းရောင် အသားဝါဘီနဲ့ ဆုံးသွားခဲ့တယ်၊ ကိုစာဆို သတိမထားမိလို့ပါ၊ အဲဒီတုန်းက ဝေလအောင်နဲ့ ရန်လေးက ဝမ်းနည်းခြင်းကို သတင်းစာထဲမှာ ထည့်ခဲ့သေးတယ်၊ မ လုံးဝ မသိခဲ့ပေမဲ့ မရဲ့နာမည်၊ အေလီယာ့နာမည်၊ စန္ဒာ့နာမည်တွေ ထည့်သုံးပြီး သူငယ်ချင်းတွေအနေနဲ့ ထည့်ပေးခဲ့တယ်၊ ဒါပေမဲ့ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မကို မပြောမဆို ဒီလို ဝမ်းနည်းကြေကွဲခြင်းမှာ မရဲ့နာမည်ကို ထည့်သုံးလိုက်တာ ကိုကြီးနဲ့မ အဲတော့ကို ပြဿနာတက်ကြသေးတယ်၊ နောက်တော့ ဝေလအောင်နဲ့ရန်လေးက သူတို့ ထည့်ခဲ့ကြောင်း ကိုကြီးကို လာအသိပေးတော့ ကိုကြီးနဲ့သူတို့ စကားများခဲ့ကြရတယ် ကိုစာဆို၊ ဝေလအောင်ပို့ရဲ့ အမြင်မှာလည်း အကယ်၍ ကိုကြီးသာ ဆယ်တန်းတုန်းက မနဲ့ မင်းဝဏ်ကို မခွဲခဲ့ရင် မင်းဝဏ်ဟာ ဒီလို လမ်းမှားကြီးကို လျှောက်ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူးတဲ့ မနဲ့ကွဲရလို့ မင်းဝဏ်ပိုပြီး လေလွင့်သွားခဲ့တာတဲ့လေ"

"တကယ်လို့ မင်းဝဏ်ဟာ အခုချိန်ထိ သက်ရှိထင်ရှား ရှိနေခဲ့မယ်ဆိုရင် မင်းက သူ့ကို စောင့်နေဦးမယ် ချစ်လည်း ချစ်နေဦးမယ် ထင်တယ်"

ဘုရားရေ ... ကိုစာဆိုသွင်ရဲ့ အသံဟာ မကို ခနဲ့သလိုများ ဖြစ်နေပြီလား။ မရှိတော့တဲ့ မင်းဝဏ်ကို မနာလိုတဲ့ အသံမျိုးများ ဖြစ်နေပြီလား။ မအတွက် သည်မေးခွန်းကို ဖြေရေအဆင်သင့် မရှိသေးပါ၊ ဖြေလည်း မဖြေရဲပါ။ မင်းဝဏ်ကို မမေ့နိုင်သေးပါဘူး။ ချစ်နေဆဲပါဆိုရင် အားလုံးက ပြောကြသလို တန်ဖိုးမရှိတဲ့ လူတစ်ယောက်၊ သေပြီးတဲ့ လူတစ်ယောက်ကို ရူးသွပ်စွာ စွဲလမ်းနေတဲ့ မိန်းမဟု သူ အပြစ်တင်ချင် တင်မည်။



ဒါမှမဟုတ် မင်းဝဏ်ကို မေ့လို့ရခဲ့ပါပြီ ဆိုပြန်ရင်လည်း သူ့ကိုမို့ တမင်လိမ်ညာတယ် ဆိုပြီးတော့လည်း အပြစ်တင်လို့ရသည့် မရဲ့ အဖြေရကျပ်သော မေးခွန်းတစ်ခုပါပဲ။

အဖြေမပေးပဲ တိတ်ဆိတ်ငြိမ်သက်နေသော မကို သူသည် တစ်စုံတစ်ရာသော အဓိပ္ပာယ်များ ရောပြွန်းနေသည့် အပြုံးဖြင့်ပြုံး၍ စိုက်ကြည့်လျက် ...

"မဖြေချင်လည်း ရပါတယ်၊ တရားရုံးမှာ ပြောသလို ပြောရရင်တော့ ဒီမေးခွန်းကို ကန့်ကွက်ပါတယ်ပေါ့ ဟုတ်လား၊ မရဲ့စိတ်ကို သက်သက်သာသာထားပါ ကျွန်တော့်ကို ဒီမေးခွန်းအတွက် အဖြေမပေးနိုင်လည်း ကိစ္စမရှိပါဘူး"

အဲဒါဟာ မကို ခနဲ့လိုက်တာပဲလားဟု မ သိချင်ပါသည်။ သည်လိုဆိုရင် မဖြစ်တော့ပါဘူး ကိုစာဆို။ မနဲ့ကိုစာဆိုတို့ ဆက်တွဲကြဖို့ ဖြစ်ပါ့မလား။ မရဲ့ စကားမှန်သမျှကို သံသယဝင်ချင်ဝင်နေလိမ့်မယ်လို့ မ ယူဆနေသမျှ၊ ကိုစာဆိုရဲ့ စကားမှန်သမျှကိုလည်း မ,မယုံကြည်ရဲနေသမျှ ကိုကြီး မျှော်လင့်ထားသော မရဲ့ သာယာလှပသော အိမ်ထောင်ရေးဆိုတာ ရလာလိမ့်မယ်လို့ မထင်ခဲ့ပါ။ ကိုကြီးဟာ ဒါတွေကိုမြင်လို့ မပြောပါနဲ့ဟု အတန်တန် တားထားလျက် မသည် အမှန်တရားကို ဖွင့်ဟဝန်ခံချင်နေသူပီပီ ပြောမိတာပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံသယကင်းသော၊ လှို့ဝှက်မှု မရှိသော၊ နားလည်မှု တွေနှင့် တည်ဆောက်သော ဘဝတစ်ခုကိုသာ လိုလားခဲ့၍ပင် ဖြစ်လေသည်။ သို့သော် သည်ဘဝမျိုးကရော ရပါ့မလား။ မ ကိုယ်တိုင်ကတောင် စာဆိုသွင်ဘက်က ရိုးရိုးသားသားပဲ စကားပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ အပြည့်အဝ မယုံရဲမှတော့ကွယ်။

ရှင်ဟာ ဘာဖြစ်လို့ မရဲ့ အက်ကွဲပြီးတဲ့ ဘဝထဲကို ထပ်မံဝင်ရောက် လာခဲ့တာလဲဟင်။ တကယ်တော့ မ သည်ကို ပြန်မလာမိခဲ့ရင် အကောင်းသား။ နောက်ပြီး ရတနာပုံဆိုတဲ့ မိန်းမဟာ အချစ်ရေးမှာ ကံကောင်းရမဲ့ဇာတာ မပါဘူးထင်ပါရဲ့။ ဒုတိယအကြိမ် တွေ့ဆုံရသော နောက်ထပ်ချစ်သူ တစ်ယောက်ကိုတောင်မှ ချစ်ခွင့်မရခဲ့တာသာ ကြည့်တော့။

"အခု ကျွန်တော်နဲ့ လက်ထပ်ရမဲ့ကိစ္စမှာ ကျွန်တော့်အပေါ် ဘယ်လို ဆုံးဖြတ်မလဲ၊ ကျွန်တော့်ကို လက်ထပ်မယ်ဲ ထားပါတော့ အဲဒါဟာ နှလုံးသားထဲက ဆန္ဒလား ဦးနှောက်ထဲက ဆုံးဖြတ်ချက်လား ကျွန်တော် သိချင်နေတယ် အင်း ... ဒီမေးခွန်းကိုလည်း ကန့်ကွက်ပါတယ်လို့ ပြောရ တော့မယ် ထင်ပါရဲ့"

ဟုတ်တယ် ဒါဟာ မကို ခနဲ့နေတာ။ တမင် သက်သက် ရီနေတာ။ ရှင် ဘာမကျေနပ်စရာ ရှိလို့လဲ။ ဒီဘ ရှင့်ကို လက်ထပ်ပါ့မယ်လို့ ပြောများပြောမိလို့လား။ 'ကိုစာဆို



မ ချစ်ပါတယ်' လို့များ အဖြေ ပေးခဲ့မိလို့လားဟင်။ သေချာပါတယ် သူဟာ သဝန်တိုနေခဲ့ပြီ။ ဒါဟာ မကိုချစ်လို့ဟု ကြည်နူးချင် စိတ်တောင် ပျောက်ကွယ်ခဲ့ခြင်းသည် ဘာကြောင့်များပါလိမ့်။

အပျော်တွေ ဆိတ်သုဉ်းခဲ့ပြီးတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝထဲကို အတင်းတိုးဝင်လာခဲ့ပြီးမှ၊ အဲသည်မိန်းမဆီမှာ အပျော် တချို့ ပြန်လည်ရောက်ရှိလာအောင် ဖန်တီးပေးခဲ့ပြီးမှ နာကျင် ကြေကွဲရအောင်တော့ မလုပ်လိုက်ပါနဲ့။ မ သည်တစ်ခါ ခံနိုင်ရည် မရှိတော့ဘူး။ ကြေမွသွားတဲ့ မှန်တစ်ချပ်လို၊ ပျက်ပြယ် သွားတဲ့ ပန်းချီကားတစ်ချပ်လို၊ ပျောက်ကွယ်သွားတဲ့ အမှုန်တစ်ခုလို အရာရာကို ဆုံးရှုံးခြင်းတွေနဲ့ ရင်ဆိုင်ရတော့မှာလား ကိုစာဆို။

"ကဲ ... ကျွန်တော်တို့ လက်ထပ်ဖို့ကိစ္စကို နောက်ထပ် ဆက်ဆွေးနွေး ကြသေးတာပေါ့၊ ကျွန်တော့်ဘက်ကတော့ လက်ထပ်ဖို့ ကမ်းလှမ်းထားချက်ကို မရုပ်သိမ်းပါဘူး မ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်"

"တကယ်လား မကို တကယ်ပဲ လက်ထပ်ရဲတယ်ပေါ့နော် အံ့သြစရာပဲ"

"အဓိပ္ပာယ်မရှိတဲ့ စကားတွေနဲ့ ကျွန်တော့်စိတ်ကို မစမ်း ပါနဲ့ ကျွန်တော်က သူများတကာတွေရဲ့ ပြောစကားကို နားထောင်တတ်တဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော် ရတနာပုံကို လက်ထပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ အဲဒါကတော့ ရှင့်သဘောပါပဲ၊ မရဲ့ သဘောကတော့ ရှင် စိတ်ပျက်ပြီး နောက်ဆုတ် သွားစေချင်ခဲ့တာ၊ ဒါပေမဲ့ ရှင့်မှာ မကို သဘောထားကြီးကြီးနဲ့ ချစ်နိုင်မဲ့စိတ်တော့ မရှိဘူးလို့ မ ထင်တယ်"

"ကျွန်တော့် အချစ်က အဲဒီလောက်ထိ မပေါ့တန်ပါဘူး၊ အစကတည်းကပြောသားပဲ မင်းမှာ ယောကျ်ားရှိခဲ့ဖူးလို့လား၊ ရည်းစား များခဲ့ဖူးလို့လား၊ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တယ်ဆိုတာကိုတော့ မေ့မပစ်နဲ့လေ"

ကြည့်စမ်း ... ဘယ်လောက်အံ့သြစရာ ကောင်းလိုက်သလဲဆိုတာ။ သူ့ဆီမှာ မလျော့သေးတဲ့အချစ်တွေ ရှိနေသေးသတဲ့။ မကို ထာဝရ လက်တွဲဖော်အဖြစ်တောင် ရည်ရွယ်ထားခဲ့သတဲ့။

အို ... မယုံချင်လောက်စရာပင် ကောင်းသေးတော့။

❋ ❋ ❋



သူ့အား မထိမဲ့မြင် ကြည့်နေသော သူမအား ချက်ချင်း လက်ဆွဲခေါ်ချကာ တရားရုံးကိုသွားပြီး လက်ထပ်လိုက်ချင်စိတ်တောင် ဖြစ်လာရသည်။ မင်းဟာ ကိုယ့်ကို တကယ်နားမလည်နိုင်သေးပါလား မရယ်။ မင်းလောက် ကိုယ် ဘယ်သူ့ကိုမှ မချစ်မိခဲ့ဘူး။ အရှုံးအမှုး မစွဲလမ်းမိခဲ့ဘူးဆိုတာ မင်းမှ မယုံကြည်တာပဲဟု စိတ်ထိခိုက်ချင်နေခဲ့သည်။ သည်လိုအဖြစ်မှန်ကို ဖွင့်ပြောဝန်ခံရဲသော သူမအား ဗိုပြီးတောင် လေးစားအထင်ကြီးမိခြင်းကို သူမသိအောင် ပြောပြချင်သည်။ စာဆိုသွင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ ရတနာပုံဆိုသော မိန်းမထံမှာ ဝဋ်ကြွေး တော်တော်များများ ရှိနေတယ်ထင်ပါရဲ့။ ကိုယ့်ကို လုံးဝ မျက်နှာသာမပေး၊ အကောင်းလည်းမပြော၊ ယုံကြည်မှုလည်းမရှိသော သူမကိုမှ တမ်းတမ်းစွဲ ချစ်မိသတဲ့။

အဖြူရောင်ကို နှစ်သက်သော သူမရဲ့ စိတ်ဓာတ်ကလေး ဖြူစင်လှတာကတော့ ပီတိဖြစ်ချင်စရာ။ သူ့ရဲ့အချစ်ကို

www.burmeseclassic.com

www.burmeseclassic.com



အထင်သေးတာကတော့ ကြေကွဲချင်စရာပင် ဖြစ်လေသည်။ စာဆိုသွင်သည် စိတ်ကူးထဲ၌ သူမကို အမြန်ဆုံးနည်းနဲ့ လက်ထပ်နိုင်ရအောင် စီစဉ်မှုဟု တွေးနေမိခဲ့သေးသည်။

"ကဲ... ကျွန်တော်တို့ ပြန်ကြရအောင် မ၊ မလည်း အကြာကြီး စကားပြောထားရတာ ပင်ပန်းနေရောပေါ့"

"ကောင်းပြီလေ ... ကိုစာဆို့ သဘောပါပဲ"

ဘယ်လိုပြောလိုက်တာလဲ မရယ်။ ကိုယ့်စကားဟာ သမ္မာ လိုက်ပြီး အထအန ကောက်မနေသင့်ဘူး ထင်တယ်။ စားပွဲခုံကို လက်တံတောင်ထောက် မေးစေ့တင်လျက် ထိုင်နေသော သူမသည် စိတ်မြန်လက်မြန်ရှိလှစွာ ဖျတ်ခနဲ ထရပ်ပြီးနေခဲ့သည်။ ခပ်သွက်သွက် လျှောက်တတ်သော ခြေလှမ်းများရှိသောကြောင့် သူမသည် သူ့ခြေလှမ်းကျဲကျဲတွေကို အမှီလိုက်နိုင်လွန်းသည်။ မရယ် လူပုံကလေး ပျော့နွဲ့သလောက် ခက်ထန်တင်းမာတဲ့ မိန်းမတစ်ယောက်ပါပဲလို့ ဝေဖန်နိုင်လောက်အောင် မာကျောလိုက်တဲ့ မိန်းကလေးပဲ။

"တစ်ခုတော့ ပြောပါရစေ ကိုစာဆို၊ မ ဒီအကြောင်းတွေကို ပြောခဲ့ပြီးပြီဆိုတာ ကိုကြီးကို ပြန်မပြောဖို့ပဲ၊ ကိုကြီးက မကို အင်မတန်ချစ်တဲ့သူမို့ ဒီအကြောင်းတွေ မမှာရှိခဲ့ဖူးတာ ဘယ်သူ့မှ မသိစေချင်ဘူး၊ မရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တယ် မကို လူတွေက အထင်လွဲကြလိမ့်မယ်တွေနဲ့ မကို မကြာခဏ



သတိပေးလေ့ရှိတယ်၊ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောမိစေဖို့ပေါ့၊ အခုလည်း ကိုစာဆို့ကို ဖွင့်မပြောချင်ဘူးဆိုတာ ကိုစာဆို ရိပ်မိမှာပါ၊ ဒါပေမဲ့ မ လူတစ်ယောက်အပေါ် လိမ်ညာလှည့်ဖြားရမှာ လိပ်ပြာမသန့်လို့ ဖွင့်ပြောခဲ့တယ်၊ ကိုကြီး သိရင် မကို အပြစ်တင်လိမ့်မယ် အပြစ်တင် ခံရမှာတော့ မ ခံနိုင်ရည် ရှိပါတယ်၊ ဒါပေမဲ့ စိတ်ညစ်ရမှာကိုတော့ မကြိုက်ချင်ဘူး"

မျက်ဝန်းထောင့်ကလေးတွေ ဘာလို့ မျက်ရည်တွေ ဆော့ဝဲနေခဲ့တာလဲ။ စိတ်ချပါ ကိုယ် မဝ်းရဲ့ အစ်ကိုကြီးကို မပြောပါဘူး။ မင်းဘက်က ထာဝရ ရပ်တည်ပေးပါ့မယ်ဟု ခပ်တိုးတိုး ပြန်ပြောလျက် သူမ၏ လက်ဖဝါးတစ်ဖက်ကို ဖျစ်ညှစ်အားပေးလိုက်သည်။ ဆုံးဖြတ်ချက် တစ်ခုကလည်း ခိုင်မာခဲ့ပြီ။ သူမကို ဘယ်တော့မှ သံသယမဝင်တဲ့ အချစ်မျိုးနဲ့ ချစ်နေမိမယ်ဆိုတာပင် ဖြစ်သည်။ သည်အကြောင်းတွေကို သူမကလေး နားလည်လာအောင် အတော်လေး ကြိုးစားရပါဦးမည်။

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်နိုင်အောင် ကိုယ် စီစဉ်လိုက်တော့မယ်နော်၊ ကိုယ် ခုနက မေးခွန်းတစ်ခု မေးခဲ့တယ်၊ ကိုယ့်ကို လက်ထပ်ဖို့ နှလုံးသားနဲ့ ဆုံးဖြတ်သလား၊ ဦးနှောက်နဲ့ ဆုံးဖြတ်သလားဆိုတာကို ဘယ်တော့မှ မမေးတော့ပါဘူး၊ အရာရာကို မ စိတ်ချမ်းသာဖို့ အဓိကဦးစား

www.burmeseclassic.com

www.burmeseclassic.com



လေးပါရစေ၊ ဒါပေမဲ့ ကိုယ့်ကို လက်ထပ်ဖို့တော့ မငြင်းဆန်ပါနဲ့ မ”

“ကိုစာဆို့လို လူတစ်ယောက် ရှိနေတာတော့ မအတွက် အံ့ဩစရာတွေ ကြုံနေရသလိုပါပဲရှင်”

သူမသည် သူ့နံဘေးမှာ အရုပ်တစ်ရုပ်သဖွယ် ထပ်မံငြိမ်သက်၍ လိုက်ပါလာခဲ့သော်လည်း သူ ကျေနပ်နိုင်သည်။ သည်လိုပဲ သူ့နံဘေးမှာ ထာဝရ ရှိနေစေချင်သည်။ သူ့ကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ သူက သူမကို ချစ်နေချင်သူလည်း ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩပါရဲ့. သူမထက် လှသော၊ အပြစ်ဟူ၍ မြူမှုန်မျှတောင် မရှိသော၊ သူမထက် ပညာတတ်သော မိန်းမပေါင်းများစွာနဲ့ ရည်းစားထည်လဲတွဲခဲ့ပြီး သူမလို မိန်းမတစ်ယောက်ကျမှ ထားမသွားရက်အောင် တွယ်တာနှောင်ဖွဲ့မိခြင်းက မယုံကြည်ချင်စရာ။ ခြောက်သွေ့နေသော ခရီးရှည်ကြီးတစ်ခုကို ဖြတ်သန်းလာခဲ့ရသည့် သူမ၏ ဘဝကလေးတစ်ခု၊ ကမ္ဘာလေးတစ်ခုကို သူ့အချစ်များဖြင့် စိမ်းလန်းစေချင်သားပင်။

❋ ❋ ❋



၁၉၉၅-ခုနှစ် မတ်လ၏
ဒုတိယမြောက် ရက်သတ္တပတ်

## အပိုင်း ၂

မသည် ကြည့်နေသော ရုပ်ရှင်ကားထဲမှ မင်းသားကို စိတ်မဝင်စားနိုင်ပဲ အိမ်ရှေ့က Pajero ကားကြီး ရပ်လိုက်မည့်အသံကို ဖြစ်ဖြစ်၊ ဟွန်းသံကိုဖြစ်ဖြစ် ဒါမှမဟုတ် ကြိုတင်မကြားမိခဲ့ရင် ထားတံခါးပိတ်သံကို ဖြစ်ဖြစ်၊ ဘဲလ်တီးလေ့မရှိတဲ့ လူတစ်ယောက်ရဲ့ အာကျာတံခါးကို ဆဲကိုင်လှုပ်ယမ်းသံကို ဖြစ်ဖြစ် နားစွင့်နေခဲ့တာသာ ဖြစ်သည့်တော့။

“ဒီနေ့ ကိုယ် လာခေါ်မယ်၊ မ အဆင်သင့်ပြင်ထားနော် နေ့လယ် တစ်နာရီလောက်ပေါ့၊ ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ ကလေးကင်ပွန်းတပ်ပွဲ ရှိတယ်၊ သူက မနဲ့ကိုယ်တို့

www.burmeseclassic.com

www.burmeseclassic.com



လူကြီးချင်း သဘောတူထားတာကိုလည်း သိတယ်၊ သူက အဲဒီပွဲကို မကိုပါ ဖိတ်ခိုင်းလိုက်တယ်၊ မ လိုက်ခဲ့နော် ကိုယ်က မကိုပါအောင် ခေါ်ခဲ့မယ်လို့ ကြွားထားတာဗျ"

အဲဒီလို မှာထားပြီးကတည်းက မသည် သည်နေ့ နံနက်ကတည်းက စတင်ပြင်ဆင်ပြီး သူ့ကို ရင်ခုန်မျှော်လင့်စွာ စောင့်နေမိသတဲ့။ ဒါတွေ သူ သိနိုင်မယ် မထင်ပါဘူး။ သူဟာ ဘယ်လိုလူစားလဲတော့ မသိပေမဲ့ သူလည်း မကို မင်းဝဏ် ချစ်ရေးဆိုပြီးတုန်းကအတိုင်း အဖြေတောင်းဖို့ မေ့နေတာလား၊ တမင် မတောင်းတော့တာလား။ မရဲ့ လိမ်ညာစကားလို့များ ယူဆချင်လို့လားဟု မ သိချင်သေးပါရဲ့။

မသည် မင်းဝဏ်နဲ့တုန်းက အဖြေမတောင်းသော မင်းဝဏ်ကို စိတ်မဆိုးခဲ့မိသလောက် စာဆိုသွင်နဲ့ကျတော့ မအား အဖြေမတောင်းခြင်းကို မခံချိမခံသာဖြစ်လျက် မဆီက အဖြေကိုလည်း အဖြေမှန်အဖြစ် မယုံကြည်လို့များလားဟု ကြေကွဲလျက် နေ့စဉ်နဲ့အမျှ အကြိမ်ကြိမ်အဖန်ဖန် ကျဆုံးနေခဲ့ရသူ တစ်ယောက် ပမာ။

"ဂျိတ်"

ဟူသော ကားတံခါးပိတ်သံအကြားတွင် မသည် ရိုမုဒ်ကို လက်ကကိုင်ထားရင်း အိမ်ရှေ့ဘာဂျာတံခါးဆီ အလိုလို လျှောက်လာခဲ့ပြီးပြီ။ ရှပ်လက်တို အစိမ်းရင့်ကို ဝတ်ဆင်လျက်



သေသပ်၍ လူကြီးလူကောင်းဆန်စွာ ဝတ်ဆင်ထားသော၊ အနက်ရောင် ဘောင်းဘီရှည် လည်သာရှူးတို့ဖြင့် မ၏ အိမ်မက်တချို့ကို လှပအောင် ဖန်တီးပေးနိုင်သော လူတစ်ယောက်သည် သူ့ဆီ လျှောက်လာနေသော မကို မမှိတ်မသုန် စိုက်ကြည့်နေလေသည်။

"စောင့်နေတာ ကြာပြီလား မ၊ ကိုယ် အချိန်တိကျပါတယ်နော်၊ အမှန်က အစောကြီးပြီးနေတာ မဆီ အစောကြီး လာနေရင် မ ကောင်းကောင်းအလှပြင်ချိန် မရတော့မှာစိုးလို့ အခုမှလာတာ"

"ရပါတယ်၊ မလည်း ပြီးနေတာကြာပါပြီ သွားတော့မလား ဟင်၊ မ လက်ကိုင်အိတ် သွားယူလိုက်တော့မယ်"

"သွားလို့မရသေးဘူး မရဲ့၊ ကလေးအတွက် လက်ဆောင် ဝယ်ထားပြီး ပက်ကင်မထုပ်တာတ်လို့ မဆီ အလုပ်ပေးဖို့ ယူလာတယ်၊ မ ပက်ကင်ထုပ်တတ်လား ကိုယ့်ကို ကူညီပါဦး"

"သြော် ... ရပါတယ်၊ ယူခဲ့လေ မ ထုပ်တတ်ပါတယ်"

စာဆိုသွင်သည် ကားထဲမှ ကလေးအတွက် လက်ဆောင်ပစ္စည်းနှင့် ကြွေရောင်တောက်သော ပန်းစက္ကူလိပ်တို့ကို တစ်ခါတည်း ယူလာခဲ့သည်။ တစ်ခါတစ်ရံ မ အမှုမဲ့အမှတ်မဲ့ ဖြစ်တတ်သော အဖြစ်တို့က စာဆိုသွင့်အတွက် များစွာ တုန်လှုပ် ခုံညှိမှုများ ဖြစ်စေခဲ့ကြောင်း မ သိခွင့်ရခဲ့သည်။ အဲဒါကတော့

www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းက ဆက်တီတွေမှာ ဝင်ထိုင်လိုက်လျှင်ပဲ ပျက်ယွင်းသွားသော စာဆိုသွင်ရဲ့ အမှုအရာတို့ကြောင့် မဆည် ဘာများပါလိမ့်ဟု ထင်လိုက်ရုံကလေးတင်ပါ။ မ အဲသည်လောက်အထိ ညှံ့ဖျင်းတာသာ ကြည့်တော့။ တီဗွီဖန်သားပြင်ပေါ်မှ မျက်လုံးမခွာပဲ အကြာကြီး စိုက်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဒီကားကို မ ကြည့်နေတာလား"

ဟု အင်မတန်ပဲ တစ်စုံတစ်ရာကို လျှို့ဝှက်ထားရသော အသံဖြင့် မေးလေသည်။ မသည် ထိုစကားကို စမေးသည်အထိ ဘာကို မေးချင်သလဲဆိုတာ သိကိုမသိခဲ့ချေ။ ရိုးရိုးသားသားမေးသည်ပဲ ထင်မှတ်ခဲ့သည်မို့ ...

"ဟုတ်တယ်လေ ကိုစာဆို့ကို စောင့်ရင်း ပျင်းတာနဲ့ ထိုင်ကြည့်နေတာပါ၊ ဘာဖြစ်လို့လဲ ကိုစာဆို မကြည့်ရသေးလို့လား"

"ဒီကားလား ကြည့်ပြီးတာကြာလှပြီ၊ Speed ဆိုတဲ့ကားက ကီနူးရိဗ်ရဲ့ နာမည်ကြီးကားပဲ၊ အင်းလေ ... မ ဒီမင်းသားကို သိနှင့်မှာပါ"

"ရှင်"

မသည် နေရာမှာတင် ပြိုလဲသွားတော့မတတ် မူးဆေသွားခဲ့ရပြီ။ ဟုတ်ကဲ့ မ သိလိုက်ပါပြီ ကိုစာဆို။ ရှင် ဘာကိုဆိုလိုသလဲဆိုတာ မ သိလိုက်ပါပြီ။ ခုနကတော့ တိမ်ကင်းစင်သော





မိုးကောင်းကင်တစ်ခုပမာ၊ တိမ်ညိုတွေ မအုပ်ဆိုင်းသော လမင်းကြီးပမာ ကြည်လင်ရွှင်ပျနေခဲ့သော သူ့မျက်နှာဟာ သည်ကားဆိုမျက်ဝန်းအရှေ့မှာ ပြောင်းလဲ မှိုင်းဝေသွားရခြင်းရဲ့ အဓိကအချက်ဟာ ဒါပဲဖြစ်မည်။

မင်းသားဟာ ကီနူးရိဗ် ဖြစ်တာနဲ့ သည်ကားကို မ မကြည့်ရတော့ဘူးဆိုတဲ့ သဘောလား။ ဒါမှမဟုတ် မဟာ မင်းဝဏ်ကို မမေ့နိုင်အောင် တမ်းတမ်းတတဖြစ်နေလို့ သည်မင်းသားကို အလွမ်းပြေ ကြည့်နေရတယ်ဆိုတဲ့ သဘောလား။

"နောက်ထပ် ရှိသေးတယ်လေ၊ ပက်ထရစ်ဆွေဇီးနဲ့ တွဲပြီး ရိုက်တဲ့ကား နာမည်ဘာလဲမသိဘူး မေ့နေလို့၊ မ ကြည့်ချင်ရင် ကိုယ် ငှားလာပေးမယ်"

ကြည့်စမ်း သဝန်တို စိတ်ကောက်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ မ ဆုံစည်းနေခဲ့ရပြီကွယ်။ အသက် သုံးဆယ့်တစ်နှစ်ရှိပြီဖြစ်တဲ့ အင်ဂျင်နီယာကြီးတစ်ယောက်က သူ့ထက် ရှစ်နှစ်တိတိငယ်တဲ့၊ လောကကြီးမှာလည်း သက်ရှိထင်ရှား မရှိတော့တဲ့ ကောင်လေးတစ်ယောက်ကို မျှော်မှန်း သဝန်တိုနေသတဲ့။ အင်း ရယ်ချင်စရာပင် ကောင်းသေးတော့။ သို့သော် မ မရယ်ချင်တော့ပါ။ သည်လိုသာ တစ်ယောက်ကိုတစ်ယောက် အထင်အမြင်တွေ သွေးမှားနေမယ်ဆိုရင် ရှေ့ဆက်ရမဲ့ ဘဝခရီးကို ဘယ်လိုလျှောက်ရမလဲ ဆိုတာကို တွေးနေရှာသည်။


www.burmeseclassic.com

www.burmeseclassic.com



"မ Speed ထဲက ကီနူးရိဗ်ကို မကြိုက်ပါဘူး၊ Permanent Record ထဲက ကီနူးရိဗ်ကိုပဲ ကြိုက်တာပါ၊ အဲဒါ ကိုစာဆို မသိဘူးထင်တယ်"

မသည် ထိုသို့ ပြန်လည်ချေပပြီးသောအခါ အခန်းထဲ ဝင်လာခဲ့သည်။ ကဲ ... ရှင် ဘာပြောဦးမလဲ။ ရှင် သိပ်ဝန်ခံစေချင်တဲ့ အကြောင်းအရာတစ်ရပ်ကို ဝန်ခံလိုက်ပါပြီ။ ရှင် ကျေနပ်ပါတော့။ မမှာ ဘာလို့ စာဆိုသွင့်ကို ထပ်မံချစ်ခဲ့ခြင်းဆိုသော ဝဋ်ကြွေး ပါခဲ့ပါလိမ့်ကွယ်။ ရှင့်ကို ချစ်မိသမျှ သည်ဝဋ်ကြွေးကို ကျေကျေ နပ်နပ် လက်ခံပါ့မယ်ဟူသော အတွေးဖြင့် မသည် ဆဲလ်လိုတိပ်(ပ) ကို ယူလိုက်စဉ် မျက်ရည်တစ်စက်က ပေါက်ခနဲ ကျဖြစ်အောင် ကျလိုက်သေးရဲ့။

သို့သော် အိမ်ရှေ့ ပြန်ထွက်လာသောအခါ ပုံမှန် မျက်နှာပြင်ကိုသာ သူ တွေ့စေရမည်။ ထင်တဲ့အတိုင်းပင် အိမ်ရှေ့ခန်းမှာ ခပ်ငူငူထိုင်လျက် တီဗွီဖန်သားပြင်ပေါ်မှ လှုပ်ရှား နေသော ပုံရိပ်များကို စိုက်ကြည့်လျက် မနာလို သဝန်တိုသော မျက်ဝန်းကို ပိုင်ဆိုင်နေသူ စာဆိုသွင့်ကို တွေ့ရသည်။

"ပေးလေ မ ပက်ကင်ထုပ်ပေးမယ်၊ ဒီမှာ ဆဲလ်လိုတိပ်(ပ)ပါ တစ်ခါတည်း ယူလာပြီးပြီ"

မသည် သူ ဖြစ်ပျက်နေပုံအား ဘာမှ မသိဟန်ဖြင့် လက်ဆောင် ပစ္စည်းကလေးအား အေးအေးဆေးဆေး ပက်ကင်





ထုပ်ပေးလိုက်သည်။ သေသပ်လှပသော ထိုစက္ကူကလေးပေါ်တွင် ဝန်းရောင် ဖြောင့်စက္ကူကလေးကို ကပ်၍ ဘောလ်ပင်အဖုံးကို ဖွင့်လျှင် ...

"ဘာလုပ်မလို့လဲ"

ဟူ၍ မေးဖော်တော့ ရသားပင်။ ဒါဆို သူ့ရဲ့အာရုံ တွေဟာ ကီနူးရိဗ်ထံမှ မဆီ ပြန်ရောက်နေခဲ့ပြီပေါ့ဟု ယူဆချင် သေးသည်။

"ဒီမှာလေ လက်ဆောင်ပေးတဲ့သူ နာမည် ထိုးပေးရမှာပေါ့ တော်ကြာ ဘယ်သူပေးမှန်းမသိ ဖြစ်နေလိမ့်မယ်၊ ဦး စာဆိုသွင်ရဲ့ အမှတ်တရလက်ဆောင်လို့ ရေးလိုက်ရ မလားဟင်"

"ဘေးက ဒေါ်ရတနာပုံဆိုတဲ့ နာမည်ပါ ထည့်လိုက်ရင် ပိုကောင်းမယ်၊ ဘယ်လိုလဲ မ ဒီနာမည်လေးတော့ ထည့်ခွင့် ပြုနော်"

အင်း ... အတွေးရခက်လေစွ။ ခုတစ်မျိုး တော်ကြာ တစ်မျိုးနဲ့ ချက်ချင်းစိတ်ကို ပြောင်းနိုင်သားပင်။ စာဆိုသွင် ဖြစ်နေတာက မကိုလည်း ချစ်မိပြန်။ ပြီးတော့ မမှာ သူ့ထက်အရင် ချစ်သူရှိခဲ့ခြင်းကိုလည်း မလိုလားပြန်။ နောက်ပြီး မရဲ့ အချစ်ဟောင်း ကို မင်းဝဏ် ရပြီးပြီဟုထင်ကာ မင်းဝဏ်ကို သဝန်တိုတာဖြင့် ကီနူးရိဗ်နဲ့ ချွတ်စွပ်တူပါတယ်လို့ ဝန်ခံခဲ့ဖူးသောကြောင့် ကီနူးရိဗ်ရဲ့

www.burmeseclassic.com



ရုပ်ရှင်ကားတွေ ဝေါလ်ရှိတ်တွေကို မ ကြည့်နေခြင်းကို ဒေါ်သ ဖြစ် ခနဲ့ချင်ပြန်။

သို့သော် မကိုတော့ အဲတော်လေး မြတ်နိုးရှာသားဟု တွေးမိပြန်တော့ စာဆိုသွင်ရဲ့ ခနဲ့မှုများကို ခွင့်လွှတ်ပေးချင်သား ပင်။

❋ ❋ ❋



မိုးပြာရောင် ရယ်ဒီမိတ်အကျီ ပခုံးကားကား လက်ရှည်ကလေးနှင့် မိုးပြာရောင် ဖြောင်လုံချည်ကလေးတို့က သူမရဲ့အလှကို ပံ့ပိုးနေခဲ့၍လား၊ ဒါမှမဟုတ် သူ့အလိုကျ လိုက်လျောကာ သူမ၏ နှာမည်အား သူ့နာမည်ဘေးမှာ ထည့်သွင်း ရေးဖြည့်ပေးခြင်းအား ကြည်နူးပီတိဖြစ်၍လားတော့ မသိချေ။ ခုနက မဆီမဆိုင် ဒေါ်သတကြီး ဖြစ်သွားရခြင်းတွေ ပျောက်ကွယ် သွားရသည်။ ငါ့နှယ် ကလေးဆန်လိုက်တာဟု ကိုယ့်ကိုယ်ကိုယ် ရယ်ချင်မိခဲ့သေးသည်။

"ကိုယ့်မိတ်ဆွေက လွှန်ခဲ့တဲ့ လေးနှစ်ကမှ အိမ်ထောင်ကျတာ အခုမှပဲ ကလေးရတော့တယ်၊ ကလေးကဖြင့် ဆယ့်လေးရက်သမီးလား ရှိသေးတယ် ကင်ပွန်းတပ်ရ၊ ဆွမ်းကျွေးရ၊ ပါတီပေးရနဲ့ သိပ်ပျော်နေတာလေ ကိုယ်နဲ့ တော့ လုပ်ငန်းမှာ ရှယ်ယာအတူတူထည့်ပြီး လုပ်ကိုင်ရင်းက အတော့်ကို ရင်းနှီးနေတဲ့ မိတ်ဆွေတွေပဲပေါ့ မကိုလည်း

www.burmeseclassic.com



ကိုယ်က ညွှန်းလွန်းလို့ တွေ့ချင်နေတာ၊ မ အလိုက်သိစွာနဲ့ ကိုယ့်ရဲ့ အလိုဆန္ဒကိုဖြည့်ပေးလို့ ကျေးဇူးပါပဲ မရယ်"

"ရပါတယ် ဒီလောက်လေးနဲ့ မ မပင်ပန်းပါဘူး၊ ကိုစာဆို အဆင်ပြေမယ်ဆိုရင် ပြီးတာပါပဲ"

အကယ်၍သာ သူနဲ့သူမဟာ တကယ်ချစ်လို့ လက်ထပ်ဖို့ ပြင်ဆင်ထားပြီးတဲ့ ချစ်သူတွေသာဆိုရင် သူ့အတွက် သည်ထက်မက ကြည်နူးခြင်းတွေ ဖြစ်ထွန်းနိုင်လိမ့်မည် ထင်ပါရဲ့။ အခုတော့ သူစိမ်းဆန်သော သူမ၏ တုံ့ပြန်မှုတချို့ကိုသာ ဖြေသိမ့်နေရသည့်အဖြစ်။ ဟာ ... ဘာဖြစ်သလဲ ကိုယ့်ချစ်သူကို ကိုယ် ပိုင်ဆိုင်ခွင့်ရပြီပဲ ဘာလိုသေးလို့လဲ။

ခုနက သဝန်တိုပြီး သူမကို ဆူပူချင်စိတ်တောင် ဖြစ်မိမတတ် သတိလက်လွတ်ခဲ့ရသော သူ့အခြေအနေကို သတိကြီးစွာ ထိန်းချုပ်နိုင်လို့သာပေါ့။ နို့မို့ တစ်ခုခုကိုရိုက်ခွဲပြီး ပေါက်ကွဲမိမလား မသိချေ။ မဖြစ်ဘူး မဖြစ်ဘူး နောက်ဆိုရင် သည်ကိစ္စမျိုး မကြာခဏကြုံရတိုင်း ခံနိုင်ရည်ရှိစွာ ရင်ဆိုင်နိုင်ဖို့ ခွန်အားတွေ မွေးမှပါ။

"ကိုယ့်မိတ်ဆွေက ဖိုးစိန်လမ်းမှာ နေတယ်လေ၊ သူတို့ ဆောက်အိမ်တောင် ရောင်းမလို့ဆိုလား သတင်းကြားတယ်၊ ကိုယ်တို့ နှစ်ယောက်နေဖို့ ဝယ်ရင်ကောင်းမလားလို့ မ ကြည့်လိုက်ပါဦး၊ မ သဘောကျရင် ကိုယ် ဝယ်လိုက်မယ်လေ"



သူသည် သူ့ဖရိုဖရဲ အမှုအရာများ ဖြစ်ခဲ့ရခြင်းအတွက် သူမကို အားနာခြင်း၊ သနားခြင်း၊ ရှက်ရွံ့ရခြင်းတွေကြောင့် တမင်ပင် စကားတွေ ပြောနေမိပြန်သည်။ အမြဲလိုလို ငြိမ်သက်နေတတ်သော သူမထံမှ တစ်ခါတစ်ရံသာ ကြားရတတ်သော စကားသံတို့ကို သူက မြတ်နိုး တမ်းတပြန်သတဲ့။

"ကိုကြီးက မကို တခြား ဘယ်မှခွဲမထွက် သွားရဘူးလို့ သူ့ခြံထဲမှာရှိတဲ့ တစ်ထပ်ခွဲတိုက်ကို မတို့ နေဖို့ပေးမယ်လို့ ပြောထားပြီးပါပြီ၊ ကိုစာဆို ဝယ်ချင်ရင်တော့ ဝယ်ထားလိုက်ပါ၊ မ လိုက်ကြည့်ပေးပါဆိုရင်တော့ လိုက်ကြည့်ပေးပါ့မယ်၊ ဒါပေမဲ့ မတို့ နေဖို့တော့ မဖြစ်နိုင်ဘူး ကိုစာဆို"

သေချာပါတယ် သူမဟာ သူ့ကို လက်ထပ်ရန် သဘောတူခြင်းမှာ သူမရဲ့အစ်ကို ဩဇာကို နာခံရခြင်းတွေ ပါနေလိမ့်မည်။ အစကတည်းက သည်အတိုင်း ဖြစ်လိမ့်မည်ဟု တွေးထားပြီးခဲ့လျက် သည်အဖြေမျိုး မလိုချင်ခဲ့ပြန်၊ ဒါဟာ စာဆိုသွင်ရဲ့ အတ္တပဲပေါ့။ သို့သော် ထိုအတ္တမှာ အနိုင်ရယူလိုမှုများ မပါ၊ အပြစ်တင်လိုခြင်း မပါ။ ရတနာပုံကို ချစ်သော အချစ်ဖြင့်သာ အတိပြီးသော အတ္တပင်တည်း။

သူ့မိတ်ဆွေ၏ ခြံဝင်းထဲ ကားကိုကွေ့ဝင်တော့ သူမသည် တစ်စုံတစ်ရာကို တွေးကြောက်နေသည့် ဟန်ပန်များ ရှိနေခြင်းကို စိတ်မကောင်းပါ။ ကိုသတ်ပုံရဲ့ မှားယွင်းတဲ့ ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင် တားမြစ်မှုကြောင့် သူမဟာ သူမရဲ့ ဘာမှအပြစ်မရှိတဲ့ အမှားတစ်ခုအတွက် အရာရာကို ရင်မဆိုင်ရဲသူတလေး ဖြစ်နေရပြီဟု သိလိုက်ချိန်တွင် သူမ ဒီ်ဘားမှာ ထာဝရရပ်ပြီး သူမကို အားပေးနေခဲ့ဖို့ အလိုလို ဆုံးဖြတ်မိလျှက်သား ဖြစ်ခဲ့သည်။

"ဟော့ ... လာကြည့်ကြစမ်းပါဦး ငါတို့ရဲ့ ' စာဆိုကြီး သူ့ ဖနီးလောင်း အချောအလှကိုကြွားဖို့ ခေါ်လာတယ်ကွ၊ ဒါကြောင့် နောက်ကျနေတာ ဖြစ်မယ်"

"ဟော့လူ ... သိပ်မနောက်နဲ့ဗျာ၊ ကော့ခ ခင်ဗျားက ခင်ဗျား အလှည့်တုန်းက ဒီလို နောက်ခဲ့တာကို လက်စားချေဘာ လား"

"သိပ်ဟုတ်တာပေါ့ စာဆိုကြီးရာ ဒီအခွင့်အရေးကို မျှော်လင့် လိုက်ရတာ မရတနာပုံနဲ့ တွေ့မှပဲ စာဆိုကြီး ဝင့်လည်တော့ တယ်၊ အရင်ကဆို ကျွန်တော့်ကို သိပ်နောက်တာတဲ့လူ"

မသည် ဣန္ဒြေရစွာ ပြုံးပြလျှက် သူမအား အကဲခတ် နေကြသူများကိုတော့ မျက်လွှာကလေးလှန်ရုံ မဝံ့မရဲ ဝေ့ဝဲကြည့် လေသည်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါဘူးလို့ ကြွေးကြော်ခဲ့ဖူး တဲ့ မ ဘာလို့ အခုတော့ ပတ်ဝန်းကျင်ကို ထပ်ပြီး ဂရုစိုက်နေ ခဲ့သလဲ။ မင်းဘက်မှာ ကိုယ်တစ်ယောက်လုံး မားမားမတ်မတ် ရပ်နေတာကို မယုံကြည်ဘူးဆိုတာ သေချာနေသေးတယ် မရယ် ဟု စိတ်မကောင်း ဖြစ်ရပြန်သည်။



"ဒီမှာ သမီးလေးကို ကြည့်ပါဦး၊ မချောလား ချောစုစု လို့ နာမည်ပေးတယ်၊ အချောတွေ စုနေလို့"

"သမီးလေးက လှလိုက်တာ၊ အိပ်နေတာလေးက သိပ် အပြစ်ကင်းစင်တာပဲ၊ မတော့ ကလေးလေးတွေကိုဆို အင်မတန် ချစ်မိတာ"

သူ့မိတ်ဆွေ ကိုကျော်မင်းက သူ့သမီးအကြောင်း အကြွားသန်ခြင်းကို မတာစ်ယောက်သာ စိတ်ရှည်လက်ရှည် နား ထောင်ပေးဖော်ရသည်။ တွန်းလှည်းသဏ္ဍာန် အိပ်ရာပုခက်ကလေး ပေါ်တွင် ချသိပ်ထားသော ကိုကျော်မင်း၏ သမီးလေးကို တစိမ့် စိမ့် စိုက်ကြည့်နေသော မသည် မိခင်စိတ်ရှိသော၊ ကြင်နာတတ် သော မိန်းမတစ်ယောက်အဖြစ် သူက ထပ်မံ အသိအမှတ် ပြု မိပြန်သည်။

"အမျိုးသမီးလေးက ငယ်ပေမဲ့ ကလေးချစ်တတ်တယ် တော့်၊ ကိုစာဆိုကြီးတော့ တော်ယ် အရွေးမှန်တာပဲ၊ အိမ် ထောင်ရှင်မ ပီပီသသကလေးကို ရွေးတတ်တယ်နော်"

ကိုကျော်မင်း၏ ဇနီးက သူ့နား တိုးတိုးကပ်ပြော ကာ သူမကလေးကို ချီးကျူးခြင်းအား သူက အလိုလိုနေရင်း ကျေနပ်ပီတိဖြစ်ချင်သားပင်။ ကဲ ... ဘယ်လိုလဲ မ။ သည်ပတ် ဝန်းကျင်မှာ မင်းရဲ့ အတိတ်ကို ကဲ့ရဲ့မဲ့လူ၊ မင်းရဲ့အတိတ်ကို သိနေတဲ့လူများ တွေ့လို့လား။ နေရာတိုင်းမှာ မင်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိပြီး မင်းကို သံသယမျက်လုံးတွေနဲ့ ကြည့်မဲ့လူ မရှိနိုင်ဘူးဆိုတာ လက်တွေ့ပြချင်လို့ သည်လို လူများတဲ့ နေရာတစ်ခုကို ခေါ်လာခဲ့တာ မှန်သွားပြီဆိုသော အတွေးဖြင့် တွန်းလှည်းပုခက်ကလေးထဲမှ သမီးကလေးကို စိတ်ဝင်တစား ကြည့်နေသော သူမအား အမေ့မေ့ အလျော့လျော့ ငေးမိတော့သည်။

"ဘယ်လိုလဲ ကိုစာဆို၊ ခင်ဗျား နှီးလောင်းလေး ပျောက်မသွားပါဘူးဗျ၊ မျက်စိအောက်က အပျောက်မခံအောင် ငေးနေလိုက်တာ၊ ဟား ... ဟား ... ဟား"

"ရှူး တိုးတိုးရယ်ပါဗျ၊ သူကြားသွားရင် ရှက်နေဦးမယ်၊ ခင်ဗျား ဒီလို ကြုပ်ကြုပ်ရယ်ထားဦးပေါ့ဗျာ၊ ကျွန်တော် သားမွေးခဲ့ရင် ခင်ဗျားသမီးနဲ့ မရရအောင် ပေးစားမယ်"

"အိုကေ စာဆိုကြီး၊ အမိလိုက်နိုင်အောင် ကိုယ့်သမီးကို ကျောက်ပျဉ်ရွက် စောင့်ခိုင်းပါ့မယ်၊ မင်း တော်တော် စိတ်ကူးယဉ်တဲ့ ကောင်၊ လက်တောင် မထပ်ရသေးဘူး သားတစ်ယောက်တောင် မွေးပြီး ငါ့သမီးနဲ့ ပေးစားပြီး ယောက္ခမနေရာတောင် ဝင်ယူနေရတယ်လို့ကွာ၊ သေသေချာချာ စဉ်းစားပါဦး"

သူနဲ့ ကိုကျော်မင်းတို့ အပြန်အလှန် စကားနိုင်လုနေကြချိန်တွင် မသည် ကလေးပုခက် တွန်းလှည်းလေးနားမှ ထပြီး သူတို့ထံ လျှောက်လာနေသည်ကို တွေ့၍ မျက်နှာပိုးသတ်



လိုက်ကြသည်။ သည်နေ့ကလေးမှာ သူ့အတွက် ရင်ခုန်မှုများစွာ ပေးနိုင်ခဲ့သော အပြုံးကလေးဖြင့် မသည် သူ့အား ပြုံးပြရင်း ...

"ကိုစာဆို သမီးလေး Baby Day Out ထဲက သမီးကလေးနဲ့ တူတယ်နော်"

ဟု သူ့အား ခပ်တိုးတိုး ကပ်ပြောခြင်းအား ပိုမိုရင်ခုန်ရသည်ကို သူမ မသိခဲ့ချေ။

သည်နေ့ တစ်နေ့တည်း၌ သူမက သူ့အား ခံစားချက်မျိုးစုံကို ပေးနိုင်ခဲ့လေသည်။ သူ့အတွက် ကိန်းရိုက်ကို သူမ ကြည့်နေခဲ့ရင်း မင်းဝတ်ကို သတိရ လွမ်းဆွတ်နေမှာပဲ ဆိုသော သဝန်တိုစိတ်ကြောင့် အနည်းငယ် ဒေါသထွက်၍ ရှုးသွပ်ရစေခြင်းကိုလည်း သူမ ဖန်တီးနိုင်ခဲ့သလို၊ သည်လိုမျိုး သူ့အတွက် သီးသန့်ပြုံးပြသော အပြစ်ကင်းစင်သည့် လှိုက်လှဲသော အပြုံးကလေးနှင့် သူ့နားရွက်ဖျားနားကပ်ကာ သူမထံမှ ထွက်သက်လေ နွေးနွေးကလေးပါသော စကားသံတိုးတိုးကလေးကို ပေးအပ်ခဲ့ပြန်တော့ အတိုင်းအဆမဲ့ ပီတိများဖြင့် ရင်ခုန်ရသောကြောင့် သူမကို ပိုမို မြတ်နိုးခဲ့ပြန်သတဲ့။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၉၅-ခုနှစ် ဧပြီလ၏ ဒုတိယမြောက် ရက်သတ္တပတ်

### ၃

အကယ်၍သာ စာဆိုသွင်သည် သူ့ခြံရှေ့တွင် သည်နှစ်မှ ထူးထူးခြားခြား မအတွက် သတ်သတ်စီစဉ်ကာ ရေပက်မဏ္ဍပ် မလုပ်ခဲ့ဘူးဆိုလျှင် မသည် အရင်တုန်းကလို ကိုကြီး မအတွက် ပြုလုပ်ပေးနေကျ ရေပက်မဏ္ဍပ်ကိုသာ စီစဉ်ရိုး ကိုကြီးကို ပူဆာခဲ့မိမည်ဆိုလျှင်၊ မသည် စာဆိုသွင်ရဲ့ ရေပက် မဏ္ဍပ်အား စာဆိုသွင့်အလိုကျ မသွားမိခဲ့ဘူးဆိုလျှင်၊ ကိုကြီးသည် လည်း မ ရန်ကုန်မှာ မရှိတော့ကတည်းက မဏ္ဍပ်လုပ်မပေးတော့ ၍ သည်နှစ်လည်း မ ရန်ကုန်ကို ပြန်ရောက်နေတာတောင် စာဆို သွင့် မဏ္ဍပ် ရှိနေခဲ့သော်လည်း မအတွက် ရေပက်မဏ္ဍပ် လုပ်





ပေးခဲ့မည်ဆိုလျှင် မသည် စာဆိုသွင့် ရေပက်မဏ္ဍပ်ကို သွားမိ စရာမလို။ ပြီးတော့ မနဲ့ စာဆိုသွင်တို့ကြားမှာ သည်ထက်မက အထင်လွဲစရာတွေ ရှိလိမ့်မည်ဟု မထင်ခဲ့ပါ။

"ကိုသတ်ပွံ့ပါ လိုက်ခဲ့ပါလား၊ ပျော်စရာကောင်းပါတယ်၊ ကံကောင်းရင် ကိုသတ်ပုံအတွက် ဖူးစာရှင်တောင် တွေ့ နိုင်သေးတယ်"

ဆိုပြီး စာဆိုသွင် ခေါ်ခဲ့တုန်းကတောင် ကိုကြီးသည် မကို အင်မတန်မှ စာဆိုသွင်နဲ့ စိတ်ချလက်ချ ရှိလှစွာ ...

"နေပါစေကွာ ညီမလေးနားမှာ မင်းရှိနေရင် ငါ စိတ်ချ ပါတယ်၊ ပြီးတော့ သင်္ကြန်လို မြန်ဆန်တဲ့ အဖြစ်အပျက် ရာသီပွဲကလေးတစ်ခုမှာ ဖူးစာရှင် တွေ့တယ်ဆိုတာ သိပ် တော့ မမှန်ဘူးထင်တယ်လို့ ငါ ယူဆတယ်၊ ဟော့ကောင် စာဆို ယောက်ဖကြီး၊ ငါ ဒီလောက် အသက်မကြီးသေးပါ ဘူးကွာ၊ လူဆိုတာ အသက်လေးဆယ်မှ ဘဝစတယ်ဆိုတာ မင်း မကြားဖူးဘူးလား"

ဟူ၍တောင် တုံ့ပြန် နောက်ပြောင်ခဲ့သေးသည်။ ကိုကြီးသည် အခုနောက်ပိုင်းမှာ မကို ဆူပူခြင်း၊ အပြစ်ရှာခြင်း၊ ထိန်းချုပ်ခြင်းတွေ မရှိသလောက် နည်းပါးလာခဲ့ခြင်းမှာ စာဆို သွင်က မအပေါ် အင်မတန်မှ မြတ်နိုးကြောင်း၊ မသည်လည်း အရာရာကို ပုံမှန်အတိုင်း ရင်ဆိုင်နိုင်ပြီ ဖြစ်ကြောင်းတို့ ရိပ်မိခဲ့



www.burmeseclassic.com

www.burmeseclassic.com



၍ ဖြစ်မည်။ သကြၤန်အကျနေ့ရဲ့ နံနက်စောစောမှာ မသည် စာဆိုသွင် လာခေါ်သောကြောင့် တစ်ခါမှ မရောက်ဖူးသော စာဆိုသွင့် အိမ်ကို ရောက်ခဲ့ရလေသည်။ လမ်းတစ်လျှောက်မှာ နံနက်စောစောဖြစ်တာတောင် သကြၤန်အရိပ်အငွေ့တွေ စတင် နေခြင်းအား ငေးမောစဉ် ...

"သကြၤန်လား၊ ပျော်စရာကောင်းလား မကောင်းလားတော့ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့က အကြၤန်ဆို အပြင် မသွားတတ်ဘဲ အိမ်ထဲမှာ ပီကေဝါးရင်း ကနေရတာကို ပိုသဘောကျလို့"

ဟူသော လှုပုံအပြင်အဆင်ကလေးနဲ့ မလိုက်ဖွာ ပြောတတ်ခဲ့သော စကားတချို့ကို ပြန်လည်သတိရမိသည်။

မင်းဝဏ်လို ခပ်ကဲကဲ ကောင်ကလေးတစ်ယောက် က သကြၤန်လို ပွဲတော်မျိုးကို သူနဲ့မဆိုင်သလို နေတတ်သတဲ့။ အဲဒါကတော့ မနဲ့ အတော်လေး ကွားခြားတဲ့ ဝါသနာလေး တစ်ခုပါပဲ။ မကတော့ သကြၤန်ဆိုရင် အပြင်ကို နည်းနည်းလေး ဖြစ်ဖြစ် ထွက်ကြည့်လိုက်ရမှ၊ ရေတစ်ခွက် နှစ်ခွက်လောက်ဖြစ် ဖြစ် သူများကို လောင်းလိုက်ရမှ စိတ်ကျေနပ်ချင်သော မိန်း တည်း။

"ဟေး ... လေးလေးစာဆို သူ့ကောင်မလေး ခေါ်လာပြီ ဟေ့၊ ရေပိုင်းလောင်းကြ ... ရေပိုင်းလောင်းကြ"





ခြံဝင်းထိပ်ကလေးမှာ ကားကို အထဲ ဝင်မရအောင် ပိတ်ရပ်ကာ အော်ဟစ်ဆူညံနေသော လူငယ် တစ်သိုက်ကြောင့် မသည် စာဆိုသွင့်ကို မေးမြန်းလို၍ လှည့်ကြည့်တော့ အစွမ်းကုန် ပြုံးပြနေသည့် မျက်နှာဖြင့် ...

"အဲဒါ ကိုယ့်ရဲ့တူတွေ၊ တူမတွေ၊ အရင်းရော တစ်ဝမ်းကွဲရော နှစ်ဆယ့်ငါးယောက်လောက် ရှိတယ်၊ မ လန့်သွားပြီလား၊ သူတို့က အဒေါ်သေးသေးလေးကို တွေ့ချင်နေကြတာလေ"

ပြောပြလေသည်။ စာဆိုသွင်မှာ မောင်နှမခုနစ် ယောက်ရှိပြီး သူက အငယ်ဆုံးသား ဖြစ်သလို မောင်နှမဝမ်းကွဲတွေ လည်း များပြားလှကြောင်း ကိုကြီးထံမှ မ သိခဲ့ပြီးပြီ။ သို့သော် သည်လိုအရွယ် တူ၊တူမတွေ ရှိလိမ့်မည်ဟု မထင်ထားခဲ့ချေ။ အားမှန်ကို တဒေါက်ဒေါက် ခေါက်ကာ ဗိုင်းအော်နေကြသော ခနဲ့ အသက်မတိမ်းမယိမ်းတွေရော၊ မထက် ငယ်ရွယ်သူ ကလေး တွေရော ကြည့်သည့်အကြည့်သည် မကို သူတို့ဦးလေးရဲ့ နီး လောင်းအဖြစ် သတ်မှတ်သောအကြည့်၊ ချစ်ခင်ယောအကြည့်၊ ပြီးတော့ ဖော်ရွေသောအကြည့်များ ဖြစ်နေခဲ့သောကြောင့် မသည် အလိုလို ပြန်လည် ပြုံးပြမိလျက်သား ဖြစ်ခဲ့ပြီ။

"ဟေ့ ... ကလေးတွေ၊ ခြံထဲ ကားဝင်ပါရစေဦးကွယ်၊ ဘယ့်နှယ် ပိတ်ရပ်နေကြတာတုံး၊ နောက်လည်း တွေ့ရမှာပဲ စာဆို့ ကောင်မလေး မင်းတို့ကို လန့်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ လေးလေး ကောင်မလေးကို ထားခဲ့ပြီးမှ လေးလေးကား ဝင်ခိုင်းမယ်၊ နောက်မို့ လေးလေးက ကာရုံကြီးလုပ်နေရင် မင်းတို့ လေးလေး ကောင်မလေးကို ရေမလောင်းရဘဲ နေမှာပေါ့ ဒယ်ဒီရဲ့"

"ဟုတ်တယ် ဟုတ်တယ်၊ လေးလေး စာဆိုကြီးရေ ကောင်မလေး ထားခဲ့ပါဗျို့"

"ဟဲ့ ... နင့်အသံကြီးက ငှက်ဆိုးထိုးတာကျနေတာပဲ ပါးစပ်ပိတ်ထားစမ်း သားငယ်"

"လေးလေး တံခါးဖွင့်ပါ၊ လေးလေး ဒီလို မညစ်နဲ့ စိတ်ချ၊ လေးလေး ကောင်မလေး ရေစိုရုံကလွဲရင် ဘာမှ မဖြစ်စေရဘူး၊ စိတ်ချ ... စိတ်ချ"

"ဆူတယ်ကွာ၊ ကတ်ဆက်ဖွင့်စရာတောင် မလိုဘူး၊ ဒီနှစ် ဒီမဏ္ဍပ် အကဲဆုံးပဲ"

မသည် သူတို့စကားတွေ လိုက်နားထောင်ရင်း အသံထွက် ရယ်မောနေမိပြီး စာဆိုသွင့်ကို ...

"မ ဆင်းလိုက်ရမလား ကိုစာဆို"

ဟု မေးတော့ စာဆိုသွင်သည် ခေါင်းတညိတ်ညိတ် ဖြင့် မ၏ ပျော်ရွှင်မှုကို သဘောတကျဖြစ်ကာ ...

"ဆင်းလေ၊ ကိုယ် ကားသွားထားပြီးရင် လာခဲ့မယ်၊ သူတို့က ရတနာပုံဆိုတဲ့ နာမည်ကလေးကို စကြားကတည်း





က ကိုယ့်ကို ဘယ်တော့ ခေါ်လာမလဲဆိုပြီး မေးနေကြ တာ၊ သူတို့က မကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြမှာပါ"

မသည် သူ့စကားအဆုံးတွင် ကားတံခါးကို ဖွင့်ဆင်း လိုက်သည်။ ဟေးခနဲ အသံနှင့်အတူ ရေတွေက ဝေါဝေါလောင်းသူ၊ ရေမွှေးပုလင်းကြီးဖြင့် တရှီးရှီး ဖျန်းသူတွေကြားမှာ မ နစ်မြုပ် သွားရသည်။ ကောင်မလေးတချို့ မရဲ့လက်ကို လာတွဲစဉ် မအတွက် တုန်လှုပ်အံ့သြခြင်းကို ပေးအပ်နိုင်သည့် သဏ္ဌာန်တစ်ခု မ၏ မျက်ဝန်းထဲသို့ ရောက်ရှိလာခဲ့သည်။

ဟင် ... ဒါဟာ ဒါဟာ မင်းဝဏ်ပါပဲဟု ရုတ်တရက် အော်မိမလို ဖြစ်ပြီးမှ အချိန်မီ ထိန်းချုပ်လိုက်ရသည်။ ဟိုး ... လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက မင်းဝဏ်ရဲ့ ဝတ်စားဆင်ယင်မှုအတိုင်း လည်ပင်းပိတ် စပို့ရှပ်အဝါ၊ ထိုအပေါ်က ထပ်ဝတ်ထားသော ရှပ်အင်္ကျီ အစင်းကျားလက်ရှည်၊ အလယ်ခွဲဆံပင် ကုပ်ထောက် တို့က လမ်းလျှောက်တိုင်း လွင့်လျက်၊ ခန္ဓာကိုယ်ကလည်း သမ်းလျှောက်ဟန်အတိုင်း သီချင်းတစ်ပုဒ်ကို စည်းချက်ညီညီ ဆိုနေသည့်အလား ယိမ်းနွဲ့လျက်။ မင်းဝဏ် မဟုတ်ပါဘူးဟု သိထားခဲ့ပြီးတာတောင် သူ့ဆီက မျက်ဝန်းတွေ မခွာနိုင်အောင် သည် မေ့မြော ပျော်ဝင်နေခဲ့ရလေသည်။

ထိုကောင်ကလေးသည် မအား သိနှင့်ပြီးဟန်ဖြင့် ကြည့်နေခဲ့၍ ဒါဟာ ကိုစာဆို့ တူတွေထဲက တစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လားဟု သံသယဖြစ်ကာ ကောင်မလေးတွေ လက်ဆွဲခေါ်၍ ထိုင်ခိုင်းသော ခုံတစ်ခုမှာ ကယောင်ကတမ်း ဝင်ထိုင်မိသည်။ မင်းတာ ဘာဖြစ်လို့ သည်လောက်တောင် မင်းဝဏ်နဲ့ တူနေရတာလဲ။ ဘယ်ဘက်နားရွက်များမှာ ရွှေရောင်နားကွင်း သေးသေးကလေး ရှိတာကအစ။ မရဲ့ သူ့အပေါ် စူးစမ်းလေ့လာမှုကို မင်းဝဏ်တုံ့ပြန်သည့် ဟန်ပန်အတိုင်း မထိတရိ ပြန်စိုက်ကြည့်လျက်။

"မ ဘာထိုင်လုပ်နေတာလဲ၊ လာလေ ရေပိုက်တွေ ဖွင့်နေပြီ၊ ရေသွားပက်ပါလား"

"ဟုတ်ကဲ့ ကိုစာဆိုကို စောင့်နေတာ"

မ၏နံဘေးမှ ထိုင်ရင်း မကို တကြည့်ကြည့် လုပ်နေသော ကလေးမလေးက မရဲ့ အခေါ်အဝေါ်နှင့် စာဆိုသွင့် အခေါ်အဝေါ်တို့ကို တအံ့တသြဖြစ်ကာ ...

"ဟယ် ... တီတီ့ကို လေးလေး 'မ'လို့ ခေါ်တယ်၊ တီတီကလဲ 'ကိုစာဆို'လို့ ခေါ်တယ်ဟေ့၊ အဲဒီကိစ္စ ငါအရင်သိသွားပြီ၊ ငါ့ကို ဘာကျွေးမလဲ"

ဟု အကျယ်ကြီး အော်လိုက်လျှင် အားလုံးက မဆီမဆိုင် ဟေးခနဲ ထပ်မံ ဝိုင်းအော်ကြပြန်သည်။ သို့သော် မင်းဝဏ်နဲ့တူသော ကောင်ကလေးမပါ။ သူ မပါတာကို မ သိနေတယ်ဆိုတာဟာ မကိုယ်တိုင် သူ့ကို ကြည့်နေမိခြင်းကြောင့် ဖြစ်တယ်ဆိုတာ သက်သေပဲပေါ့။



"ခန့်ခန့်နော် ငါ ခေါက်ထည့်လိုက်ရ၊ သွား နင့် တီတီအတွက် အကောင်းဆုံး ရေပိုက်ကို ရှာထားလိုက်"

"ဟင် ... ခန့်ကို ပထုတ်တယ်၊ မသိရင် ခက်မယ်"

စာဆိုသွင်သည် မ၏လက်ကို ဆွဲခေါ်လိုက်စဉ်တွင် ထိုကောင်ကလေးက မျက်မှောင်ကြုတ် ကြည့်နေတာက အံ့ဩစရာ။ မကို သူက သိနှင့်သတဲ့။ မသည် ရေပိုက်ကိုကိုင်၍ ရေပက်နေရသည်ကို စိတ်မဖြောင့်။ ထိုကောင်ကလေးဆီပဲ အာရုံတွေက တရစ်ဝဲဝဲ ဖြစ်နေပြန်သည်။ ခွင့်လွှတ်ပါ ကိုစာဆို၊ မကိုစာဆို့ကို သစ္စာဖောက်တာ မဟုတ်ပါဘူး၊ မင်းဝဏ်နဲ့ ချွတ်စွပ်တူသော ကောင်လေးတစ်ယောက်အဖြစ်သာ စူးစမ်းချင်ခဲ့တာပါ။ ထိုကောင်ကလေးသည် မတို့နှစ်ယောက်နားမှာ မခွာစတမ်း ရပ်လျက် မနဲ့ ကိုစာဆိုတို့ရဲ့ အရယ်အမော၊ အပြောဆိုများကို မနှစ်မြို့ဟန်နှင့် ကြည့်နေတာကိုလည်း မ သိနေခဲ့ပြန်သတဲ့၊ ဘယ်လိုလဲကွယ် မင်းဟာ ဟိုးအရင် ဆယ်နှစ်က မင်းဝဏ်ပုံစံကလေးမျိုး ဖြစ်နေခဲ့ပြီး မင်းထက် မက အသက်အများကြီး ကွာပါတယ်၊ မင်း စိတ်မဝင်စားသင့်ဘူးဟု မ ဆုံးမချင်သည်။ သူဟာ ကိုစာဆိုရဲ့ တူတစ်ယောက်လားဟူ၍ စာဆို့ကို မေးချင်လျက် မမေးရဲပြန်ပါ။

သို့သော် မ မေးစရာမလိုခဲ့ပါ။ ကိုစာဆိုသည် မကို ခဏထားရစ်ပြီး အိမ်ထဲဝင်သွားစဉ် ထိုကောင်ကလေးရဲ့အကြောင်းစုံကို မ သိခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ ကျွန်တော့်နာမည် မင်းထင်ပါ၊ မမ ကျွန်တော့်ကို ခဏခဏကြည့်တာ ကျွန်တော့်ကို သိနေလို့လား၊ မမနာမည် ရတနာပုံဆိုတာ ကျွန်တော် သိပြီးပါပြီ"

ဟု မကို စတင်မိတ်ဆက်စဉ် မသည် ကိုစာဆို အိမ်ထဲက ပြန်ထွက်လာလို့ မြင်သွားရင် မကို အထင်လွဲတော့မှာပဲဟူသော အတွေးဖြင့် စိတ်ညစ်ရပြန်သည်။ မကို စကားလာပြောတဲ့ ကောင်လေးက တခြားသူဆို အကြောင်းမဟုတ်၊ မင်းဝဏ်နဲ့ တူသော ကျနုးရိုဗ်နှင့်တူသော ကောင်ကလေး ဖြစ်နေ၍ ကိုစာဆို အထင်လွဲဖို့ ကောင်းမည့်အဖြစ်။

"ကျွန်တော် ကိုကြီးမင်းဝဏ်ရဲ့ ညီအငယ်ဆုံး မင်းထင် ဆိုတာ မမ သိလား"

ဘုရားရေး ... မင်းဝဏ်မှာ သည့်လို ညီတစ်ယောက် ရှိခဲ့တယ်ဆိုတာ မ မသိခဲ့ပါလား။ ဟုတ်သည်၊ မဟာ မင်းဝဏ်နဲ့ ရှစ်တန်းကတည်းက ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုပေမဲ့ မင်းဝဏ်ရဲ့ မိသားစုအကြောင်း တစ်ခါမှ စပ်စပ်စုစု မမေးဖူးသလို မင်းဝဏ်က လည်း မပြောပြခဲ့ပါ။ အို ... ကုန်ကုန်ပြောမယ်၊ မမှာလည်း ကိုကြီး တစ်ယောက်သာ ရှိပြီး မိဘတွေ ရှိတာ မရှိတာတောင် မင်းဝဏ် တစ်ခါမှ မမေးခဲ့ဖူးသလို မလည်း ပြောပြခဲ့လို့လား မနဲ့ မင်းဝဏ်ဟာ နှစ်ယောက် တစ်ကမ္ဘာ ထင်ခဲ့ကြသူတွေသာ ဖြစ်သည်။



"မောင်မင်းထင်ကို မမ မသိပါဘူး၊ မင်းဝဏ်နဲ့တူလို့ ကြည့်မိတာပါ၊ မင်းဝဏ်က မမကို သူ့အကြောင်းတွေ တစ်ခါမှ သေသေချာချာ မပြောခဲ့ပါဘူး မောင်မင်းထင်၊ ဒီကို ဘာလာလုပ်တာလဲ"

"ကျွန်တော့် သူငယ်ချင်း ပြည့်ဆိုတဲ့ကောင်က မမနဲ့ လက်ထပ်တော့မဲ့ ဦးစာဆိုသွင်ရဲ့ တူတစ်ယောက်ပါ၊ ကျွန်တော် မမနာမည်ကို စကြားကတည်းက ကိုကြီး မင်းဝဏ်ရဲ့ ရတနာမှန်း သိနေပါတယ်၊ မမ ရက်စက်တယ် နော်၊ ကျွန်တော့်ကိုကြီး မင်းဝဏ်ကို မေ့နိုင်ပြီး နောက်ထပ် တစ်ယောက်ကို ချစ်နိုင်သားပဲ၊ ကျွန်တော် အဲဒီအတွက် ရင်နာတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ငယ်ငယ် လေးကတည်းက ကိုကြီးမင်းဝဏ်ရဲ့ နှုတ်ဖျားက မချစတမ်း ရေရွတ်ခဲ့ရအောင် စွဲလမ်းခံခဲ့ရတဲ့ ရတနာပုံဆိုတဲ့ မိန်းမ ဟာ လွယ်လွယ်မေ့တတ်တဲ့ မိန်းမ ဖြစ်လို့ပဲ၊ ကိုဖေလတို့ ကိုရန်လေးတို့ ပြောတော့ မမကလည်း ကိုကြီးမင်းဝဏ်ကို သိပ်ချစ်တယ်တဲ့၊ အခုတော့ ဒီလိုလည်း မဟုတ်ပါလားဗျာ၊ မမဟာ အခုတော့လည်း ဦးစာဆိုသွင်ဆိုတဲ့ လူတစ်ယောက် ရဲ့ရင်ခွင်ထဲမှာ ပျော်နေတဲ့မိန်းမ ဖြစ်နေပြီနော်၊ မမ သနား မရှိဘူးဗျာ၊ ကျွန်တော့်အစ်ကိုအစား ကျွန်တော် မခံမရပ် ဖြစ်ရတယ်၊ မမ ခင်ဗျားဟာ ရုပ်ကလေး လှသလောက်

www.burmeseclassic.com

www.burmeseclassic.com



လူပုံကလေး ပျော့ချွဲသလောက် နှလုံးသားမရှိတဲ့ မိန်းမ
တစ်ယောက်ပဲ"

"ဘာတွေ လာစွပ်စွဲနေတာပဲ မောင်မင်းထင်၊ မင်း ဘာမှ
မသိဘဲ ဒီလောက် ပြင်းပြင်းထန်ထန် ဝေဖန်စရာ မလိုပါ
ဘူး၊ ဒါတွေ မင်းနဲ့ မဆိုင်ဘူးလို့ ထင်တယ်"

"ဟုတ်တယ်လေ၊ အခုတော့ ကျွန်တော်နဲ့ ခင်ဗျားတ
ဘာမှဆိုင်ဘူးပေါ့၊ အကယ်၍ ကျွန်တော့်အစ်ကိုသာ ရှိခဲ့
ရင် ခင်ဗျားက ကျွန်တော့်အစ်ကိုရဲ့ ဇနီးဖြစ်ခဲ့ရင် ကျွန်တော့်
အစ်မအဖြစ် သက်ဆိုင်ရတော့မယ်ဆိုတာ ခင်ဗျား တွေး
ကြည့်လိုက်စမ်းပါ မမရာ၊ ခင်ဗျား ကိုကြီး မင်းဝဏ်ကို
တကယ် မချစ်ခဲ့ပါဘူးဆိုတာ ဝန်ခံလိုက်စမ်းပါဗျာ
ကျွန်တော့်ကို အားနာပြီး ညာမနေပါနဲ့လား"

ဟင်အင့် မင်းဝဏ်ရယ်၊ မလေ မင်းဝဏ်ကို တကယ်
ချစ်ခဲ့ပါတယ်။ ဘဝတစ်ခုလုံးကို အမည်းစက် ထင်ခဲ့အောင်တောင်
ချစ်ခဲ့ရပါတယ်ဆိုတာ မသိတဲ့သူတွေ ရှိနေသမျှ မ ရင်နာနေဦး
မယ်။ မင်းထင်ဟာ ဘာဖြစ်လို့ သည်လို ပြီးခဲ့ပြီးတဲ့ လွန်ခဲ့သော
နှစ်နှစ်ကျော် သုံးနှစ်နီးပါးလောက်က အဖြစ်ကို ပြန်ပြီး ပုံကြီးချဲ့
ချင်နေရတာလဲ။ အို ... မ ဘာမှ မမှားသေးပါဘူးနော်။

"မောင်မင်းထင် သွားတော့၊ ကိုစာဆို မြင်သွားရင်
အထင်လွဲစရာတွေ ဖြစ်ကုန်လိမ့်မယ်၊ မမရဲ့ဘဝထဲမှာ



အားလုံးကို မေ့ထားလိုက်နိုင်ပြီဆိုတဲ့ အဖြေပေးလိုက်ပါမယ်၊
မင်း စိတ်ကျေနပ်ပါတော့နော်၊ မမ တောင်းပန်ပါတယ်"

တက်ခေတ်သံ တစ်ချက်နှင့်အတူ မင်းထင်သည်
မရဲ့ရှေ့မှ ချာခနဲ လှည့်ထွက်သည့်အခိုက်တွင် မအတွက် ကံဆိုး
ခြင်းကို ရင်ဆိုင်ရတော့သည်။ အိမ်အပေါ်ထပ် ဝရန်တာကနေ
မတို့နှစ်ယောက်ကို ရပ်ကြည့်နေသော စာဆိုသွင်၏ မျက်လုံး
တစ်စုံနှင့် မရဲ့ မျက်ဝန်းတို့ ဆုံစည်းလိုက်ရခြင်းပင် ဖြစ်သည်။

မဟုတ်ဘူး ကိုစာဆို၊ မဟုတ်ဘူး။ ကိုစာဆို ခနဲ့ပြုံး ပြုံးပြရလောက်
အောင် မ ဘာမှ မရိုးမသား မလုပ်ခဲ့ပါဘူး။ မင်းဝဏ်နဲ့တူတဲ့
ကောင်ကလေးမို့ စကားပြောရအောင် ဖန်တီးနေတာ မဟုတ်ပါဘူး။
မ,ဟာ သည်လို ဇာတ်လမ်းရှာခဲ့တဲ့ မိန်းမလည်း မဟုတ်ပါဘူး။
မကို အထင်ပိုလွဲသွားခဲ့ပြီလားဟင်။

မရဲ့ အမှားတွေကို ခွင့်လွှတ်ပေးနိုင်တယ်ဆို။ မရဲ့
အပြစ်တွေကို လျစ်လျူရှုပေးနိုင်တယ်ဆို။ အခုတော့ မင်းဝဏ်နဲ့
ပတ်သက်တာလေးတွေကို လိုက်သဝန်တိုတာ၊ မသင်္ကာဖြစ်တာ
တော့ မကောင်းပါဘူး။ ကိုစာဆို မသိလို့ပါ။ မ,ဟာ အခုဆို
ကိုစာဆိုကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ အရာရာကို ရင်ဆိုင်ရဲတဲ့
သတ္တိတွေ မွေးတက်လာရတယ်။ ကိုစာဆို့ အလိုကျ ကိုစာဆို့
ဆန္ဒဟူသမျှ ဖြည့်ပေးချင်နေတယ်ဆိုတာ ပြောပြချင်ရဲ့။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထဲ ပြန်လှည့်ဝင်လာပြီး တွေ့ရာခုံတစ်ခုမှာ ဝင်ထိုင်ချ၍ မျက်ဝန်းအစုံကို မေးမှိတ်ထားသည်ထိ ခုနကမြင်ကွင်းက ဖျောက်မရခဲ့ချေ။ အဲသည် ကောင်ကလေးဟာ မင်းဝဏ်နဲ့ တူလှချည်လား။ သူ ပြောပြဖူးတဲ့ မင်းဝဏ်ဟာ ကီနူးရိဗ်ရဲ့ အသက်နှစ်ဆယ်အရွယ်တုန်းက ပုံစံအတိုင်းဆိုတာ အမှတ်ရတတ်တဲ့ သူ့မှတ်ဉာဏ်တွေက သူမနဲ့ ရပ်စကားပြောနေသော ကောင်ကလေးကို မြင်လိုက်တာနဲ့ တန်းခနဲသဘောပေါက်သွားခဲ့သည်။ အေးလေ ငယ်ငယ်တည်းက ချစ်ခဲ့ရတဲ့ ချစ်သူဆိုတော့လည်း ဘယ်မေ့နိုင်ပါ့မလဲ။ သူမရဲ့ ချစ်သူနဲ့ ဆင်ဆင်တူတဲ့ လူတွေ အမှတ်တရကလေးတွေကို သတိရနေခဲ့မှာပေါ့။ အခုတောင် ကြည့်ပါလား။ သူတောင် မမြင်တဲ့ သည်ကောင်ကလေးကို သူမ ကြို မြင်ထားခဲ့ပြီးပြီ။ စကားတွေ ပြောကြည့်နေခဲ့ပြီ။ သည်ကောင်ကလေးက ဘယ်သူများပါလိမ့်။ ခန့်ခန့်တို့ ပြည့်တို့ရဲ့ သူငယ်ချင်း ဖြစ်နိုင်သည်။ သားငယ်တို့ မီးမီးတို့ ခေါ်လာသူလည်း





ဖြစ်နိုင်သည်။ များပြားလှတဲ့ တူ၊ တူမတွေတောင်မှ စုံစုံလင်လင် မနည်းမှတ်နေရတာ။ အသီးသီး ခေါ်လာကြတဲ့ သူငယ်ချင်းတွေကို ဘယ်လိုလုပ် သိနိုင်မလဲ။

"လေးလေး ဘာလုပ်နေတာလဲ၊ တီတီလေးက လေးလေး ဘာလို့ အိမ်အောက် ပြန်မဆင်းတာလဲဆိုပြီး မေးခိုင်းလိုက်တယ်၊ လေးလေးဆီ လိုက်သွားဆိုတော့လည်း မသွားဘူး သိလား၊ တီတီက လေးလေးပျောက်သွားမှာ စိုးရိမ်နေပုံရတယ် ဟား ... ဟား၊ ကဲ ... သွားလိုက်ပါဦး လေးလေးရာ"

"ခေါင်းကိုက်လို့ ဒီမှာ နားနေတယ်ပြောလိုက်ပါ မျက်ချယ်၊ သူ့ကို ညည်းတို့နဲ့အတူတူ ခေါ်ထားလိုက်ပေါ့၊ သူ ပျင်းတယ်ဆိုရင်လည်း မဏ္ဍပ်ထဲမှာ ထိုင်ခိုင်းထားလိုက်"

"ရက်(စ်)။ လေးလေး ပြောသမျှ တစ်လုံးမကျန် တီတီလေးကို ပြန်ပြောလိုက်မယ် စိတ်ချ"

စိတ်မပူပါနဲ့ မ၊ မင်းကို ကိုယ် အပြစ်တင်မလို့ ဆူမလို့ မကို ရပ်ကြည့်တာ မဟုတ်ပါဘူး၊ အပြစ်လည်း မတင်ရက်ပါဘူး။ မင်း စိတ်ချမ်းသာရင် အားလုံးကို လိုက်လျောပေးရမှာပေါ့ဟူသော အတွေးတို့ဖြင့် ဂရန်တာမှ တစ်ဆင့် မြင်နိုင်သော ရေပက်နေရာ မဏ္ဍပ်ကလေးကို မကြည့်မိအောင် မျက်နှာလွှဲထားလိုက်သည်။ သူမကလေး လွှတ်လွှတ်လပ်လပ် ရယ်မော

www.burmeseclassic.com



လျှက် ရေပိုက်ကလေးကိုင်ကာ ရေပက်နေသည်ကို ဘေးကနေ တစိမ့်စိမ့် ရပ်ငေးနေတာ သူမကလေးမသိ။ နောက်ဆုံး သူမကလေးဟာ ချစ်သူဟောင်းနဲ့ ဆင်တူသော ကောင်ကလေး တစ်ယောက်ကို စကားရပ်ပြောနေခြင်းကို မြင်ခဲ့တာတောင် အပြစ်မဖွဲ့ချင်တာကိုလည်း သူမ မသိ။

အင်း … မဖြစ်နိုင်တော့ပါဘူး။ သကြိန်းပြီးတာနဲ့ အမြန်ဆုံး လက်ထပ်နိုင်ဖို့ စီစဉ်မှပါ။ နို့မို့ သူမှာ သဝန်တို ဒေါသဖြစ်ရတာနဲ့ ပြန်ပြီး ခွင့်လွှတ်ရတာနဲ့၊ သူမကလေးကို ဆုံးရှုံးရမှာ စိုးရိမ်ရတာနဲ့ ရူးသွပ်ရလိမ့်မယ်။

"လေးလေး … လေးလေး အိပ်နေပြီလား"

လှေကားမှ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးတက်လာပြီး ခေါ်လိုက်သော မျက်ချယ်၏အသံကြောင့် 'မအိပ်သေးပါဘူး'ဟု ပြန်ပြောရင်း မျက်လုံး ဖွင့်ကြည့်လိုက်သည်။ အင်း … သည်ကောင်မလေး၊ ဘာလာရှုပ်ဦးမလဲဟု ဆူငေါက်ရန်ပြင်စဉ် သူ့ဆီက စကားသံမစခင် မျက်ချယ်က ဖြတ်ပြောလေသည်။

"လေးလေးဆီကို တီတီလေး လာချင်တယ်တဲ့၊ လာရမလားတဲ့၊ အံမယ် မျက်ရည်လည်း နည်းနည်းဝဲနေသေး၊ ဘာဖြစ်ကြတာလဲ လေးလေးတို့ရာ၊ လေးလေးက စိတ်ကောက်နေတာဆိုရင်တော့ မျက်ချယ် ကန့်ကွက်ရလိမ့်မယ်၊ တီတီလေးက သနားပါတယ် လေးလေးရဲ့၊ ဒီကို လိုက်လာရတာ



လေးလေး မျက်နှာတစ်ခုတည်း အားကိုးပြီး လိုက်လာတာ၊ လေးလေး စဉ်းစားကြည့်ဖို့ ကောင်းတယ်"

ကြည်စမ်း။ သူမလေး စိတ်ထိခိုက်ရအောင် လုပ်မိပြီ ထင်ပါရဲ့။ ဆောရီး မရယ်။ ကိုယ် နည်းနည်းမှားသွားရတယ်။ အဲသည် ကောင်ကလေးက မင်းဝတ်နဲ့ ဆင်ဆင်တူတာ ဘာဖြစ်သလဲ။ သူမကလေးနဲ့ စကားပြောတာ ဘာဖြစ်သလဲ။ သူမဟာ သူ့ကို ချစ်တယ်လို့ တစ်ခွန်းမှတောင် ဖွင့်ဟ အဖြေမပေးခဲ့သေးဘာ။ လက်ထပ်ပါ့မယ်လို့လည်း တစ်ခါမှ မပြောခဲ့သေးတာ။ သူနဲ့ ကိုသုတ်ပုံတို့ကသာ ဖြစ်ချင်တာကို ဖြစ်အောင် အတင်းစီမံနေကြသူတွေပဲ။ သူမဟာ အရုပ်တစ်ရုပ်လို သတ်မှတ်မိကြသူတွေကြားမှာ ရပ်တည်နေခဲ့ရသူကလေး။

"လေးလေး ဘယ်လိုလဲ ပြောပါဦး၊ ဒီမှာ မျက်ချယ်ကိုယ်ပေါ်က ရေတွေ တတောက်တောက်ကျနေလို့ ကြမ်းပြင်တွေ ကွက်ကုန်ရင် ဘွားဘွား ဆူလိမ့်မယ်"

"ကဲပါ တကျည်ကျည်နဲ့ မပြီးတော့ဘူး၊ ငါ ဆင်းလာခဲ့မယ်လို့ ပြောလိုက်၊ ဘယ့်နှယ် … အိပ်နေချင်တာလည်း အေးအေးဆေးဆေး မအိပ်ရဘူးကွာ၊ ခက်တာပဲ"

မျက်ချယ်၏ ခေါင်းကို ခေါက်ခနဲနေအောင် ခေါက်မလို့ပြင်တာ မမီလိုက်ချေ။ သူ့ရှေ့မှ အရင်ပြေးဆင်းသွားနှင့်သည်။ လှေကားအောက် ရောက်ရောက်ချင်းတွင် သူ့အား စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မှုများစွာ ပေးစွမ်းနိုင်သော သူမ၏ မျက်ရည်ဝဲသော မျက်ဝန်းကလေးကို ရင်ဆိုင်ရလေသည်။ ဘာတစ်ခွန်းမှ မပြောတော့ဘဲ သူမ၏ ပခုံးကလေးအား သိုင်းဖက်ကာ 'လာ'ဟု ခေါ်၍ ရေပက်မဝင်အောင် ပိတ်ရှိရာသို့ လျှောက်လာခဲ့သည်။ သူမထံမှလည်း ဘာတစ်ခွန်းမှ မဆိုတော့အောင် တိတ်ဆိတ်ငြိမ်သက်နေခဲ့လွန်းသည်။

သူတို့နှစ်ယောက်အား မကျေမနပ်ဟန်ဖြင့် လိုက်ကြည့်နေသော ထိုကောင်ကလေးအား မသိကျိုးကျွန်ပြုလျက် သူမအတွက် ရေပိုက်ကို ယူပေးလိုက်သည်။

သူမက ခေါင်းခါငြင်းဆန်လျက် ...

"မ မကစားချင်တော့ပါဘူး ကိုစာဆို၊ ဟိုနားကပဲ ထိုင်ကြည့်ပါရစေနော်"

"ကောင်းပြီ"

သူ့ထံမှ တိတ်ဆိတ်မှုကိုလည်း သူမ မဝံ့မရဲ ဖြစ်နေလိမ့်မည်။ သူမရဲ့ တိတ်ဆိတ်မှုကတော့ ကြောက်စရာကောင်းလောက်အောင် ငြိမ်သက် တိတ်ဆိတ်ခြင်း ဖြစ်သည်။ ခေါင်းငုံ့လျက် လက်ကိုင်ပဝါကို ဆုပ်ချေနေရင်း သူ့အား တစ်ချက်တစ်ချက် ခိုးကြည့်တတ်သော သူမရဲ့ အားငယ်တတ်မှုကို တဖြည်းဖြည်း သနားမိပြန်သည်။ မင်းရဲ့နံဘေးမှာ ထာဝရ ရပ်တည်ပေးမဲ့ သူဆိုတာ မင်း မသိသေးတာကတော့ စိတ်မကောင်းပါဘူး မရယ်ဟု ပြောပြချင်သားပင်။





ထိုနေ့ တစ်နေ့လုံးသည် အပျော်ဟူသမျှ ဆိတ်သုဉ်းခဲ့ရသော နေ့တစ်နေ့ ဖြစ်သည်။ ထမင်းဝိုင်းမှာ တိတ်ဆိတ်လွန်းလှသော သူတို့နှစ်ယောက်ကို သူ့မိဘတွေက မေးယူရတဲ့အထိ။ တူ၊ တူမတွေက အတွေးတစ်မျိုးဖြင့် တိုးတိုး တိုးတိုး ကပ်ပြောလိုက်၍ သူ့ကို ထပ်မံ မမေးမြန်းတော့ချေ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ထက် ရှစ်နှစ်လောက်ငယ်တဲ့ မိန်းမတစ်ယောက်၊ ပြီးတော့ ကိုယ့်တူ၊ တူမတွေနဲ့ မတိမ်းမယိမ်းလောက် အရွယ်ကလေးရှိတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့၊ လက်တွဲဖို့ သား သဘောတကျ ရွေးချယ်ခဲ့ပြီးမှ သူ့ရဲ့ ကလေးဆန်တဲ့ အပြုအမူမျိုးကိုတော့ သားသည်းခံနိုင်မှပေါ့၊ သမီးလေးက သားကို အင်မတန်အားကိုး ချစ်ခင်လိမ့်မယ်လို့ မေမေ ထင်တယ်"

မေမေက သည်လောက်တော့ သူ့ကို ဆုံးမခဲ့သေးသည်။ အားလုံးထင်တာက သူမနဲ့ သူတို့ တစ်ခုခုကို စကားများထားကြလောက်သည်။ အမှန်တော့ သူကလည်း ဘာမှ မပြော၊ သူမကလည်း ဘာမှ မဖြေရှင်းဘဲနဲ့ နှစ်ယောက်သား ကျိတ်ရန်ဖြစ်နေတယ် ပြောရမလား။ စစ်အေးတိုက်ပွဲ ဖြစ်နေတယ်လို့ နှိုင်းရမလား မသိချေ။ မေမေ ပြောသော စကားတွေထဲမှာ 'သမီးလေးက သားကို အင်မတန် အားကိုး ချစ်ခင်လိမ့်မယ် ထင်တယ်' ဆိုတဲ့ စကားစုကို အနှစ်သက်ဆုံးပါပဲ မေမေ။ သည်စကား မှန်လင့်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



"တီတီလေး နောက်နေ့တွေလည်း လာဦးနော်"

ဟု ထပ်မှာနေကြသော တူမတွေအား ချင့်ချင့်ချိန်ချိန် ပြန်ဖြေနေသော သူမကလေးရဲ့ စိတ်တိုင်းကျ ဖြစ်စေရအောင် ဆောင်ရွက်ပေးချင်စိတ်က အဆင်သင့် ရှိနေသတဲ့။

"မနက်ဖြန် မကို လာမခေါ်ပါနဲ့တော့ ကိုစာဆို၊ မ အိမ်မှာပဲ နားနေချင်တော့တယ်"

သူ့ရဲ့ အထင်လွဲမှုကို မရှိချင်တဲ့သဘောနဲ့ သည်လို ရှောင်ဖယ်လိုက်ခြင်းများလားဟု တွေးနေခဲ့သေးသည်။ ထိုစကားကလေးဖြင့် သူ့ကို နှုတ်ဆက်လျက် အိမ်ထဲ ဝင်သွားသော သူမကို ခဏငေးကြည့်ပြီး ကားစက်နှိုးစဉ် အိမ်ထဲမှ ကိုသတ်ပုံရဲ့ 'အိမ်ထဲဝင်ပါဦးလား' ဆိုသော ဖိတ်ခေါ်စကားသံကို ကြားလျက်နဲ့တောင် မကြားချင်ဟန် ဆောင်ခဲ့မိတာသာ ကြည့်တော့။ သည်နေ့ ဘယ်လောက်တောင် စိတ်ညစ်ညူးနေခဲ့မိသလဲဆိုတာ။

❄ ❄ ❄





မသည် တင်းမာ ခက်ထန်လွန်းသော ကိုစာဆို့ ဆံနှာကို ဘယ်အချိန်မှာများ ပျော့ပျောင်းလာလိမ့်မလဲ ဟူသော အလင့်ချက်ဖြင့် ငြိမ်သက် စောင့်မျှော်ခဲ့ရသော နေ့ကလေး ကုန်ဆုံးသွားရခြင်းဟု ကြေကွဲနေမိသည်။ သူ့ဆီက စကားတစ်ခွန်း လောက် မဟာမှတော့ မ ဘယ်ပြောရဲပါ့မလဲနော်။ မေးလိုက်စမ်း ပါ မကို တစ်ခုခု ဆူငေါက်မေးလိုက်စမ်းပါဟု အကြိမ်ကြိမ် ထဲမှာ တောင်းဆိုနေခဲ့မိသော်လည်း သူက နေနိုင်လွန်း၊ မာန လွန်း၊ အသည်းမာလွန်းသော ယောကျာ်းတစ်ယောက် ဖြစ် ခဲ့သည်။

"မ ရှင့်ကို သိပ်ချစ်နေမိလို့ ရှင့်ဆီက အမုန်း[illegible] မရချင်တော့တဲ့ မိန်းမတစ်ယောက်ပါ၊ ရှင် [illegible] ကို ရင်မဆိုင်ဝံ့တဲ့ မိန်းမတစ်ယောက်ပါ ကိုစာ[illegible]"

ဟု ခပ်တိုးတိုး ရေရွတ်လျက် မျက်နှာ[illegible] နှင့် ဖိကပ်ကာ ကြာကြာ ငိုနေခွင့်တောင် မရခဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ညီမလေးရေ ဖုန်းလာတယ်ဟူသော အော်သံကြောင့် မရဲ့ အခန်းထဲက ဖုန်းကို ကောက်ကိုင်လိုက်ချိန်တွင် ဘယ်သူဆိုတာ သိရ၍ အံ့သြတုန်လှုပ်ရပြန်သည်။

"မမလား မမရတနာပုံ ကျွန်တော် မင်းထင်ပါ၊ တစ်ဆိတ် ကျေးဇူးပြုပြီး ဖုန်းမချလိုက်ပါနဲ့ မမ၊ ကျွန်တော် ပြောစရာ အနည်းငယ် ရှိလို့ပါ"

မသည် လက်ဖျား ခြေဖျားတွေ အေးစက်လျ ချွေးစေးတွေ ရွှဲနစ်လျက် မင်းထင်၏အသံကို ကြိုးစားနားထောင် ရင်း ...

"မင်း ဘာ နှောင့်ယှက်ဦးမလို့လဲ"

ဆိုတဲ့ အမေးတော့ မေးဖြစ်အောင် မေးမိသေးသည် မင်းထင်သည် သက်ပြင်းတစ်ချက်ချလျက် မ၏ အမေးကို ငြိမ်သော အသံဖြင့် တစ်လုံးချင်း ဖြေလေသည်။

"မမကို ကျွန်တော် တောင်းပန်ချင်လို့ပါ၊ မနက်က ကို ကျွန်တော် မိုက်မိုက်ရိုင်းရိုင်း ပြောဆိုမိတဲ့ အတွက် မမ၊ ကျွန်တော် အစကတော့ မမကိုတွေ့ရင် ဒီထက် ရန်တွေ့ဦးမလို့ပါပဲ၊ ပြည့်တို့ဦးလေးရဲ့ ဓနီးလောင် ရတနာပုံရုပ်ရှင် ကုမ္ပဏီပိုင်ရှင်ကြီးရဲ့ညီမ ရတနာပုံ သိတဲ့နေ့ကတည်းက ဒီအကြံအစည် ရှိခဲ့တာ၊ ကျွန် ကိုကြီး မင်းဝဏ်တို့က သိပ်ရုပ်တူကြလို့ အ



ပြောသလို ကျွန်တော်ကလည်း ကိုကြီးမင်းဝဏ်ကို သိပ်ချစ်ခဲ့တယ်၊ ငယ်ငယ်ကဆို ကိုကြီးမင်းဝဏ် ပက်လက်လှန်အိပ်နေတဲ့အခါ ရင်ဘတ်ပေါ် တက်ထိုင်ပြီး ကိုကြီးမင်းဝဏ်ရဲ့ မျက်နှာကို တစိမ့်စိမ့် ကြည့်ရင်း၊ ကိုကြီးမင်းဝဏ် ပြောပြသမျှ မမရဲ့အကြောင်းတွေကို နားထောင်ရင်း မမတို့ နှစ်ယောက်ရဲ့ ချစ်သူဘဝကို သိပ်အားကျခဲ့တာ၊ ကျွန်တော့် အသက် ဘာရှိဦးမှာလဲ၊ ငါးနှစ်၊ ခြောက်နှစ်သားလောက်ပေါ့၊ အဲဒီကတည်းက ကျွန်တော် မမကို သိနေခဲ့ပြီး ကိုကြီးမင်းဝဏ် ဆုံးတဲ့ အချိန်အထိ မမကို ကျွန်တော် အမြဲ စောင့်ကြည့်နေခဲ့တယ်၊ ဒါပေမဲ့ မမ မန္တလေးမှာ သွားနေတော့ မမအကြောင်းတွေ မသိခဲ့ရဘူး၊ သိရတဲ့ အချိန်လည်းကျရော မမကို ဦးစားဆိုသွင်နဲ့ လက်ထပ်ဖို့ စီစဉ်တဲ့အချိန်ကျမှ သိရတယ်"

"နေစမ်းပါဦး မင်း ဒီအကြောင်းတွေကို ဘာရည်ရွယ်ချက်နဲ့ လာပြောပြနေတာလဲ၊ မမ နားမလည်ဘူး မောင်မင်းထင်"

"ဒီလိုပါ မမ၊ ကျွန်တော် ဒီသတင်း ကြားခါစက ကိုကြီးမင်းဝဏ်ဘက်ကနာပြီး မမကို မုန်းတီးမိသေးတယ်၊ မမဟာ ကျွန်တော့် အစ်ကိုကို သစ္စာမရှိဘူး၊ တကယ် မချစ်ဘူး ထင်ခဲ့တာ မနက်ကအထိပေါ့၊ ဒါပေမဲ့ ကျွန်တော် မှား သွားပါတယ် မမ၊ အိမ်ပြန်ရောက်ရောက်ချင်း ကိုဝေလ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုရန်လေး၊ မဒေလီယာနဲ့ မစန္ဒာတို့ဆီ တစ်ယောက်ချင်း ဖုန်းဆက်ပြီး အဖြစ်အပျက်မှန်ကို မေးကြည့်မိတော့မှ အကြောင်းစုံကို သေသေချာချာ သိခဲ့ရပါတယ်၊ မမနဲ့ ကိုကြီး မင်းဝဏ်တို့ဟာ သိပ်ချစ်ခဲ့ကြတယ်ဆိုတာ၊ မမက ကိုကြီးမင်းဝဏ်ကို အသက်နဲ့လဲပြီးတောင် ချစ်ခဲ့တယ်ဆိုတာ အခုမှ သိခဲ့ရတယ်၊ ဦးစာဆိုသွင်ကို လက်ထပ်ဖို့ သဘောတူရတာလည်း မမရဲ့အစ်ကို ဦးသတ်ပုံရဲ့ စနက်ဆိုတာလည်း သိခဲ့ပါပြီ၊ ဒါကြောင့် မမကို မတောင်းပန်ရရင် ဒီနေ့ည အိပ်လို့တောင်မရအောင် ဖြစ်နေလို့ ဖုန်းဆက်ပြီး တောင်းပန်ရတာပါ၊ မမ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ မမကိုလည်း ကျွန်တော် နားလည်သွားပါပြီ တကယ်တော့ သေပြီးတဲ့ လူတစ်ယောက်ကို မေ့ပစ်လိုက်တာက အကောင်းဆုံးဆိုတာ ကျွန်တော် သဘောပေါက်ပါပြီ၊ ပြီးတော့ ကိုကြီးမင်းဝဏ်ကလည်း အကျိုးမရှိတဲ့ အလုပ်တွေလုပ်ခဲ့လို့ သေခဲ့ရတဲ့လူပါ”

အင်း … သိပ်ကို နောက်ကျခဲ့လေစွ မောင်မင်းထင်။ မင်းဘာသာ စိတ်လိုက်မာန်ပါ လာရန်တွေ့ပြီး ပြန်တောင်းပန်တဲ့ အကြောင်းက လူမသိသူမသိ ပြီးဆုံးသွားခဲ့ပေမဲ့ မမှာတော့ ဘယ်လောက် စိတ်ဆင်းရဲလိုက်ရသလဲ ဆိုတာ။ စကားရပ်ပြောနေတာလေးကို မတော်တဆ မြင်ရတာနဲ့ မင်းဟာ မင်းဝဏ်နဲ့



ချွတ်စွပ်တူနေရတာနဲ့ မကို စကားတောင် ဟက်ဟက်ပက်ပက် မပြောချင်တော့အောင် မုန်းတီးသွားခဲ့တဲ့ ကိုစာဆိုဟာ သည်အကြောင်းတွေ သိမှ မသိခဲ့တာပဲ။ တကယ်ဆို နည်းနည်းပါးပါး ဖွင့်ဟမေးမြန်းဖို့သင့်တယ်။ အပြစ်တင်တာဖြစ်ဖြစ်၊ ဆူပူကြိမ်းမောင်းတာဖြစ်ဖြစ်၊ သဝန်တိုခနဲ့တာဖြစ်ဖြစ်တော့ ကြားချင်ခဲ့သားပင်။ သို့သော် သူက မကို အသံတိတ်နှိပ်စက်တတ်သူလည်း ဖြစ်သည်။ ကဲ … မဆိုတဲ့မိန်းမဟာ ဘယ်လောက် ဝဋ်ကြီးလိုက်တဲ့ မိန်းမလဲ။ ချစ်သူထံက တစ်ခွန်းတလေကိုတောင်မှ ကြားခွင့်မရခဲ့တာ။

“မမ မနက်ဖြန်လည်း ရေလာကစားပါဦးလို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်၊ ပြည့်တို့ တီတီလေးက ကျွန်တော်ချစ်တဲ့ အစ်ကိုကြီးရဲ့ ချစ်သူဟောင်းဖြစ်ခဲ့ပြီး ကျွန်တော်နဲ့ ဆွေမျိုးတော်ခွင့် မရခဲ့ပေမဲ့ ကျွန်တော့် အစ်မတစ်ယောက်လို ခင်မင်ပါရစေ”

“မလာတော့ပါဘူးကွယ် ကိုစာဆိုကို မမ မလာတော့ဘူးလို့ ပြောလိုက်ပြီးပါပြီ၊ မောင်မင်းထင်ကို အရာရာတိုင်းအတွက် ခွင့်လွှတ်ပါတယ်၊ ပြည့်ဟာ မမရဲ့တူကလေး ဖြစ်ရမဲ့သူမို့ မောင်မင်းထင်ကိုလည်း တူတစ်ယောက် မောင်လေး တစ်ယောက်လို ခင်ပါတယ်၊ ကဲ … ကျေနပ်တော့နော်”

“ရက်စ် … ရက်စ်”

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက လွန်သွားခဲ့ပြီ၊ ပြီးဆုံးသွားခဲ့ပြီ မောင်မင်းထင်။ ပြင်မရတော့ဘူးဆိုတာ ကလေးအတွေးနှင့် ဘယ်သိပါ့မလဲ။ သူ သည်လိုစိတ်လိုက်မာန်ပါ လုပ်မိခြင်းက ကိုစာဆိုကို တစ်သက်စာအတွက်ရှိနေမဲ့ သံသယတွေကို ပိုမိုဖြည့်တင်းပေးရာ ရောက်ခဲ့တယ်။ ဒါကြောင့် နောက်နေ့ဆိုရင် မင်းဝဏ်နဲ့တူတဲ့သူတွေ့ရင် မကြည့်မိအောင်ရှောင်မှ၊ မဆက်ဆံမိအောင် ကြိုးစားမှ ပြီးတော့ ကိန်းရိုဇ်ရဲ့ ရုပ်ရှင်တွေလည်း မကြည့်မိအောင်နေမှပါ။ ကိုစာဆို အထင်လွဲမှုတွေ ထပ်မံမရရှိဖို့ မ သည်လောက်ထိသာ ပြင်ဆင်နိုင်ခဲ့ပါသည်။

❋ ❋ ❋





၁၉၉၅-ခုနှစ်၊ အောက်တိုဘာလ၏
တတိယမြောက် ရက်သတ္တပတ်

## ၄

မသည် စာဆိုသွင်၏ အထင်လွဲမှုများကို ထပ်မံရရှိလိုတော့၍ မင်းထင်ကို မတွေ့ရလေအောင် ရှောင်ရှားခဲ့ခြင်းက အောင်မြင်ခဲ့သည်ဆိုရမည်။ မနှင့်မင်းထင်တို့ ခြောက်လတိတိ ကျက်နှာချင်းဆိုင် မတွေ့ခဲ့ကြချေ။ တစ်ခါတစ်ရံ မထံဖုန်းဆက်လျှင်သည် ‘မမလား ကျွန်တော်ပါ’ဟူသော အသံကြားကြားချင်း ချက်မိခဲ့၍ ချက်ချင်း ဖုန်းချပစ်တတ်သည်။ ဖုန်းဘယ်လောက်ပဲ ခါခေါ် မ မကိုင်ရလေအောင် ကိုကြီးကိုလည်း ကြိုမှာထားရသေးသည်။ မကို နှောင့်ယှက်နေသော ဖုန်းသရဲလေးအဖြစ်သာ ကိုကြီးအား အသိပေးရပါသည်။ မင်းထင်ဘက်က ဘယ်လိုသဘော



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆက်ဆံပါစေ မသည်း အရာရာကို မယုံကြည်တတ်တော့ပါ။ ပြောရဦးမည် လောလောဆယ် မအတွက် အရေးကြီးဆုံးအရာက ကိုစာဆို မကို အထင်မလွဲစေရန် ရှောင်ကြဉ်တတ်ဖို့ဘည်း။

သို့သော် မနှင့် မင်းထင် ထပ်မံ၍ ဆုံစည်းရ လေသည်။ ထိုနေ့သည် ဘယ်လိုပဲရှောင်ရှောင် မနှင့် မင်းထင် တွေ့ကိုတွေ့ရလိမ့်မည်ဟု မ ကြိုတင်မျှော်လင့်ထားခဲ့ပြီး ဖြစ်သည်။ ဘာဖြစ်လို့လဲဆိုရရင် ထိုနေ့သည် မင်းထင်၏ သူငယ်ချင်းဖြစ်သော ပြည့်ရဲ့ဦးလေး စာဆိုသွင်နှင့်မတို့ရဲ့ လက်ထပ်မင်္ဂလာပွဲပင် ဖြစ်သော သည်။ ဘာပဲဖြစ်ဖြစ် ပြည့်ဖိတ်လျှင် မင်းထင် မလွဲမသွေလာမှာပဲ မ သိနှင့်ရင်း မင်းထင်ကြောင့် ကိုစာဆို အထင်လွဲဦးမှာလားဆိုသော စိုးရိမ်စိတ်က တထင့်ထင့် ဖြစ်နေခဲ့မိသည်။

"တီတီလေး ဒီမှာ မင်းထင်က ဓာတ်ပုံရိုက်ချင်လို့တဲ့"

ဟူသော ပြည့်ရဲ့ စကားသံအကြားမှာ မသည် စာဆိုသွင်၏ လက်မောင်းကို ခပ်တင်းတင်း တွဲချိတ်ထားရလျှ နှင့်တောင် စာဆိုသွင် အထင်လွဲသွားမည်လားဟု စိုးရိမ်ရသေး သတဲ့။

"ဓာတ်ပုံဆရာရှိသားပဲ မောင်မင်းထင်"

"မဟုတ်ဘူး မမ၊ ကျွန်တော့်ဘာသာ သတ်သတ်ရိုက်ချင် တာပါ၊ လေးလေးနဲ့ မမပုံ အမှတ်တရလိုချင်လို့၊ လေးလေး ကျွန်တော့်ကို ခွင့်ပြုပါနော်"





စာဆိုသွင်သည် သူကိုယ်တိုင်က သည်လို တိုက် ရိုက်ကြီး ခွင့်တောင်းခံရလျှင် ခွင့်မပြုဘဲ နေလို့ရတာ မဟုတ်ခဲ့၍ နောက်ဆုံး သူလည်း ခွင့်ပြုလိုက်ရသည်။ ကဲ ... ကိုစာဆို သည်လိုဆို မမှာ အပြစ်မရှိပါဘူးနော်၊ အထင်လွဲစရာ မရှိပါဘူးနော် ဟူ၍ မေးကြည့်ချင်သေးသည်။ သို့သော် ထိုနေ့က မင်းထင်၏ ဓာတ်ပုံရိုက်ခြင်းဟာ ရိုးသားသည် မရိုးသားသည် မ ကိုယ်တိုင်လည်း မခန့်မှန်းနိုင်ချေ။ သည်လို အရွယ်ကလေးတွေက စိတ်ကူးယဉ်တတ် ပါဘိသနဲ့။ ဒါကို ကိုစာဆိုက သဝန်တိုချင်တာတော့ ဘယ်ကောင်း မလဲနော်။ သူ့ဘာသာ စိတ်ကူးယဉ်တာဟာ မရဲ့ တမင်တကာ ဖန်တီးဓာတ်လမ်းတွင်ခြင်း မပါ၊ ဖြားယောင်းခြင်းမပါ။ တကယ် တော့ ကိုစာဆို မမေးခဲ့သော မနှင့် မင်းထင်တို့ရဲ့ ပဋိပက္ခလေးကို သာ ကိုစာဆို မေးခဲ့ရင် မ ပြောပြချင်သေးရဲ့။

သေချာတာကတော့ စာဆိုသွင်သည် ခုနက ပြုံးရယ် ရွှင်ပျနေသလောက် မင်းထင် စတင် ဓာတ်ပုံရိုက်ကတည်းက မျက်နှာကြီး တည်တင်းခက်ထန်သွားတာပဲ ဖြစ်သည်။ တစ်ခုတော့ မင်းထင်ကို ကျေးဇူးတင်ရဦးမည်။ အဲဒါကတော့ သူ့အစ်ကိုနှင့်မ တို့ရဲ့ အဖြစ်အပျက်ကို သိနှင့်နေတာတောင် ပြည့်တို့ကို ပြောမပြ တာပဲ ဖြစ်သည်။ အကယ်၍သာ မင်းထင် ပြောပြမိလျှင် အို ... မတွေးရဲပါ။ မှကို အရိုအသေတန်သွားမဲ့ စာဆိုသွင် တူ၊ တူမ တွေကို မ ရင်မဆိုင်ရဲပါ။

"မင်းထင်နဲ့ မတို့ တော်တော်ခင်သလား"


www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် တစ်ခွန်းတော့ စာဆိုသွင်က မေးခဲ့သေးသည်။ မသည် ချင့်ချင့်ချိန်ချိန်ဖြင့် ...

"သကြ်န်တွေတုန်းက တစ်ခါပဲတွေ့ဖူးတာပါ၊ မောင်မင်းထင်က ပြည့်ရဲ့ သူငယ်ချင်းလို့ဆိုပြီး မကို လာမိတ်ဆက်ပါတယ် နောက်ပြီး"

"ရပြီ ... ရပြီ၊ ဒီလောက်ဆို ကိုယ်နားလည်တယ်"

ဤကဲ့သို့ မ၏စကားတွေကို ပိတ်ပင်တားမြစ်သော စာဆိုသွင်ကို မသည် တမင်အရွဲ့တိုက်ကာ ...

"မောင်မင်းထင်ကို ဘယ်သူလို့ထင်လဲ ကိုစာဆို၊ သူက မင်းဝဏ်ရဲ့ ညီအငယ်ဆုံးတဲ့ မကို အဲဒီလိုပြောပြပြီး မဟာ သူ့အစ်ကိုကို သစ္စာမရှိဘူး တကယ်မချစ်ဘူးတွေနဲ့ လာပြီးစွပ်စွဲခဲ့တယ်၊ ပြီးတော့ သူ့တာသာ ပြန်တောင်းပန်ခဲ့တယ်၊ မနဲ့ မောင်မင်းထင်နဲ့ ပတ်သက်မှုက အဲဒီလောက်ပါပဲ ကိုစာဆို"

မှာ ဆက်တိုက် ပြောပြခဲ့သည်။

ကြည့်စမ်း ... ဘယ်လောက်အံ့ဩစရာ ကောင်းလိုက်သလဲဆိုတာ။ မနဲ့ကိုစာဆိုသွင်တို့ဟာ မင်္ဂလာဦးနေ့မှာကတည်းက နည်းနည်းပါးပါး ကတောက်ကဆတ် ဖြစ်ရသတဲ့။ ရှင်မမေးဘဲ မျိုသိပ် အထင်လွဲနေသမျှ မ သည်းမခံနိုင်တော့တဲ့ အဆုံးမှာ တမင်ပြောပြခဲ့တာပဲ ကိုစာဆို။ ဒါဆိုရင် ရှင် မကို အထင်လွဲလို့ပါ





ကောင်းသွားမှာပေါ့နော်။ မင်းဝဏ်နဲ့တူသော ညီအရင်း မင်းထင်ကို မဟာ အလွမ်းဖြေတဲ့အနေနဲ့ ခေါ်ပြောဆက်ဆံနေတယ်ဆိုတဲ့ အတွေးနဲ့ ထပ်မံ အထင်လွဲလိုက်စမ်းပါ။

ကိုကြီး လက်ဖွဲ့သော ကိုကြီးပိုင်ဆိုင်ရာ ခြံကျယ်ကြီးထဲက တစ်ထပ်ခွဲတိုက်ကလေးမှာ မနဲ့စာဆိုသွင်တို့ဟာ တစ်ယောက်ကိုတစ်ယောက် အကွက်ချောင်းနေရသူတွေလို သတိကြီးစွာ စကားပြောဆိုဆက်ဆံခြင်းနဲ့ စတင်သော အိမ်ထောင်တစ်ခုရဲ့ ပထမဆုံးနေ့ကို ဖြတ်သန်းရလေသည်။

"မ မင်းကရော ပြန်မဖြေရှင်းခဲ့ဘူးလား၊ ကိုယ့်ကို လူကြီးတွေ သဘောတူလို့ လက်ထပ်ရပါတယ် မင်းအစ်ကိုရဲ့ဆန္ဒကို မလွန်ဆန်နိုင်လို့ လက်ထပ်ရပါတယ် ဆိုတာကိုလေ၊ ပြီးတော့ မင်းဟာ မင်းဝဏ်ကို ဂုဏ်သိက္ခာ ထိခိုက်ခံပြီး၊ အသက်အန္တရာယ်ကို အထိအပါးခံပြီးတောင် ချစ်ခဲ့ပါတယ် ဆိုတာ ဒီကလေးကို ပြောပြသင့်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီကလေးဟာ သူ့အစ်ကိုဘက်က ကြည့်ပြီးတော့ နာကြည်းနေမှာပေါ့၊ မင်း ရှင်းပြခဲ့ပါလား"

"အို ... ဘယ်နေလိမ့်မလဲ အားလုံးရှင်းပြပြီးသား၊ ဒါပေမဲ့ ကိုစာဆို စိတ်ချထားပါ ရတနာပုံဆိုတဲ့မိန်းမဟာ ဖောက်ပြန်တတ်တဲ့ စိတ်မျိုးရှိတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး ဆိုတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် ဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး၊ မရဲ့ ကိုယ်ကျင့်တရားကို ယုံကြည်ခဲ့လို့ ကိုယ် လက်ထပ်ခဲ့တာပေါ့၊ တစ်ဆိတ် ကျေးဇူးပြုပြီး ကိုယ်တို့ရဲ့ စကားနိုင်လုပွဲကိုရပ်ဖို့ ကိုယ် တောင်းဆိုပါတယ်၊ မ ဒီနေ့ဟာ ကိုယ်တို့ရဲ့ မင်္ဂလာဦးနေ့လေ၊ မင်္ဂလာဦးနေ့ကြီးမှာ ရန်ဖြစ်ရတယ်ဆိုတော့ လူကြားမကောင်းပါဘူး"

"မလဲ ရှင့်ကို ရန်ဖြစ်နေတာ မဟုတ်ပါဘူး ရှင်းပြနေတာပါ ရှင်က မမေးမစမ်းဘဲနဲ့ အထင်လွဲတတ်လွန်းလို့၊ ရှင့်ရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ မ သိပါတယ် ကိုစာဆို"

❋ ❋ ❋

ဩော် ... မက သူ့ရင်ထဲမှာ ဘာတွေရှိသလဲဆိုတာ သိနေသတဲ့။ သို့သော် မ သိနေတဲ့ အသိတွေဟာ မှားယွင်းနေခဲ့တယ်။ ကိုယ့်ရဲ့ စကားတိုင်းကို အထအန တောတ် ပြောရှင်းချင်နေမှတော့ မဟာ ကိုယ့်ကို တလွဲမြင်နေခဲ့ပြီဆိုတာ ကိုယ်သိနေတယ်မဟု ကြေကွဲစွာ တွေးမိပြန်သည်။ သူမအား အတိုင်းအဆမဲ့မေတ္တာတွေနဲ့ မြတ်နိုးလို့ လက်ထပ်ခဲ့ပါတယ်ဆိုတာ သူမ မယုံသေးချေ။

သူမ စွပ်စွဲဖူးသလို သူမအစ်ကိုရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ထိုကြွယ်ဝမှုကို တစ်ဝက်တိတိ ပိုင်ဆိုင်ခွင့်ရထားသော သူမရဲ့ စည်းစိမ်တွေကို မက်မောလို့ဟူသော အတွေးနဲ့ရှား သူ့ရဲ့အချစ်ကို မယုံကြည်ချင်တာလား။

"ကဲ ... ကိုယ့်ရဲ့ရင်ထဲမှာ ဘာတွေရှိသလဲဆိုတာ မ ဘယ်လောက်သိလို့လဲ ပြောပြစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပဲ ရန်ပွဲကို မဆက်တော့ဘူးဆို ဒါဆို ဘာစကားမှ ထပ်ပြောမနေနဲ့တော့ပေါ့၊ မတို့ ငြိမ်းချမ်းရေး ရယူကြရအောင် ရှင်ပဲ အရင်စ လက်နက်ချပြီးတော့"

အနိုင်ပိုင်းလှချည်လား တော်တော့်ကို စကားကြွယ်တဲ့ မိန်းကလေး။ ဒါကြောင့် ကိုသတ်ပုံက တစ်ခါတလေ 'မန္တလေးသူ'ဟု နောက်ပြောင်တတ်တာ ဖြစ်မည်။

"အဲဒီလို ဇာလည်ကြောင်ပတ် မလုပ်နဲ့လေ၊ ကိုယ့်ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ မင်းသိတယ်ဆို မှန်၏မမှန်၏ ဝေဖန်ပေးရအောင် ပြောပြပါဦး"

"မ ပြောဖို့ မလိုပါဘူး ကိုစာဆို 'ကိုယ်တိုင်သိနေတဲ့ အကြောင်းအရာပဲ၊ တမင်သက်သက် ရန်စချင်လို့ လိုက်မေးနေတာလား, ကိုစာဆို"

"ကိုယ်ကိုယ်တိုင်သိနေတဲ့ အကြောင်းအရာကတော့ မကို ကိုယ့်မှာရှိတဲ့ ချစ်လို့ရသမျှ 'အရာအားလုံးကို ပုံအောပြီး ချစ်တယ်၊ ဇနီးတစ်ယောက်လို မြတ်နိုးတယ်၊ ဘယ်တော့မှ မပြယ်တဲ့မေတ္တာနဲ့ သစ္စာရှိရှိ လက်တွဲသွားမယ်ဆိုတာပဲ"

"ဟုတ်ရဲ့လား၊ မင်းဝတ်နဲ့ ပတ်သက်သမျှ သဝန်တိုစိတ်နဲ့ ခနဲ့နေဦးမယ်ဆိုတာကော၊ မကို အမြဲတမ်း မသင်္ကာစိတ် ဖြစ်နေဦးမယ်ဆိုတာကော မပါဘူးလား"



သူသည် ထိုစကားကြောင့် တဟားဟား အော်ရယ်လိုက်တော့ သူမသည် စူဆောင့် ကောက်ချိတ်သွားပြန်သည်။ အင်း ... သည်လိုသာ တစ်သက်လုံး စကားများ ရန်ဖြစ်သွားရရင်တော့ မလွယ်ပါဘူး မရယ်။ ကိုယ့်မှာကျန်နေတဲ့ နည်းနည်းပါးပါး သဝန်တိုတတ်တဲ့စိတ်နဲ့ မမှာဖြစ်ဓာည်နေတဲ့ အထင်လွဲ စိတ်ကောက်တတ်တဲ့စိတ်ကို ဘယ်လိုများ ဖယ်ရှားလို့ရပါ့။

သည်ထက်မက ပိုပြီး ဝဋ်ပကျဖြစ်မှာကို မလိုလားပါ။ သူ့ဘက်က အလျှော့ပေးသော ရန်ဖြစ်ခြင်းနဲ့သာ ပြေရှင်းချင်ပါသည်။ မရယ် မင်းကိုချစ်ရတာ စိတ်ပင်ပန်းလေစွ။


❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com







# စိမ်းလန်းခြင်းရဲ့ နေ့သစ်များ

www.burmeseclassic.com

www.burmeseclassic.com







မနဲ့ စာဆိုသွင်တို့ အကြီးအကျယ် စကားများ ရန်ဖြစ်ရသောနေ့သည် မမျှော်လင့်ပဲ ရောက်ရှိခဲ့လေသည်။ အမှန်တော့ ထိုနေ့သည် သည်လိုရန်ပွဲကို မဖြစ်သင့်ပဲ ဖြစ်သွားရတာပင်တည်း။ အကယ်၍ ထိုနေ့က မသည် မင်းဝဏ် လက်ဆောင်ပေးဖူးသော အဖြူရောင် အသည်းပုံမှန်ကလေးကို စာဆိုသွင် မမြင်နိုင်သော အံဆွဲတစ်ခုထဲ သော့ခတ်သိမ်းဆည်းဖို့ ပြင်ဆင်ရင်း အမှုမဲ့အမှတ်မဲ့ အချိန်အကြာကြီး ကြည့်မနေခဲ့မိဘူးဆိုလျှင် သည်ရန်ပွဲက ဖြစ်ချင်မှ ဖြစ်နိုင်သည်။

အဲသည်နေ့က မသည် စာဆိုသွင် အပြင်သွားနေခိုက် နေ့ကိုစာဆိုတို့၏ တစ်လနီးပါး ကြာမြင့်လာပြီဖြစ်သော ဘဝ လေးကို ပြန်တွေးနေမိသေးသည်။ နေ့စဉ်နဲ့အမျှ စကားတစ်ခွန်း မျှားမခံ အမြဲလိုလို ကတောက်ကဆတ်ဖြစ်ရသော အိမ်ထောင် ကို စိတ်ပျက်လှပါပြီ။ သူ့ရဲ့ သံသယတွေ၊ သည်လောကမှာ ရှိတော့တဲ့ မင်းဝဏ်အပေါ် သဝန်တိုစိတ်တွေ၊ လည်း

www.burmeseclassic.com



သူ့ကို မချစ်ဘူးထင်ကာ အထင်လွဲမှုတွေကိုလည်း ဖြေရှင်းချ လှပါပြီဟူသော အတွေးများဖြင့် မရဲ့ အဝတ်ဗီရိုကလေးကို ရှင်းနေခဲ့သည်။ အဲသည်အချိန်မှာ အင်္ကျီတွေကြားက အသည်း အဖြူရောင် မှန်ကလေးကို မမျှော်လင့်ပဲ တွေ့လိုက်ရတော့ ကြက်သေသေကာ ကိုင်ကြည့်နေမိသေးသည်။

"အင်း... မဖြစ်သေးပါဘူး ဒီအမှတ်တရကလေးကို မြတ်နိုး လှပေမဲ့ ကိုစာဆို မတော်တဆမြင်ရင် ကျုပ်ကို မင်းဝဏ် အမှတ်တရကလေးတွေနဲ့ ဖြေသိမ့်နေတယ်လို့ ထင်နေ ဦးမယ်၊ အံဆွဲထဲထည့်ပြီး မကြည့်မိစေဖို့ သော့ခတ်ထား ဆောရီးပဲ မင်းဝဏ်ရယ် မကို ခွင့်မလွှတ်ပါနဲ့"

မသည် ထိုသို့ ရှုးကြောင်ကြောင် ရေရွတ်ကာ အဖြူ ရောင် အသည်းပုံ မှန်ကလေးကို နောက်ဆုံး နှုတ်ဆက်သည့်အနေ နှင့် ခပ်ကြာကြာကလေး ကြည့်မိတာတော့ မဘက်က အမှား ကြောင်း ဝန်ခံပါမည်။ ပြီးတော့ ပြန်မလာသေးဘူး ထင်ထားခဲ့သော စာဆိုသွင်တစ်ယောက် ပြန်ရောက်လာပြီး အိပ်ခန်းထဲတွင်ရှိနေသော မရဲ့ နောက်ကျောနားမှာရပ်လျက် မ လက်ထဲက မှန်ကလေး ခေါင်းတညိတ်ညိတ်လုပ်၍ ကြည့်နေတာကို မ သတိမထားမိခဲ့ ကလည်း မရဲ့ ပေါ့ဆမှုဖြစ်ကြောင်း ဝန်ခံပါမည်။ ဟုတ်သည် မသည် အရာရာကို မေ့လျော့သွားမိခဲ့သည်အထိ သည်အဖြူရောင် အသည်းမှန်ကလေးကို တမ်းတမ်းတတ ကြည့်နေမိခဲ့သည်။





"အဲဒါ မင်းဝဏ် ဝယ်ပေးဖူးတဲ့ အဖြူရောင် အသည်းပုံ မှန်ကလေးဆိုတာလား၊ မဆိုးပါဘူး ချစ်စရာကောင်းသားပဲ၊ အပြင်သွားရင် လက်ကိုင်အိတ်ထဲတောင် ထည့်သွားလို့ရတယ်၊ မ သဘောကျရင် အလှပြင်ခုံမှာ တင်ထားလိုက်လေ"

ဘုရား ... ဘုရား မသည် ထိုသို့ ရေရွတ်မိသည် ဟု ထင်ပါရဲ့ ကိုစာဆို ...၊ ကိုစာဆို ဘယ်အချိန်ကများ ရောက် နေနှင့်တာပါလိမ့်ဆိုသော အတွေးဖြင့် အလန့်တကြား လှည့်ကြည့် မိသည်။ ထင်တဲ့အတိုင်း ခပ်မဲ့မဲ့ပြုံးလျက် သူနဲ့ မျက်နှာချင်းဆိုင် ဆိုင်နေသော မရဲ့ နဖူးပြင်ကို ရှုံ့ခနဲ ငုံ့နမ်းလေသည်။ ဘယ်လောက် ဒေါသဖြစ်ချင်စရာကောင်းတဲ့ အပြုအမူလဲ။ မင်းဝဏ်ကို မ တေ တမ်းတနေပေမဲ့ သူကတော့ ချစ်နေနိုင်ပါတယ်ဆိုတဲ့ သဘောပဲ ဖြစ်မယ်ဟု ယူဆကာ မသည် ...

"ဒီမှန်ကလေးကို အံဆွဲထဲထည့်ပြီး နောက် ဘယ်တော့မှ မမြင်ရအောင် သော့ခတ်သိမ်းဆည်းထားမလို့ပါ ကိုစာဆို၊ အဲဒီလိုတော့ မခနဲ့ပါနဲ့"

ဟူ၍ စတင် ရန်တောင်လိုက်သည်။ ထိုအခါ ပခုံး ကို မင်းသားတစ်ယောက်ပမာ ဟန်ပါပါတွန့်လျက် (အင်း၊ ကိုယ်ချစ်နေတဲ့ သူမို့လို့ ပြောတာ မဟုတ်ဘူး၊ သူနဲ့ အင်တော်နဲ့ လိုက်ဖက်ကြည့်ကောင်းတဲ့ ပခုံးတွန့်ဟန်ကလေးပေါ့။ မက နှစ်သက် နှလုံးနေတာကိုတော့ သူ တကယ် မသိသေးတာ အံ့ဩစရာပဲ။)

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... လာပြန်ပြီ၊ ကိုယ် ဘယ်စကားပြောပြော မင်းကို ခနဲ့တယ်၊ ရန်စတယ်ပဲ ထင်နေတော့ပြီလား မရယ်၊ ဒီလိုဆို ကိုယ်တို့ရဲ့ ဘဝကလေးက ဘယ်ပျော်စရာ ကောင်းတော့မလဲ မရဲ့ စဉ်းစားကြည့်ပါဦး၊ ဒီနေ့ဆို ကိုယ်တို့ လက်ထပ်တာ တစ်လပြည့်တဲ့ နေ့လေ မရဲ့၊ ကိုယ်တို့ နှစ်ယောက် စကားများရတဲ့နေ့တွေလည်း တစ်လရှိပြီ၊ မ သတိရမယ် ထင်ပါရဲ့"

ကြည့်စမ်း၊ ဒါဟာ မကို အထင်သေးလိုက်တာပဲ။ တစ်လပြည့်တဲ့နေ့ကိုတောင် မက မေ့လျော့နေလိမ့်မယ်ဆိုပြီး သူ့အပေါ် ယိုဖိတ်နေတဲ့ မရဲ့ ချစ်ခြင်းဟူသမျှကို စော်ကားလိုက်တာ။ အို ... အခံရခက်လေစွ။

"ကဲ ... ကိုစာဆို၊ ရှင်ပြောလိုတဲ့ စကားရဲ့အဓိက ရည်ရွယ်ချက်က ဘာလဲ၊ ဒီမှန်ကလေးကို မ ကြည့်နေမိလို့ အပြစ်တင်ချင်တဲ့ စကားလား၊ ဒါမှမဟုတ် ဒီတစ်လပြည့်တဲ့နေ့ကို အသိပေးချင်တာလား၊ လိုရင်းကို ပြောပါ မ သည်းခံပြီး စောင့်နားမထောင်နိုင်ဘူး"

စာဆိုသွင်သည် ခေါင်းခါရင်း မကို ကျောခိုင်း၍ အခန်းထဲမှ ထွက်သွားဖို့ပြင်လျှင် မသည် စိတ်မြန်လက်မြန်ရှိသူပီပီ သူ့နောက်မှ ပြေးလိုက်လာပြီး သူ့ရှေ့မှ ပိတ်ရပ်ကာ သူ့မျက်လုံးကို တည့်တည့် စိုက်ကြည့်ပစ်လိုက်လေသည်။





"ဘာလဲမရယ်၊ ကိုယ် ဒီနေ့ အေးအေးဆေးဆေး နေပါရစေ၊ ရန်မဖြစ်ချင်ဘူး၊ မနဲ့ စကားမများချင်ဘူး၊ ရန်မဖြစ်ရတဲ့နေ့ကလေးအဖြစ် ဒီတစ်လပြည့်တဲ့နေ့ကို အမှတ်တရ ဖြစ်ပါရစေ"

"ဘာပြောတယ် ကိုစာဆို၊ မက အမြဲရန်လိုနေတဲ့ မိန်းမလို့ ကဲ့ရဲ့ချင်တာလား၊ ဒီလို အမြဲ ရန်ဖြစ်နေရအောင် ဘယ်သူ့မှာ အပြစ်ရှိဆုံးလဲဆိုတာ စဉ်းစားကြည့်ပါဦး"

"ထားပါတော့ကွာ၊ ကိုယ့်မှာ အပြစ်အရှိဆုံးလို့ပဲ ထားလိုက်ပါ၊ မကို သိပ်ချစ်မိတဲ့ ကိုယ်သာ အပြစ်ရှိပါတယ်၊ ကဲ ... ကျေနပ်ပြီလား"

"ရှင့်လို ယောကျ်ား တစ်ယောက်ကိုတော့ အံ့သြပါရဲ့၊ 'သိပ်ချစ်တယ်'ဆိုတဲ့ စကားကို ပါးစပ်ဖျားက မချစ်တမ်း ပြောတတ်ပြီး မကို စိတ်ဆင်းရဲရအောင် လုပ်နေတာတော့ ဘယ်ကောင်းမလဲ၊ ရှင့်ကြောင့် မ နေ့စဉ်နဲ့အမျှ ဘယ်တော့ ခနဲ့လိုက်မလဲ၊ အထင်လွဲလိုက်မလဲဆိုပြီး စိတ်ပူပန်နေရတာ ရှင် မသိပါဘူး ကိုစာဆို"

မသည် ထိုစကားအဆုံးတွင် တရှိုက်ငင်ငင် ငိုမိလျက် လက်ထဲတွင် ကိုင်ထားသော အဖြူရောင် အသည်းပုံမှန်ကလေးကို နံရံဆီ အားကုန် ပစ်ပေါက်လိုက်တော့သည်။ သွားတော့ မှန်ကလေးရယ်။ မ,ဟာ မညှာမတာ ရက်စက်တတ်တဲ့ မိန်းမ။

www.burmeseclassic.com

www.burmeseclassic.com



မင်းထင် စွပ်စွဲဖူးသလို အသည်းနှလုံးမရှိတဲ့ မိန်းမ။ အရာရာကို မေ့လွယ်တဲ့ မိန်းမလို့ နာကြည်းလိုက်ပါတော့ မင်းဝဏ်။ 'ရတနာ ရက်စက်တယ်'လို့ ပြောလိုက်ပါတော့။

တစ်စစီ တစ်ခုစီ ကျိုးကြေ၍ အစိတ်စိတ် အမြွှာမြွှာ ပြန့်ကျဲသွားသော မှန်ကလေးနဲ့အတူ ကိုစာဆို အထင်လွဲနေသမျှ တွေ၊ သဝန်တိုမှုတွေ၊ သံသယတွေ၊ ပါသွားပါစေ။ အခုလောလော ဆယ် မရဲ့ အချစ်ဆုံး လူတစ်ယောက်ဖြစ်တဲ့ ကိုစာဆိုအတွက် ဆိုရင် အရာရာကို စွန့်လွှတ်ရဲခဲ့ပြီဆိုတာကို သိစေချင်ပါရဲ့။

"စိတ်လိုက်မာန်ပါ သိပ်လုပ်တတ်တဲ့ မိန်းကလေးပဲ၊ အခု တော့ ကိုယ့်အတွက် အမှတ်တရပေးထားတဲ့ ပစ္စည်းတစ်ခု အလဟဿ ဖျက်ဆီးလိုက်ရပြီ၊ ဘာမှလဲအကျိုးရှိတာမှ မဟုတ်တာ"

"တော်တော့ ကိုစာဆို၊ ဒီစကားတွေ ဆက်ပြောနေဦးမယ် ဆိုရင် မ ဒီအိမ်မှာ မနေတော့ဘူး၊ ဆင်းမယ်"

"ဒါက ဘာဒိုင်းလဲ၊ နေစမ်းပါဦး ဒီအိမ်ကပေါ် ဆင်းရ အောင် ဒီအိမ်က ဘယ်သူ့အိမ်လဲ မင်းအိမ်လေ၊ မင်းအစ်ကို ကိုယ်တိုင် လက်ဖွဲ့ထားတဲ့အိမ်ဟာ မင်းပိုင်တဲ့ အိမ်လေ၊ ဆင်းသွားစရာ လိုလို့လား"

သူ့ကို မှတ်သားလောက်အောင် စိတ်ဒုက္ခပေးလိုက် မှ။ ဒါမှ စိတ်ဆင်းရဲရခြင်းတည်းဟူသော ဒုက္ခကို ရှင် ခံစားရ



လိမ့်မယ် ကိုစာဆို။ မသည် ညစ်ကျယ်ကျယ်တွေးလျက် သူ့ရှေ့မှ ချာခနဲလှည့်ကာ အိမ်ရှေ့ တံခါးဝဆီသို့ ခပ်သွက်သွက် ပြေးထွက် လာတော့ အနောက်က ပြေးလိုက်လာသော သူ့ခြေသံက ထက်ကြပ် မကွာခဲ့ချေ။ သိစေရမယ်။ မ,ဟာ ရှင်ပြောသမျှ ငုံ့ခံနေမဲ့ ခပ်ညံ့ညံ့ မိန်းမ မဟုတ်ဘူးဆိုတာကို သိမှ ဖြစ်မယ်။

"ဘာလဲ မ၊ မင်းက ကိုယ်နဲ့ မပေါင်းနိုင်တော့တဲ့ သဘော လား၊ ကိုယ့်ဆီက ထွက်ပြေးချင်တဲ့ သဘောလား၊ ကိုယ့် မျက်နှာကိုတောင် မမြင်ချင်တော့ဘူးပေါ့ ဟုတ်လား၊ အေး ... ကောင်းပြီ၊ ဒီအိမ်ပေါ်က မင်း ဆင်းစရာမလိုဘူး၊ ကိုယ် ဆင်းမယ်၊ ဘာဖြစ်လို့လဲ သိလား၊ မင်းအိမ်မှာ မင်းပဲ နေစေချင်လို့၊ မင်းက ကိုယ့်ကို မမြင်ချင်မှတော့ မင်း စိတ်ချမ်းသာစေချင်လို့၊ ကိုယ်ပဲ သွားပါ့မယ်"

မဟုတ်ဘူး၊ မ ဆိုလိုတဲ့ သဘောက သည်လို မဟုတ်ပါဘူးရှင်၊ ကိုစာဆို မကို ထားမသွားပါနဲ့ဟု အော်ဟစ် တားဆီးလိုသော်လည်း လည်ချောင်းဝ၌ တစ်ဆို့ကာ နောက်ဆုံး တော့ မျက်ရည်များနဲ့အတူ ကျန်ရစ်ခဲ့ရသူမှာ အင်မတန်မှ အတွေးအခေါ် ညံ့ဖျင်းသော ရတနာပုံဆိုတဲ့ မိန်းမတစ်ယောက် တည်းပင် ဖြစ်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



"ကိုသတ်ပုံရာ ကျွန်တော် အမှန်တကယ် ဝန်ခံပါတယ်၊ မကို ကျွန်တော် သိပ်ချစ်လို့၊ သိပ်မြတ်နိုးလို့ အားလုံးကို တောင် အသိပေးပြီး လက်ထပ်ခဲ့တာပါ၊ အဲဒါကို သူ သိရက်သားနဲ့ တမင် အနိုင်ယူချင်နေတယ်ဗျာ၊ ရှင်းရှင်း ပြောရရင် သူ့အကြောင်းတွေ အကုန်လုံး ကျွန်တော့်ကို ဖွင့်ပြောပြီးတာတောင် ကျွန်တော် စိတ်သန့်သန့်နဲ့ လက်ထပ် ခဲ့တာပါ၊ ကိုသတ်ပုံ သူ့ကိုတော့ သွားမဆူနဲ့နော်၊ သူက သူ့အကြောင်းတွေ ပြောပြတာ ကိုသတ်ပုံ မသိစေချင်ဘူး တဲ့၊ ကျွန်တော့်ကို ကတိတောင်းထားပေမဲ့ အခု ပြောရင်း ဆိုရင်း ပြောမိသွားတယ်၊ မကိုတော့ မဆူပါနဲ့နော်"

"အေးပါကွာ စိတ်ချပါ၊ မဆူပါဘူး၊ ဆက်ပြော ... ဆက် ပြော၊ မင်း ရင်ဖွင့်သမျှ ဆက်ရင်ဖွင့်၊ ငါ ဒီည တစ်ညလုံး မအိပ်ဘဲ နားထောင်ပါ့မယ် ယောက်ဖကြီးရယ်"



"အခုဆို လက်ထပ်ဖြစ်တာ တစ်လပြည့်ပြီ၊ ကျွန်တော့်ကို လုံးဝ နားမလည်သေးဘူး၊ ကျွန်တော် ပြောသမျှ စကား တွေဟာ သူ့ကို အရွဲ့တိုက်တယ်၊ ခနဲ့တယ်၊ မင်းဝတ်ကို သဝန်တိုလို့ ပြောတယ်ချည်း ထင်နေတယ်၊ ပြီးတော့ စကားမရှိ စကားရှာပြီး အထအနကောက်တယ်၊ စကားများ ကြရတယ်၊ များသောအားဖြင့် ကျွန်တော့်ဘက်က အလျှော့ ပေးပြီး လေပြည်ထိုးလည်း မရပါဘူး ကိုသတ်ပုံရာ၊ ကိုသတ်ပုံ ညီမက အင်မတန် ဆိုးတာပဲ၊ ကျွန်တော့်ကို အတင်းလိုက် ရန်ဖြစ်တယ်၊ တစ်နေ့ တစ်နေ့ စကားမ ပြောမိရဲအောင် ဖြစ်နေရပြီ၊ ပြောမိတဲ့ စကားတိုင်းဟာ သူ့ကို ရွဲ့တယ်ပဲ ထင်နေတယ်၊ အခုဖြစ်တာကလည်း ကျွန်တော်က မှန်တာ ဝန်ခံရရင် မင်းဝတ်ပေးတဲ့ လက် ဆောင်ကို ကြည့်နေတယ်ဆိုပြီး စိတ်မကောင်း နည်းနည်း ဖြစ်မိခဲ့တယ်၊ ကျွန်တော်ကတော့ ဒီနေ့ကို လက်ထပ်တဲ့နေ့ တစ်လပြည့်တဲ့နေ့အဖြစ် တစ်ခုခု အမှတ်တရလုပ်မယ် ဆိုတဲ့ စိတ်ကူးနဲ့ ပြန်လာခဲ့တာ၊ 'အဲဒီလို' တွေ့ရတော့ စဉ်းစားကြည့်ပါ ကိုသတ်ပုံ၊ ကျွန်တော် ဘယ်လိုလုပ် စိတ် ပျော်ပါတော့မလဲ၊ ဒါပေမဲ့ ဪ ... ဒါဟာ သူသိပ်ချစ်ပါ တယ်ဆိုပြီး ဝန်ခံထားတဲ့ ချစ်ဦးသူရဲ့ လက်ဆောင်ပဲ ဘယ်မေ့ပါ့မလဲဆိုတဲ့ အတွေးနဲ့ ကောင်းနိုးရာရာ စကား တွေ ရွေးပြောခဲ့တာပါပဲ ကိုသတ်ပုံ၊ ဒါပေမဲ့ မက ကျွန်တော့် ကို နားလည်မပေးနိုင်ခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဆက်ပြောပါဦး၊ မင်းရဲ့ ဒုက္ခအိုးလေးအကြောင်း ငါလည်း မျက်နှာပူပါရဲ့ကွာ၊ ငါ့ညီမ ဒီလောက်ဆိုးလိမ့်မယ် မှန်း မသိလို့ မင်းနဲ့ သဘောတူမိတာပါကွာ၊ ဆောရီး ... ဆောရီး၊ မင်း ပြန်အမ်းချင်တယ်ဆိုလည်း ငါ လက်ခံပါ့ မယ်၊ ကဲ ... ဘယ်လိုလဲ"

စာဆိုသွင်သည် ထိုစကားအကြားမှာ ဟင်ခနဲ တွေ ဝေသွားတော့ သတ်ပုံသည် ရယ်ချင်သည့်စိတ်ကို မျက်နှာပိုးသတ် ထိန်းချုပ်ထားလိုက်ရသည်။ ဟိုဘက်တိုက်က ဆူညံ ဆူညံ ကြားကတည်းက ငါ့ညီမတော့ ရန်ပွဲတစ်ခု ဖန်တီးပြန်ပြီ ဟူသော အတွေးဖြင့် လှေလာနေရုံကလေး၊ ခါတိုင်းတော့ တဖြည်းဖြည်း စကားသံတိတ်ပြီး အဆုံးသတ်သွားရတဲ့ ရန်ပွဲကလေးဟာ သည်နေ့ တော့ စာဆိုသွင်တစ်ယောက် အိမ်ပေါ်က ဆင်းလာတဲ့အထိတောင် ပြင်းထန်နေခဲ့သတဲ့။ တအံ့တသြဖြင့် အိမ်ရှေ့ထွက်ကြည့်စဉ် သတ်ပုံ၏အိမ်ဘက် ခပ်လေးလေး လျှောက်လာနေသော စာဆိုသွင့် ကို တွေ့လိုက်ရသည်။ ဘယ့်နှယ် အိမ်ပေါ်ကဆင်းတဲ့ လူကလည်း ငါ့အိမ်လာရတယ်လို့ဟု အကြောင်းကြောင်း တွေးမိရုံသာ။

အခုတော့ အကြောင်းစုံ သိခဲ့ရပြီ။ လတ်စသတ်တော့ ငါ့ညီမ ဆိုးတာပါလားဟု မျက်နှာပူရပြီ။ အိမ်ပေါ်က ဆင်းတဲ့ လူကလည်း တကယ့်တကယ်လည်း သွားနိုင်တာ မဟုတ်ဘဲ ဟန်ပြကလေးလောက် မိန်းမအိမ်ပေါ်ကဆင်းပြီး ယောက်ဖအိမ် ပေါ် လာတိုင်တာသတဲ့။ ကဲ ... ဘယ်လောက် ရယ်စရာကောင်း တဲ့ ရန်ပွဲလဲဆိုတာ။ ကိုယ့်ညီမအကြောင်း ကိုယ်အသိဆုံးဖြစ်၍



သတ်ပုံသည် ညီမဖြစ်သူ ရတနာ့ပုံ တစ်ယောက် စာဆိုသွင့်ကို အားကိုးချစ်ခင်နေခဲ့ပြီမှန်း ရိပ်မိနေတာ ကြာပါပြီ။ ညီမလေးဟာ သူမရဲ့ အပြစ်တွေအတွက် မဖြစ်နိုင်တာတွေ 'တွေးတောပူဝန်ပြီး စာဆိုသွင့်ကို နှဲ့ဆိုးဆိုးလို့ရမှန်း သိလို့ ဆိုးနေခဲ့တာပဲ ဖြစ်မည်။

"နေစမ်းပါဦး မင်းကို ငါ့ညီမက အင်း ... မေးရတာ မျက်နှာ တော့ပူပါရဲ့၊ မမေးမဖြစ် မေးရတော့မှာပဲ၊ ငါ့ညီမက မင်း ကို ချစ်ကြောင်းလေးဘာလေး တစ်ခါမှ မပြောခဲ့ဘူး လား"

စာဆိုသွင်သည် ထိုစကားအကြားမှာ ခေါင်းကြီး လည်ခနဲ ဖြစ်သွားပြီဆိုကတည်းက သူတို့နှစ်ယောက်ကြားမှာ တစ်စုံတစ်ရာ မှားယွင်းနေပြီဖြစ်ကြောင်း သိလိုက်ရသည်။

"အေးပါ ... ထားပါတော့၊ ငါ မေးထားတဲ့ မေးခွန်းဖြစ်တဲ့ ငါ့ညီမကို ပြန်အမ်းချင်လည်း အမ်းဖို့ကိစ္စ ဖြေပါဦး၊ ငါ မင်းကို အပြစ်မယူဘဲ ကျေနပ်စွာနဲ့ လက်ခံလိုက်ပါ့မယ်၊ အဲဒါ မင်းသဘောက ဘယ်လိုပဲ"

"ဟာ ... ဒါတော့ ... ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ် ကိုသတ်ပုံ၊ မရဲ့ဘဝမှာ မင်းဝဏ်နဲ့ ပတ်သက်ခဲ့ရတဲ့ အတိတ်ဆိုးကြောင့် ခြောက်သွေ့နေခဲ့ရတယ်၊ အဲဒီ ခြောက် သွေ့နေတဲ့ မရဲ့ ဘဝကလေးကို ကျွန်တော်က စိမ်းလန်း စိုပြည်တဲ့ နေ့သစ်ကလေးတွေ ဖန်တီးပေးချင်တယ်၊ အဲဒါ ကျွန်တော့်ရဲ့ မအပေါ်ထားတဲ့ မေတ္တာပဲ၊ သူ ဘယ်လောက် ဆိုးဆိုး၊ ကျွန်တော် သည်းခံစိတ်နဲ့ အရှုံးပေးနေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒီလောက်တောင် ကဗျာဆန်ဆန် စကားတွေ ပြောတတ်နေမှတော့ ငါ့ညီမရှေ့မှာ အဲဒါတွေ သွားရွတ်ပြပါလား၊ မင်းနှယ် အစ်ကိုက ပြန်သင်နေရတယ်လို့၊ အခု ငါလိုချင်တဲ့ အဖြေကို မင်း မဖြေရသေးဘူး စာဆို"

စာဆိုသွင်သည် သက်ပုံအား မဝံ့မရဲဟန်ဖြင့် မျက်လုံးလှန်ကြည့်ခိုက် နာရီသံစုံ မြည်သံနဲ့အတူ ဒင်ခနဲ မြည်သံတစ်ချက်အကြားတွင် 'အင်း၊ ဒီညတော့ အိပ်ရတော့မယ် မထင်ပါဘူး'ဟု တွေးလျက် သက်ပုံသည် ညီမဖြစ်သူ၏ အိမ်ဘက်ဆီ ခိုး၍ လှမ်းကြည့်မိသေးသည်။ အင်း ... ညီမလေးလည်း အိပ်လို့ မရသေးပါဘူး။ အခုတော့ ဘာများ အကျိုးထူးလို့လဲ။ သူတို့လင်မယားရန်ဖြစ်တာ ငါလည်း ကြားထဲက မအိပ်ရတာပဲ အဖတ်တင်တယ်။ ဟိုကောင် စာဆိုကလည်း တကယ့်တကယ်ကျတော့ အပြစ်ရှိတာလည်း မဟုတ်ဘဲနဲ့။ သက်ပုံသည် စာဆိုသွင့်အား ခဏမေ့လျော့ကာ အပြစ်တင် တွေးတောမိပြန်သည်။

"ဘာအဖြေလဲ ကိုသက်ပုံ"

"မင်းတို့နှစ်ယောက် ဒီအတိုင်းဆက်ပြီး ခရီးဆက်မလား၊ မဆက်ဘူးလားဆိုတဲ့ကိစ္စ"

"ဟာ ... ကျွန်တော် ဖြေပြီးပြီပဲ၊ မကို ကျွန်တော် မထားရက်ခဲ့နိုင်ပါဘူး ကိုသက်ပုံ၊ ကျွန်တော် အသက်ရှင်သရွေ့ ကျွန်တော့်နံဘေးမှာ မ အမြဲတမ်း ရှိနေစေချင်တယ်"





"ဒါဆိုလည်း ပြီးရောပေါ့ကွာ၊ ဆက်ပြီး ညည်းညူမနေနဲ့၊ သွား ... အိမ်ပြန်အိပ်တော့၊ ငါလည်း အိပ်ချင်ပြီ၊ နာရီလည်း ကြည့်ဦးကွ၊ တစ်နာရီ ကျော်ပြီ"

စာဆိုသွင်သည် ခပ်ရှက်ရှက်ရယ်လျက် နားထင်ကို လက်ညှိုးတစ်ချောင်းဖြင့် တစ်ချက် နှစ်ချက်ကုတ်ကာ သက်ပုံအား အတော်လေး ဒုက္ခပေးလှသော စကားကို တုံ့ပြန်ခဲ့သည်။

"မနက်ကျမှပဲ ပြန်တော့မယ်၊ အခုချက်ချင်းကြီး ပြန်ရမှာ ရှက်စရာကြီးဗျ၊ တော်ကြာ မက ကျွန်တော့်ကို အိမ်ထဲမဝင်ရဘူးဆိုပြီး အော်ထုတ်ရင် ကျွန်တော်ပဲ အရှက်ကွဲမှာ၊ မနက်ခပ်စောစောကျမှ ကိုသက်ပုံ ကျွန်တော့်ကို လိုက်ပို့ဗျာ၊ ပြီးတော့ ကိုသက်ပုံ ညီမကိုလည်း နည်းနည်းပါးပါး ဆူပေးပါ"

"မင်း ဆူပါလားကွ၊ မင်းတို့ကိစ္စထဲ ငါ့ကို ကန့်လန့်ကန့်လန့်ပါအောင် ဆွဲမထည့်နဲ့ ယောက်ဖကြီးရေ"

"မကို ကျွန်တော် မဆူရက်၊ မမာန်ရက်လို့ပါ ဗျာ ... ဟဲ၊ ဆောရီး ... ဆောရီး ကိုသက်ပုံ၊ ကျွန်တော် သိပ်ချစ်လို့ သူ့ကို စကားမာမာတောင် မပြောချင်လို့ပါ"

အင်မတန် အားကိုးရတဲ့ ယောက်ဖပဲဟု သက်ပုံသည် ညီမဖြစ်သူအတွက် ပီတိများစွာဖြင့် တွေးလျက် စာဆိုသွင့်၏ ဆက်လက်ရင်ဖွင့် တိုင်တောမှုကို ထပ်မံ နားထောင်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

နံနက် မြန်မြန်ရောက်ပါစေတော့ဟု ဆုတောင်းရင်း၊ တစ်ချက် တစ်ချက် ငိုက်မျဉ်းရင်း၊ အင်း ... သည်လိုသာ အမြဲကြုံနေရရင်တော့ မခက်ပါလားမှု တွေးတောပူပန်ရင်း အိပ်ရေးပျက်သော ညတစ်ညကို ဖြတ်သန်းရတော့သည်။ ကဲ ... စာဆိုသွင်ရေ မင်းပြောတဲ့ ကဗျာဆန်ဆန် စကားတစ်ခုဖြစ်တဲ့ ငါ့ညီမရတနာပုံရဲ့ ခြောက်သွေ့ခဲ့ရတဲ့ နေ့တွေကို မင်းကြောင့် စိမ်းလန်းတဲ့ နေ့သစ်တွေနဲ့ အစားထိုး ဖြေသိမ့်မယ် ဆိုလား၊ ဖန်တီးမယ် ဆိုလား။ အေး ... အဲဒါတွေ ထားပါတော့။ အခု လောလောဆယ်မှာ စာဆိုသွင် ဖန်တီးလို့ သတ်ပုံဆိုတဲ့ လူတစ်ယောက်ခများမှာတော့ အိပ်ရေးပျက်ရသော ညပေါင်းများစွာကို အရင်ဆုံး ဖန်တီးပေးခြင်းကို လက်ခံနေရပြီ ဆိုတာကတော့ အမှန်ဆုံး ဖြစ်လေစွ။



ရှင်မိုး

(ဆေးတက္ကသိုလ်)


www.burmeseclassic.com